
# ရင်ငြွတ်နှိုး

လုံးချင်းဝတ္ထုသစ်




ပန်း၊ ရှိသိန်း ေဒ္ဓကြည် ၂၀၀၇

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၉၀၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၁၀၂၀၇၀၇ |
| ပုံနှိပ်ခြင်း | - | ၂၀၀၇ ခုနှစ်၊ **စက်တင်ဘာလ** **ပထမအကြိမ်။** |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (မိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


မိုးမိုးစာပေ

# ရှင်မြတ်နိုး

---

ချစ်သူ့လက်တွင်း သက်ဆင်းခွင့်

## အခန်း (၁)

သူမဘဝတွင် ဤမျှလောက် စိတ်ရှုပ်ထွေးစရာအကြောင်းများ ပေါ်ပေါက်လာလိမ့်မည်ဟု ဘယ်သောအခါမှ တွေးမထင်ထားခဲ့ဘူးပါ။ အချိန်တိုင်း၊ နာရီမိနစ်တိုင်း ကျေနပ်ပျော်ရွှင်ဖွယ်ရာအတိဖြင့်သာ သူမ ရှင်သန်ခဲ့ရသည်။ အရာရာ သူမဆန္ဒ၊ သူမသဘောတစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး နားလည်မှုအပြည့် ပေးနိုင်ခဲ့သော ဒက်ဒီတစ်ယောက် မယုံကြည်နိုင်လောက်အောင် ထူးဆန်းစွာ ပြောင်းလဲသွားခြင်းသည် သူမအတွက် အံ့သြစရာ အိပ်မက်ကြီးတစ်ခုကို မက်လိုက်ရသလိုပင် ခံစားလိုက်ရသည်။

သူမကို ရည်းစားထားဖို့ နေနေသာသာ ယောကျ်ားလေး

သူငယ်ချင်းပင် ပေါင်းသင်းဆက်ဆံတာ မကြိုက်ဘဲ အကောင်းရှင်းဆုံး နေနိုင်သော ဒက်ဒီတစ်ယောက် သူမနှင့် တစ်ခါမျှ သိဖူးခြင်းမရှိသော သူစိမ်းယောကျ်ားတစ်ယောက်ကို အိမ်မှာ နေထိုင်ခွင့်ပြုခဲ့ခြင်းအတွက် သူမ အလွန်တုန်လှုပ်အံ့ဩခဲ့ရသည်။

ပိုပြီးဆိုးဝါးတဲ့အချက်က…

အဲဒီယောကျ်ား နေထိုင်မည့်အခန်းအား အလုပ်တွေ မအားလပ်နေသည့်ကြားကပင် ဒက်ဒီကိုယ်တိုင် အသေးစိတ် ဦးဆောင်ပြင်ဆင်နေခြင်းပဲ။ 'ချစ်သမီးလေး' ဟု နှုတ်ဖျားကနေ မချစတမ်းခေါ်တတ်သော ဒက်ဒီတစ်ယောက် သူမကိုလှည့်၍ပင် မကြည့်နိုင်လောက်အောင် ဒက်ဒီရဲ့ စိတ်အာရုံအားလုံးကို ထိုယောကျ်ားထံတွင်သာ တည်ရှိသွားခဲ့သည်မှာ သူမအတွက် အံ့ဩမယုံနိုင်စရာပါ။

မတရားတာပဲ…။

ဒက်ဒီ…မတရားတာပဲနော်။

အရင်ကဆို အခုလို သူမစိတ်ကောက်နေပြီဆိုလျှင် ဒက်ဒီတစ်ယောက် မနေတတ်အောင် ပျာယာခတ်နေတတ်ပြီး သူမစိတ်ဆိုးမပြေပြေအောင် စိတ်ရှည်လက်ရှည် ချော့မော့တတ်သော ဒက်ဒီတစ်ယောက် အခုလို သူမ စိတ်ကောက်ပြတောင် လာချော့ဖို့စိတ်ကူးနည်းနည်းမျှပင် ရှိဟန်မတူပါ။

သူမ…

တစ်နေ့လုံး စိတ်တွေကောက်ပြီး အခန်းထဲက မထွက်တာ





တောင် ဒက်ဒီတစ်ယောက် သတိတောင်ထားမိပုံမရချေ။ နေ့လယ်စာ ထမင်းပင် လက်ဆုံမစားနိုင်လောက်အောင် အသည်းအသန် အခန်းကို ပြင်ဆင်နေသည်။

ဘာကြောင့်လဲ…။

ဒါတွေဟာ ဘာကြောင့်များလဲ။

သူမ…

ဘယ်လိုမှတောင် မစဉ်းစားတတ်တော့ဘူး။

ဒက်ဒီဟာ…

အဲဒီလူကို ဘာကြောင့် အဲဒီလောက်တောင် အရေးတယူရှိနေခဲ့တာလဲ။ ဘာကြောင့် အဲဒီလောက်တောင် လိုအပ်နေရတာလဲ။

သူမ…

စဉ်းစားရင်း ဦးနှောက်တွေပင် ထူပူလာရသည်။ ဝမ်းနည်းစိတ်တွေနှင့်အတူ အားငယ်စိတ်တွေပါ နှလုံးသားတစ်လျှောက်စီးမျောနေ၏။ ထိုအခါတိုင်း သူမ တစ်ခါမျှ သိဖူးမြင်ဖူးခြင်းမရှိသော ထိုယောကျ်ားအပေါ် ဒေါသတွေ နာကြည်းမုန်းတီးမှုအတွက်အတိုင်းအဆမဲ့ ကျရောက်နေရတော့သည်။

"ဒေါက်…ဒေါက်"

ဟော…။

သူမ အခန်းတံခါးခေါက်သံပဲ။

ဟွန်း…။

သူမ နှုတ်ခမ်းလေးတွေ စူထော်သွားရသည်။ မျက်စောင်းလှလှလေးက အခန်းတံခါးရွက်လေးဆီ ဆတ်ခနဲ ရောက်သွားရ၏။ တံခါးလာခေါက်သူဟာ ဘယ်သူလဲဆိုတာကို စိတ်ထဲမှာ အလိုလိုသိလိုက်မိတဲ့အတွက်လည်း ထဖွင့်ပေးဖို့ ပို၍ပင်ဝန်လေးသွားမိသည်။

"ခေါက်...ခေါက်"

"ခေါက်"

တံခါးခေါက်သံက အဆက်မပြတ် ပေါ်ထွက်လာခဲ့သည်။

"သမီး"

ခေါ်သံကြားသော်လည်း သူမ မထူးမိ။

"ရှင်လေး"

"....."

"လာပါဦး...ချစ်သမီးလေးရယ်၊ ဒက်ဒီ့ကို တံခါးလာဖွင့်ပေးပါဦး"

"....."

ဒက်ဒီ့အသံကို ကြားလိုက်ရချိန်တွင် ရင်ထဲမှာ လှပ်ခနဲလှိုက်ခုန်ကာ ဝမ်းသာပျော်ရွှင်မိသွားသော်လည်း အခုလိုအချိန်မှသူမဆီလာဖော်ရသော ဒက်ဒီ့ကို စိတ်ဆိုးမပြေနိုင်စွာပင် အသံလေးတိတ်ကာ အခန်းတံခါးကိုလည်း သွားမဖွင့်ပေးမိဘဲ ငြိမ်သက်နေမိသည်။





"ခေါက်...ခေါက်"

"ချစ်သမီးလေးရေ...ဒက်ဒီ့ကို မသနားတော့ဘူးလားကွာ၊ ဒက်ဒီ အခန်းရှေ့မှာ မတ်တပ်ရပ်နေရတာ ညောင်းလှပြီကွ"

အဲ...။

သူမ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

ဒက်ဒီ...။

အရမ်းညောင်းနေပြီတဲ့။

အဲဒီလိုကျပြန်တော့လည်း သူမ စိတ်မကောင်းမိပြန်ပါ။ ဒက်ဒီကို သူမ အရမ်းချစ်တာလေ။ အိပ်ရာထက်ကနေထပြီး တံခါးရွက်လေးဆီ လေးလံထိုင်းမှိုင်းသော ခြေလှမ်းများနှင့် လျှောက်ကာ တံခါးလော့ခ်လေးကို လှည့်ဖွင့်ပေးလိုက်သည်။

"အဟွန်း...ချစ်သမီးလေးက အခုချိန်ထိ မနက်စာလာမစားသေးဘူးဆို၊ မအေးချစ်လာပြောလို့ ဒက်ဒီသိရတာ၊ ဘာဖြစ်လို့ မစားသေးတာလဲ၊ ရှင်လေး"

သူမအခန်းလေးထဲကို ဝင်လာရင်း အသံခပ်အေးအေးလေးနှင့် ဒက်ဒီက မေးလာ၏။

"ဒက်ဒီရှိလျှက်သားနဲ့ ရှင်လေးတစ်ယောက်တည်း ဘယ်တုန်းက ခွဲခြားခွဲခြား စားခဲ့ဖူးလို့လဲ ဒက်ဒီ"ဆိုသည့် ဝမ်းနည်းမှုတွေနှင့် လှိုင်းထနေသော ပြန်ဖြေသံက သူမရဲ့ရင်ထဲမှာပဲ ထွက်ပေါ်လာခဲ့သည်။

အပြင်မှာတော့…

သူမရဲ့ နှင်းဆီဖူးနုတ်ခမ်းလေး နှစ်လွှာက မကျေနပ်မှုတို့ကြောင့် တင်းတင်းစေ့ပိတ်လို့။

အိပ်ရာလေးထက်တွင် အားနည်းချိနဲ့စွာ ခွေခွေလေး ပြန်လှဲချလိုက်တဲ့ သူမအနီးသို့ ဒက်ဒီတိုးကပ်လာ၏။

"ရှင်လေး…နေမကောင်းဘူးလား"

ဟင့်အင်း…ဒက်ဒီ။

ရှင်လေး…။

စိတ်မကောင်းဖြစ်နေတာပါ။

နှစ်ပေါင်းများစွာ ဒက်ဒီရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဂရုစိုက်မှုတွေကို အချိန်တိုတိုလေးအတွင်းမှာ လက်လွှတ်ဆုံးရှုံးလိုက်ရလို့ ရှင်လေး အရမ်းကို ဝမ်းနည်းနေတာပါ ဒက်ဒီ။

"မှန်းစမ်း…ရှင်လေးဖျားများနေလား"

ဒက်ဒီရဲ့ နွေးမြတဲ့လက်လေးက သူမရဲ့ နဖူးပြင်လေးထက် ညင်သာစွာ ကျလာ၏။

"ကိုယ်လည်းမပူပါဘူး"

သူမ ဘာမှပြန်မပြောမိချေ။

"ဒက်ဒီကို စိတ်ကောက်နေတာလား ရှင်လေး"

"……"

"ဆောရီးပဲ…ရှင်လေး၊ ဒက်ဒီက သမီးကို အခုရက်ပိုင်း





အတွင်း အလုပ်တွေ အရမ်းများနေလို့ ပစ်ထားမိသလို ဖြစ်သွားတယ်၊ ဒက်ဒီ့ကိုခွင့်လွှတ်နော်"

အပြုံးနုနုလေးတွေနဲ့ သူမကို ချော့လိုက်ပေမယ့် ဒက်ဒီ့မျက်နှာမှာ ပင်ပန်းနွမ်းလျမှုတို့က ပြည့်နှက်နေသည်ဟု သူမစိတ်ထဲက တွေးထင်နေမိသည်။

ဒါ…

သူမကြောင့်တော့ မဟုတ်လောက်ပါဘူး။

ဟိုလူ့ကြောင့်ပဲ ဒက်ဒီပင်ပန်းနေရတာ။

"ရှင်လေး"

"……"

"ဒက်ဒီ့ကို စိတ်မကောက်ပါနဲ့သမီးရယ်၊ သမီးရဲ့ရင်ထဲမှာ ဘာတွေဖြစ်ပြီး ဘယ်လိုတွေ ခံစားနေရတယ်ဆိုတာ ဒက်ဒီသိပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ ရှင်လေးဟာ ဒက်ဒီ့ကို နားလည်မှုပေးဖို့ အများကြီး လိုအပ်တယ်၊ ဒက်ဒီ စိတ်ရောလူရော အရမ်းကို ပင်ပန်းနေတယ်လေ သမီး၊ ဒက်ဒီကို မသနားဘူးလားဟင်"

သနားတာပေါ့…ဒက်ဒီရယ်။

သူမ…

ဒက်ဒီကို သနားတာပေါ့။

ဒါပေမယ့်…

ဒက်ဒီအခုလိုဖြစ်နေတာ…ဒက်ဒီရဲ့ တစ်ဦးတည်းသော

သမီးလေး ရှင်အိပ်မက်ကြောင့်မှ မဟုတ်တာ။ ဟိုလူကြောင့်ပဲမဟုတ်လား ဒက်ဒီ။

"ဒက်ဒီအပေါ်…ရှင်လေးကပါထပ်ပြီး ဖိအားတစ်ခုဖြစ်ရင်…ဒက်ဒီတော့ သေမှာပဲ"

အို…။

သူမ…အိပ်နေရာမှ ဆတ်ခနဲထထိုင်မိသည်။

ဒက်ဒီ့ဆီက သေစကားကို…သူမဘယ်လိုမှ လက်မခံနိုင်ပါဘူး။ ရှင်လေး…ဘယ်လောက်ပဲစိတ်ဆိုးမိပါစေ…ဒက်ဒီ့ကိုတော့ အသေမခံနိုင် ရှင်လေးရဲ့ ဘဝထဲကနေ ဒက်ဒီထွက်ခွာသွားမှာကို လုံးဝလက်မခံနိုင်ဘူး။

"ရှင်လေး…ဒက်ဒီကို အရမ်းချစ်တယ်"

"ရှင်လေး…အခုလို ထမင်းဆင်းမစားဘဲနေတာ ကြားရတော့ ဒက်ဒီအရမ်းကို တုန်လှုပ်တာပဲ၊ ဒက်ဒီ့သမီးလေး တစ်ခုခုဖြစ်သွားမှာ ဒက်ဒီအကြောက်ဆုံးပဲ ရှင်လေး၊ ဒါကြောင့်…ရှင်လေးကအချိန်မှန်မှန် စားသောက်ဖို့လိုအပ်တယ်။

ဒက်ဒီ အရင်လိုရှိမနေပေးနိုင်ပေမယ့်…ရှင်လေးကနားလည်သိတတ်စွာနဲ့ ဒက်ဒီ့ကို ကူညီတဲ့အနေနဲ့ ရှင်လေးကိုယ်ရှင်လေး အနေအထိုင်အစားအသောက်ကို ဂရုစိုက်ပြီး ရပ်တည်ပြသင့်တယ်။ ဒါမှ…ဒက်ဒီလဲ စိတ်အေးအေးထားနိုင်မှာပေါ့သမီး။

အခုတော့…ရှင်လေးအတွက်ပါ ဒက်ဒီ့စိတ်တွေပူလောင်





နေရပြီ"

ဟင်…။

ဒါ…

ရှင်လေးကို အပြစ်တင်နေတာလားဒက်ဒီ။

ရှင်လေး…မသိတတ်ဘူးလို့ ဒက်ဒီဝေဖန်တာလား။ ဒါမှမဟုတ်…ရှင်လေးကို ဒက်ဒီလာဆူနေတာလားဟင်။

"ဒက်ဒီ့ကိုချစ်တယ်ဆိုရင်…ဒက်ဒီ့ကို အခက်အခဲဖြစ်အောင်မလုပ်ရဘူး ရှင်လေးရဲ့၊ ရှင်လေးရဲ့ အတွေးစိတ်တွေ ရင့်ကျက်တည်ငြိမ်သင့်ပြီ"

"ဒက်ဒီ"

"ပြော"

"ရှင်လေးကို အကြောင်းပြချက်တစ်ခုလောက်ပေးပါလား"

"ဘာကိုလဲ"

"ဒီတိုက်ထဲကို…သူစိမ်းယောက်ျားတစ်ယောက်ကို မဖြစ်မနေလက်ခံတဲ့အထိ ဖြစ်ရတဲ့အကြောင်းအရင်းက ဘာလဲဒက်ဒီ"

သူမရဲ့ အမေးကြောင့်…ဒက်ဒီစိတ်တွေ လှုပ်ရှားသွားပုံရပါသည်။ ဒက်ဒီ့မျက်ဝန်းတွေက ဂဏှာမငြိမ်ဘဲ တစ်စုံတစ်ခုကိုလေးလေးနက်နက် အကြောင်းပြနိုင်ဖို့ လုံလောက်တဲ့ အချက်အလက်ကို ရှာဖွေနေပုံရ၏။ သူမ…ဒက်ဒီ့ကိုကြည့်ပြီး သနားသွားမိသည်။

"ဒက်ဒီ"

"ပြောလေ…သမီး"

"အရမ်းကို ခက်ခဲနေမယ်ဆိုရင်လည်း ရပါတယ်၊ ရှင်လေးရဲ့အမေးကို ဒက်ဒီမဖြေပါနဲ့"

"ကျေးဇူးပဲ…ရှင်လေး၊ ဒက်ဒီ…အရမ်းကို အခက်တွေ့နေတာပါ"

ဘုရားရေ…။

သူမရဲ့မေးခွန်းက ဒက်ဒီ့ကိုအခက်တွေ့စေသတဲ့…။

တွန့်ကြုံ့သွားတဲ့ ဒက်ဒီ့ရဲ့ စိမ်းညို့တဲ့ မျက်ခုံးတန်းကြီးတွေက အခုမှပြေလျော့ပြီး စိတ်ထွက်ပေါက်ရှာတွေ့ကာ လွတ်လပ်ပေါ့ပါးသွားသလို ပြန်လည်ကြည်လင် လန်းဆန်းလာတော့သည်။

ထူးဆန်းလိုက်တာ…။

ဒက်ဒီတော်တော်လေး ပြောင်းလဲနေတာပဲ။

အမြဲတမ်း…

ပွင့်ပွင့်လင်းလင်း…ပြောဆိုနေထိုင်တတ်တဲ့ ဒက်ဒီ့တစ်ယောက် လျှို့ဝှက်မှုတွေ မျိုသိပ်ထိန်းချုပ်မှုတွေရှိလာ၏။ ဘာသဘောလဲ။

ဒါ…

သူမရဲ့ ဒက်ဒီမှဟုတ်ရဲ့လား။

"ရှင်လေး"





"ရှင်"

"ဒက်ဒီ့ကို စိတ်ဆိုးသွားလား"

"ဟင့်အင်း"

"မညာပါနဲ့ရှင်လေးရယ်…ဒက်ဒီ့သမီးအကြောင်းကို ဒက်ဒီသိပါတယ်၊ အခုအခြေအနေအရ…ရှင်လေး ကျေနပ်လောက်တဲ့ အဖြေတစ်ခုကို ဒက်ဒီမပေးနိုင်သေးပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်ကျရင်တော့ သမီးသိလာရမယ်လို့ ကတိပေးပါတယ်။

ဘာပဲပြောပြော…

ဒက်ဒီ့အချစ်ဆုံးက သမီးလေး ရှင်အိပ်မက်ပါပဲ။

အခုလို…ဒက်ဒီရပ်တည်နေနိုင်တာကလည်း သမီးလေးကြောင့်သာ ဖြစ်နေခဲ့တာပါ။ အဲ့ဒီအတွက်…ဒက်ဒီအရမ်းကိုပဲ ပျော်ရွှင်ကျေနပ်မိပါတယ်။ ဒက်ဒီ့ကို…အထင်မလွဲပါနဲ့ သမီးရယ်"

ဒက်ဒီရယ်…။

ရှင်အိပ်မက် မျက်ဝန်းအိမ်ထဲ မျက်ရည်လေးတွေပင် ဝေ့သီသွားရသည်။

ဝမ်းနည်းကြေကွဲမှုတွေက ရင်ထဲ လှိုင်းထကာ တလှိုက်လှိုက် ခံစားနေရသည်။ ဒက်ဒီဟာ သူမထင်မှတ်ထားသလို မဟုတ်ခဲ့ပါလားဆိုတဲ့ အသိကြောင့် ဒက်ဒီ့အပေါ် သူမ ဖိအားပေးသလို ဖြစ်ခဲ့သည့်အတွက် နောင်တလေးပင် ရချင်သွား၏။

"မနက်ဖြန်ကျရင်…မင်းညို့ငင် လာလိမ့်မယ် ရှင်လေး"

"......"

"ဒက်ဒီ...တစ်ခုတောင်းဆိုချင်တာက မင်းညို့ငင်ကို ဘူတာမှာသွားကြိုဖို့ ရှင်လေးပဲ တာဝန်ယူပေးပါ"

"ရှင်"

ရွှန်းလက်လှပသော မျက်နက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည်။ နှင်းဆီငုံနှုတ်ခမ်းသားလေး ဖျတ်ခနဲ ပွင့်ဟသွား၏။ မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်းများစွာက သူမမျက်နှာလေးပေါ်တွင် ပြည့်လျှံသွားရသည်။

"ဟုတ်တယ်...သမီး၊ ဒက်ဒီမအားလို့ သမီးကို အကူအညီတောင်းတာ"

ဟင်...။

ဒါ...ဒါဆို

ဒက်ဒီ အခုလိုလာတာ ရှင်အိပ်မက် စိတ်ကောက်နေလို့ လာချော့တာမဟုတ်ဘူးပေါ့။ မင်းညို့ငင်ကို သွားကြိုဖို့ သူမဆီ လာပြောချင်လို့ ရောက်လာခဲ့တာပေါ့လေ။

ကြည့်စမ်း...။

အဲဒီလူဟာ ဒက်ဒီအပေါ် ဘာဖြစ်လို့ ဒီလောက်ထိ လွှမ်းမိုးထားနိုင်ရတာလဲ။ သူမ ပို၍ပင် စိတ်ဝင်စားလာရသည်။ ပို၍သိချင်စိတ်တွေ ပြင်းထန်လာရ၏။

"ဒရိုင်ဘာကိုသောင်းတစ်ယောက် သူ့မိန်းမကျွန်းမာရေး





ကောင်းလို့ ခွင့်တင်ထားတယ်သမီး၊ ဒါကြောင့် သမီးရှင်လေးကပဲ မင်းညို့ငင်ကို သွားကြိုပေးပါကွယ်"

"ကောင်းပြီလေ...ဒက်ဒီ၊ ရှင်လေး သွားကြိုပေးပါ့မယ်"

"ကျေးဇူးပဲ သမီး"

"ရပါတယ်"

ပြောလိုက်တဲ့ ရှင်အိပ်မက်ရဲ့ လေသံက အနည်းငယ် အင်အားမဲ့နေလိမ့်မည်ဆိုတာ သူမကိုယ်သူမ ရိပ်မိသော်လည်း စိတ်မာတ်တွေအားလုံး မင်းညို့ငင်ဆိုတဲ့ ဘာမဟုတ်တဲ့ ယောကျ်ား တစ်ယောက်ကြောင့်နဲ့တော့ ယိုင်နဲ့လဲပြိုကျသွားဖို့တော့ စိတ်ကူး မရှိပါချေ။ သူမ ဒီ့ထက်အရှုံးမခံနိုင်တော့ဘူးလေ။, ဒါကြောင့် စိတ်တွေကို တင်းထားမိ၏။ "ဒက်ဒီသွားတော့မယ် ချစ်သမီး လေး"ဆိုတဲ့ နှုတ်ဆက်သံအဆုံးမှာတော့ သူမခေါင်းလေးကို ညင်သာစွာပဲ ညိတ်ပြလိုက်မိတော့သည်။

## အခန်း (၂)

ကျွတ်…။

ဘာလဲကွ…။

အခုချိန်ထိ လာမကြိုသေးတာ ဘာသဘောလဲ။

ရထားဘူတာရုံ စင်္ကြံတစ်လျှောက် ခရီးသည်တွေပင် ရှင်းလင်းနေချေပြီ။ အချိန်အတိအကျ ပြောထားပါလျက်နဲ့ အကြို မလွှတ်ဘဲ ထားတာတော့ လွန်လွန်းသည်။

တစ်ခုခုများ လွဲမှားနေလား။

ခပ်လှမ်းလှမ်းကို လှမ်းကြည့်တော့ မိန်းမချောလေး တစ်ယောက် မတ်တပ်ရပ်နေတာ တွေ့ရ၏။

အားပါးပါး…။





တော်တော်လှကဲ့ အမျိုးသမီးလေးပါလား။

သူ့မျက်ဝန်းအကြည့်တွေက လာကြိုတဲ့သူကို ဟိုဟိုသည် သည် လှည့်ပတ်ရှာဖွေကြည့်နေရာမှ ထိုအမျိုးသမီးလေးဆီ အရောက် တွင်တော့ လုံးလုံးကြီးကို ရပ်တန့်သွားရတော့သည်။

စိုဝင်းနစ်နေသော အသားအရေနှင့် လိုက်ဖက်စွာပင် ရှားညိုရောင် အပွင့်အခက်များပါသည့် လုံချည်နှင့် လည်ဟိုက် လက်ပြတ်ကိုယ်ကျပ်အင်္ကျီလေးနှင့် အလှကြီးလှနေသော သူမ ကလေးကို မျက်စိက မညာနိုင်တော့။

ရှည်သွယ်သွယ်၊ မြင့်မားသော အရပ်က မိန်းကလေးများ ထဲတွင် အင်မတန်မှ ထူးခြားလွန်းလှသည်။ တောင့်တင်းသော ခန္ဓာကိုယ် ကောက်ကြောင်းတွေက သူနေရာနှင့်သူ လိုက်ဖက်စွာ ရှိနေခြင်းကြောင့် သူ့နည်းတူစွာပင် သူမကို တစ်ခါမြင်ရုံရှိသေး နောက်တစ်ကြိမ် သမင်လည်ပြန်ငေးရသည်ချည်းပင်။

လောလောလတ်လတ် သူ့မျက်ဝန်းအကြည့်လေးတွေက ထိုနေရာလေးတွင်သာ ရှိနေခဲ့သည်။ အကြည့်လေး လွှဲလိုက်ရမှာ ကိုပင် မစဉ်းစားရဲလောက်အောင် နှမြောတသနေမိ၏။

သူမကိုကြည့်ရတာ…

တစ်စုံတစ်ယောက်ကို ရှာဖွေနေသလိုပဲ။

နေရာလေးမှာသာ မတ်မတ်ရပ်နေပေမယ့် သူမရဲ့ မျက်ဝန်း အကြည့်လေးတွေက တစ်ဦးဦးကို ရှာဖွေနေသလိုမျိုး ရှိနေ၏။

လက်ထဲမှာလည်း လက်ကိုင်အိတ်အသေးလေး ကိုင်ထားတာကလွဲပြီး ဘာအထုပ်အပိုးမှလည်း မပါချေ။

ခရီးသွားဖို့လာတဲ့ဟန်တော့ မရှိချေ။

မြတ်စွာဘုရား…။

မင်းညို့ငင်ရဲ့ ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားရပြီ။

သူမ…

တစ်ယောက်ယောက်ကိုများ လာကြိုတာများလား။

ဖြစ်နိုင်သည်။

သူမရဲ့ လက်တစ်ဖက်တွင် ကားသော့လေးတစ်ခု ချိတ်ကိုင်ထားသည်။ သူ့ကိုလာကြိုတဲ့သူများလားဆိုတဲ့ မတန်မရာစိတ်ကလေးက ရင်ထဲ နိုဝင်လာ၏။ ခေါင်းကို အသာအယာ ခါယမ်းမိသေးသည်။ သူမလို နုနုရွရွ ဖူးဖူးစင်စင်လေးက တကူးတက လာကြိုပါ့မလားဆိုတဲ့ အတွေးကြောင့် စိတ်ဓာတ်တွေ တက်ကြွနေရာမှ ဝုန်းခနဲ ပြိုကျသွားရသည်။

အန်ကယ်မင်းယံက သူ့အတွက် အကျွမ်းကျင်ဆုံးနဲ့ အတော်ဆုံး ဒရိုင်ဘာတစ်ယောက်ကို လာကြိုခိုင်းလိုက်မယ်လို့ ပြောထားတာလေ။ ဒီလို လှပအိစင်းနေတဲ့ မိန်းကလေးတစ်ယောက်တော့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

သို့သော်…

အခုလိုကြီး ရပ်ပြီးစောင့်နေမှာထက်စာလျှင် သွားပြီးမေး





မြန်းစုံစမ်းသင့်သည်ဟု တွေးနေမိသည်။ တော်ကြာ…ရန်ကုန်သူအချောက သူမကို လာရောက်နှောင့်ယှက်သူဟု ထင်သွားမှာလည်း ကြောက်ရသေး၏။

မင်းညို့ငင်ရဲ့ စိတ်တွေက ဒွန်တွဲနေရသည်။

နောက်ဆုံးတော့…

သူမလေးအနားသို့ တစ်လှမ်းချင်း သူလျှောက်သွားမိ၏။ သူ့လက်ထဲမှာလည်း အထုပ်အပိုးတွေက တပုံတပင်မို့ မနိုင်မနင်းနဲ့နေရသည်။

"ဒီမှာ…ဒီမှာခင်ဗျ"

သူခေါ်သံကြောင့် အမျိုးသမီး မျက်နှာလေး သူ့ဖက်လှည့်စောင်းကြည့်လာ၏။ မှန်ကုပ်သုန်မှုန်နေသော အမျိုးသမီးကလေးရဲ့ မျက်နှာလေးကြောင့် သူ နည်းနည်းတော့ လန့်သွားရသည်။

"ဘာကိစ္စလဲရှင့်"

"ဟို…ဟိုလေ တစ်ယောက်ယောက်ကိုများ လာကြိုတာလားလို့"

"ဟုတ်တယ်"

ဟာ…။

သူမရဲ့အဖြေကြောင့် မင်းညို့ငင်ရဲ့ ရင်ထဲ လှပ်ခနဲ ခုန်တက်သွားရ၏။ အနီးကပ်ကြည့်တော့မှ သူမလေးရဲ့ ချစ်စရာကောင်း

လွန်းတဲ့ မျက်နှာလေးကို ပိုပြီးတော့တောင် ငေးစိုက်ကြည့်မိသွားရသည်။ ဖြူနုဝင်းအိနေသော အသားအရေက ကြည်စင်လွန်းကာ မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေက တစ်စုံတစ်ခုကို ညှို့ငင်လို့နေ၏။ ပြည့်တင်းတင်း နဖူး၊ နှာတံစင်းစင်းလေးကျကာ ပန်းဖျော့ရောင် နှုတ်ခမ်းအိအိလေးတွေက ပြည့်ဖူးလို့နေသည်။

ရွှေလည်တိုင် ကျော့ရှင်းရှင်း၊ မို့မောက်သောရင်၊ သေးကျဉ်းသောခါး၊ တောင့်တင်းဖြောင့်စင်းနေသော ပေါင်တံရှည် သွယ်သွယ်တို့ကြောင့် သူ့ရင်ခုန်သံတွေ ဒီဂရီ မြင့်တက်သွားရသည်။

"ဒီမှာ"

"ဟင်…အဲ…ဗျာ"

"လူကို ဘာကြည့်နေတာလဲ၊ အူတူတူတော့ လာမလုပ်နဲ့နော်၊ လုံခြုံရေးအစောင့်နဲ့ တိုင်လိုက်မှာ"

"အဲ…ဗျာ…ဟာ…ဟို…ဟို မလုပ်ပါနဲ့ဗျာ၊ အမိကို နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး၊ ကိုယ့်ကို အထင်မလွဲစမ်းပါနဲ့၊ ကိုယ်က လူကောင်းပါဗျ"

ဟွန်း…။

ပုံစံကိုက တကယ့်တောသားစတိုင်လ်အပြည့်။

ရှပ်လက်တိုအကွက်ကို ကြယ်သီးအစေ့တပ်ပြီး ပုဆိုးက ခြေသလုံးတစ်ဝက် ဝတ်ထားပြီး လက်ဆွဲအိတ်တစ်လုံးကို ပခုံးပေါ် တင်ထမ်း၊ တစ်ဖက်မှာလည်း ဘာတွေစုပြုံထိုးသိပ်ထည့်ထားမှန်း





သိ ကြိမ်ခြင်းတောင်းကြီးတစ်လုံးကို ဆွဲလျက် သူမကို ဖြူးတူး ပြတဲ ငမ်းနေပုံက အမြင်ကတ်စရာ။

ဒီမှာဖြင့် ဒက်ဒီသွားကြိုခိုင်းလိုက်တဲ့ မင်းညှို့ငင်ဆိုတဲ့လူ ကို ရှာမတွေ့လို့ စိတ်ညစ်နေရတဲ့အထဲ ဒီတောသားအူတူတူနှင့် လာတွေ့နေရသေးသည်။ စကားပြောတာကလည်း အမိနဲ့ကျုပ်တဲ့။ ဘကယ်ပဲ နားထဲကိုးလို့ကန့်လန့် တိုးဝင်လာတဲ့ အသုံးအနှုန်းကြီး တွေပဲ။

မှန်းစရာကောင်းလိုက်တာ မပြောပါနဲ့တော့။

"အမိ"

"ဘာလဲရှင့်"

ထူးသံကြီးက နည်းနည်းလေးမှ မညင်သာ။

သို့သော်…

လှပတဲ့ သူမမျက်နှာလေးကို မြင်နေရတာလေးနှင့်ပင် ကျန်တာတွေအားလုံး မေ့ဖျောက်ထားနိုင်လောက်အောင် သူ့မျက်နှာ ကြီးမှာ ချိုအီတဲ့ အပြုံးလေးတွေ လန်းဆန်းကြည်လင်နေခဲ့သည်။

"အမိ…တစ်ယောက်ယောက်ကို လာကြိုတာလားဟင်"

"ဘာ"

"ဟိုလေ…ကိုယ်ကလည်း အခုထိ လာမကြိုသေးလို့ စောင့်နေတာမို့လို့ မေးကြည့်တာပါ၊ အမိက ဘယ်သူ့ကို လာကြို နေတာလဲလို့"

သူမ မျက်ဝန်းလေးတွေက တစ်ဖက်လူဆီသို့ စူးခနဲ ကျရောက်သွားရသည်။ ရှင်အိပ်မက်က သူပြောသလို ညှို့သည်ကို လာကြိုတာလေ။

သူ…

မင်းညို့ငင်များ ဖြစ်နေမလား။

လူရွယ်တစ်ယောက် ဖြစ်နေတဲ့အတွက် ရှင်အိပ်မက် နည်းနည်းတော့ တွေဝေသွားမိသည်။

သို့သော်…

အခုလို ပုံမကျပန်းမကျ စကားပြောလျှင်လည်း ဗွတီးဗွကျနှင့် အချိုးဘယ်လိုမှ မပြေတဲ့ ဒီလိုတောသားမျိုးနှင့် ဒဂ်ဒီသည် ဘယ်လိုမှ ရင်းနှီးကျွမ်းဝင်နေနိုင်ခြင်း မရှိတာမို့ စူးနမ်းသော သူမရဲ့တွေးထင်မှုကို အဆုံးသတ်ပစ်လိုက်သည်။

"အမိ…မေးတာကိုဖြေဦးလေ"

"အို…ဘာလို့ဖြေရမှာလဲ"

"ဒါဆို…ဒီကိုအမိဘာလာလုပ်တာလဲ"

"ဘာရယ်"

"ညှို့လာကြိုတာမဟုတ်ရင် အမိက ခရီးသွားမယ့်လူလား"

"ဒီမှာ ကိုအစ္စာ"

"ကိုယ့်နာမည် ကိုအစ္စာမဟုတ်ဘူးအမိ၊ မင်းညို့ငင်ပါ"





"ဘာ…ဘယ်…ဘယ်လို"

"မင်းညို့ငင်ပါ အမိ၊ သေသေချာချာ ကြားရရဲ့လား၊ မင်းညို့ငင်…မင်းညို့ငင်"

ဒီတစ်ခါတော့…

ရှင်အိပ်မက်ရဲ့ စွာတေးလန်နေတဲ့ အသံစာစာလေးတွေ ပြတ်တောက်သွားရသည်။ မယုံကြည်နိုင်သလို ထိုလူဆီ အံ့ဩတကြီး ကြည့်နေမိ၏။

"ဒီမှာ…အရမ်းကိုစိတ်ညစ်နေတာဗျ၊ ကိုယ့်ကို လာကြိုနိုင်မယ်ဆိုပြီး အခုထိလည်း မလာကြသေးဘူး၊ ဘာတွေလုပ်နေကြမှန်း မသိဘူးဗျာ၊ စောင့်နေရတာ တစ်နာရီလောက်တောင်ရှိနေပြီ"

ဘုရားရေ…။

ရှင်အိပ်မက်ကို အရှေ့တည့်တည့်မှာထားပြီး အတင်းတွေပြောနေတာများ အသည်းယားစရာ။ သို့သော်…သူပြောသလိုပဲ အချိန်နောက်ကျမှ တမင်ရောက်လာသော ရှင်အိပ်မက်အဖို့တော့ တစ်ဖက်လူ စိတ်အနှောင့်အယှက်တွေ ဖြစ်နေတာ မြင်ရ၍ သူမရဲ့ လုပ်ရပ်ကို ကျေနပ်ပျော်ရွှင်နေမိသည်။

"တကယ်ဆို…ဒီအချိန်ရောက်မယ်လို့ ချိန်းထားရင် ဒီထက် ဝီရိယလေးထားပြီး လာကြိုရမှာပေါ့ဗျာ…နော့်၊ အခုတော့ ဘယ့်နှယ်ဗျာ"

"ဒီမှာ…ဒီမှာ ရှင် ဘာမှမသိဘဲနဲ့ ဘယ်နှယ့်ကြောင့် တစ်ဖက်ကို အပြစ်တွေ စွတ်တင်နေရတာလဲ၊ လမ်းမှာ ကားလမ်းတွေပိတ်နေလို့ နောက်ကျနေတာရှင့် သိရဲ့လား"

"ဗျာ"

အဲ…။

သူမပြောမိသွားပြီ။

မင်းညို့ငင်ဆိုတဲ့လူကို လာကြိုတာ သူမပါပဲလို့ ဖွင့်ပြောမိသွားပြီလေ။

"ဒါ…ဒါဆို ကိုယ့်ကိုလာကြိုတဲ့သူက အမိပေါ့လေ"

"ရှင်က မင်းညို့ငင်အစစ်ပါနော်"

"ဟာ…ဟာဗျာ အစစ်ပါ၊ အစစ်ပါ၊ စစ်လွန်းလို့ စစ်စစ်စစ်စစ်နဲ့တောင် မြည်သေး၊ အဟွန်း…ဟွန်း"

"ဒါဆို မှတ်ပုံတင်ပြ"

"ဗျာ"

"ရှင့်ရဲ့မှတ်ပုံတင်ပြလေ…ဒါမှ ကျွန်မက ယုံကြည်လို့ရမှာပေါ့ရှင့်၊ ပါးစပ်က စစ်တယ်ပြောတာနဲ့ ယုံကြည်ရမလား"

"အမိကလည်း တကယ်ပါပဲ၊ လူဝင်မှုကြီးကြပ်ရေးက လာတာ ကျနေတာပဲ၊ စစ်ဆေးလိုက်တာဗျာ၊ ကိုယ်က တစ်ဖက်သားအပေါ် မလိမ်ညာတတ်ပါဘူးဗျ။

ကဲ…ရော့…ရော့ အမိမယုံရင် ဒီမှာကြည့်"





သူ့လက်ထဲက ဆွဲခြင်းကြီးကို အသာအယာချပြီး အိတ်ကပ်ထဲက မှတ်ပုံတင်ကို ထုတ်ယူကာ သူမကို ပြလိုက်သည်။

အယုံအကြည်မရှိသော မျက်နှာလေးနှင့် သူ့မှတ်ပုံတင်ကဒ်ကို သေသေချာချာစိုက်ကြည့်ပြီး သူ့မျက်နှာဆီ တစ်ချက်ပြန်မော့ကြည့်သေး၏။ သူမလေးရဲ့ လုပ်နေပုံလေးကို ကြည့်ပြီး သူ တဟားဟား အော်ရယ်ချင်စိတ်ကို မနည်းမြိုသိပ်ထားရသည်။

"အိုကေ"

"ရှင်…ကျွန်မအနောက်ကနေလိုက်ခဲ့"

"ဗျာ…ဟာ…ဟော့ နေဦးလေ၊ ကိုယ့်ကိုစောင့်ဦးလေ အမိရဲ့"

ပြောပြီးတာနှင့် ချာခနဲနေအောင် လှည့်ကာ ဒေါက်ဖိနပ်နင်းသံလေး တဂွပ်ဂွပ်နှင့် ရှေ့ကနေ ထွက်သွားတော့သည်။ ပစ္စည်းတွေ မနိုင်မနင်းကြီးနှင့် သူမလေးရဲ့ မြန်ဆန်သွက်လက်လွန်းတဲ့ ခြေလှမ်းတွေကို အမှီလိုက်နေရ၏။

"ဒီမှာအမိ… ခင်ဗျားစိတ်လေး နည်းနည်းရှည်ပါဗျာ၊ ဒီလောက်မြန်မြန်ကြီး သွားတော့ အမိရဲ့နောက်က လိုက်ရတဲ့သူက တကယ်မသက်သာဘူးဗျ၊ ဒီမှာ ပစ္စည်းတွေက အလေးကြီးတွေ သယ်ရတာ အမိကိုယ်ချင်းစာပါဦး"

ဟွန်း…။

မစာနိုင်ပါဘူး။

ရှင်အခုလို ဒုက္ခဖြစ်လေ ကျွန်မကတော့ ဝမ်းသာလေလေပဲ။

ဒါကြောင့်…

တမင်ခြေလှမ်းသွက်သွက်လျှောက်ပြီး ကားဆီကို အရောက်သွားနေတာလေ။

“အမိ”

တောက်…။

ကြည့်စမ်း။

အသံပြကြီးနဲ့ သူမကို အော်ခေါ်လိုက်တာ။

ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲလို့။ ဒီတောသားနဲ့တော့ ခက်တော့တာပဲ။ ပတ်ဝန်းကျင်က လူတချို့ သူမတို့နှစ်ယောက်ကို သတိထားမိကာ သမင်လည်ပြန် လှည့်ကြည့်သွားကြသည်။

သူမ အံလေးကို ခပ်တင်းတင်းစေ့ကြိတ်ပြီး ခေါ်သံကို မကြားဟန်ဆောင်ကာ ဆက်လျှောက်နေလိုက်သည်။

“အမိ…ဟေ့…အမိ”

ဒီတစ်ခါတော့…

သူ့အသံကြီးက မိုးခြိမ်းသံကြီးလိုပင် နားကွဲမတတ် စူးစူးဝါးဝါးကြီးကို ပေါ်ထွက်လာခြင်းဖြစ်သည်။ လှမ်းလက်စ ခြေလှမ်းငံလေးတွေပင် တုံ့ခနဲ ရပ်တန့်သွားရသည့်အထိ သူ့ရဲ့လှမ်းအော်သံ





ယ်ကြီးက သူမရဲ့စိတ်ကို အကြီးအကျယ် ချောက်ချားသွား၏။

ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားရသည်။

မင်းညို့ငင်ဆိုတဲ့ လူဆီသို့ သူမကိုယ်လေး ပြန်လှည့်သွားပြီး မျက်နှာချင်းဆိုင် ခပ်သွက်သွက်တိုးကပ်ကာ…

“ဒီမှာ…ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အဲဒီလောက်တောင် အသံပြကြီးနဲ့ လှမ်းအော်နေရတာလဲရှင့်၊ ဘာလဲရှင် ကျွန်မနောက်ကနေ အေးအေးဆေးဆေး မလိုက်ချင်ဘူးပေါ့လေ၊ ဟုတ်လား”

“ဟာဗျာ…ဘယ်နှယ့်ပြောလိုက်ပါလိမ့်၊ အမိနောက်ကနေ မလိုက်လို့ ကိုယ် ဘယ်ကိုသွားရမှာလဲ၊ အမိရဲ့ ခြေလှမ်းတွေက မြန်နေလွန်းလို့ အခုလိုလှမ်းအော်တာပေါ့ဗျ။

အထုပ်အပိုးတွေ အများကြီးသယ်နေရတာ အမိက တစ်ခုတလေတောင် ဝိုင်းမသယ်ပေးဘူး”

“ဘာ…ဘာရယ် ကျွန်မက ရှင့်ကို ဘာကြောင့် ဝိုင်းပြီးသယ်ပေးရမှာပဲ၊ လာ…လာချည်သေး၊ လူကိုများ ဘာများအောက်မေ့နေလဲ၊ ကျွန်မက ရှင့်အလုပ်သမား မဟုတ်ဘူးရှင့်၊ နားလည်လား၊ ဒက်ဒီ အလုပ်မအားလို့ လာပြီး အကူအညီတောင်းလို့သာ လာကြိုပေးရတာ၊ သိပ်ပြီး စေတနာပါနေတယ်လို့ မထင်နဲ့၊ ရှင့်ပစ္စည်းတွေကို ရှင့်ဖာသာ သယ်နိုင်ရင်သယ်ခဲ့၊ မသယ်နိုင်ရင် ခပ်ဝေးဝေးကိုသာ လွှင့်ပစ်လိုက်တော့ တောသားရေ”

အဲဗျ…။

လူကိုများ တောသားတဲ့။

အင်းလေ…။

ဘာပဲပြောပြော သူလာတာကလည်း မြို့ကမှမဟုတ်တာ။ ရွာဘက်ကပဲဟာ။ ဒီတော့ တကယ်ပဲတောသားပေါ့။

သူမလေးကို အထုပ်တွေ ပိုင်းသယ်မနိုင်းလို့ စိတ်တွေဆိုးကာ စူပုတ်ပုတ်မျက်နှာလေးနှင့် ရှေ့ကနေ ဆတ်တောက်ဆတ်တောက်လေး ထွက်ခွာသွားတဲ့ သူမလေးကိုကြည့်ပြီး သူ့စိတ်တွေကို အတတ်နိုင်ဆုံး လျှော့ချထားလိုက်မိပါတော့သည်။

မျက်နှာလေးက ချစ်စရာကောင်းသလောက် တော်တော်အပေါက်ဆိုးတဲ့ အမျိုးသမီး။ ညှို့သည်ကို လာကြိုတာများ တစ်စက်ကလေးတောင် နွေးနွေးထွေးထွေး မရှိ။ အလိုမကျမှုတွေနဲ့ သူ့ကို အပြတ်အသတ် နှိပ်ကွပ်နေတော့၏။

ဒေါသတွေနဲ့ ဆူဝေနေတဲ့ မျက်နှာလေးနဲ့ "တောသားရဲ့" ဆိုတဲ့ ခေါ်သံများကြောင့် သူမကလေးရဲ့ စေတနာမေတ္တာတွေ သူ့အပေါ် ဘယ်လောက်များ ရှိနေကြောင်း ကောင်းစွာပင် ရိပ်မိလိုက်သည်။

သူမကိုယ်သူမ…

သူဌေးသမီးဆိုတဲ့ မာနကလေးနဲ့ အရှေ့ကနေ ဆောင့်ကြွားကြွားလေး သွားနေပုံက အသည်းယားစရာ။ ဘာပဲပြောပြော သူမ





လေးရဲ့ လုပ်ရပ်တွေ၊ ပြောပုံဆိုပုံ၊ ဆက်ဆံပုံတွေ အားလုံးကို သူနှစ်သက်နေမိသည်။

အပြစ်ဆို၍ မြူတစ်မှုန်စာမျှပင် မမြင်မိ။

သူမလေးနဲ့ "အခုလို ရှိနေရတာလေးကိုပင် မင်းညို့ငင်ရဲ့ ရင်ထဲမှာ ကျေနပ်ပျော်ရွှင်နေမိတော့သည်။ ကားပေါ်ကို သူ့ပစ္စည်းတွေတင်ပြီးပြီဆိုတာနှင့် ကားဘီးကိုလိမ့်ကာ မောင်းထွက်ချင်နေသော သူမကားပေါ်သို့ ကပျာကယာ အပြေးအလွှား တက်လိုက်ရ၏။

သူမကတော့…

ဒါကို နည်းနည်းမျှ အရေးမစိုက်ချေ။

ကားကို အမြန်ဆုံးနှုန်းနှင့်သာ တစိုက်မတ်မတ် မောင်းနေလေတော့သည်။

# အခန်း (၃)

"မောင်မင်းညို့ငင်…လာ…လာ အိမ်ထဲဝင်"

"ဟုတ်ကဲ့"

"ပစ္စည်းတွေကိုမသယ်နဲ့လေ၊ အလုပ်သမားတွေ သယ်
လိမ့်မယ်၊ ထားခဲ့…မင်းညို့ငင်"

"ဗျာ…သြော်…ဟုတ်…ဟုတ်ကဲ့ခင်ဗျ"

"ဝမ်းသာလိုက်တာ သားရယ်၊ အခုလိုလာတာ အရမ်
ဝမ်းသာတာပဲ"

"ဗျာ"

"သြော်…အဟွန်း ဒီလိုလေ၊ အန်ကယ်က မင်းကို ဟို
အရင်ကတည်းက လာစေချင်နေတာ၊ ဆယ်တန်းဖြေပြီးချိန်ထ





စောင့်ပါဆိုလို့"

"ဟုတ်ကဲ့…အန်ကယ်၊ မေမေက ကျန်းမာရေးသိပ်မ
ကောင်းတော့ စိတ်ချလက်ချ မထားနိုင်ခဲ့ဘူးလေ၊ အဲဒါကြောင့်ပါ"

"ဘာပဲပြောပြော အခုလိုရောက်လာတဲ့အတွက် အန်ကယ်
အရမ်းကိုပဲ ကျေနပ်နေမိတယ်"

အပြုံးနုနုလေးတွေနှင့် အန်ကယ်မင်းယံရဲ့ လှိုက်လှဲစွာ ကြိုဆိုမှုလေးအပေါ် သူ့စိတ်တွေ သာယာမိရသည်။ သူ့ကိုမြင်လိုက်တာနှင့် ရင်နှစ်သည်းခြာ သားအရင်းတစ်ယောက်လိုပင် တရင်းတနှီး ရှိလှသည်။ အန်ကယ်မင်းယံဆိုတဲ့ နာမည်ကို သူကြားခွင့်ရတာ သုံးနှစ်လောက် ရှိပါပြီ။

သို့သော်…

လူကိုတော့ အခုမှမြင်တွေ့ရဖူးခြင်း ဖြစ်၏။

အမေက အန်ကယ်မင်းယံရဲ့ အထောက်အပံ့ကို သူ့အတွက် လက်ခံလိုက်ပြီလို့ အသိပေးတော့ သူ တအားကို အံ့သြသွားရသည်။ အမေလို မာနကြီးပြီး ဘယ်သူ့အထောက်အပံ့ကိုမှ မှီခိုချင်လိုစိတ် မရှိတဲ့ အမျိုးသမီးတစ်ယောက်ဟာ တစ်ခါမျှ သိဖူး၊ ကြားဖူး၊ မြင်ဖူးခြင်း မရှိတဲ့ သူစိမ်းယောကျ်ားတစ်ဦးထံမှ အကူအညီကို လိုလိုလားလား လက်ခံမှုသည် တော်ရုံသာမန်တော့ မဟုတ်ချေ။

သူ…

အမေ့ကိုမေးသော်လည်း အမေ့ရဲ့အဖြေက ဝေ့လည်

စိုးမိုး ◈ စာပေ

ကြောင်ပတ် ရှိလွန်းတာကြောင့် သေသေချာချာ မမေးဖြစ်တော့ပေ။

"သား"

ဟင်…။

အန်ကယ်မင်းယံဆီမှ လှိုက်လှဲသော ခေါ်သံကြောင့် သူ့ခန္ဓာကိုယ်လေးပင် ဆတ်ခနဲ တုန်တက်သွားရသည်။ တွေးလက်စ အတွေးလေးတွေ ပျောက်ကွယ်သွားရ၏။

"ရှင်လေး…လာကြိုတာ အဆင်မှပြေခဲ့ရဲ့လား"

"စောစောက ကျွန်တော့်ကိုလာကြိုတဲ့သူလား"

"ဟုတ်တယ်လေ"

"ဒါဆိုရင်တော့ တော်တော်လေး ချီးကျူးရမှာပဲဗျာ၊ ညှို့သည်ကို လာကြိုဆိုတဲ့ပုံစံက မထင်မှတ်လောက်အောင် နွေးထွေးပျူငှာလွန်းလို့လေ၊ အဟွန်း…ဟွန်း"

"ဟေ…ဟုတ်လား၊ ဟား..ဟား..ဟား ထင်တော့ထင်သားပဲ ရှင်လေးကတော့ မင်းကို ပညာကောင်းကောင်းကြီး ပြလိမ့်မယ်ဆိုတာ၊ ဟား…ဟား"

သူ့စကားလေးကြောင့် အန်ကယ်မင်းယံတစ်ယောက် သဘောတွေ အကျကြီး ကျနေတော့၏။

သူ့အာရုံထဲ…

မျက်နှာဖူးဖူးလှလှလေးနဲ့ မလိုက်ဖက်လောက်အောင် တင်းမာမှုန်ကုတ်နေသော ရှင်လေးဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာ





လေးကို အနေးပြကွက်တစ်ခုလို ပြန်မြင်ယောင်မိသွားရသည်။

မာန်မာနတွေနဲ့ တင်းနေတဲ့ မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း သူ့ရင်ထဲက နှလုံးသားလေးတွေက တထိတ်ထိတ် အခုန်မြန်နေရသည်။ မတန်မရာကိုမှ မှန်းတယ်ပဲပြောပြော သူ့စိတ်တွေက ဖြိုလဲယိုင်ကျမတတ် ဖြစ်သွားတာ ဘယ်လိုလုပ် တားဆီးလို့ရမှာလဲ။

"သား…မင်းညို့ငင်"

"ဗျာ"

"သမီးရှင်အိပ်မက်ကို နည်းနည်းတော့ သည်းခံပါကွာ၊ သမီးက မိတဆိုးလေးဆိုတော့ အန်ကယ်က အစွမ်းကုန် အလိုလိုက်ထားတာ၊ ဒါကြောင့် နည်းနည်းတော့ဆိုးတယ်"

"ကျွန်တော် နားလည်ပါတယ် အန်ကယ်"

"တကယ်တော့ အန်ကယ့်အနားမှာ မင်းကို အမြဲတမ်း ရှိနေစေချင်တာပါ၊ အန်ကယ့်အတွက် ယုံကြည်အားကိုးရမယ့် သားယောကျ်ားလေးတစ်ယောက် လိုအပ်နေတာလေ၊ အခုလိုရောက်လာတော့ အန်ကယ် လိုလားတောင့်တနေတဲ့ ဆန္ဒတွေအားလုံး ပြည့်ဝသွားသလို ခံစားလိုက်ရတယ်။

မင်းဟာ…

အန်ကယ် မျှော်လင့်နေတဲ့ အန်ကယ့်ရဲ့သားကောင်းတစ်ယောက် လုပ်ပေးပါ၊ ရှင်အိပ်မက်ကိုလည်း သည်းခံခွင့်လွှတ်ပေးပါ သားရယ်"

"ကျွန် …ကျွန်တော်"

"သားလုပ်ပေးနိုင်မှာပါ၊ အန်ကယ်က သားကို အရမ်း ယုံကြည်တယ်လေ၊ သားမှာ မမြင်နိုင်တဲ့ အစွမ်းအစတွေ ရှိနေပါ တယ်"

အန်ကယ်ရယ်…။

သူ…

ဘာဆက်ပြောရမှန်းပင် မသိတော့ပါ။

အန်ကယ်ဦးမင်းယံထံမှ သားတော်မွတ်နေသော ဖခင် တစ်ယောက်ရဲ့ ခံစားချက်၊ လိုအပ်ချက်များကို စာနာစိတ်နှင့် သူနားလည်လို့ ပေးနိုင်သော်လည်း ရှင်အိပ်မက်ဆိုတဲ့ ကောင်မ လေးကို သည်းခံခွင့်လွှတ်ပေးနိုင်ဖို့ကိုတော့ သူ့ဖက်က အတော် ကလေး ကြိုးစားနိုင်မှဖြစ်မည်။

ခေါင်းညိတ်သာ လက်ခံလိုက်ရပေမယ့် သူ့ရင်ထဲမှာ လေးလံသွားရတာကိုတော့ သူကိုယ်သူသာ အသိဆုံးပဲဖြစ်သည်။

"ကဲ…မင်းလည်း ခရီးပန်းလာရောပေါ့၊ အနားယူလိုက် ဦး မင်းညို့ငင်၊ မင်းနေရမယ့်အခန်းကို အန်ကယ်လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့ အန်ကယ်"

အန်ကယ်မင်းယံကိုယ်တိုင် သူ့အခန်းရှိရာသို့ လိုက်ပို့၏။ ပန်းကနုတ်များနှင့် အလှဆင်ထားသော ကျွန်းလှေကားထစ်များ အတိုင်း အပေါ်ထပ်သို့ တက်ခဲ့၏။ သူ တအံ့တဩပင် ဖြစ်နေ သည်။ ကြက်ဥနှစ်ရောင် သုတ်ဆေးများနှင့် ကျက်သရေရှိလှန်းလှ





သော တိုက်အိမ်ကြီးက ဟီးဟီးထကာ မီးဆိုင်ကြီးတွေ ကျွန်းကွက် ဆော် မျက်နှာကျက်ကြီးတွေနှင့် အလွန်ပင် ခမ်းနားထည်ဝါလွန်းနေ ၏။

အပေါ်ထပ်ရောက်တော့…

"သားကို…နေရာတွေ အရင်ပြထားဦးမယ်၊ ဒါက ဘုရားခန်းလေ၊ ဒီဖက်က စာဖတ်ခန်းနဲ့ ဧည့်ခန်း၊ ဧည့်ခန်းရဲ့ တံခါးချပ်ကြီးကို ဖွင့်လိုက်တာနဲ့ အပြင်ဘက်ဝရန်တာကို ရောက် မယ်"

"ဟုတ်ကဲ့ အန်ကယ်"

"ဒီအရှေ့ခန်းမှာ အန်ကယ်နေတယ်၊ မင်းရဲ့အခန်းက အန်ကယ့်အခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းပဲ၊ ရော့…အခန်းတံခါး သော့"

"ဟုတ်ကဲ့…ခင်ဗျ"

"မင်းရဲ့ ဘေးအခန်းက ရှင်အိပ်မက်ရဲ့အခန်းပဲ"

"ဗျာ"

"အခန်းတွေက များနေလို့ သေသေချာချာလည်း မှတ် ထားဦးနော်"

"ဟုတ်…ဟုတ်ကဲ့ပါ အန်ကယ်"

"ကဲ…ကဲ အခန်းတံခါးဖွင့်ကြည့်ပါဦး၊ အန်ကယ် ပြင် ဆင်ထားတာ သားကြိုက်ရဲ့လားလို့"

မင်းညို့ငင်…

အခန်းတံခါးလေးကို သော့ဖွင့်လိုက်သည်။

ဟာ…။

သူ့မျက်လုံးတွေ ပြူးဝိုင်းသွားရသည်။

မယုံနိုင်စရာ ကောင်းလောက်အောင် သူ့အတွက် ပြင်ဆင်ပေးထားသော အခန်းကြီးက သားနားလှန်းနေ၏။ အခန်းတစ်ခန်းလုံး ကြက်သွေးရောင် ကတ္တီပါ ကော်ဇောကြီး ခန်းလုံးပြည့်ခင်းကာ ဖဲမွေ့ယာခုတင်ကြီးကို ပြင်ဆင်ထားတာများ အိပ်ရက်စရာတောင်မရှိ။ အဝတ်အစား နံရံကပ် အလှမီနီယံဗီရိုကြီးတွေထဲမှာလည်း အဝတ်အစားတွေကအပြည့်။ တီဗွီ၊ အောက်စက်၊ ကက်ဆက် တစ်စုံစာ။ ပြီးတော့ နှစ်ယောက်တွဲ ဆိုဖာခုံကြီးတစ်ခု၊ စာရေးစားပွဲတစ်စုံ၊ ဖိနပ်တင်သည့် မှန်ဗီရိုအသေးနှင့် မှန်တင်ခုံတစ်ဆက်စာ။

ကြည့်စမ်း…။

လိုလေသေးမရှိအောင်ဘဲ အသေးစိတ်ကအစ သူ့အတွက် စီစဉ်ပေးထားတာပါလား။

"ဘယ်လိုလဲ…သား အခန်းပြင်ဆင်ထားတာကို သဘောကျရဲ့လား၊ သား သဘောမကျဘူးဆိုရင်လည်း ပြောနော်၊ အန်ကယ် ချက်ချင်းလဲပေးမယ်၊ အားမနာနဲ့"

"ဟာ…မဟုတ်တာပဲ အန်ကယ်ရယ်၊ ဘာတစ်ခုမှ ပြောစရာမလိုလောက်အောင် ပြည့်စုံနေလွန်းလို့ ဒီလိုနေရာမျိုးက ကိုယ်နဲ့





တန်ပါ့မလားဆိုပြီး ပြန်ဆန်းစစ်နေရပြီ။ ကျွန်တော့်ဘဝ တစ်သက်တာမှာ အထူးဆန်းဆုံး အိပ်မက်တစ်ခုကို လက်တွေ့ကျကျ မြင်မက်နေရသလိုပဲ ခံစားနေရတယ်ဗျာ"

မင်းညို့ငင်ရယ်…။

ကောင်လေးရဲ့စကားကြောင့် ဦးမင်းယံရဲ့ရင်ထဲ မချိတင်ကဲ ခံစားလိုက်ရသည်။ မျက်ဝန်းလေးတွေက ကြယ်လေးတွေလို လင်းလက်ကာ ကြည်စင်ရိုးသားလွန်းသော မင်းညို့ငင်ဆိုတဲ့ ကောင်လေးရဲ့ မျက်နှာချောချောလေးကို ကြည့်ပြီး သက်ပြင်းငွေ့ငွေ့လေးကိုသာ ကြိတ်ချလိုက်မိပါတော့သည်။

"ကဲ…ကဲ ရေမိုးချိုးပြီး အနားယူလိုက်ဦး၊ ညနေကျမှ ထမင်းလက်ဆုံစားရင်း စကားတွေပြောရသေးတာပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်"

ဦးမင်းယံတစ်ယောက်

သူ့ပခုံးလေးကို ညင်သာစွာပုတ်ပြီး နေရာကနေ ချာခနဲနေအောင် ပြန်လှည့်ထွက်သွား၏။

သူ…

အခန်းလေးထဲကို ဝင်ခဲ့ပြီး တံခါးချပ်လေးကို ညင်သာစွာ ဆွဲပိတ်လိုက်မိသည်။ ပြီးနောက်…ဆိုဖာခုံကြီးပေါ် ခြေပစ်လက်ပစ်လှဲချကာ မျက်လုံးလေးစုံမှိတ်ပြီး အနားယူပစ်လိုက်မိတော့သည်။

# အခန်း (၄)

သူမအတွက် ပထမဆုံးအကြိမ် သူ့ကို ဒက်ဒီမုန်းတီးသွားအောင် ချောက်ချနိုင်ဖို့ အကြောင်းအရာတစ်ခုသည် သူမ တွေးထင်မထားမိသော အချိန်ကလေးတွင်ပင် အစပြုခဲ့သည်။

ထိုနေ့က…

ထမင်းစားဝိုင်းထဲ ဒက်ဒီနှင့် သူမလက်ဆုံစားမယ် ကြံကာရှိသေး ညစာစားဝိုင်းထဲတွင် မင်းညို့ငင်ဆိုတဲ့လူကို တွေ့လိုက်ရတာကြောင့် နေရာကနေ ဆတ်ခနဲထကာ ချက်ချင်းပင် ထွက်ခဲ့မိသည်။

ဒီလူနဲ့သူမ ထမင်းတစ်ဝိုင်းတည်းမှာ လက်ဆုံမစားနိုင်ပါဘူး။





သူက ဘာမို့လို့လဲ…။

ညှို့သည်ဆိုပေမယ့် တစ်နည်းအားဖြင့် ရှင်လေးတို့ရဲ့ အထောက်အပံ့ကို ရယူနေသူတစ်ယောက်မို့ အခုလို တခမ်းတနားကြီး ကြိုဆိုနေရတာကို ရှင်အိပ်မက် စိတ်ထဲ တရားလွန်နေသည်ဟု တွေးထင်မိသည်။

ဒက်ဒီရဲ့ ဟန်မဆောင်နိုင်လောက်အောင် ပျာယာခတ်ပြီး ညှို့ခံနေပုံကို မြင်ရတော့ သူမ ပိုပြီးတော့တောင် နာကျင်အုံ့ညှနေရသည်။

သူမကို နံဘေးမှာရှိနေသည်ဟုပင် ဒက်ဒီ မြင်တော့ရဲ့လား။ ဒက်ဒီရဲ့ စိတ်အာရုံတွေက မင်းညို့ငင်ဆိုတဲ့ လူတစ်ယောက်အပေါ်မှာချည်းပဲ အခုလို စုပုံကျသွားတာ မယုံကြည်နိုင်လောက်အောင်ပါပဲ။

သမီးဖြစ်တဲ့ သူမကိုပင် အရေးမထားနိုင်လောက်အောင် မင်းညို့ငင်မှ မင်းညို့ငင် ဖြစ်နေခဲ့သည်။ သူမ ဘယ်လိုမှ ဆက်ပြီး တင်းမခံနိုင်တော့ပါ။

သူမ…

ထမင်းစားဝိုင်းကနေ မဆာသေးလို့ဆိုတဲ့ အကြောင်းပြချက်ကလေးနဲ့ ထလိုက်တော့ ဒက်ဒီ့မျက်နှာ အနည်းငယ် ပျက်ယွင်းသွားတာ သတိထားမိသည်။

ဒါ…

မင်းညို့ငင်ရဲ့ရှေ့မှာမို့လို့ ဒက်ဒီ အားနာသွားတာ မဟုတ်လား။

သူမ ရိပ်မိတာပေါ့။

ဒါပေမယ့်…

ဒီလူ့စိတ်တွေ ဖြေသိမ့်လို့ရအောင် သူမ ဟန်ဆောင်ပန်ဆောင် ထိုင်မနေနိုင်ပါဘူး။ မုန်းတယ်…ရှင်လေး သူ့ကိုမုန်းတယ်။ ဒက်ဒီရဲ့ ချစ်ခြင်းမေတ္တာ၊ ဂရုစိုက်မှုတွေအားလုံး အချိန်ခဏတာလေးအတွင်းမှာပဲ အရယူသွားတဲ့အတွက် ရှင်လေး သူ့ကို သေလောက်အောင်ပင် မုန်းတီးနာကျင်နေမိသည်။

သူမတေးမှတ်ထားမိတာက…

ဒီလူ့ကို ဒက်ဒီ အမြင်ကတ်မုန်းတီးသွားရေးပဲ။

ဒါကြောင့်…

သူ့ရဲ့ ခြေလှမ်းအမှားကို သူမ စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်စဉ်မှာပဲ သူမရဲ့ ဆန္ဒကလေးသည် ကံကြမ္မာ၏ အလှည့်အပြောင်းကြောင့် တည့်တည့်ကြီး ဖြစ်ပေါ်ကာ ပြည့်ဝခဲ့ရသည်။

"အမလေး…ရှင်…ရှင်…ကျွန်မအခန်းထဲကို"

"ဟာ"

"ဒက်ဒီ…ဒက်ဒီရေ…ဒက်ဒီ လာကြပါဦး၊ ဒက်ဒီရေ"

"ဟာ…ဟော့…ဟော့ မအော်နဲ့လေ၊ မအော်နဲ့"

"ဒက်ဒီရေ…ရှင်လေးအခန်းကို လာပါဦး"





"ပြဿနာပဲ၊ မင်း…မင်း အခန်းကို ငါမှားဝင်မိတာကွ"

"ဒက်ဒီ"

"ဒက်ဒီရေ"

သူ့ဘယ်လိုပဲဖြေရှင်းဖြေရှင်း ရှင်အိပ်မက် ဒက်ဒီ့ကိုပဲ အတင်းအော်ခေါ်နေမိသည်။ စေ့ပိတ်ထားသော အခန်းတံခါးချပ်ကလေး ဖွင့်ခနဲ ပွင့်ကာ လူတစ်ယောက်ကို မထင်မှတ်ဘဲ ဘွားခနဲ တွေ့လိုက်ရတာမို့ ပထမပိုင်း သူမ တအားကို လန့်သွား၏။

သို့သော်…

သူ့ရဲ့အမှားကို တစ်ချိန်လုံး စောင့်ကြည့်နေမိတဲ့ သူမအတွက်တော့ ဒါဟာ အခွင့်အရေးကောင်းကြီးတစ်ခုမို့ အပိုင်နိုင်ဆုံးဆုပ်ကိုင်ထားဖို့ ကြိုးစားလိုက်ခြင်း ဖြစ်သည်။

"ဒီမှာအမိ…ကိုယ်တကယ်တောင်းပန်ပါတယ် အမိရာ၊ တကယ်ပြောနေတာပါ၊ အခန်းမှားပြီး ဝင်မိတာပါ"

"ဒက်ဒီရေ"

ကျွတ်…

ပြဿနာပဲကွာ။

အပေါ်ထပ်သို့ အပြေးအလွှားတက်လာတဲ့ ခြေသံတွေ ကြားလိုက်ရချိန်တွင် သူ့အတွက် အချိန်နှောင်းသွားပြီဖြစ်ကြောင်း မင်းညို့ငင် ရိပ်မိလိုက်ပါသည်။

တကယ်တော့…

သူ…

အခန်းတွေများလွန်းလို့ အခန်းမှားဝင်လိုက်မိတာပါ။

သူ အပေါ်ထပ်သို့ ပြန်တက်လာချိန်တွင် မီးတွေ ဖျတ်ခနဲ ပြတ်တောက်ကာ မှောင်အတိကျသွားခဲ့သည်။ ထိုစဉ် အခန်းတံခါးဝ ရှေ့တစ်ခုကို သူရောက်နေတာကြောင့် သော့လှည့်ဖွင့်လိုက်တော့ ပွင့်သွားတာကြောင့် အခန်းထဲဝင်လိုက်မိခြင်း ဖြစ်၏။

နောက်တော့မှ…

ရှင်အိပ်မက်ဆိုတဲ့ ကောင်မလေးကိုမြင်ပြီး သူ အခန်းမှား ဝင်မိပြီကို သတိထားမိကာ ပြန်ထွက်မည့်ဟန်ပြင်တော့ သူ့အကြံ အစည်ကို ရိပ်မိဟန်ရှိသော သူမက အခန်းတံခါးပေါက်ဝအနား လျှင်မြန်စွာ ပိတ်ကာရပ်ရင်း ဗွတ်အတင်း အော်ခေါ်နေတော့သည်။

"ဒက်ဒီရေ"

"ဟာ…ဟေ့…အမိ ဘယ်လိုဖြစ်လို့အော်နေရတာလဲ၊ မအော်နဲ့လေ…မအော်နဲ့"

"အို"

သူမ့်လက်မောင်းသား တစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြီး ပါးစပ်ကို အတင်းလိုက်ပိတ်နေမိ၏။ သူမက ရုန်းထွက် လိုက်၊ သူက တားဆီးလိုက်နှင့် အခန်းထဲ ရုန်းရင်းဆန်ခတ် ဖြစ်နေ သည်။

ကျွီ…





"ဟာ"

"ဟယ်"

အခန်းတံခါးချပ်ကြီး ပွင့်ဟသွားခြင်းနှင့်အတူ အန်ကယ် ဦးမင်းယံနှင့်အတူ အိမ်အလုပ်သမားအချို့ အခန်းထဲဝင်လာကြသည်။ သူ့ရဲ့ မှားယွင်းတဲ့လုပ်ရပ်ကို အားလုံးက မြင်တွေ့သွားပြီး မျက်လုံး ကြီးတွေ ပြူးကာ အံ့ဩနေကြ၏။

သူမကို လွှတ်ပေးလိုက်ပေမယ့် ဒါဟာ ခိုင်လုံတဲ့ ထောက် ပြစရာ သက်သေတစ်ခု ဖြစ်သွားပြီမှန်း သိလိုက်သည်။ သူ ဘယ်လိုမှ မတတ်နိုင်တော့ပါ။ ရှက်စိတ်၊ ထူပူစိတ်များနှင့် မျက်နှာ ပြင်တစ်ခုလုံး သွေးရောင်လွှမ်းကာ ခေါင်းလေးစိုက်ကျသွားရသည်။

ကျေးဇူးရှင် အန်ကယ်မင်းယံရဲ့ မျက်နှာကို ဘယ်လိုရင် ဆိုင်ရမှန်းပင် သူမသိတော့။ သေချာတာတစ်ခုက သူမလေးရဲ့ ထောင်ချောက်မှာ သူ လှလှပပကြီး မိသွားပြီဆိုတာပါပဲ။

"ကြည့်စမ်း…ဒက်ဒီ၊ သူ…သူ သမီးရဲ့အခန်းထဲကို ခိုးဝင်လာတာ၊ သမီး အခန်းတံခါးကို သေသေချာချာ လော့ခ်ချ ထားတာ ဒက်ဒီ၊ အပြင်ကနေ ဘယ်လိုမှ ဝင်မလာနိုင်ဘူး။

သမီးရဲ့ အခန်းသော့ကို ဖွင့်ပြီး သူဝင်လာနိုင်တယ်ဆိုတော့ သူဟာ ဒက်ဒီထင်သလို ရိုးစင်းတဲ့လူတစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ တော်တော် အကြံအစည်ကြီးတဲ့ လူတစ်ယောက် ပဲဒက်ဒီ၊ သူ့ကို ဒီတိုက်ထဲကနေ မောင်းထုတ်လိုက်တော့"

ဟာ…။

မင်းညို့ငင်ရဲ့ ရင်ထဲ လှိုက်ခနဲ ဟာတက်သွားရသည်။

ရှင်အိပ်မက် ဘယ်လိုပြောလိုက်တာလဲ။

ဒါဟာ…

လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာပိုင်းနဲ့ သက်ဆိုင်တဲ့ အရေးအကြီးဆုံးအချိန်ပါ။ နာမည်တစ်လုံးကို အသေသတ်မယ့် စွပ်စွဲချက်မျိုး သူမလေးဆီက အခုလို ရက်ရက်စက်စက်ကြီး ထွက်လာတာ မင်းညို့ငင် ယုံတောင်မယုံကြည်နိုင်ဘဲ ဖြစ်နေရသည်။

"ဒက်ဒီ"

"သမီး"

"သမီးပြောတာကြားရဲ့လားဟင်၊ သူ…သူက"

"ခဏနေပါဦး သမီးရယ်၊ မင်းညို့ငင် အခန်းမှားသွားတာလည်း ဖြစ်ပါလိမ့်မယ်၊ အခုမှစရောက်ခါစဆိုတော့ မမှတ်မိတာ ဖြစ်မယ်ထင်တယ်"

ဒီတစ်ခါတော့ မင်းညို့ငင် ငြိမ်သက်မနေတော့ဘဲ…

"ဟုတ်…ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော် အခန်းတံခါး မှားဖွင့်မိသွားတာပါ၊ ရောက်စဆိုတော့ အခန်းမှားသွားတာက တစ်ကြောင်း၊ သော့ကလည်း အလွယ်တကူပဲ ပွင့်သွားတော့"

"အန်ကယ်နားလည်ပါတယ် မင်းညို့ငင်၊ မင်းအခန်းကို ပြန်ပြီး အနားယူလိုက်ပါ၊ အစဆိုတော့ ဒီလိုပဲပေါ့ကွာ၊ စိတ်ထဲ





ဘာမှထားမနေနဲ့ ဟုတ်ပြီလား၊ သွား…သွား…သွားနားတော့"

"ဟုတ်ကဲ့ အန်ကယ်"

မင်းညို့ငင်…

အန်ကယ်ဦးမင်းယံရဲ့ နားလည်ပေးနိုင်မှုကြောင့် စိတ်ပေါ့ပါးလွတ်လပ်သွားရသည်။ ရှင်အိပ်မက်ရဲ့ စကားတွေကို နည်းနည်းလေးမှ အသိအမှတ်မပြုဘဲ သူ့ဖက်ကနေ ရပ်တည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်မိလို့မဆုံးတော့ပါ။

သူမအခန်းလေးထဲကနေ ခေါင်းလေးငုံ့ပြီး ပြန်ထွက်ခဲ့မိသည်။

အန်ကယ်မင်းယံအပေါ် ကျေးဇူးလည်းတင်မိ၏။

အမှန်တရားကို ဖြေရှင်းခွင့်၊ ယုံကြည်မှုနှင့် သူ့ရဲ့ကိုယ်ကျင့်သိက္ခာအား အခုလိုအပြည့်အဝ လေးစားပေးခဲ့သည့်အတွက် သူ့ရင်ထဲကနှလုံးသားထဲတွင် အန်ကယ်မင်းယံနှင့် ပါဝင်ပတ်သက်လာသည့် ဘယ်လိုကိစ္စမျိုးမဆို ပေးဆပ်ဖို့ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့မိသည်။

သို့သော်…

အခုကိစ္စနှင့်ပတ်သက်ပြီး ရှင်အိပ်မက်အတွက်တော့…သူဟာ မုန်းတီးဆက်ဆံစရာရှိန်သူတစ်ယောက်အသွင်သို့ အမြင်ကတ်စရာကောင်းလောက်အောင် ပြောင်းလဲသွားပြီဆိုတာကို သိလိုက်သည့်အတွက်…ရင်တစ်ခုလုံး နာကျင်စူးရှ သည်းမျက်သွားရ၏။

မဖြစ်စေချင်ပါ။

သူမလေးနဲ့ ထပ်တိုက်ရင်ဆိုင်ရမည့် ဘယ်လိုအကြောင်းမျိုးကိုမှ သူမတွေ့ဆုံလိုပါ။ ချစ်တယ်…ရှင်အိပ်မက်ရယ်။ မင်းလေးကို မြင်မြင်ချင်းပဲ…ကိုယ်ချစ်ခဲ့မိတာပါကွာ။ ကိုယ့်အချစ်က မင်းလေးနဲ့တွေ့မှ ပထမဆုံးဖူးပွင့်ခဲ့ရတာပါ မိန်းကလေးရယ်။

ဒါပေမယ့်…

ကိုယ်သိပ်ချစ်နေမိတဲ့ မိန်းကလေးက…ကိုယ့်အပေါ် ထင်ပထားလောက်အောင် နာကျင်မုန်းတီးနေတာ မြင်လိုက်ရတော့ ကိုယ်အရမ်းကိုပဲ ခံစားရတယ်ချစ်ရယ်။

ကိုယ်ဘယ်လိုလုပ်ရမလဲဟင်။

မင်းမျက်နှာလေးပေါ်က အမုန်းရိပ်လေးတွေကို ဖယ်ရှားနိုင်ဖို့ ကိုယ်ဘယ်လိုလုပ်ပေးရမလဲ ရှင်အိပ်မက်ရယ်။

ပြောပါကွာ။

မင်းလေးသာစိတ်ချမ်းသာမယ်ဆိုရင် ကိုယ်ဘယ်လိုပဲဖြစ်ဖြစ် ဖြည့်ဆွမ်းပေးချင်ပါတယ်ချစ်ရယ်။ မင်းအတွက်ဆိုရင် ကိုယ်ရင်ထဲက အသည်းနှလုံးကို အရှင်လတ်လတ်ဆွဲထုတ်ပြီး မင်းခြေဖဝါးနုနုရှေ့မှာ ပုံချပေးဖို့ အသင့်ပါပဲ ရှင်အိပ်မက်ရယ်။

ကိုယ်က…

အဲဒီလောက်တောင် မင်းလေးကို ချစ်နေမိခဲ့တာပါကွာ။

ရှင်အိပ်မက်မှာတော့…ဒယ်ဒီရဲ့ ဆုံးဖြတ်မှုကို အခုတိုင်





နားမလည်နိုင်လောက်အောင်ပင် တအံ့တသြ ဖြစ်နေရသည်။ တရားခံဟူသမျှမရှိစွာ ဖြိုင်ဘက်၏ အလဲထိုးအနိုင်ယူမှုကို ဒီတစ်ကြိမ်တွင်လည်း သူမရှုံးနိမ့်ခဲ့ရပြန်ပါပြီ။

ဘယ်လောက်တောင် ခံပြင်းစရာကောင်းလိုက်သလဲ။

အခန်းထဲကနေ သွေးအေးအေးနဲ့ ထွက်ခွာသွားတဲ့ မင်းညိုငြင်ရဲ့ နောက်ကျောပြင်ကြီးကို စူးရဲသော မျက်ဝန်းစိမ်းကြီးတွေနှင့်သာ စိုက်ကြည့်နိုင်တာကလွဲပြီး ရှင်အိပ်မက် ဘာမှမတတ်နိုင်ခဲ့ပါ။

"ဒက်ဒီ"

"တော်စမ်း…သမီး၊ ဒက်ဒီ့ကို…ဘာမှဆက်မပြောနဲ့၊ အခုကိစ္စဟာ ဘယ်လိုမှမဖြစ်ပေါ်လာသင့်တဲ့ ကိစ္စတစ်ခုပဲ၊ အိမ်ရှင်ဖြစ်တဲ့…သမီးက ထိန်းချုပ်ဖြေရှင်းရမယ့်အစား အခုလို ဖောက်ခွဲပစ်တာကောင်းလား။

သမီးကြောင့်…ဒက်ဒီ ဘယ်လောက်မျက်နှာပျက်ရမလဲဆိုတာ စဉ်းရောစဉ်းစားမိရဲ့လားသမီး။ ထက်မြက်တဲ့ သမီး၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလွန်းတဲ့ သမီးအသိမ္မာလေးဆိုပြီး ဂုဏ်ယူဝင့်ကြွားနေခဲ့တဲ့ ဒက်ဒီ့ရဲ့ ခံယူချက်ကို တစ်ခါတည်းနဲ့ အလဲထိုးချပစ်လိုက်တာလားဟင် သမီး"

အို…။

ဒက်ဒီ့ဆီက ဝေဖန်တိုက်ခိုက်လာသော စကားလုံးပေါင်းမြောက်မြားစွာက သူမရင်ကို ပြင်းစွာလာထိမှန်၏။ အသက်ရှုဖို့ပင်

မေ့ပျောက်သွားရသည့်အထိ သူမ ထိုနေရာလေးမှာပင် ဒက်ဒီ့ရဲ့ ဒေါသတွေ ပေါက်ကွဲနေသော မျက်နှာရဲရဲကို ငေးကြည့်နေမိသည်။

"တကယ်ဆိုရင်…သဘောထားပြည့်ပြည့်နဲ့ နားလည်မှုရှိရှိ ဖြေရှင်းလိုက်ရမှာ မဟုတ်လား သမီး၊ ဒက်ဒီဟာ…ဘယ်တုန်းကမှ သမီးအပေါ် အပြစ်တင်ဖူးတာ မရှိခဲ့ပေမယ့်၊ ဒီတစ်ခါတော့ သမီးရဲ့ လုပ်ရပ်ကို ဒက်ဒီစိတ်ပျက်တယ်။

ဒက်ဒီ့သမီးဖြစ်တဲ့ ရှင်အိမ်မက်ကိုယ်တိုင် ဖြစ်နေတဲ့အတွက်လည်း ပိုပြီးတော့တောင် ရှက်တယ်။ အိမ်ရှင်တစ်ယောက် လိုက်နာကျင့်သုံးသင့်တဲ့ စည်းကမ်းကို ဘယ်နေရာမှာ ထားလိုက်သလဲ သမီး။ မလုပ်သင့်ဘူး မင်းညို့ငင် အနေကြပ်သွားအောင် သမီး မလုပ်သင့်ဘူး။ တကယ်ပဲ သူ့ဖက်က မှားနေရင်တောင် အလိမ္မာလေးနဲ့ ရှောင်ပြီး သွေးအေးအေး ဖြေရှင်းသင့်တာ မဟုတ်လား"

"အဟင့်…ဟင့်"

"အဟင့်…ဟင့်"

သူမ…

ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပါ။

ဝမ်းနည်းကြေကွဲမှုတွေကြောင့် ရင်တစ်ခုလုံး လှိုက်တက်ကာ ငိုချလိုက်မိသည်။

သူမကို…

လေသံမာမာလေးနှင့်တောင် မပြောတတ်ခဲ့တဲ့ ဒက်ဒီတစ်





ယောက် ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲကာ တရစပ် ဆူပူနေခဲ့သည်။ လက်ညှိုးငေါက်ငေါက်ထိုးပြီး သူမကို ဝေဖန်ပြစ်တင်နေခဲ့ပါသည်။

ဒါတွေအားလုံး…

အခုလို ပြောင်းလဲမှုတွေ အားလုံးဟာ မင်းညို့ငင်ဆိုတဲ့ လူကြောင့်ဖြစ်ရတာ။

မုန်းတယ်…။

ရှင့်ကို အရမ်းမုန်းတယ်…မင်းညို့ငင်။

ကျွန်မဘဝထဲကို…အရှုံးတွေ တစ်ခုပြီးတစ်ခု ထိုးသိပ်ထည့်သွင်းပေးခဲ့တဲ့ ရှင့်ကို သေလောက်အောင် မုန်းတယ်သိလား။

ရှင်ဟာ…

ဟော့ဒီ ကမ္ဘာကြီးထဲမှာ…ကျွန်မ အမုန်းဆုံးလူပဲ မင်းညို့ငင်။

## အခန်း (၅)

"သမီး"

"ရှင်"

"ညကကိစ္စ"

"ထားလိုက်ပါတော့…ဒက်ဒီ၊ အဲဒါကို မနေ့ကညမှာပဲ ရှင်လေးထားခဲ့ပြီးပါပြီ၊ ဒီမနက်…စိတ်သစ်လူသစ်နဲ့ ပြန်လည်နိုးထလာချိန်မှာ စိတ်ညစ်စရာ စိတ်ရှုပ်ထွေးစရာတွေကို သယ်ဆောင်မလာချင်ဘူး ဒက်ဒီ"

"သမီး…စိတ်ဆိုးနေတုန်းပဲလား"

အဟင့်…။

သမီးကစိတ်မကောင်းဖြစ်သွားတာပါ ဒက်ဒီ။ ဒက်ဒီဆီက





ခြင်းမေတ္တာတွေအားလုံး မင်းညို့ငင်ဆိုတဲ့ လူဆီကို ပြောင်းရွှေ့သွားတဲ့အတွက် သမီးအရမ်းကို စိတ်မကောင်း ဖြစ်သွားတာပါ။

ထိုစကားလေးတွေကိုတော့…သူမရဲ့ ရင်ထဲမှာပဲ ပြောဖြစ်ပြီး အပြင်မှာတော့ ခေါင်းလေးကို သွက်နေအောင်ပဲ ခါယမ်းပြလိုက်မိသည်။

"ဟူး…တော်ပါသေးရဲ့ကွာ ဒက်ဒီက…ဒီမနက်တော့ နှုန်းတံခါးပိတ်ပြီး ရှင်လေးတစ်ယောက် စိတ်ကောက်နေတာကို ပင်ပန်းပန်း ချော့ရတော့မယ်ထင်ထားတာ"

ကြည့်စမ်း…။

ဒက်ဒီက…ရှင်လေးစိတ်ကောက်လို့ချော့ရတာကို ပင်ပန်းရာတစ်ခုလို့ တွေးထင်နေပြီပေါ့။ ဒက်ဒီ့ရဲ့ ပြောင်းလဲမှုက အံ့ဩဆုံးနိုင်အောင်ပါပဲ ဒက်ဒီရယ်…။

"ဒက်ဒီ"

"ပြောလေ…သမီး"

"ကုမ္ပဏီကို မသွားသေးဘူးလား"

"သွားမှာပေါ့…ရှင်လေးရဲ့၊ မနက်စာ စားပြီးရင် သွားတော့မှာ"

"ဟို…ဟိုလူရော"

"မင်းညို့ငင်လား သမီး"

"ဟုတ်"

"သမီး…ဘာကိစ္စရှိလို့လဲ"

"ရှင်"

"သူ့ကိုမေးတာ ဘာကိစ္စရှိလို့လဲလို့ မေးတာပါ"

ကြည့်ပါဦး။

ဖျက်ယွင်းသွားတဲ့ ဒက်ဒီ့မျက်နှာက ဟန်မဆောင်နိုင်ချေ။ စိုးရိမ်ပူပန်မှုတွေက ဒက်ဒီ့မျက်နှာမှာ အထင်းသားပေါ်လွင်နေခဲ့သည်။ ဒါကို…ရှင်အိပ်မက် ကောင်းကောင်းကြီး ရိပ်မိတာပေါ့။

အဲဒါကိုပဲ…။

သူမ မကျေနပ်တာ။

မင်းညို့ငင်ဆိုတဲ့ လူနဲ့ပတ်သက်ပြီး ဒက်ဒီ့ရဲ့စိတ်တွေ အမြဲတမ်းပူပန်မှုတွေ ကြီးမားနေတတ်တာကို သူမအမုန်းဆုံးပဲ။ ဒါပေမယ့် ဒီတစ်ခါတော့ သူမပါးနပ်သွားပါပြီ။ သူမ…အလိမ္မာနည်းနှင့်သုံးရန် အများကြီးလိုအပ်၏။ ဒက်ဒီ့ရှေ့မှာ သူမပေါက်ကွဲပြလို့ မဖြစ်ချေ။

ဒါကြောင့်

ဒက်ဒီယုံကြည်နိုင်လောက်အောင် သူမအကောင်းဆုံး ဟန်ဆောင်တတ်ဖို့တော့ လိုအပ်သည်။

"ရှင်လေး…ဒက်ဒီမေးနေတယ်လေ"

"ဩော်…ဟိုလေ…သူ…သူ့ကို မမြင်လို့ပါ၊ ပြီးတော့ မနေ့က ကိစ္စအတွက်လည်း တောင်းပန်ချင်လို့"





"ဘယ်လို"

ဦးမင်းယံ၏ မျက်ခုံးထူတန်းတန်းကြီးနှစ်ဖက် ကြုံ့တက်သွားရသည်။

သမီးဖြစ်သူထံမှ…တောင်းပန်ချင်လို့ဆိုတဲ့ စကားကြောင့် ယုံကြည်နိုင်လောက်အောင်ပဲ အံ့ဩသွားရ၏။

ဟုတ်ရဲ့လား။

ရှင်အိပ်မက်ရဲ့ အကြောင်းကို ဖခင်ဖြစ်တဲ့ မိမိသာ အသိဆုံးပဲဟာ။

သူမဘက်က မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဘယ်ဘုန်းကမှ ဝန်မခံတတ်သလို တောင်းပန်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ချေ၊ ထိပ်ထားခင်ရဲ့ သမီးပီသစွာပင် အင်မတန် ခေါင်းမာသော မိန်းကလေးဖြစ်သည်။

"ဒက်ဒီ"

"ဟင်"

"သမီးပြောတာကို မယုံဘူးလား"

"ဘာ…ဘာကိုလဲ၊ ရှင်လေး"

"သူ့ကို တောင်းပန်မယ်ဆိုတာကိုပေါ့"

"အဟွန်း…မယုံတာမဟုတ်ပါဘူး၊ ဒက်ဒီ အံ့ဩသွားလို့ပါ၊ သမီးဆီက ဒီလိုစကားမျိုးကြားရတာ ဒက်ဒီအတွက် အရမ်းကိုထူးဆန်းနေတယ်လေ"

ဒါပေါ့…ဒက်ဒီရယ်။

ဒက်ဒီ့ဆီက ထူးဆန်းတဲ့ ပြောင်းလဲမှုတွေကို ခံစားနေရလို့ သမီးဆီကလည်း ထူးဆန်းတဲ့ တုံ့ပြန်မှုတွေကို ပြန်ပေးနိုင်အောင်လို့ ကြိုးစားနေရတာပေါ့။

သူမ…ဒက်ဒီ့မျက်နှာကို ခပ်စူးစူးလေး စိုက်ကြည့်ပြီး ကြည့်လို့စွာ ပြုံးလိုက်သည်။

"တကယ်တမ်း…မလိမ်မညာဘဲ ဝန်ခံရရင်တော့ ရှင်လေး သူ့ကို မတောင်းပန်ချင်ပါဘူး ဒက်ဒီ၊ ရှင်လေးရဲ့ ဘဝမှာ တစ်ခုံကစ်ယောက်ရှေ့မှာ ကိုယ့်အမှားကို ဝန်ခံရမှာလောက် မုန်းစရာကောင်းတဲ့ အဖြစ်မျိုး မရှိတော့ပါဘူး။

ဒါပေမယ့် ရှင်လေးရဲ့ အမှားကြောင့် ဒက်ဒီ့စိတ်ထဲမှာ တစ်ခုခု တိုးဝင်နေမှာကိုတော့ ရှင်လေးအကြောက်ဆုံးပဲ ဒက်ဒီ။ တစိမ့်စိမ့်တွေးလေ ရှင်လေးစိတ်တွေ မလုံခြုံရလေပါပဲ။

ရှင်လေးစိတ်မကောင်းဘူး ဒက်ဒီ။

ရှင်လေးကြောင့် ရှင်လေးသိပ်ချစ်တဲ့ ဒက်ဒီ့ရဲ့ စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားရတဲ့အတွက် နောင်တရလို့မဆုံးဘူး။

ဒါ့ကြောင့်…သူစိမ်းယောကျ်ားတစ်ယောက်ကို တောင်းပန်ဖို့ ရှင်လေးဘက်က ဆုံးဖြတ်လိုက်တာ"

ရှင်လေးရယ်။

ဒက်ဒီကြောင့်…သမီးရဲ့ မာနတွေကို ချိုးနှိမ်လိုက်တာတဲ့





လားကွယ်။

ဒက်ဒီ စိတ်မကောင်းလိုက်တာ သမီးလေးရယ်။

တကယ်ဆို အဲ့ဒီကိစ္စမှာ ဒက်ဒီရဲ့ အမှားလည်းပါပါတယ် သမီးရယ်။ အပျိုအရွယ် သမီးတစ်ယောက်ကို ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုနဲ့ ဝမ်းနည်းနာကျင်သွားအောင် ဒက်ဒီမဆူသင့်ဘူးလေ။

ပြီးတော့ ရှင်လေးက အားလုံးအလိုလိုက်ခြင်းကို ခံရတဲ့ ကလေးတစ်ယောက်ဆိုတဲ့အသိကို ဒက်ဒီမေ့ဖျောက်ပြီး စိတ်လိုက်မာန်ပါ ပြောဆိုမိတာ ဒက်ဒီ့အမှားပါ။ ဒက်ဒီ အခုချိန်ထိ စိတ်မကောင်း ဖြစ်နေတုန်းပါပဲ သမီးရယ်။

"ဒက်ဒီ"

"ပြောလေ…ရှင်လေး"

"ရှင်လေးကို…စိတ်မဆိုးပါနဲ့တော့နော်"

"သမီးရှင်လေးရယ် ဘယ်မိဘကမှ ကိုယ့်သားသမီးအပေါ် အငြိုးအတေးတွေနဲ့ နာကြည်းမုန်းတီး မနေတတ်ကြပါဘူးကွာ ဒက်ဒီ ရှင်လေးကို ဆူမိတာတောင် အခုချိန်ထိ နောင်တရနေတုန်းပါပဲ သမီးရယ်၊ ဒက်ဒီ့သမီးကို ဒက်ဒီ ဘယ်တုန်းကမှ စိတ်မဆိုးပါဘူး"

"ကျေးဇူးတင်ပါတယ်…ဒက်ဒီ၊ ဒါဆို…ခဏလေးစောင့်နော်၊ ရှင်လေး မနက်စာစားဖို့ မင်းညို့ငင်ကို သွားခေါ်လိုက်ဦးမယ်"

ပြောပြောဆိုဆို…နေရာကနေ သွက်လက်စွာ ရှင်အိမ်မက် ထရပ်လိုက်တော့ ဒက်ဒီ မျက်နှာမှာ အပြုံးလေးတွေနဲ့ ဝေစီလို့ သူမမျက်နှာပေါ်မှ မကျေနပ်ရိပ်များ၊ မနာလို ဝန်တိုရိပ်များက ချက်ချင်းလျှံတက်သွားတာကြောင့် ဒက်ဒီ မမြင်အောင် နောက်ကျော နိုင်းပြီး နေရာကနေ ချာခနဲနေအောင် လှည့်ထွက်လာခဲ့မိသည်။

အံလေးကို တင်းနေအောင် စေ့ကြိတ်လိုက်ပြီး အိမ်ရှေ့ဘက်ဆီထွက်ခဲ့၏။ ညှပ်ခန်းလေးထဲတွင် သန့်ရှင်းရေးလုပ်နေသော အိမ်ဖော်ကောင်မလေး မနီကိုတွေ့ရသည်။

"မိနီ…ဟိုလူရော"

"ဘယ်သူလဲ"

"ဘယ်သူ ရှိရမှာလဲဟဲ့…မင်းညို့ငင်ဆိုတဲ့ လူပေါ့"

"သြော်…အစ်ကိုလေး မင်းညို့ငင်လား၊ သူ…ခြံထဲမှာလေ မမလေးရဲ့ မနက်အစောကြီးထပြီး ဘဘကြီးရဲ့ကားကို ရေဆေးပြီး သန့်ရှင်းရေးလုပ်ပေးနေတယ်၊ ဒရိုင်ဘာကြီး ဦးသောင်းကြီးက မလုပ်ပါနဲ့လို့ တားတာတောင်မရဘူး။ သူကျေးဇူးရှင်အတွက် လုပ်ပေးပါရစေတဲ့လေ"

"ဘာ"

ရှင်အိမ်မက်ရဲ့ အသံလေးက ဒေါသတကြီး ကျယ်လောင်စွာထွက်သွား၏။ အလုပ်သမလေး မနီပင် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ကာပင် လန့်သွားတာ တွေ့လိုက်ရသည်။





"မိနီ"

"ရှင်…မ…မမရှင်လေး"

"အဲ့ဒီလူ အခု…အပြင်မှာပဲလား"

"ဟုတ်…ဟုတ်ကဲ့၊ ခြံထဲမှာပါပဲ"

"အေး…ငါသွားတွေ့လိုက်ဦးမယ်"

"ဟို…ဟို…မ…မမရှင်လေး"

သူမလှည့်ထွက်သွားမည်အပြု…အနောက်ဘက်ဆီမှ မရဲတရဲ လှမ်းခေါ်သံလေးကြောင့် သူမလှည့်စောင်းကာ မိနီကိုကြည့်လိုက်သည်။

"ဟို…ဟိုလေ…ည…ညကလို အသံကျယ်ကြီးနဲ့ မအော်ခေါ်နဲ့ဦးနော်…ခြံထဲမှာဆိုတော့ ရက်စရာကြီး သူများတွေ ကြားသွားဦးမယ်"

"အောင်မယ်…နင်ကများ ငါ့ကိုဆရာလုပ်လို့၊ ခေါက်ထည့်လိုက်ရမှာတော့မယ် တော်တော်ရှည်တဲ့ မိနီ၊ ခြံကြီးထဲမှာ အရှက်မရှိ ငါကအော်မလားဟဲ့"

"ဟို…ဟိုလေ…အော်မှာစိုးလို့ပါ မမရှင်လေးရဲ့၊ မိနီက စေတနာနဲ့ သတိပေးမိတာပါ"

"တော်ပြီ…တော်ပြီ၊ ပါးစပ်ပိတ်တော့ ငါသွားတော့မယ်"

"ဟုတ်…ဟုတ်ကဲ့ရှင့်"

ရှင်အိပ်မက်…သွက်လက်သော ခြေလှမ်းကျဲကြီးတွေနှင့် ခြံထဲသို့ဆင်းခဲ့သည်။ မိနီပြောသလိုပါပဲ…ဒက်ဒီကားကို သန့်ရှင်းရေးလုပ်ပေးနေတာများ လက်လက်ထလို့။

မင်းညို့ငင်ဆိုတဲ့ လူကိုကြည့်ပြီး ရှင်အိပ်မက်ရင်ထဲ ချဉ်တူးနေမိ၏။ ဒီလူကို…ဘယ်ဘဝ ရေစက်ကြောင့်မှန်းမသိ မျက်နှာချင်း မဆိုင်ချင်လောက်အောင်ပင် မုန်းတီးနေမိသည်။

ဒက်ဒီဆီက အားကိုးမှု၊ ယုံကြည်မှုတွေကို တစ်စထက်တစ်စ တိုးပွားလာအောင် အပိုအလုပ်တွေလုပ်ပြပြီး နေရာယူဖို့ ကြိုးစားနေတဲ့ မင်းညို့ငင်ရဲ့ ခြေလှမ်းတွေကို သူမ မရိပ်မိဘဲနေပါ့မလား။

သို့သော်

သူမဒေါသတကြီး ပေါက်ကွဲလို့မဖြစ်ပါ။

သူမဘက်က ဟန်ဆောင်ကောင်းစွာ နူးညံ့မှုလေးတွေနဲ့ ပညာပေးနိုင်ဖို့ အများကြီးလိုအပ်သည်။ သူမ…တဖြည်းဖြည်း သူ့အနီးသို့ တိုးကပ်သွားမိ၏။

"အဟမ်း…ဟမ်း"

ချောင်းဟန့်သံလေးကြောင့် မင်းညို့ငင် အနောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

ဟင်။

မထင်မှတ်ဘဲ…ရှင်အိပ်မက် ဖြစ်နေသဖြင့် သူ့မျက်ခုံး





ထူတန်းတန်းကြီးတွေ တွန့်ကြုံ့သွားရ၏။

ဒီကောင်မလေး…

ဘာပြဿနာတွေ လာရှာတာပါလိမ့်။

မနေ့ညက…

သူမလေးကြောင့်…သူ့အချုပ်ထဲ ရောက်ရတော့မလို အန်ကယ်မင်းယံ ကယ်ပေလို့သာ တော်တော့သည်။ အခုလည်း…မနက်စောစောစီးစီး သူ့အနားလာပြီး ဘာလုပ်ဦးမလဲမသိ။

"ဒီမှာရှင့်…ရှင့်ကို ဒက်ဒီက မနက်စာစားဖို့ ခေါ်ခိုင်းလိုက်တယ်"

ဒုက္ခပါပဲ။

အသံကို အချိုသာဆုံးကြိုးစားပြီး သူမပြောတာတောင် သူ့မျက်နှာကို မြင်လိုက်တာနှင့် ရင်ထဲက ဒေါသတွေက တလိပ်လိပ်တက်ကာ အသံကမာဆတ်ဆတ်ကြီး ထွက်သွားရပြန်သည်။

"လာခဲ့ပါ့မယ်…ရှင်အိပ်မက်"

"ဘယ်တော့လဲ"

"ဗျာ"

"ဒက်ဒီက…ကိုးနာရီဆိုရင် ကုမ္ပဏီကို သွားတာရှင့်၊ အခုပဲ ရှစ်နာရီထိုးပြီးလို့ မိနစ်လေးဆယ်ရှိနေပြီ ရှင့်ကိုစောင့်နေနိုင်မှာ မဟုတ်ဘူး"

"ဟာ…ဟုတ်လား **ဆောရီး**ပဲကွာ၊ ကိုယ်ကအချိန်ကို

မသိတော့ အေးအေးဆေးဆေးပဲလုပ်နေတာ၊ အန်ကယ်ကို ပြောလိုက်ပါ ရှင်အိပ်မက် ကိုယ်နောက်ကျမှပဲ စားတော့မယ်လို့၊ ဒီမှာက…အဆုံးသတ်ဖို့ နည်းနည်းလိုနေသေးလို့ တစ်ခါတည်း လုပ်လိုက်ချင်လို့လေ"

"ဪ…အင်း ဒါဆိုလည်း ရှင်လာနိုင်မှာ မဟုတ်တဲ့ အကြောင်း ပြောလိုက်ပါ့မယ်"

"ကျေးဇူးပဲ…ရှင်လေး"

"ဪ…တလက်စတည်း ကျွန်မရဲ့ ကားလေးကိုလဲ သန့်ရှင်းရေးလုပ်ပေးပါလား သွားစရာလေးရှိနေလို့"

"ဗျာ"

"ကားသော့က အိမ်ရှေ့က သော့ချိတ်တဲ့တိုင်မှာ ရှိတယ်။ ကားကတော့ ဂိုထောင်ထဲမှာ၊ အဘဦးသောင်းက အသက်ကြီးနေတော့ အရင်လို သိပ်မလုပ်နိုင်တော့ဘူးလေ။ အပွန်း…ခိုင်းတယ်လို့ မထင်ပါနဲ့နော်"

ကြည့်။

သူမလေး တမင်ညစ်ပြီး ခိုင်းတာကို ခိုင်းတယ်လို့မထင်ပါနဲ့တဲ့။ ဘာပဲပြောပြော အခုလို ပြေပြေလည်လည်လေး လာရောက်ဆက်ဆံတာကိုပဲ သူဝမ်းသာနေမိသည်။

"ကောင်းပြီလေ…ရှင်အိပ်မက်၊ ကိုယ်လုပ်ပေးထားပါ့မယ်"





သူ…

တကယ်ပဲလုပ်ပေးချင်တာပါ။

ရှင်အိပ်မက်သာ…ပျော်ရွှင်မယ်ဆိုရင် သူအားလုံးကို လုပ်ဆောင်ပေးဖို့ အသင့်ပါပဲ။ သူမလေးရဲ့ ဆန္ဒတွေအားလုံး လိုက်လျောချင်နေမိသည်။

အဲ့ဒီလောက်ထိတောင်

သူ့ရင်ထဲက နှလုံးသားလေးတွေက သူမလေးကို နင့်သည်းနေအောင် ချစ်မြတ်နိုးမိနေတာလေ။

ရှင်လေးရယ်။

ဒါတွေကို မင်းလေးသိအောင်…ကိုယ်ဘယ်လိုလုပ်ရမလဲဟင်။

ကိုယ့်အပေါ် အမုန်းကြီးမုန်းနေတဲ့ မင်းလေးဆီက အချစ်စစ်စစ်တွေကို လိုချင်နေမိတာလေ။ မင်းလေးရဲ့ အနားကနေ ကိုယ်ထွက်ခွာမသွားချင်ဘူး ချစ်ရယ်။ ကိုယ် သိပ်ရယ်စရာကောင်းတဲ့ လူတစ်ယောက်ပဲနော်။

ကိုယ်ရူးသွပ်နေပြီထင်ပါရဲ့ မိန်းကလေးရယ်။

မဖြစ်နိုင်တာကိုမှ တောင့်တနေမိတာလေ။

"ရှင်အိပ်မက်"

လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်တဲ့ သူမလေးကို ငေးမောကြည့်နေမိရာမှ သူတားဆီးလိုက်မိသည်။

“ဘာကိစ္စလဲ”

“မနေ့ညက ကိစ္စအတွက်…ကိုယ်မင်းကို တောင်းပန်ပါတယ်”

အဲ…။

ဟုတ်ပါရဲ့။

ရှင်အိပ်မက် အခုမှသတိရတယ်။

အဲ့ဒီကိစ္စအတွက်…သူ့ကို တောင်းပန်ဖို့ သူမထွက်လာတာလေ။ ဒက်ဒီစိတ်တွေ သူမပေါ် အမျက်အငြိုးတွေ ပြေသွားအောင် စိတ်မပါပေမယ့် သူ့ကို တောင်းပန်ဖို့ လာတာပါ။ စိတ်ထဲကတော့ မပါလှပေမယ့် အခုအချိန်မှာ လိုအပ်နေတော့ လုပ်ရမှာပဲ။ သူ့ကို မြင်လိုက်တာနဲ့ပဲ သူမစိတ်တွေ တအားလှုပ်ရှားပြီး ဒေါသတွေက ဆူဝေလာပြန်၏။ ဒါကြောင့် မပေါက်ကွဲခင် ထိန်းချုပ်ပြီး ပြန်လှည့်ခဲ့မိတာ တောင်းပန်ဖို့ကိစ္စ မေ့သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် မင်းညို့ငင်ဘက်က သူမကို တောင်းပန်နေတာကြောင့် သူမဘာမှ မပြောနိုင်ဘဲ မှင်သက်မိနေ၏။

“ရှင်အိပ်မက်”

“ကျွန်မ…အဲ့ဒီကိစ္စကို မေ့လိုက်ပြီ”

ဟာ…။

သူ့ရင်ထဲ လှိုက်ခနဲဝမ်းသာသွားရသည်။

ရှင်အိပ်မက်က မေ့ဖျောက်ပြီးပြီတဲ့။ ဒါဟာ သူနဲ့ သူမ





ကြားမှာ ဘာရန်ငြိုးမှ မထားတော့ပါဘူးဆိုတဲ့ သဘောပေါ့လေ။

“မင်းညို့ငင်”

“မင်းညို့လို့ပဲခေါ်ပါ”

“ကောင်းပြီ…မင်းညို့၊ ကျွန်မကိုလည်း ခွင့်လွှတ်ပါ”

ရှင်အိပ်မက်ရယ်…။

တိုးလျှလျှတောင်းပန်သံလေး အဆုံးမှာတော့…သူ့ရင်ထဲက နှလုံးသားမြစ်ကလေးထဲတွင် အချစ်လှေငယ်လေး အဆုံးအစမဲ့စွာ မျောလွင့်သွားရတော့သည်။

ကြည်လင်လန်းဆန်းနေတဲ့ မျက်နှာလှလှလေးပေါ်တွင် ဖြတ်ပြေးသွားသော အပြုံးလေးတစ်ပွင့်သည် သူ့ရင်ထဲတွင် အနိုင်အမာ တည်ဆောက်ထားသော ထိန်းချုပ်မြဲသိပ်နိုင်စွမ်း ရှိသောတံတိုင်းကြီးများကို တဝုန်းဝုန်း တဘုန်းဘုန်း လဲပြိုသွားစေတော့သည်။

တရွေ့ရွေ့ ထွက်ခွာသွားတဲ့ ရှင်အိပ်မက်ရဲ့ ကျောပြင်လေးကို ငေးမောကြည့်ရင်း သက်ပြင်းမောလေးကို ကြိတ်ပြီးချလိုက်မိသူကတော့ မင်းညို့ငင်ရယ်ပဲ ဖြစ်တော့၏။

## အခန်း (၆)

"အို…ကြည့်စမ်း အားနာဖို့ကောင်းလိုက်တာ၊ ရှင်လေး ရဲ့ကားကိုပါ သန့်ရှင်းရေးလုပ်ပေးနေတာကိုး၊ ထင်တောင် မထင်မိဘူး ရှင်…ဟင်း…ဟင်း"

ရှင်အိပ်မက်ရဲ့စကားကြောင့် မင်းညို့ငေ်ပင် မျက်လုံးကြီး တွေပြူးကာ ကြောင်အသွားရသည်။ စောစောလေးကပဲ…သူမ ရဲ့ကားကိုပါ သန့်ရှင်းရေးလုပ်ပေးဖို့ သူမလေးပဲ စေခိုင်းခဲ့တာလေ။ အခုတော့ အန်ကယ်မင်းယံရဲ့ ရှေ့မှာ သူကပဲ စေတနာပရမ္မနဲ့ အားအားလျားလျား လုပ်ပေးထားပြီး သူမလေးက ဘာမှမသိတဲ့ ဟန်ကလေးအပြည့်ရှိနေ၏။

ရှင်လေး တောင်းပန်လိုက်တာနဲ့ အားနာပြီး လုပ်ပေး ထားတာထင်တယ် ကျေးဇူးတင်လိုက်တာ မင်းညို့ရယ် ရှင်လေး





ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ အဟင်း…ဟင်း"

သူ…မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်။ ရင်ထဲ မှာလည်း လှိုက်ခါနေအောင် ခံစားနေရ၏။ ရှင်အိပ်မက်ရဲ့ သဘော ထားကို ကောင်းစွာနားလည်လိုက်ပါပြီ။

ဒါဟာ…

အန်ကယ်မင်းယံရဲ့ ရှေ့မှာမို့ အခုလို လှိုက်လှိုက်လှဲလှဲ ဆက်ဆံနေတာမဟုတ်လား။ ရှင်အိပ်မက်ရယ် ကိုယ့်မှာတော့လေ မင်းလေးရဲ့ ရင်ထဲမှာ တကယ်ပဲ အမုန်းအငြိုးတွေ ပြေပျောက်သွားပြီ လို့ထင်ပြီး ဝမ်းသာနေခဲ့တာပါ။

ဟန်ဆောင်မှုတစ်ခုလို့ သိလိုက်ရတဲ့အတွက် ကိုယ်တ ကယ်ပဲ စိတ်မကောင်းဘူး ချစ်ရယ်။ ကိုယ်က…မင်းလေးတကယ့် ကိုပြောင်းလဲသွားတာပဲလို့ ထင်ထားတာလေ။

"မင်းညို့"

"ဟင်"

"မနက်စာလည်း…အခုထိ မစားရသေးဘူးမဟုတ်လား၊ ဒီအလုပ်တွေကို ထားလိုက်ပါတော့ ဗိုက်တွေဆာနေလောက်ရောပေါ့ ရှင်"

"ကိုယ်…ကိုယ်က"

"ထားလိုက်ပါလို့ဆို…ဦးသောင်းပဲ ဆက်ပြီးလုပ်လိမ့် မယ်၊ လာ…လာ…မနက်စာစားဦး"

သူမ…

ဖွတ်အတင်းပင် သူ့လက်ထဲက ကားရေဆေးနေသော ရေပိုက်ကလေးကို လှမ်းယူပြီး အောက်သို့ပစ်ချကာ ဒက်ဒီ့အ မှာ မျက်နှာချင်းဆိုင် ရှိမနေစေအောင် အိမ်ထဲအတင်းဝင်ခိုင်းနေ ခြင်းပဲဖြစ်သည်။

သူမလေးရဲ့ ဖွတ်အတင်းဆွဲခေါ်မှု နောက်သို့ သူလိုက် သွားရပုံကိုကြည့်ကာ အန်ကယ်မင်းယံက သဘောတွေ အကျ ကျနေတော့၏။ အိမ်လေးထဲသို့ ဝင်လိုက်တာနှင့် အပြင်က အန်ကယ် မင်းယံ၏ ကားစက်နှိုးသံကို ကြားလိုက်ရတာနှင့် ချက်ချင်း သူ့ လက်တွေကို လွှတ်ပေးလိုက်သည်။

သွားပြီ…။

ဒက်ဒီအလုပ်ကိုသွားပြီ…။

ဒီတော့…

မင်းညို့ငင်ဆိုတဲ့လူနဲ့ သူမ အပြတ်သားဆုံး ပြောမှဖြ တော့မည်။ ဒီလူက တကယ့်အလာချည်းပဲ။ ဒက်ဒီကလည်း မြှောက်စားကာ ပေါကျော့လေး ထားချင်နေ၏။ ကားရေဆေးတဲ့ သံ ကြားတာနှင့် ဒက်ဒီ ရှုးရှုးရှားရှား ဖြစ်နေပြီ။

သူ့ဟာသူ အတင်းဖွတ်လုပ်နေတာ သိတော့မှ ငြိမ်သွား၏

ရှင်အိပ်မက်…

မနည်းကို ဖျောင်းဖျနေမိသည်။ မင်းညို့ငင်နဲ့ ပတ်သက်





ဒက်ဒီ့ရဲ့ ဆက်ဆံရေးက လိုတာထက်ပိုလွန်းနေသည်ဟု ထင်မိ သို့သော် ရှင်အိပ်မက် မသိချင်ဟန်ဆောင်ကာ မင်းညို့ငင် ယောက် အခုလို လုပ်ကိုင်ပေးရမှ နေသာမှာဆိုပြီး အကြောင်း ကာ အလုပ်တွေကို တမင်လုပ်နေစေမိသည်။

ဒက်ဒီကတော့…

မင်းညို့ငင်က အတင်းလုပ်ပေးချင်တာထင်ပြီး ဘာမှ ပြောတော့။

"ဒီမှာ…မင်းညို့ငင်"

ခေါ်သံက ချက်ချင်းပြောင်းသွား၏။

"ဟင်"

"ရှင့်ကို…ကျွန်မပြောစရာရှိလို့ ရှင်အဝတ်အစားလဲပြီးရင် လာဦး၊ ကျွန်မ ဧည့်ခန်းထဲမှာစောင့်နေမယ်"

"ဗျာ"

မင်းညို့ငင် အံ့ဩသွားရသည်။

ရှင်အိပ်မက်ရဲ့ လေသံက မာထန်ကာ မျက်နှာထားက င်းမာခက်ထန်လို့။

စောစောကလို ချိုအီနေတဲ့ အပြုံးလေးတွေက ဘယ်ကို ပျောက်သွားမှန်းပင် မသိလောက်အောင် အစရှာမရတော့ပါ။ နူးညံ့ ညင်သာစွာ သူ့လက်တစ်ဖက်ကို ဆွဲခေါ်လာတဲ့ ရှင်အိပ်မက် ယောက် အန်ကယ်မင်းယံရဲ့ ကားစက်နှိုးသံ ကြားတာနှင့်

ပြောင်းလဲသွားပုံက ယုံတောင်မယုံနိုင်စရာ။

"သွားလေ…ရှင်ဘာလုပ်နေတာလဲ"

"ကောင်းပြီ…ရှင်အိပ်မက်၊ ကိုယ် ပြန်ဆင်းလာခဲ့ပါ့မယ်"

ဟွန်း…။

ဒေါသမျက်စောင်းလေးက မင်းညို့ငင်ဆိုတဲ့လူဆီ ဒိုင်းခနဲ ရောက်သွားရ၏။ ဒီလူကို သူမ နည်းနည်းလေးမှကို ကြည့်မရ။ ဘယ်ဘဝရေစက်ကြောင့်များ ဒီလူနဲ့ လာဆုံရလဲမသိဘူး။ မုန်းလိုက်တာ မပြောပါနဲ့တော့။

သူမ…

ညှော်ခန်းလေးထဲတွင် ထိုင်စောင့်နေမိသည်။

"ရှင်အိပ်မက်"

ဟင်…

အဝတ်အစားလဲတာကလည်း မြန်လိုက်တာ။ ဘယ်လောက်မှတောင် မကြာဘဲ ဖြူနီးစားကြီး သူမအနား ပြန်ရောက်လာ၏။

"ထိုင်လေ…မင်းညို့ငင်"

"ကိုယ့်ကိုပြောစရာရှိတယ်ဆိုတာ"

"အရင်ထိုင်ပါဦး…မင်းညို့ငင်၊ ရှင့်ကိုပြောစရာရှိတာထက် မေးစရာရှိတယ်ဆိုရင် ပိုပြီးမှန်လိမ့်မယ်ထင်တယ်၊ ဒါပေမယ့်





အခုကိစ္စကို ဒက်ဒီ့ကို ပြန်အတိုအထောင်မလုပ်စေချင်ဘူး၊ ရှင်လုံးဝပြန်မပြောပါနဲ့"

"ဘယ်လို"

"ဒက်ဒီနဲ့ ကျွန်မကြားမှာ ကွာဟမှုတွေရှိအောင် ရှင်မလုပ်နဲ့ ပြောတာပါ"

"ဒီမှာ အမိ"

"ဘာလဲ"

"တဆိတ်တော့ အမိရဲ့စကားတွေက လွန်နေပြီသိလား"

"ဘာရှင့်"

"ကိုယ်က အမိထင်သလောက် စိတ်ဓာတ်အောက်တန်းကျတဲ့သူ မဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ၊ ဒီတိုက်ကြီးထဲကို ကိုယ်ရောက်လာတာ အမိတို့သားအဖကို ရန်တိုက်ဖြို့ခွဲဖို့ဆိုတဲ့ ယုတ်ညံ့တဲ့စိတ်ကူးတွေ ပါမလာဘူးဆိုတာ ယုံထားလိုက်စမ်းပါ"

"ဒါပေမယ့်…ရှင့်ကြောင့် ကျွန်မတို့ အခု စိတ်အခန့်မသင့်တာတွေ ဖြစ်နေရပြီလေ မင်းညို့ငင်"

"ဘယ်လို"

"ဟုတ်တယ်…မင်းညို့ငင်၊ ရှင့်ကြောင့် ဒက်ဒီ ကျွန်မကို ဝစ်ပယ်ထားတတ်ခဲ့တယ်၊ အမြဲတမ်း ဂရုတစိုက်ခံခဲ့ရသမျှ ရှင်ရောက်လာတော့မယ်ဆိုတဲ့ အချိန်ကစပြီး အပစ်ပယ်ခံဘဝကို ရောက်ခဲ့ရတယ်။

ဒက်ဒီရဲ့ စိတ်အာရုံတွေအားလုံး ရှင် အပိုင်သိမ်းယူသွားခဲ့တာလေ။ ရှင့်ကြောင့် လေသံမာမာနဲ့တောင် အပြောမခံရဘူးတဲ့ ကျွန်မ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒက်ဒီရဲ့ ပြစ်တင်ဝေဖန်မှုတွေကို ခံခဲ့ရတာ ရှင့်ကြောင့်ပဲ။ အဲဒါတွေအားလုံး ရှင်ဖန်တီးခဲ့တာ မင်းညို့ငင်၊ ဒါကို ရှင်ဘယ်လိုငြင်းမလဲ"

ဟာ…။

ပြင်းထန်သော စွပ်စွဲချက်တွေက ဒေါသတကြီး ပြိုဆင်းကျလာ၏။

မင်းညို့ငင်…

မျက်လုံးလေးတွေ ပြူးဝိုင်းသွားရပြီ။

သူ လုံးဝမထင်မှတ်ထားခဲ့တဲ့ အရာတွေပါပဲ။ ရှင်အိမ်မက်ရဲ့ ရင်ထဲမှာ အခုလောက်ထိ သူနဲ့ပတ်သက်ပြီး အစိုင်အခဲကြီးမား နေလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိတာတွေက အခုတော့ မှားနေချေပြီ။

"ရှင်က ဘာလဲ မင်းညို့ငင်၊ ရှင်နဲ့ ဒက်ဒီက ဘယ်လိုသိပြီး ဘယ်လိုပတ်သက်သွားတာလဲ၊ ရှင်…ကျွန်မကိုပြောပြပါ"

"ကိုယ်မသိဘူး ရှင်အိပ်မက်"

"ဘယ်လို"

"ကိုယ် ရုစ်တန်းကျောင်းသားဘဝမှာ အန်ကယ်မင်းယံရဲ့ အထောက်အပံ့ကိုရပြီး ပညာဆက်သင်ခွင့်ရခဲ့တယ်၊ အခု ကိုယ်





ဆယ်တန်းမှာ ဂုဏ်ထူးလေးခုနဲ့ အောင်လို့ အန်ကယ်မင်းယံက ဒီမှာနေဖို့ လှမ်းခေါ်လို့လာခဲ့တာ။

ရွာမှာ အမေတစ်ယောက်တည်း ကျန်ခဲ့တာလေ။ တကယ်တော့ ကိုယ် ဒီကိုမလာချင်ပါဘူး ရှင်အိပ်မက်။ ကိုယ့်အမေက အတင်းလွှတ်လို့သာ လာခဲ့ရတာ။ အမေက ကျန်းမာရေး သိပ်ကောင်းတာမဟုတ်ဘူးလေ။ ကိုယ်မထားချင်ဘဲ ထားခဲ့ရတာ"

ရှင်းပြနေတဲ့ မင်းညို့ငင် အသံလေးက တိမ်ဝင်သွားတာ သတိထားမိ၏။ မင်းညို့ငင်ဆိုတဲ့လူကို ကြည့်ရတာ ဘာကိုမှ ရေရေရာရာ သိပုံမရချေ။ ဒါဟာ လုံလောက်တဲ့ အဖြေတစ်ခုမှ မဟုတ်တာ။

သူမသိချင်တာ…

ဒက်ဒီနဲ့ မင်းညို့ငင်တို့ရဲ့ ရင်းနှီးပတ်သက်မှု အတိုင်းအတာ ဘယ်လောက်ထိ ရှိနေခဲ့သလဲဆိုတာကို သိချင်တာ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ဒက်ဒီက မင်းညို့ငင်ရဲ့ ပညာသင်စရိတ်တွေကို ထောက်ပံ့နေခဲ့တာဆိုတော့ အချိန်အတိုင်းအတာဟာ ဒီလောက်တောင် များပြားခဲ့တာ ရှင်အိပ်မက် ဘာကြောင့် တစ်စွန်းတစ်စလေးတောင် သိခွင့်မရခဲ့တာလဲ။

ဒက်ဒီ ဘာကြောင့် ဖုံးကွယ်ထားခဲ့ရတာလဲဆိုတာ ရှင်အိပ်မက်လည်း စဉ်းစားလို့တောင်မရ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့် မင်းရဲ့စိတ်တွေ ရှုပ်ထွေး

နောက်ကျိုသွားရတာကိုတော့ တကယ်စိတ်မကောင်းပါဘူး ရှင်အိပ်မက်"

"အဲ့ဒီ့အတွက် ရှင်ဘယ်လို အလျော်ပေးဆပ်မလဲ မင်းညို့ငင်"

"ဗျာ"

"ကျွန်မရဲ့ စိတ်ဆင်းရဲမှုတွေကို ဘယ်လို ပြန်အစားလျော်မှာလဲလို့ မေးတာလေ"

"ကိုယ်...ကိုယ် ဘယ်လိုလုပ်ပေးရမှာလဲ ရှင်အိပ်မက်"

"....."

"ကိုယ် ဘယ်လိုနေပေးမှ မင်းကျေနပ်နိုင်မလဲ"

"အဟင်း...ဟင်း အဲ့ဒီ့အချက်ကိုပဲ ကျွန်မလိုချင်တာ မင်းညို့ငင်၊ ရှင်ကမေးလာတော့လည်း ကျွန်မရင်ထဲမှာ ရှိနေတဲ့ ဆန္ဒတွေကို ပြောရသေးတာပေါ့ရှင်၊ အဟင်း...ဟင်း"

"ပြောပါ ရှင်အိပ်မက်၊ မင်းသာ ပျော်ရွှင်မယ်၊ စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်ဘာမဆိုလုပ်ပေးပါ့မယ်"

ဟွန်း...။

တော်တော်အပြောကောင်းတဲ့ တောသား။

ဒါကြောင့်...

ဒက်ဒီ့စိတ်တွေအားလုံး သူ့အပေါ် ယိုင်ကျသွားတာပဲ ဖြစ်ရမယ်။





သူမ...

အံလေးကို တင်းနေအောင် စေ့ကြိတ်ကာ ရင်ထဲကနေ ပြောနေမိသည်။ အပြင်မှာတော့ နည်းနည်းလေးမှ မျက်နှာမပျက်ဘဲ ခပ်တည်တည် စိုက်ကြည့်နေမိ၏။

"ပြောလေ...ရှင့်အိပ်မက်၊ ကိုယ့်ကို အားမနာပါနဲ့"

"ကျွန်မ အားမနာတတ်ပါဘူး မင်းညို့ငင်၊ အထူးသဖြင့် သိပ်မုန်းတဲ့လူမျိုးကိုပေါ့"

ဟာ...။

သူ့မျက်ဝန်းလေးတွေထဲ ကြေကွဲဝမ်းနည်းရိပ်လေး ယှက်သန်းသွားရသည်။ သူမလေးက သိပ်မုန်းတဲ့လူအပေါ် ပိုပြီးအားမနာတတ်ဘူးဆိုတော့ သူဟာ သူမလေး သိပ်မုန်းတီးနာကျင်နေတဲ့ လူတစ်ယောက်ပဲပေါ့လေ။

ရှင်အိပ်မက်ရယ်...။

"အပွင့်လင်းဆုံးပြောရရင်တော့ ဒက်ဒီ ဘယ်လောက်မြှောက်မြှောက် ရှင်မမြှောက်ပါနဲ့၊ ကိုယ့်ဘဝကိုယ် နားလည်ထားတာ အကောင်းဆုံးပဲ မင်းညို့ငင်၊ ဒီတိုက်ထဲမှာနေရင် အလိုက်တသိနေပါ၊ အဓိက ဒက်ဒီနဲ့ ကျွန်မကို ရန်တိုက်မပေးပါနဲ့ မင်းညို့ငင်"

ရှင်အိပ်မက်ရယ်...

"ဒက်ဒီ့ကျေးဇူးတရားတွေကို ရှင်ဆပ်ချင်တယ်ဆိုရင် ကျေးဇူးရှင်ရဲ့ မိသားစုကို ပြိုကွဲမသွားအောင် ရှင် စောင့်ရှောက်သင့်

တယ်မဟုတ်လား မင်းညို့ငင်"

"ကိုယ်နားလည်ပါပြီ ရှင်အိပ်မက်"

"အဟင်း…အဲဒါဆိုရင်တော့ ကျေးဇူးပဲ မင်းညို့ငင်"

"ရပါတယ် ရှင်အိပ်မက်၊ ကျေးဇူးတင်စရာ မလိုအပ်ပါဘူး၊ ဒီတိုက်ကြီးထဲမှာ အခန့်သားကြီးလည်း ကိုယ်မနေချင်ပါဘူး ရှင်အိပ်မက်၊ ကိုယ့်စိတ်ကိုယ် မလုံခြုံသလို ခံစားရလို့ပါ။ ကိုယ့် အလေးအနက် ကတိပေးတယ် ရှင်အိပ်မက်၊ မင်းဖြစ်စေချင်တဲ့ အတိုင်း ဖြစ်စေရပါ့မယ်"

"ဒါပေမယ့်…ဒက်ဒီ့ကိုတော့ ပြန်ပြောပြဖို့ စိတ်မကူးနဲ့နော်၊ ရှင့်ဆန္ဒအတိုင်းလုပ်တာ ကျွန်မဘက် အပြစ်မဖို့နဲ့၊ ဒက်ဒီသိ လို့ကတော့ ရှင်ကြီး ကျွန်မအကြောင်း ကောင်းကောင်းသိသွားစေ ရမယ်မှတ်"

စိမ်းလဲ့သော ဒေါသမျက်ဝန်းများနှင့် စိုက်ကြည့်ကာ ထိုင် ရာကနေ ဆတ်ခနဲထပြီး ထွက်သွားတဲ့ ရှင်အိပ်မက်ရဲ့ ယိမ်းနွဲ့နွဲ့ နောက်ပိုင်းလေးကို ငေးကြည့်ပြီး သက်ပြင်းမောကြီးကို ရှိုက်လိုက်မိ သူက မင်းညို့ငင်ရယ်ပဲဖြစ်သည်။

ရှင်အိပ်မက်လေးရယ်…။

သူမရဲ့နာမည်လေးကို ရင်ထဲကနေ ကြိတ်ပြီး ခပ်တိုးတိုး လေးသာ ငြီးငြူလိုက်မိပါတော့၏။

❀ ❀



## အခန်း (၇)

ဘုရားရေ…။

ဒါ…ဒါက ဘယ်လိုဖြစ်ရတာလဲ။

မင်းညို့ငင်ဆိုတဲ့လူ…။

ပြင်ထားဆင်ထားလိုက်တာများ အကျအနပဲ။

ကြည့်စမ်း…။

သူမ ဒီလောက်ထိတောင် ပြောထားပါလျက်နဲ့ သူ့ကိုယ်သူ ရုပ်ရှင်မင်းသားရွှေလောက်အောင် ဝတ်စားထားတာများ အမြင် ကတ်စရာ။ ရုပ်လက်ရှည် ကြက်ဥနှစ်ရောင်ကို စတိုင်လ်ပဲနဲ့ အနက် ရောင် ဘောင်းဘီရှည်နှင့် တွဲဝတ်ကာ ရှူးဖိနပ်အနက်ကို စီးထား သည်။

ဒါ...

လုံးဝမဖြစ်သင့်တာပဲ။

ရှင်အိပ်မက်...သူ့ကို ဒီလောက်တားဆီးထားပါလျက်နဲ့ အခုလို နေတာ လွန်လွန်းသည်။

"ဒီမှာ"

"ဒီမှာရှင့်"

"ဗျာ"

အခန်းထဲကအထွက် နောက်ကခေါ်သံကြောင့် သူလှည့်ကြည့်လိုက်တော့ မကြည်မလင် မျက်နှာထားကြီးနဲ့ ကြည့်နေတဲ့ ရှင်အိပ်မက်ကို တွေ့လိုက်ရ၏။

"ဒါကဘယ်လိုဖြစ်ရတာလဲ၊ ဝတ်စားပြင်ဆင်ထားလိုက်တာ အမြင်ကတ်ဖို့တောင် ကောင်းတယ်၊ ရှင်က ဘယ်ကိုသွားဦးမလို့လဲ"

ရှင်အိပ်မက်ကတော့ ဓာတ်လမ်းစချေပြီ။

သူ့ကိုမြင်တိုင်း လှပတဲ့မျက်နှာကြီးက ညိုပုတ်သုန်မှုန်သွားတော့တာပဲ။ ပြောလိုက်လျှင်လည်း တစ်ဖက်သားအပေါ် နည်းနည်းလေးမှ အားမနာချေ။ စိတ်ညစ်သွားရသူက မင်းညို့ငင်ပါပဲ။

အန်ကယ်မင်းယံက သူ့ကို အဝတ်အစားကောင်းကောင်း မွန်မွန် ဝတ်လာခဲ့ဆိုလို့ လဲခဲ့တာပါ။ ကုမ္ပဏီကို ဒီနေ့လိုက်ရမယ် ဆိုပြီး ပြင်ဆင်ခိုင်းထားလို့ သားသားနားနား လူမြင်ကောင်းအောင်





တ်ထားကာမှ ရှင်အိပ်မက်နှင့် တည့်တည့်ကြီး တိုးသွားရတော့ သည်။

အစကတည်းကမှ စိတ်ကျဉ်းကျပ်နေရတဲ့အထဲ သူမလေး ဆုံတော့ ပိုလို့တောင်ဆိုးသွားရသည်။

"ဒီမှာ...ရှင် ဘာလို့မဖြေတာလဲ၊ ကျွန်မမေးနေတယ် လေ မင်းညို့ငင်"

သူ...။

ဘယ်လိုပြန်ဖြေရမလဲမသိတော့။

အန်ကယ်မင်းယံနဲ့အတူ ကုမ္ပဏီကို လိုက်သွားမလို့ဟု ပြောလိုက်လျှင် ရှင်အိပ်မက်တစ်ယောက် အကြီးအကျယ် မနာလို ဖြစ်ချေတော့မည်။

"ဒီမှာရှင့်"

"ဘာလဲကွာ...စိတ်ညစ်နေရတဲ့အထဲ အမိကတစ်မျိုး"

"ဘာ...ဘာရယ်"

"ဟုတ်တယ်လေ...အမိပဲစဉ်းစားကြည့်ဦး၊ မင်းဒက်ဒီက အခုလိုဝတ်စားရမယ်၊ သူနဲ့အတူ ကုမ္ပဏီကို လိုက်ခဲ့ရမယ်ဆိုပြီး တင်းအကြပ်ပြောလို့ ဝတ်လာခဲ့ရတာ။

ဟော...

မင်းနဲ့တွေ့ပြန်တော့လည်း အခုလိုတွေ ဝတ်စားပြင်ဆင် တာ မကြိုက်နဲ့ ကြားကနေ ဘယ်လိုနေရမှန်းတောင် မသိတော့

ဘူး''

''ဘယ်…ဘယ်လို ရှင့်ကို ဒက်ဒီက ကုမ္ပဏီကို လိုက်ခဲ့နိုင်းတယ် ဟုတ်လား''

သူ…

ပြန်မဖြေဘဲ မှုတ်ဆိတ်နေလိုက်၏။

''အဓိပ္ပါယ်မရှိလိုက်တာ၊ ဒါ လုံးဝအဓိပ္ပါယ်မရှိဘူး ဒက်ဒီ…ဒက်ဒီ ဘာတွေလျှောက်လုပ်နေတာလဲ၊ ရှင့်ကို ဘာကိစ္စ ခေါ်သွားရတာလဲ''

''မသိဘူး…ရှင်အိပ်မက်၊ ကိုယ်သိတာတစ်ခုက ဒီလို စိတ်ရှုပ်စရာ အဝတ်အစားတွေနဲ့ ကိုယ် အရမ်းပူလောင်အိုက်စပ်စပ်ကြီး ခံစားနေရတာကိုပဲ။

ကိုယ်ပြောချင်တာကို မင်းနားလည်မှာမဟုတ်လား ရှင်အိပ်မက်။ ကိုယ်ဟာ မင်းထင်သလို စိတ်ဓာတ်မျိုး မရှိဘူး။ ကိုယ့်ဘဝ ကိုယ်မေ့ အောက်ခြေလွတ်တတ်တဲ့ လူတန်းစားမျိုးထဲမှာ ကိုယ်မပါဘူး ရှင်အိပ်မက်''

''……''

ရှင်အိပ်မက် တစ်ယောက် အံ့ဩမှု၊ မယုံကြည်နိုင်မှုတွေနှင့် မင်းညို့ငင်ရဲ့ မျက်နှာကို ငေးကြည့်နေမိသည်။

''ဒါပေမယ့်…မင်းမကြိုက်ဘူးဆိုတာ ကိုယ်သိတယ်၊ ကိုယ်မှားသွားတယ် ရှင်အိပ်မက်၊ တကယ်ဆို ကိုယ့်ဘက်က





…ယ်ခဲ့သင့်တာပါ၊ ကိုယ်က မင်းကို ကတိတွေပေးထားခဲ့ပြီး …လေ။

မင်းစိတ်ချပါ ရှင်အိပ်မက်၊ ဒီအဝတ်အစားတွေကို …ချင်း ပြန်သွားလဲလိုက်ပါ့မယ်၊ အဓိက မင်းစိတ်ချမ်းသာဖို့ပဲ …ကြီးတာပါ''

မင်းညို့ငင်တစ်ယောက် နောင်တလေး ရစွာပင် အခန်း …ထဲသို့ ပြန်ဝင်ခဲ့မိသည်။ ဝမ်းနည်းအားငယ်သွားတဲ့ ရှင်အိပ်မက် …ကျ်နှာလေးကိုကြည့်ရင်း သူမလေး မနှစ်သက်တာတွေ တောပေ …လုပ်ချင်တော့ပါ။

အန်ကယ်မင်းယံ ခေါ်တာကို အကြောင်းပြချက်တစ်ခုရှာ …သူနေခဲ့လိုက်တော့မည်ဟု ဆုံးဖြတ်ထားမိ၏။ ပြီးလျှင် သူမလေး …တိုင်းကျဖြစ်အောင် ခြံသန့်ရှင်းရေးတွေ သွားလုပ်မည်။ သူမ …ရဲ့ကားကို ရေဆေးပေးမည်။ ပန်းပင်တွေ စိုက်မည်။ ပြီးလျှင် …က အလှဆုံးပန်းလေးတစ်ပွင့်ကို ခူးပြီး သူမလေးရဲ့ စားပွဲ …ပေါ်က ပန်းအိုးလေးကို ထိုးပေးမည်။

အဲဒီလောက်ဆိုရင်ပဲ မင်းညို့ငင်ဆိုတဲ့ သူ့အတွက် တစ်နေ့ …အချိန်က ဖျင်းရိစရာမကောင်းလောက်အောင် ပြည့်သွားလိမ့် …လေ။ အရေးကြီးတာက ရှင်အိပ်မက် စိတ်ချမ်းသာဖို့ပါပဲ။

သူ…

အဝတ်အစားတွေကို လဲလှယ်ဖို့ အဝတ်ဟောင်းတစ်စုံအား

ထုတ်ယူလိုက်မိတော့သည်။

အခန်းတံခါးလေး ပြန်စေ့ပိတ်သွားခြင်းရဲ့ နောက်မှာထေ
ရှင်အိပ်မက်တစ်ယောက် အတွေးပေါင်းမြောက်မြားစွာနှင့် ရှိနေ
သည်။ သေသေချာချာ ပြန်စဉ်းစားလေ ရှင်အိပ်မက်အတွက် ရေ
ဖျက်မတတ် ထိတ်လန့်တုန်လှုပ်ရလေပါပဲ။

ဟိုလူ…

တောသား…

သူမကို လုလုပပကြီး ချောက်ချဖို့ ဖန်တီးလိုက်ပြန်ပါပြ

အပြင်ပန်းက ကြည့်မည်ဆိုပါက အခုလို သူမစိတ်ချ
သာအောင် လုပ်တယ်လို့ ထင်ရပေမယ့် တကယ့်လက်တွေ့
သူမနဲ့ ဒက်ဒီကို ပြဿနာတက်အောင် ဒီလူ သက်သက်မဲ့ လုပ်
လိုက်တာပဲ။

ဒက်ဒီက လုပ်ခိုင်းထားတဲ့ကိစ္စကို ရှင်အိပ်မက် ဖျက်ဆ
ပါတယ်ဆိုတဲ့ စွပ်စွဲချက်ကို လိုချင်လို့ သူမကို မြင်လိုက်တာ
အဝတ်အစားပြန်လဲဖို့ လုပ်လိုက်တာလေ။

ကြည့်စမ်း…။

တော်တော်ယုတ်မာလိုက်တဲ့လူပဲ။

အတွေးလေးကြောင့် အသားလေးတွေ တဆတ်ဆတ်တု
ကာ ဒေါသတွေပေါက်ကွဲသွားရသည်။ အခန်းတံခါးချပ်ကြီးက
စိတ်ရှိတိုင်း ထုပစ်လိုက်၏။





"ဒုန်း…ဒုန်း"

"ဒုန်း"

"ဖွင့်စမ်း…တောသား၊ အခုချက်ချင်း တံခါးလာဖွင့်ပေး
စမ်း၊ ရှင့်အကြံဉာဏ် ဒါအကုန်ပဲလားဟင်၊ ရှင့်အကြောင်း ကျွန်မ
မသိရင်ခက်မယ်၊ ရှင် ကျွန်မကို တမင်ချောက်ချတာ၊ ဖွင့်…ဖွင့်
အခုချက်ချင်း တံခါးကိုလာဖွင့်ပေးစမ်း"

"ဒုန်း…ဝုန်း"

"ဒုန်း"

"တောသား"

"……"

"ပြောနေတာ မကြားဘူးလား၊ တံခါးလာဖွင့်လို့ ပြောနေ
တယ်လေ"

အခန်းထဲက ဘာပြန်ဖြေသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်
သက်နေတာမို့ ရှင်အိပ်မက် စိတ်တွေ ပို၍ပင် ချောက်ချားသွားရ
သည်။

ဒီလူ…။

တမင်ညစ်ပြီး အခန်းထဲအောင်းနေတာပဲဖြစ်ရမယ်။

တွေးမိလေ ဒေါသတွေက ရင်ထဲတလိမ့်လိမ့် တက်လာ
လေပါပဲ။

ဟာ…

အခုမှ ရှင်အိပ်မက် သတိရသွားရသည်။

ဟိုတစ်နေ့ညက သူ့အခန်းတံခါးသော့နဲ့ သူမအခန်းထဲ မှားပြီးဝင်လာတာလေ။ ဒါဆို သူမရဲ့ အခန်းတံခါးသော့ကလည်း သူ့အခန်းကို ဖွင့်လို့ရချင်ရနေမှာပေါ့။

ရှင်အိပ်မက်…။

သိပ်စဉ်းစားမနေတော့ဘဲ သူမလက်ထဲက အခန်းတံခါးသော့လေးနှင့် သူ့အခန်းတံခါးကို ဖွင့်ကြည့်မိသည်။

ကလစ်…။

ချောက်…။

ဟော…တံခါးလော့ခ်ပွင့်သွားပြီ။

ရှင်အိပ်မက် ဝမ်းသာသွားရ၏။ တံခါးလက်ကိုင် ဖုလုံးလေးကိုကိုင်ပြီး လှည့်ဖွင့်ကာ အခန်းတံခါးရွက်လေးကို တွန်းဖွင့်လိုက်သည်။

"ဝုန်း"

"ဒုန်း"

"ဟာ…ဟော့…ဟော့"

"အို"

အခန်းတံခါးချပ်ကြီး ဖျတ်ခနဲ ပွင့်ဟသွားတယ်ဆိုလျှင်ပဲ အဝတ်အစားတွေ လဲလှယ်နေရင်းတန်းလန်း ရှိနေသော မင်းညို့ငင်ကို မြင်လိုက်ရချိန်တွင် သူမမျက်နှာလေး ရှက်သွေးကြောင့် နီမြန်း





တာ ခန္ဓာကိုယ်လေးကို ချာခနဲ ပြန်လှည့်လိုက်ရသည်။

"အမိ…ဘယ်လိုလုပ်တာလဲ၊ ဒီမှာ အဝတ်အစားလဲနေတဲ့ ဟာကို ဘာဖြစ်လို့ တံခါးကို အတင်းတွန်းဖွင့်ပြီး ဝင်လာရတာလဲ"

သူ့အသံကို အနီးကပ်ကြားရမှပဲ သူမမျက်နှာလေးကို ပြန်လှည့်ရဲတော့၏။

"အံမယ်…ဘယ်သူကဝင်လာလို့လဲ၊ စကားကိုကြည့်ပြောနော်၊ တောသား"

ရှက်ရဲရဲမျက်နှာလေးနဲ့ နှုတ်ခမ်းလေး ချွန်ကော့ကာ ပြန်ရန်တွေ့လိုက်တဲ့ သူမလေးကို ပြုံးပြုံးကြီး စိုက်ကြည့်မိသွားရသည်။

ဒီမိန်းကလေး တစ်ဖက်သားရဲ့ စိတ်တွေ တည်ငြိမ်မှုမရှိလောက်အောင် ဘာကြောင့်များ ချစ်စရာကောင်းနေပါလိမ့်။ ဒေါသတကြီး ရန်တွေ့နေပုံလေးက စိတ်ဆိုးစရာမကောင်းဘဲ မြတ်နိုးစရာဝင် ကောင်းနေသေး၏။

"ကဲ…ပြောပါဦး အမိက ဘာတွေဝေဖန်ချင်သေးလို့လဲ"

"ဟွန်း…ရှင်ကပဲ ပြောရဟယ်ရှိသေးတယ်၊ ရှင့်ရဲ့လုပ်ရပ်ကိုလည်း ရှင်ပြန်ကြည့်ဦးလေ၊ ရှင့်ရဲ့လုပ်ရပ်ကြောင့် ကျွန်မနဲ့ ဒက်ဒီဘယ်လောက်တောင် ပြဿနာတွေ တက်သွားနိုင်တယ်ဆိုတာ သိသိကြီးနဲ့ ကျွန်မကို တမင်ချောက်ချတာမဟုတ်လား"

"ဗျာ"

“ဒက်ဒီက ကုမ္ပဏီခေါ်သွားမယ့်ကိစ္စကို ကျွန်မတားလို့ ဖျက်လိုက်ရပါတယ်လို့ ရှင်က ဖြစ်စေချင်တာပေါ့လေ၊ တော်တော် အကြံကြီးတဲ့လူပဲ။ ကျွန်မကို ဒက်ဒီစိတ်ဆိုးအောင် ရှင် တမင် အကွက်ဆင်တာပဲ။

မုန်းတယ်။

ရှင့်ကို…သိပ်မုန်းတယ် သိလား။ ကျွန်မရဲ့ အားနည်းချက်ကို ဖိပြီး အမြဲတမ်းအနိုင်ပိုင်း အလဲထိုးဖို့ ကြိုးစားနေတတ်တဲ့ ရှင့်ကို သေလောက်အောင် မုန်းတယ် မင်းညို့ငင်။

ရှင်ဒီကိုရောက်လာတာ…

ကျွန်မအတွက်တော့ ကံဆိုးမိုးမှောင်ကျတာပဲ။ ကျွန်မစိတ်တွေ အရင်လို မအေးချမ်းရတော့ဘူး မင်းညို့ငင်။ အပျော်ဆိုတာ ဘယ်ကိုရောက်သွားမှန်းတောင် မသိတော့ဘူး။ ရှင်…တော်တော် ရက်စက်တဲ့လူပဲ”

ဟာ…။

ရှင်အိပ်မက်ဆီမှ မျက်ရည်လေးအဝဲသားနှင့် နင့်နင့်သည်းသည်းလေး ပြောကာ နေရာကနေ ချာခနဲလှည့်ပြီး သူမအခန်းလေးထဲ ဝင်သွားပုံလေးကိုကြည့်ပြီး သူ့ရင်ထဲ စိတ်မကောင်းခြင်းကြီးစွာနှင့် ကျန်နေရစ်ခဲ့သည်။

တကယ်တော့…

သူအခုလို လုပ်တာတွေအားလုံးက ရှင်အိပ်မက်ကို **စိတ်**





…ချင်လို့ပါ။ ဒါကြောင့် သူ့အဝတ်အစားတွေကို ချက်ချင်း …လိုက်သွားတော့ဖို့ ဆုံးဖြတ်လိုက်တာလေ။

ဒါပေမယ့်…

သူမလေးဆီမှာ အခုလောက်ထိ ဖိအားတစ်ခု ဖြစ်သွားလိမ့် …သူ လုံးဝမတွေးမိခဲ့ပါ။ သူမပြောတာလည်း အမှန်ပါပဲ။ …မင်းယံနဲ့ ထိပ်တိုက်ပြဿနာတွေ ဖြစ်သွားနိုင်သည်။ ဒါကို …ကြောင့်များ မတွေးမိခဲ့ပါလိမ့်။

ဆောရီးပဲ…ရှင်အိပ်မက်ရယ်။

ကိုယ်မှားသွားတယ်ကွာ။

ကိုယ် လုံးဝမတွေးခဲ့မိတာကို ဝန်ခံပါရစေ ရှင်အိပ်မက်

ကိုယ့်ကို…

ခွင့်လွှတ်ပါကွာ…။

## အခန်း (၈)

"ဟင်…ရှင်လေး သူက ဘယ်သူလဲဟင်၊ အရင်
တစ်ခါမှမမြင်ဖူးပါလား"

ချိုင်းပြတ်စွပ်ကျယ် အနက်ရောင်လေးကို ပုဆိုးတိုတို
ပန်းအိုးတွေ ရွှေ့စိုက်နေတဲ့ မင်းညို့ငင်ကို မြင်လိုက်သည်ဆိုလျှင်
အင်မတန်စပ်စုကြသော သူငယ်ချင်းမလေးနှစ်ယောက်က ပြူး
ပြူးတဲ ကြည့်ကာ မေးနေကြချေပြီ။

"အလုပ်သမားတော့ မဟုတ်လောက်ဘူးထင်တ
ရှင်လေး၊ ပုံစံက ရေရေလည်လည် အမိုက်စားထဲကပဲ"

အစိမ်းထံမှ ချီးမွမ်းစကားကြောင့် ရှင်အိပ်မက် မျက်
လေး ရှုံ့မဲ့သွားရသည်။ ပန်းအိုးထဲ မြေတူးနေတဲ့ သူ့ဆီ တစ်ချက်





မှ လှမ်းကြည့်မိသွား၏။

"အေးကွာ…အသားအရေကလည်း ဝင်းစိုပြီး အရပ်က
လည်း အမြင့်ကြီးပဲဆရာ၊ ဘော်ဒီကလည်း တောင့်မှတောင့်
တကယ့်ကို အမိုက်စားပဲရှင်လေး"

အမလေး…။

တစ်ယောက်တစ်မျိုးကို ချီးမွမ်းခန်း ထုတ်နေတော့တာပါ
လား။

ယောကျ်ားတစ်ယောက် အဲဒီလောက်လေး ကြည့်ကောင်း
တာလေးနဲ့များ ဒီမိန်းမတွေ တအံ့တသြ ငေးမောသွားရတယ်လို့။
အမြင်ကတ်စရာ ကောင်းလိုက်တာ မပြောပါနဲ့တော့။ မှန်းစိတ်
ကြောင့်လားမသိ သူမမျက်စိထဲမှာတော့ မင်းညို့ငင်ဆိုတဲ့လူ ဘယ်
တုန်းကမှကို ကြည့်မကောင်းခဲ့တာတော့ အသေအချာပါပဲ။

တကယ်တော့…

သင်းကို ပညာပေးချင်လို့ အကြံဉာဏ်ကောင်းရအောင်
သူငယ်ချင်းတွေကို ရှင်အိပ်မက်ကိုယ်တိုင် ဖုန်းဆက်ပြီး ခေါ်လိုက်
တာလေ။ ဒက်ဒီ့အရှေ့မှာ အကြိမ်ကြိမ် အရှုံးပေးခဲ့ရသလောက်
ကွယ်ရာမှာ အနိုင်ပိုင်းဖို့ ရှင်အိပ်မက် ကြံရွယ်ထားတာ။

အခုတော့…

လူကိုမြင်လို[redacted]ရှဖြစ်ပြီး ခေါင်းချင်းဆိုင်ကာ
ငမ်းကြောထနေသော သူငယ်ချင်းများကို ကြည့်ပြီး ရှင်အိပ်မက်

စိတ်ဓာတ်တွေ အကျကြီးကျသွားရသည်။ အမြင်ကတ်စွာ မျက်စောင်းလှလှလေး လှမ်းထိုးပစ်လိုက်၏။

"ရှင်လေး…သူ ဘယ်သူလဲဟင်၊ သူ့နာမည်က ဘယ်လိုခေါ်လဲ၊ နင်တို့နဲ့ ဘယ်လိုပတ်သက်တာလဲ ရှင်လေး"

"အမလေး…မေးခွန်းတွေက များလိုက်တာဟယ်၊ ကိုယ့်အခြေအနေကိုလည်း ကိုယ်ပြန်ပြီး သုံးသပ်ပါဦး၊ ဘာမဟုတ်တဲ့ အလုပ်သမားတစ်ယောက်ကိုများ ဣန္ဒြေမဆည်နိုင်လောက်အောင် ဖြစ်ရတယ်လို့၊ နင်တို့ရဲ့စိတ်ကူးတွေ အရမ်းအောက်တာပဲ။

သိပ်ပြီး အထင်ကြီးမနေနဲ့၊ သူက တောသားစစ်စစ်နော်၊ မြန်မာဆန်ဆန် ထမင်းကို ငါးပိရည်နဲ့ တို့စရာကို စားချင်ကြရင်တော့ ကိုယ့်သဘောနဲ့ကိုယ်ပဲ"

"အမ်…ဒါ…ဒါက နင်တို့အိမ်က အလုပ်သမား ဟုတ်လား ရှင်လေး"

"မယုံမရှိနဲ့၊ ငါက တကယ်ပြောတာ၊ နင်တို့ အခုလို ဝိုင်းပြီး ငမ်းနေကြတာသာ သိလို့ကတော့ တော်တော့်ကို ဘဝင်မြင့်သွားမှာပဲ၊ အစမ်းနဲ့အပြာ၊ နင်တို့သိက္ခာ အရမ်းကျတယ်သိလား၊ နင်တို့ရဲ့ အဆင့်အတန်းနဲ့ အခုလိုဖြစ်တာ ငါအံ့သြလို့မဆုံးဘူး"

"နင်ဘယ်လိုကြီး ပြောလိုက်တာလဲ ရှင်လေး"

"ငါပြောတာ မှားလို့လား အစိမ်းရဲ့"

"မှားတော့မမှားပါဘူး၊ အရင်ကဆို အလုပ်သမားတွေကို





ောင် သနားပြီး အရင်းအနှီးနဲ့ ပေးကမ်းကျွေးမွေးတတ်တဲ့ ရှင်အိမ် က အခုတော့ ဘယ်လိုဖြစ်သွားရတာလဲ။ နင်ပြောတော့ ကိုယ့် လုပ်သမားဆိုတာ ကိုယ့်ရဲ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးနေ အားအကိုးရဆုံး မိတ်ဆွေတွေဆို၊ အခုတော့ သူက ဘယ်လိုဖြစ် ရန်သူ့စာရင်းထဲ ပါသွားတာလဲ"

"ငါမသိဘူး"

"ဘာရယ်"

"ဟုတ်တယ် အစိမ်း၊ ငါ သူ့ကို အရမ်းမုန်းတယ်၊ ဘဝမှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးတဲ့ နာကြည်းမုန်းတီးမှုတွေက ျက်နှာကို မြင်လိုက်တိုင်း မျိုသိပ်ထိန်းချုပ်လို့မရအောင် ပေါ်လာ ဟ"

"အထူးအဆန်းပဲ"

"ငါလည်း အရမ်းကို အံ့သြနေတာ အစိမ်းရဲ့၊ ငါတို့ရဲ့ ချမ်းမြေ့ရွှင်စရာ ဘဝလေးထဲကို ဘယ်လိုကံကြမ္မာဆိုးကများ မွေ့ဖို့ သူ့ကို ပို့ဆောင်လိုက်သလဲလို့"

"ဟယ်…ရှင်လေးကလည်း ဘယ်လိုကြီးပြောလိုက်တာ သူ့ပုံစံကိုကြည့်ရတာ စိတ်သဘောထား ဖြူစင်ပြည့်ဝပုံကလေး ပါတယ်ဟဲ့၊ နင် အဲဒီလောက်တောင် မုန်းတီးနေရင်လည်း ို့အိမ်ကို အလုပ်သမားပြောင်းလွှဲပေးလိုက်လေ၊ လက်ခံဖို့အသင့် ဟဲ…ဟဲ"

အစိမ်းရဲ့စကားကြောင့် ရှင်အိမ်မက်ရဲ့ နှုတ်ခမ်းသားလေးတွေ ချိုအီစွာ ပြုံးသွားရသည်။

"ငါ့စိတ်နဲ့ ငါ့ကိုယ်ဆိုရင်တော့ နင့်စကားကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိမှာအမှန်ပါပဲ၊ ဒါပေမယ့် ဒက်ဒီ့ကြောင့် ငါ သူ့ကို ဘာမှလုပ်ပိုင်ခွင့်မရဘူး အစိမ်း"

"အန်ကယ်မင်းယံကြောင့် ဟုတ်လား"

သူငယ်ချင်းမလေးများရဲ့ မျက်နှာလေးမှာ စိတ်ဝင်စားမှုအရိပ်အယောင်လေးများ ချက်ချင်းပင် ပြည့်လျှံတက်လာတာ တွေ့ရသည်။ တကယ်လည်း စိတ်ဝင်စားစရာ ကောင်းတာပါပဲ။ မင်းညို့ငင်နဲ့ ဒက်ဒီကြားက ပတ်သက်ဆက်နွယ်နေမှုကို ရှင်အိမ်မက်ကိုယ်တိုင်လည်း သိချင်နေတာလေ။

"ဟုတ်တယ်…ဒက်ဒီ့ကြောင့်ပဲ၊ ဒက်ဒီက သူနဲ့ပတ်သက်ရင် ဘာကိုမှ လက်မခံဘဲ သူ့ဘက်ကနေ မားမားမတ်မတ် ရပ်တည်နေတော့တာပဲ အစိမ်း၊ ငါ့ကိုတောင် အော်ငေါက်ဆူပူ ဝန်မလေး တော့ဘူးလေ။

ငါ အရမ်းဝမ်းနည်းတယ် အစိမ်း၊ ဒက်ဒီရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ဂရုစိုက်မှုတွေကို သူရောက်လာပြီးကတည်းက ငါ ဆုံးရှုံးလက်လွှတ်ခဲ့ရပြီ"

"မဟုတ်တာ…အန်ကယ်က နင့်ကို သိပ်ချစ်ပါတယ်ဟာ နင်အထင်မလွဲစမ်းပါနဲ့၊ သူမှာ အကြောင်းတစ်ခုခုရှိလို့သာ အခုလို





ဖြစ်ရတာနေမှာပါ၊ နင့်ကို မချစ်တော့တာ မဖြစ်နိုင်ပါဘူး"

"နင်တို့မသိပါဘူးဟာ"

"ဘာပဲပြောပြော နင့်ဒက်ဒီကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး မဟုတ်လား ရှင်လေး"

"နင်ဘယ်လိုမေးလိုက်တာလဲ အစိမ်းရယ်၊ ငါ ဒက်ဒီ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်တို့အသိဆုံးပါပဲ၊ ဒါကြောင့် ဒက်ဒီဖြစ်စေချင်တဲ့ အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက် ဖြစ်အောင် ငါ့ဘက်က ကြိုးစားပြနေတာပေါ့"

"ဒါဆိုရင် မင်းညို့ငင်နဲ့ကိစ္စမှာ နင့်ဘက်က နားလည်မှုပေးနိုင်အောင်ပဲ စဉ်းစားထားလိုက်ပေါ့ ရှင်လေး၊ ဒါဆို အဆင်ပြေသွားနိုင်ပြီလေ"

"ငါ သူ့ကို ဘယ်တော့မှ အလျှော့ပေးဖို့ မစဉ်းစားခဲ့ဘူး၊ အားမတန်လို့သာ မာန်လျှော့ထားရတာ၊ ဒက်ဒီ့ရဲ့ ချစ်ခြင်းမေတ္တာတွေအားလုံး သူ့ဆီ ကျရောက်သွားအောင် အရယူသွားတဲ့ သူ့ကို ငါ လုံးဝအခဲမကျေဘူး အစိမ်း"

"နင် သူ့ကို အဲဒီလောက်တောင် မုန်းနေလား ရှင်လေး"

"နင်တို့ထင်ထားတာထက် ပိုတယ် အစိမ်း"

"သိပ်မုန်းတာများရင် သိပ်ချစ်တယ်တဲ့၊ အမုန်းရဲ့နောက်ကွယ်မှာ အချစ်ရှိတာ သဘာဝပဲရှင်လေး"

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ဟာ၊ အမုန်းရဲ့နောက်မှာ

အချစ်ရှိရင်တောင် သူနဲ့ငါ့ကြားမှာတော့ ဖြစ်လာစရာ လုံးဝမ

အစိမ်း''

''အပြောမကြီးနဲ့နော်''

''တော်စမ်းပါ…အစိမ်းရဲ့၊ ရှင့်ပါးစပ်ကို ပိတ်ထားလိုက်

တော့၊ အဓိပ္ပါယ်မရှိတဲ့စကားတွေနဲ့ အာရုံမစားချင်ဘူး၊ ကဲ —

သူ့ဆီကိုသွားရအောင်''

''ဘာလုပ်မလို့လဲ…ငါတို့နဲ့ မိတ်ဆက်ပေးမလို့လား''

''တော်စမ်းပါ''

ရှင်အိပ်မက်ဆီက ခပ်စူးစူးဟောက်သံကြောင့် သူငယ်ချ

များ ဖြစ်တဲ့ အစိမ်းနဲ့ အပြာတို့ ဇက်ကလေးတွေပုကာ ပါးစပ်

တွေ ပိတ်သွားကြသည်။

ရှင်အိပ်မက်…

ခပ်တည်တည်ပင် သူ့အနားက တစ်လှမ်းချင်း လျှော

သွားလိုက်၏။

ပန်းပင်စိုက်ဖို့ ပြင်ဆင်နေတဲ့ မင်းညို့ငင်ရဲ့အနီး ခြေစုံရ

လိုက်တာနှင့် သူ့မျက်နှာလေး မော့ကြည့်လာ၏။

''မင်းညို့ငင်''

သူ ထိုင်နေရာကနေ ထရပ်လိုက်ပြီး…

''ပြောလေ…ရှင်အိပ်မက်၊ ကိုယ့်ကို ဘာခိုင်းစရာရှိ

လဲ''





''ရှင်…ကားမောင်းတတ်တယ်မဟုတ်လား မင်းညို့ငင်''

''ဗျာ''

''ကားမောင်းတတ်သလားလို့ မေးတာရှင့်''

''မောင်းတော့ မောင်းတတ်တယ် ရှင်အိပ်မက်၊ ဒါပေ

မယ့် ရန်ကုန်မြို့ရဲ့ ကားလမ်းကြောင်းတွေကိုတော့ သိပ်မကျွမ်းကျင်

သေးဘူး၊ ဘာဖြစ်လို့လဲဟင်''

''ဘာဖြစ်ရမလဲ…ကားမောင်းခိုင်းမလို့ပေါ့ရှင့်၊ ဈေးဝယ်

စရာရှိလို့ ရှင့်ကို ကားလိုက်မောင်းပို့ခိုင်းမလို့''

''စိတ်မကောင်းစရာပဲ ရှင်အိပ်မက်၊ ကိုယ် လမ်းကြော

တွေမသိသေးဘူး၊ အဲဒါ ဘယ်လိုလုပ်ရမလဲ''

''ကိစ္စမရှိဘူး…မင်းညို့ငင်၊ ကားလမ်းကြောမသိပေမယ့်

ဝယ်ထားတဲ့ပစ္စည်းတွေကိုတော့ သယ်တတ်မှာပဲ၊ ရှင် ကျွန်မနောက်

ကလိုက်ခဲ့ မင်းညို့ငင်''

''ဗျာ''

သူ…

အံ့သြသွားရသည်။

သူ့ကို ခြင်းဆွဲအဖြစ် လာခေါ်တာပဲ။

ရှင်အိပ်မက်ရဲ့စကားကြောင့် သူ့မျက်နှာလေး ဖြန်းခနဲ

ရဲတက်ကာ ရက်သွေးဖြန်းသွားရသည်။ ဒီမိန်းကလေးရဲ့ အနိုင်ကျင့်

မှုသည် တစ်စထက်တစ်စ ပိုရှုံကြီးထွားလာခဲ့သည်။ မိန်းကလေး

သူငယ်ချင်းတွေရှေ့ သူ့ကို အခုလိုဆက်ဆံတာ သူမလေး စိတ်ထဲ အတော်လေး အရသာရှိနေပုံပါပဲ။

သူ့ဘက်က အလျှော့ပေးလေလေ သူမလေးဘက်က တင်းလေ ဖြစ်နေသည်။ သိပ်ချစ်လွန်းလို့သာ သူမလေး စိတ်တိုင်းကျ နေပေးရတာ။ တစ်ခါတလေတော့ သူမလေးရဲ့ ဆိုးဝါးတဲ့ လုပ်ရပ်လေးတွေအတွက် ရင်ထဲမှာ နင့်နေအောင် ခံစားရသည်။

အန်ကယ်မင်းယံ၏ ကုမ္ပဏီအလုပ်ကို သူမလေး မလိုက်သွားစေချင်တာကြောင့် အကြောင်းအမျိုးမျိုးပြကာ သူနေခဲ့သည်။ နေ့တိုင်း သူမလေးရဲ့ကားကို သန့်ရှင်းရေးလုပ်ပေးခြင်း၊ အိမ်အလုပ်များ ဝိုင်းကူလုပ်ပေးခြင်းများနှင့်သာ အချိန်တွေကို ကုန်လွန်စေခဲ့၏။

အခုလည်း…

သူမလေးရဲ့ သူငယ်ချင်းမလေးတွေရှေ့မှာ သူ့ကို အထက်စီးကနေ ဆက်ဆံဖို့ ကြိုးစားနေချေပြီ။

"မင်းညို့ငင်…ကျွန်မပြောနေတာ ရှင်ကြားပါတယ်နော်"

"ကိုယ်မလိုက်လို့ မဖြစ်ဘူးလားဟင် ရှင်အိပ်မက်၊ ရှင်အိပ်မက် စိုက်နိုင်းထားတဲ့ ပန်းပင်တွေ အခုမှ ပျိုးမလို့လုပ်နေတာ"

"အဲဒါတွေထားလိုက် မင်းညို့ငင်၊ ကျွန်မက လိုက်ခဲ့ဆိုရင် ရှင်ဘာအကြောင်းမှ ဆက်ပြီးပြမနေနဲ့တော့"

သူမလေးရဲ့မျက်နှာမှာ ဒေါသရိပ်လေးတွေနဲ့ တင်းမာလို့။





ရှင်အိပ်မက်ရယ်…။

မင်းလေး…ဘာကြောင့် ကိုယ့်အပေါ်မှာ အဲဒီလောက် ဆောင် အံပြီးအတေးတွေ ကြီးမားနေရတာလဲကွာ၊ ကိုယ့်ကို ဘာဖြစ်လို့ မုန်းတီးနာကျင်နေရတာလဲ ချစ်ရယ်၊ ကိုယ် တကယ်ပဲ နားမလည်နိုင်တော့ဘူးကွာ။

"ကျွန်မပြောတာ ကြားလား မင်းညို့ငင်"

"ကောင်းပြီလေ…ရှင်အိပ်မက်၊ ကိုယ်လိုက်ခဲ့ပါ့မယ်၊ ခဏလေးနော် ကိုယ် သန့်ရှင်းရေးသွားလုပ်လိုက်ဦးမယ်"

"ဆယ်မိနစ်အတွင်း ဆင်းလာခဲ့ပါ မင်းညို့ငင်"

မာဆတ်ဆတ် အမိန့်ပေးသံကြောင့်…

သူမလေးရဲ့ မျက်နှာလေးကို ဖျတ်ခနဲ ငုံ့မိုးစိုက်ကြည့်လိုက်မိသည်။ စိမ်းသက်စူးရှသော ရှင်အိပ်မက်ရဲ့ မျက်ဝန်းအကြည့်လေးတွေနှင့် ဆုံတွေ့သွားရ၏။ သက်ပြင်းမောလေး တစ်ချက်ရှိုက်ကာ အကြည့်လေးလွှဲပြီး သူ လှည့်ထွက်ခဲ့မိသည်။

အနိုင်လိုသူရဲ့ လက်မှာ အရှုံးပေး ကြေအေးရတာ ထုံးစံပါပဲလေ။

ရှင်အိပ်မက်ရယ်…။

ကိုယ့်အပေါ်မှာ မင်းလေးစိတ်တိုင်းကျသာ အနိုင်ယူပါကွာ။

ကိုယ်…

ထာဝရ အရှုံးပေးပါ့မယ်ချစ်ရယ်။

မင်းလေးကျေနပ်တယ်ဆိုရင်ပဲ ရပါပြီချစ်ရယ်။

သူ…

သွက်လက်မြန်ဆန်သော ခြေလှမ်းလေးများနှင့် တိုက်အိမ်ကြီးဆီသို့ တရွေ့ရွေ့ လှမ်းလျှောက်လာခဲ့မိတော့သည်။

ကျောခိုင်းထွက်ခွာသွားတဲ့ မင်းညို့ငင်ရဲ့ နောက်ကျောလေးကို ငေးကြည့်ပြီး ကြည်နူးစွာ ပြုံးလိုက်မိသူက ရှင်အိပ်မက်ရယ်ပဲဖြစ်သည်။

"ရှင်လေးရယ်…အားနာစရာကောင်းလိုက်တာ၊ တို့ဘာသာသွားလည်း ရတဲ့ဥစ္စာ၊ ဘာကြောင့် သူ့ကို အနောက်ကနေ တကောက်ကောက် ပစ္စည်းလိုက်သယ်ဖို့ ခေါ်ရတာလဲဟ"

"ငါ ဘယ်မှာခေါ်မယ်ပြောလို့လဲ အစိမ်း"

"ဟင်…နင်ပဲ စောစောက ခေါ်ပြီးတော့"

"အဲဒါ အလကားပြောတာ၊ ကဲ…သွားကြစို့"

"ဘယ်လို…ရှင်လေး"

သူမရဲ့လုပ်ရပ်ကို သူငယ်ချင်းတွေက နားမလည်ကြချေ။

"သူ့ကို အလုပ်ရှုပ်အောင် တမင်လုပ်တာလေ၊ နင်စဉ်းစားကြည့်အစိမ်း ခန္ဓာကိုယ်တစ်ခုလုံး ညစ်ပတ်ပေရေနေတဲ့ လူတစ်ယောက်က သန့်ရှင်းသွားအောင်လုပ်မယ်ဆိုရင် အချိန်အနည်းဆုံး မိနစ်နှစ်ဆယ်လောက်တော့ ကြာမှာပဲ၊ အဲဒီအတွက် သူ့ကို တို့စောင့်





ရာမလိုတော့ဘူး၊ နောက်ထပ် ငါးမိနစ်ပြည့်တာနဲ့ တို့သွားလို့ရပြီ။

ပြောထားတဲ့ အချိန်အတိုင်းအတာအတွင်း မရောက်တဲ့အတွက် ထားခဲ့တာ ငါ့မှာအပြစ်မရှိတော့ဘူးလေ၊ အရေးကြီးတာက ငါ့ကြောင့် သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားရတယ်ဆိုရင်ပဲ ကျေနပ်ပြီ"

"အမလေး…အဲဒီလောက်တောင်ပဲ စေတနာတွေထားရသား ရှင်လေးရယ်"

"ဟုတ်ပါ့ဟယ်…မင်းညို့ငင်ကို အားနာလိုက်တာ"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြစ်တင်သံလေးက ထွက်လာ၏။

"ဘာပဲပြောပြော ငါ စိတ်အရမ်းချမ်းသာသွားရပြီ အစိမ်းရဲ့အပြာ"

"ရှင်လေး"

"ဘာလဲ"

"ငါ နင့်ကို တစ်ခုတော့ အသိပေးချင်တယ်"

"ဘာကိုလဲ"

"မင်းညို့ငင်…အခုလို နင့်အပေါ် အလျှော့ပေးလိုက်လျှော့နေတဲ့အကြောင်းအရင်းကိုပေါ့"

"ဘယ်လို"

"သာမန်ရိုးသားတဲ့စိတ် တစ်ခုနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်

ဘူးလို့ ထင်တယ်"

"ဘာ"

"သူ့မျက်ဝန်းတွေက ကြည်စင်မနေဘူး ရှင်လေး"

"အဓိပ္ပါယ်မရှိတာပဲ အစိမ်း"

"သူ နင့်ကို စိတ်ဝင်စားနေပြီ"

"တော်စမ်း…အစိမ်း၊ ဒါ နောက်စရာမဟုတ်ဘူး"

"နင်သိထားဖို့က ဘယ်လိုယောကျ်ားမျိုးကမှ ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ အနိုင်ယူထိုးနှက်မှုကို သည်းညည်းခံမှ မရှိတတ်ကြဘူး ရှင်အိပ်မက်။

ကြီးမားတဲ့ စော်ကားမှုကိုပဲဖြစ်ဖြစ် သေးငယ်တဲ့ အနိုင်ပိုင်းမှုကိုပဲဖြစ်ဖြစ် ယောကျ်ားမာနနဲ့ ပြန်ပြီး တုံ့ပြန်တတ်ကြတယ်လေ ရှင်လေး၊ မင်းညို့ငင်က အဲဒီလိုမဟုတ်ဘူး"

"ဟင်း…ဟင်း"

ရှင်အိပ်မက်ထံမှ ရယ်သံလွင်လွင်လေးကြောင့် အစိမ်း (ခေါ်) စိမ်းစိမ်းသူရဲ့ မျက်နှာလေး အနည်းငယ် ပျက်ယွင်းသွားသည်။ အပြာ (ခေါ်) ကြည်ပြာလွင်ကတော့ သူမတို့ကြားမှာ တိတ်ဆိတ်ငြိမ်သက်ပြီး နားထောင်ရုံသက်သက်သာ ရှိနေ၏။

"ဘာလဲ…နင်မယုံဘူးလား"

"ယုံချင်တယ် အစိမ်း"

"ဘယ်လို"





"ဟုတ်တယ် အစိမ်း၊ နင်ပြောသလို တကယ်ဖြစ်ရင် သိပ်ကောင်းမှာပဲ"

"ဒါ…ဒါဆို…နင်…နင်က"

"သူ့ကို ငါအရမ်းမုန်းတယ် အစိမ်း"

"ဟယ်"

"ဟင်"

"ဟုတ်တယ် အစိမ်း၊ ငါသိပ်မုန်းတဲ့ ငါ့စိတ်တွေကို ကျေအောင် လုပ်တဲ့ သူ့ကို တန်ပြန်တုံ့ပြန်နိုင်ဖို့ သူ့ရဲ့စိတ်ဝင်စားမှုနေမှသာ အထိရောက်ဆုံး လက်စားချေနိုင်မှာလေ"

"နင် အရမ်းပြောင်းလဲသွားတာပဲ ရှင်လေးရယ်၊ တော်တော်မယုံနိုင်ဘူး"

"အဟင်း…ဟင်း အဲဒီလို ပြောင်းလဲသွားအောင် သူပဲ လုပ်ခဲ့တာလေ အစိမ်း"

"ရှင်လေးရယ်"

"ကဲ…ဆယ်မိနစ်ပြည့်သွားပြီ၊ ကိုယ်တို့သွားကြစို့"

ပြောလည်းပြော ရှင်အိပ်မက်တစ်ယောက် ကားလေးပေါ်သို့ တက်လိုက်တာကြောင့် စိမ်းစိမ်းသူရော ကြည်ပြာလွင်ပါ ကားလေးပေါ် အသီးသီး ဝင်ထိုင်လိုက်ရတော့သည်။

## အခန်း (၉)

သိပ်လှတာပဲ ရှင်အိပ်မက်ရယ်။

မနက်ခင်း နေခြည်နုလေးအောက်တွင် မွေးပျံ့သော သင်းရနံ့လေးများနှင့် အပြိုင်အဆိုင် ပွင့်ဖူးနေသော ရောင်စုံနှင်းဆီပွင့်လေးများကို တို့ထိဆော့ကစားကာ စိတ်လွတ်လပ်ပျော်ရွှင်နေသည့် ရှင်အိပ်မက်၏ အသွင်လေးကိုကြည့်ပြီး မင်းညို့ငင်တစ်ယောက် ရင်ထဲကနေ တီးတိုးကလေး ရေရွတ်လိုက်မိသည်။

သူ့ရှေ့ရောက်တိုင်း တင်းမာမှုန်ကုတ်နေသော မျက်နှာလေးက အခုတော့လည်း ကြည်လင်လန်းဆန်းကာ နေခြည်နုကြောင့် ဖူးတံခနဲ ပွင့်ဖူးသွားတဲ့ ပန်းပွင့်လေးတစ်ပွင့်နှယ် မြင်ရသူရင်ကို အေးမြနေစေသည်။





အပေါ်ထပ်ဝရန်တာမှတစ်ဆင့် သူမလေးရှိရာသို့ မျက်တောင်မခတ် စိုက်ကြည့်နေသော သူ့ကို ရှင်အိပ်မက်ကတော့ နည်းနည်းလေးမှ သတိထားမိခြင်းမရှိပါချေ။ နှင်းဆီပွင့်လေးတွေကို ငေးမောကြည့်ကာ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့ပျောက်ထားပုံရသော သူမကို စိတ်ရှိတိုင်း ငေးမောကြည့်နေမိ၏။

အံ့သြစရာကောင်းလိုက်တာ…။

ရှင်အိပ်မက်က နှင်းဆီပန်းပွင့်လေးတွေကို တော်တော်လေး မြတ်နိုးပုံပါပဲ။

ခြံထဲမှာ ပန်းတွေအစုံရှိတာကိုတောင် တခြားပန်းပွင့်လေးတွေအနားမသွားဘဲ နှင်းဆီပင်လေးတွေရှိတဲ့ နေရာလေးမှာသာ သူမလေး ရှိနေခဲ့သည်။ နှင်းဆီပွင့်လေးတွေကိုသာ မက်မက်မောမော ကိုင်တွယ်ကာ နမ်းရှိုက်နေ၏။

ထူးခြားမှုတစ်ခုက…

ပန်းပွင့်လေးတွေကို သူမလေး မခူးပါ။ ဦးခေါင်းထက်မှာ ပန်ဆင်လိုတဲ့ဆန္ဒလည်း ရှိဟန်မတူ။ သို့သော် ပန်းပွင့်လေးတွေကို ကြည့်ပြီး မချင့်မရဲလေးဖြစ်နေပုံကမူ အထူးအဆန်းတစ်ခုလို ဖြစ်နေပြန်ပါသည်။

သူ…

မြင်ကွင်းလေးကို ဆက်ပြီး ငေးမောကြည့်နေချင်မိ၏။ သို့ပေမယ့် သူမလေး မြင်တွေ့သွားလျှင် ဒီထက်ကြီးမားတဲ့ ပြဿနာ

တစ်ခုကို ရင်ဆိုင်ရမှာမို့ သက်ပြင်းလေးတစ်ချက်ရှိုက်ကာ ဝရန်တာပေါ်ကနေ ပြန်လှည့်ထွက်ခဲ့သည်။

မနေ့က…

သူမလေး တမင် သူ့ကို စိတ်ရှုပ်ထွေးအောင် လုပ်သွားတာကို သတိရမိ၏။ သူမလေးရဲ့ အနောက်ကနေ လိုက်ပါရမည်ဆိုပြီး ပြင်ဆင်နိုင်းကာ တမင်ချိန်ရစ်ထားခဲ့ကာ သူပြင်ဆင်ပြီး အောက်ထပ်ကို ဆင်းလာတော့ ကားစက်နိုးကာ မောင်းထွက်သွားသံကို ကြားရသည်။

ဒါ…ရှင်အိပ်မက် တမင်လုပ်တာပဲ။ မဖြစ်နိုင်တဲ့အချိန်အတိုင်းအတာတစ်ခုကို ပေးပြီး ဖွတ်လုပ်နိုင်းသည့်သူ့ကို တမင်သက်သက် ပညာပေးမှန်းသိလျက်နှင့် သူမလေးအပေါ် နားလည်စွာ ခွင့်လွှတ်ပေးနိုင်ခဲ့သည်။ သူမလေး ချိန်ရစ်ထားခဲ့တာကို ဘာတစ်ခွန်းမှ အပြစ်တင်ခြင်းမရှိဘဲ သူ အပြုံးလေးနှင့်သာ နေခဲ့မိ၏။

ရှင်အိပ်မက်ရယ်…။

မင်းလေး…

ဘာကြောင့်များ ကိုယ့်ကို အဲဒီလောက်တောင် နာကြည်းမုန်းတီးနေရသလားကွာ။

ယုံတောင်မယုံနိုင်အောင်ပဲ ချစ်ရယ်။

ကိုယ်ဘယ်လိုလုပ်မှ မင်းရဲ့စိတ်တွေ ပြေလျှော့မှာလဲကွာ။

အတွေးလေးကြောင့် သူ့ရင်ထဲက နှလုံးသားနုနု နာကျင်





ူးရသွားရ၏။ ခေါင်းလေးငိုက်စိုက်ကျကာ လေးလံသော ခြေလှမ်းကလေးများနှင့် အောက်ထပ်သို့ ဆင်းမည်အပြု…

"ဟာ"

"အို"

"အမေ့"

လှေခါးထိပ်တွင် တိုက်တိုက်ဆိုင်ဆိုင် အပေါ်ထပ်သို့ တရှိန်ိုး အပြေးလေးတက်လာသော သူမကလေးနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့သွားရသည်။ နှစ်ဦးသား ဝင်တိုက်မိခြင်းမရှိသော်လည်း ှင်သက်စွာ တစ်ယောက်ကိုတစ်ယောက် ကြောင်ငေးပြီး ကြည့်နေိသည်။

မင်းညို့ငင်ရဲ့ ရှုန်းလဲ့တောက်ပလွန်းတဲ့ မျက်ဝန်းအကြည့်များက ရှင်အိပ်မက်ရဲ့ မျက်နှာလေးကို တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လို စူးစူးနှစ်နှစ်လေး စိုက်ကြည့်နေမိသည်။ ရင်ထဲက နှလုံးခုန်သံတွေ တထိတ်ထိတ် မြန်ဆန်လာရ၏။ မျက်ဝန်းလေးထဲက ထူးခြားဆန်းပြားသော အရိပ်အယောင်များ ယှက်သန်းကာ သိစိတ်အာရုံတွေ ဖျတ်ခနဲ လွင့်ပျောက်သွားရသည်။

"အို"

"ရှင်"

"ဒါ…ဘာလုပ်တာလဲ၊ ရှင်…ရှင်နော်…လွှတ်"

အလန့်တကြား တားဆီးလိုက်သံလေးက တဒင်္ဂ တိတ်

ဆိတ်သွား၏။ ထိန်းချုပ်ထားရသမျှ ပေါက်ကွဲနေရသူ မင်းညို့ငင် တစ်ယောက်ကတော့ သူ့ရှေ့မျက်နှာချင်းဆိုင် တည့်တည့်တွင် ရှိနေသော ရှင်အိပ်မက်ရဲ့ ကိုယ်လေးကို ရင်ခွင်ထဲ တင်းနေအောင် ပွေ့ဖက်ကာ မျက်နှာလေးအနှံ့ တရှိုက်မက်မက် နမ်းရှိုက်နေမိတော့သည်။

"ချစ်တယ်…ရှင်လေးရယ်"

"ကိုယ်…မင်းလေးကို ချစ်နေမိပြီ"

တိုးလျလျ ဝန်ခံစကားသံလေးက လှိုင်းထလို့။

လုံးဝမထင်မှတ်ထားသည့် အဖြစ်အပျက်မို့ ရှင်အိပ်မက် ကိုယ်တိုင်လည်း အံ့သြနေရသည်။ အသိစိတ်တွေ ဝေဝါးနေပြီးမှ သတိရကာ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ ကြိုးစားမိ၏။ သို့သော် တင်းကြပ်သော အပွေ့အဖက်များကြောင့် သူမ ဘယ်လိုမှ မလွတ် မြောက်နိုင်ခဲ့ပါ။ နွယ်ရင်တစ်ကောင်လို သန်မာသော လက်များ ကြားတွင် သူမခန္ဓာကိုယ်လေး နစ်မြုပ်နေရသည်။

"ကိုယ့်ကို ဘာကြောင့် အဲဒီလောက်တောင် နာကြည်း မုန်းတီးနေတာလဲ ချစ်ရယ်၊ ကိုယ် တကယ်ပဲ နားမလည်နိုင်တော့ဘူး"

"ဟင့်အင်း"

"ရှင်နော်"

"လွှတ်လို့ပြောနေတယ်၊ လွှတ်…အို"





သူ့အနမ်းနွေးနွေးက သူမနားသယ်စပ်လေးသို့ လာရောက် ထိကပ်လာတာမို့ အသည်းလေး စိမ့်ခနဲ အေးတက်သွားရသည်။ ထူးခြားဆန်းပြားသော အတွေ့အထိကြောင့် ဝမ်းနည်းခြင်း၊ ရှက်ရွံ့ခြင်း၊ ဒေါသဖြစ်ခြင်းများနှင့် ခံစားချက်အမျိုးမျိုးရှိကာ နှလုံးသား တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေခဲ့သည်။

"ချစ်တယ်…ရှင်လေး"

"မင်းလေးကို မြင်မြင်ချင်းပဲ ကိုယ့်ရင်ထဲက နှလုံးသား တွေ ထိန်းချုပ်ထားလို့မရအောင်ကို ချစ်နေခဲ့မိတာပါ၊ ကိုယ်ဘယ်လို လုပ်ရမလဲဟင် မင်းရဲ့အချစ်တွေကိုရဖို့ ကိုယ်ဘယ်လိုလုပ်ရမလဲ"

အနမ်းလေးတွေက လည်တိုင်ကျော့ကျော့ဆီဆင်းလာတော့ သူမရဲ့မျက်နှာလေး မော့သွားရသည်။ အံ့သြတုန်လှုပ်သော မျက်ဝန်း လေးတွေနှင့် သူ့ဆီလှမ်းကြည့်မိတော့ အသနားခံသော မျက်ဝန်း လေးတွေနှင့် မျက်ခွံလေးပင့်ကာ မော့ကြည့်ရတာနှင့် ဆုံသွားရ၏။ သူမအကြည့်လေးကို ချက်ချင်းလွှဲပစ်လိုက်ရသည်။

ရှက်ရွံ့ထူပူစွာပင် သူ့လက်တွေကို ဆွဲခွာနေမိ၏။

"လွှတ်နော်…မင်းညို့ငင်"

"အခုချက်ချင်း…လွှတ်စမ်း"

"မလွှတ်ဘူးကွာ"

"ဘာ"

"ကိုယ်…မင်းကို သိပ်ချစ်တယ် ရှင်လေး"

"မကြားချင်ဘူး...မကြားချင်ဘူး၊ ရှင်ဆက်မပြောနဲ့"

"ရှင်လေး"

"မခေါ်နဲ့...ရှင် ကျွန်မကို အဲဒီလိုခေါ်စရာမလိုဘူး၊ ရှင်လေးဆိုတာ ကျွန်မ သိပ်ချစ်တဲ့လူတွေကိုပဲ ခေါ်စေချင်တာ၊ ရှင့်ကို ခေါ်ခွင့်မပြုဘူး မင်းညို့ငင်"

ရှင်လေးရယ်...။

စိမ်းကားခါးသက်လွန်းသော ချစ်ရသူလေးရဲ့ စကားကြောင့် သူ့နှလုံးသားလေး နင့်သည်းသွားရသည်။ ပွေ့ဖက်ထားသော လက်ကလေး ပြေလျော့အသွားမှာတော့ အတင်းတွန်း ရုန်းကန်ထွက်ကာ မြန်ဆန်သွက်လက်သော လက်တွေက ဆတ်ခနဲ လွှပ်ရှားသွား၏။ သူ...သတိထားမိသော်လည်း ရှောင်ဖယ်ဖို့တော့ စိတ်မကူးမိပါ။

"ကဲဟယ်...ယုတ်မာဦး"

"ဖြန်း"

"ဖြန်း"

လည်ထွက်သွားသော သူ့မျက်နှာကို နာကြည်းမုန်းတီးစွာ ခပ်စူးစူး တစ်ချက်ကြည့်လိုက်ပြီး နေရာကနေ လှစ်ခနဲနေအောင် သူမ ပြေးထွက်ခဲ့မိတော့သည်။

ရှင်လေးရယ်...။

အနားကနေ လှစ်ခနဲနေအောင် ပြေးထွက်သွားတဲ့ ချစ်သူ





လေးကိုကြည့်ပြီး ခေါင်းလေး ငိုက်စိုက်ကျသွားရသူကတော့ မင်းညို့ငင်ရယ်ပါ။

မှားသွားပြီလို့ ကိုယ့်ကိုယ်ကို နောင်တမရချင်ပေမယ့် အခုလို မမျှော်သိပ်မထိန်းချုပ်နိုင်လောက်အောင် ဖြစ်သွားရတာကိုတော့ သူကိုယ်တိုင်ပင် အံ့ဩနေရသည်။ သူ့ကိုယ်သူ ဘာတွေဖြစ်လို့ ဖြစ်သွားမှန်း စဉ်းစားလို့တောင်မရချေ။

သေချာတာကတော့...

သူ့ရင်တစ်ခုလုံး ပေါ့ပါးသွားတာပဲ။

တစ်ချိန်လုံး တစ်စုံတစ်ခုကို ထမ်းပိုးထားရသလို လေးလံနေတဲ့ ရင်ထဲမှာ အခုတော့ လန်းဆန်းပေါ့ပါးလို့နေသည်။ နာကျင်စပ်ဖြင်းသွားသော ပါးပြင်ကို တို့ထိစမ်းကာ ပွတ်သပ်ရင်း နေရာလေးမှာ ရပ်နေမိဆဲ။

သူ...

ဘာဆက်လုပ်ရမလဲမသိတော့ပါ။

ရှင်အိပ်မက်ရဲ့ အခန်းတံခါးချပ်လေးကို ထုပြီး တောင်းပန်ရမလား။

ဟင့်အင်း...။

သူ မတောင်းပန်ချင်ပါဘူး။ တောင်းပန်တယ်ဆိုတာ တစ်စုံတစ်ခုကို အပြစ်လုပ်မိလို့ ကိုယ်လိပ်ပြာလုံအောင် အကာအကွယ်ယူခြင်းသက်သက်ပဲ။ သူက အမှားလုပ်မိတာမှ မဟုတ်တာ

သိပ်ချစ်လို့ချစ်မိတယ်လို့ ဝန်ခံခဲ့တာပါ။

သူ့ရင်ထဲ၊ နှလုံးသားထဲ၊ အသည်းထဲကနေ ချစ်မိနေပြီဆို တဲ့ အကြောင်းကို ဖွင့်ဟခဲ့တာ အပြစ်မှမဟုတ်တာပဲ။

ရှင်လေးရယ်…

ကိုယ်…မင်းလေးကို တကယ်ပဲ ချစ်မိလို့ပါဗျာ။

ကိုယ့်ကို နားလည်ပေးပါလား ရှင်အိပ်မက်ရယ်။ ကိုယ့် ရင်ခုန်ခြင်းလေးတွေ သေဆုံးသွားအောင် မရက်စက်လိုက်ပါနဲ့နော်။ ကိုယ် ဒီထက်ပိုပြီး မခံစားနိုင်တော့လို့ပါ အချစ်ရယ်။ မင်းညိုင် တစ်ယောက် ရင်ထဲကနေ ခပ်ကြိတ်ကြိတ်လေး တောင်းဆိုနေမိတော့ သည်။

ရှင်အိပ်မက်မှာတော့…

သူမရဲ့ မငြိမ်သက်သော ရင်ခုန်သံတို့ကို ယခုတိုင် ဒေါသ ဖြစ်လို့မဆုံး ရှိရ၏။ ဘာကြောင့် ဒီအကြောင်းကို ထပ်တလဲလဲ ပြန်မြင်ယောင်နေမိရတာလဲ။ အာရုံထဲကနေ ဆွဲဖယ်ထုတ်လို့မရ အောင် စိုးမိုးနေတာလဲဆိုတာ စဉ်းစားလို့တောင်မရ။

ရက်ရွံ့နေမိတုန်း…။

တစ်စုံတစ်ခုကို ရင်ဆိုင်ဖို့တွေဝေနေတုန်းပါပဲ။

ဘယ်လိုဖြစ်ရတာလဲ။

ဒါ…

ရှင်အိပ်မက်တဲ့လား။





ခန္ဓာကိုယ်တစ်ခုလုံး သယ်မရပ်တည်လို့မရအောင် ငြိုလဲ နေတာ ရှင်အိပ်မက်တဲ့လားဟင်။ သူမအမုန်းဆုံး ယောကျ်ားတစ် ယောက်ရဲ့ လှလှပပစော်ကားမှုအောက်မှာ ဦးညွှတ်အရှုံးပေးခဲ့တာ ရှင်အိပ်မက်တဲ့လား။

မုန်းလိုက်တာ။

သူမကိုယ်သူမ မှန်ရှေ့မှာတောင်ရပ်ကြည့်ဖို့ အင်အားပင် မရှိတော့။

စိတ်လှုပ်ရှားမှုတွေကြောင့် သူမခန္ဓာကိုယ်လေးက တဆတ်ဆတ် တုန်ယင်နေဆဲရယ်ပါ။

အပြာရောင် ဖဲဖွေ့ယာထက်တွင် ခွေယိုင်ကာလဲကျနေခဲ့ သည်။

အစ်မ်း…။

သူမနားထဲမှာ သူငယ်ချင်းဖြစ်သူ အစ်မ်းရဲ့စကားတွေကို ပြန်လည်ကြားယောင်နေမိ၏။ ထိုအချိန်က သူမအလေးအနက်မထား ခဲ့ပင် နေခဲ့သည်။ မင်းညိုင်ဆီက အလစ်အငိုက်တိုက်ခိုက်လာမှု ကို ရှောင်ချိန်မရလောက်အောင် ခံလိုက်ရသည်။

ဒီတစ်ကြိမ်မှာလဲ…

ရှင်အိပ်မက် ရှုံးသွားပြန်ပြီပေါ့…။

ရှင်…

သိပ်တော်တာပဲ မင်းညိုင်း။

ကျွန်မကို…ရှင်လှလှပပကြီး အနိုင်ပိုင်းသွားနိုင်ပြန်ပြီလေ။ ရှင်အိပ်မက်ရဲ့ ပါးပြင်လေးထက်…မျက်ရည်များ တစ်ပေါက်ချင်း စီးကျလာရ၏။

ကြေကွဲစွာ…

ဝမ်းနည်းစွာ…

နာကျင်စက်ဆုပ်စွာဖြင့် မာယာသိမ့်သိမ့် ရှိုက်ငိုမိလိုက်ပါတော့သည်။

⊙ ⊙



## အခန်း (၁၀)

တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် တွေ့ရမှာ အင်မတန် ဝန်လေးသော်လည်း တစ်မိုးအောက်တည်းတွင် အတူ နေတာမို့ ရှောင်ပုန်းနေ၍လည်း မရခဲ့ပါ။ မနက်မိုးလင်းတာနှင့် နက်စာစားပွဲဝိုင်းလေးတွင် ဒက်ဒီအပါအဝင် သူမနှင့်သူပါ တစ်ဝိုင်း တည်း ထိုင်မိကြသည် ဆိုလျှင်ပဲ ရှင်အိပ်မက်ရဲ့ မျက်နှာလေးကို အစွမ်းကုန် တင်းမာထားမိသည်။

ရက်စွဲ့ထုပ္ပမှုတွေက သူရှေ့ရောက်တိုင်း သူမရင်ကို လေးလံနေစေ၏။ ဟန်ဆောင်မှုအတတ်ပညာကို တဖက်ကမ်း တ်အောင် တတ်မြောက်ထားသော ရှင်အိပ်မက်တစ်ယောက် ဒီတစ် ါတော့ အကျုံးကြီးကျုံးကာ သူနှင့်မျက်နှာချင်း မဆိုင်ရသည့်

နည်းလမ်းကလေးများကိုသာ ရှာဖွေနေခဲ့ရသည်။

စဉ်းစားမိတိုင်း…သူမဘာယ်လိုမှ ခွင့်မလွှတ်နိုင်လော

အောင် မုန်းနေမိ၏။

ပိုပြီး ဆိုးတာက…

အမှားကို စိတ်လိုလက်ရ ကျူးလွန်ခဲ့သော မင်းညို

ဘက်က သူ့အမှားအတွက် တောင်းပန်ခြင်း တစ်စက်ကလေး

မရှိဘဲ မျက်နှာပြောင်တိုက်ကာ နေနိုင်ခဲ့ခြင်းကိုပဲ။

ထုံးစံအတိုင်း…

မနက်မိုးလင်းတာနှင့် ဒက်ဒီ့ကားနဲ့ သူမရဲ့ကားလေး

ရေဆေးပြီး…လက်လက်ထနေအောင် သန့်ရှင်းရေးလုပ်ပေးပြီး၊

လေးရဲ့ အခန်းထဲ တစ်နေ့ကို ပန်းလေးတစ်ပွင့် ပန်းအိုးထိုးပေး

တတ်တာလေးကိုတော့ လုပ်မြဲအတိုင်းလုပ်နေခဲ့သည်။

သူ့ဖက်က သွေးအေးအေးနဲ့ နေနိုင်လေလေ သူ

အသည်းတွေ ကျလိကျလိယားလေပဲ။ စိတ်ရှိလက်ရှိ သူ့မျက်

ကြီးကို လက်သည်းချွန်ချွန်များဖြင့် ကုတ်ဖဲ့ပစ်လိုက်ချင်သည်

သူမနဲ့ သူ့အဖြစ်ကို ဒက်ဒီအနည်းအကျဉ်း ရိပ်မိပုံ

သာမန်မသင့်မြတ်မှုဟုထင်ကာ မသိမသာကလေး သူမကိုဆုံး

သည်။

"ဒေါက်…ဒေါက်"

"ဒေါက်"





အခန်းတံခါး ခေါက်သံကြောင့် တွေးလက်စကလေးများ ပြတ်တောက်သွားရ၏။ စင်ရော်ဘောင် မျက်ခုံးလေး နှစ်ဘက်က အလိုမကျမှုကြောင့် တွန့်ကြုံ့သွားသည်။ တံခါးရွက်လေးဆီ သူမ အကြည့်လေးတွေ စူးခနဲရောက်သွားသည်။

"ဒေါက်…ဒေါက်"

တံခါးခေါက်သံက ထပ်မံပေါ်ထွက်လာပြန်သည်။

"ဘယ်သူလဲ"

စိတ်မရှည်စွာ ခပ်ဆတ်ဆတ် ပြန်မေးလိုက်မိ၏။

"ကိုယ်ပါ…ရှင်လေး"

ဟင်…။

မင်းညိုငင်။

သူ…သူပါလား။

ရှင်အိပ်မက်ရဲ့ အခန်းတံခါးကို လာခေါက်သူက မင်းညို ငင်ဆိုတဲ့ လူဖြစ်နေတာကြောင့် သူမရင်လေး ဆတ်ခနဲခုန်သွားရသည်။

"ဘာကိစ္စလဲ"

တုန်ယင်ချင်နေတဲ့ အသံကိုထိန်းရင် ပြန်မေးမိ၏။

"မင်းကိုတွေ့ချင်လို့ ရှင်လေး၊ ပြီးတော့ မင်းကိုပြောစရာ သည်းရှိသေးတယ်၊ ကိုယ့်ကို ခဏလောက်ထွက်တွေ့နိုင်မလား ရှင်လေး"

အောင်မာ…

တောသားကများ ကြီးကျယ်လို့။

သူတွေ့ချင်တိုင်း ရှင်အိပ်မက်က ထွက်တွေ့ပေးရမယ့်

လား။

ဟွန်း…။

တော်တော်လူပါးဝတဲ့လူ…ဒက်ဒီကို ပြန်တိုင်ရမှာ သူ့

ရှက်လွန်းလို့သာ သင်းအခုလိုနေနိုင်တာ၊ မဟုတ်ရင် သင်း အ

လောက်ဆို ရွာကို ခေါင်းနဲ့ဆင်းပြေးရပြီပဲ။

"ရှင်လေး"

"ဆောရီးပဲ…ကျွန်မ မအားဘူး မင်းညို့ငင်"

သူမအိပ်ရာထဲ တုံးလုံးလှဲနေရာမှ ပြန်ဖြေလိုက်သည်။

"ခဏလေးပါပဲ…ရှင်လေး၊ ကိုယ်…အရေးကြီးတဲ့ ကိ

တစ်ခု မင်းကိုအသိပေးချင်လို့ပါ၊ ပြီးတော့…မင်းရဲ့ခွင့်ပြုချက်လည်း

လိုချင်လို့"

ဟင်…။

ရှင်အိပ်မက်ဆီက ခွင့်ပြုချက်လိုချင်လို့တဲ့။

သိပ်ကို ရယ်စရာကောင်းလိုက်တဲ့ စကားပဲ…လူတ

ယောက်ရဲ့ ဆန္ဒတစ်စုံတစ်ရာကို အသိအမှတ်မပြုဘဲ သူစိတ်

သူ့သဘောအတိုင်း ပြုမူဆက်ဆံဖို့ ဝန်မလေးတတ်တဲ့ လူက အ

အဆန်းတွေလုပ်ပြီး…ရှင်အိပ်မက်ဆီက ခွင့်ပြုချက်ကို လာတောင်





…။

ရှင်မှတ်ထားစမ်း…မင်းညို့ငင်။

ဟော့ဒီကမ္ဘာကြီးထဲမှာ…ကျွန်မခွင့်မလွှတ်နိုင်တဲ့ လူဆို

… ရှင်တစ်ယောက်တည်းပဲ ရှိတယ်ဆိုတာကိုပေါ့။

"ရှင်လေး"

"ဒီမှာ…မင်းညို့ငင်၊ ရှင်…အခုချက်ချင်း ကျွန်မ အခန်း

…က နေ ထွက်သွားတော့သိလား။ ရှင့်အသံကို လုံးဝမကြားချင်

…။ ရှင့်မျက်နှာကိုလဲ မမြင်ချင်ဘူး။ ရှင်…ကျွန်မနဲ့ အကင်းဆုံး

…ပါ။ ဒါဟာ…ရှင့်ကို နောက်ဆုံးအကြိမ် သတိပေးခြင်းပဲ

…ညို့ငင်"

ရှင်လေးရယ်။

ကိုယ့်အပေါ်မှာ အဲ့ဒီလောက်တောင် နာကြည်းသွားပြီလား

…။

မင်းညို့ငင်ရဲ့ ခေါင်းလေးငိုက်စိုက်ကျသွားရချေပြီ။ ရှင်အိပ်

…နှင့် ပတ်သက်ပြီး အရာအားလုံးကို သည်းခံခွင့်လွှတ်နိုင်သော်

…ည်း အခုလို ရှောင်ဖယ်နေခြင်းကိုမူ သူ့ရင်ထဲက နှလုံးသားလေး

…က မခံစားနိုင်တော့ပါ။

သူမလေး စိတ်ကျေနပ်လောက်မည့် အတိုင်းအတာ တစ်ခု

…ရောက်အောင် ဖြည့်ဆည်းပေးချင်သည်။

နောက်ပြီး…

အန်ကယ်မင်းယံ့ရဲ့ အစီအမံတွေ။

ရှင်အိပ်မက်ကို အသိပေးချင်မိသည်။ ရှင်အိပ်မက်ဆီက ခွင့်ပြုချက်လေးကို သူလိုလားတောင့်တနေမိ၏။ အန်ကယ်က သူ့ကို နိုင်ငံခြားဘာသာစကားတွေ သင်တန်းလိုက်တက်ဖို့ စီစဉ်နေတာ လေ။

ဒါကို...

ရှင်အိပ်မက်က လက်ခံချင်ပါ့မလား။

သူဘယ်လောက်ပဲ အန်ကယ်မင်းယံ့ကို ငြင်းပယ်ခဲ့...ငြင်း ပယ်ခဲ့ ဖွတ်အတင်း တက်နိုင်းနေတာမို့ သူမလေးဆီ လာအသိပေး ခြင်းဖြစ်သည်။

"ရှင်လေး"

"ဒီမှာ...မင်းညို့ငင်၊ အဲ့ဒီနာမည်ကို မခေါ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ၊ နားခါးတယ်ရှင်"

အခန်းတံခါးလေးမဖွင့်ဘဲ အထဲကနေ ရန်တွေ့နေတဲ့ သူမလေးရဲ့ လုပ်ရပ်ကိုကြည့်ပြီး သူမျက်နှာချောချောကြီးက ပြုံး သွားရ၏။ ဟိုနေ့က သူ့ရဲ့ အချစ်ကြမ်းမှုကြောင့် သူမလေး အခုလို မျက်နှာချင်းဆိုင် မတွေ့ဆုံရဲတော့တာ သတိထားမိပြီး အပြင်ကို ထွက်လာတွေ့ဖို့ တောင်းဆိုမိခြင်းကို နောင်တလေးပင်ရသွားရသည်။

သို့သော်...

သူမလေးကို တွေ့ချင်မြင်ချင်တဲ့ သူ့စိတ်တွေက ထိန်းချုပ်





လောက်အောင် ရှိနေတာမို့ အလျှော့ပေးပြီး လှည့်ပြန်မသွားချင်။ ကယ်ဆိုလျှင် သူမရဲ့ အခန်းတံခါးသော့ကို သူဖွင့်နိုင်ပါသည်။ သော် သူလုံးဝ မဖွင့်လိုပါ။ သူမလေးကိုယ်တိုင် သူ့ကို ထွက် တာလေးကိုပဲ လိုချင်မိသည်။

ရှင်အိပ်မက်ရဲ့စိတ်တွေကို နောက်ထပ် ဒဏ်ရာပြင်းပြင်း မပေးလိုတော့။ သို့ပေမယ့် အခုကိစ္စကိုလည်း အသိမပေးလို့ ပြန်ပါ။

"ကိုယ်မင်းကို စကားအကောင်းပြောမလို့ပါ...ရှင်လေး"

"မပြောနဲ့...ကျွန်မ မကြားချင်ဘူး"

ကျွတ်...။

ပြသနာပဲ။

ရှင်အိပ်မက်ကို ကြည့်ရတာ ခေါင်းမာမာနဲ့ သူ့ကို ထွက် မည့်ပုံမရ။

"ကောင်းပြီ...ရှင်လေး၊ မင်းမကြားချင်ဘူးဆိုရင်လည်း ယ်မပြောတော့ပါဘူး၊ ကိုယ်...သွားပါတော့မယ် ရှင်လေးရယ်"

သူဟာ...

သူမ မနှစ်သက်ပါဘူးဆိုတဲ့ နာမည်လေးကိုပဲ တွင်တွင် နေခဲ့သည်။ အဲ့ဒါကိုပဲ ရှင်အိပ်မက်ကလည်း မကြိုက်တာပါ။ လို တစ္ဆတ်ထိုး အကျင့်စရိုက်များကို မုန်းသည်။ စက်ဆုပ်ရွံရှာ အထူးသဖြင့် သူ့လိုလူမျိုးဆီက ရရှိတာတွေကိုပေါ့လေ။

တွေးမိတိုင်း ဒေါသတွေ တလိမ့်လိမ့်တက်ကာ ပေါက်ကွဲခြင်းစိတ်တွေက ပြင်းထန်လာရ၏။ ဘာ့ကြောင့် အခုလိုဖြစ်နေရတာလဲ…သူနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အာရုံထဲကနေ ဖျောက်ဖျက်မရ နိုင်ခဲ့တာလဲဆိုတာလည်း သေချာမသိတော့ပါ။

ညှို့ငင်နေသော မျက်ဝန်းတွေ၊ လှိုက်ဖြာနွေးထွေးသော အနမ်းတွေ၊ ချိုရှရှ စကားသံတွေက သူမရဲ့စိတ်ကို သွေးဖျော်လောက်အောင် ခြိမ်းခြောက်နေခဲ့ဖြစ်သည်။

တကယ်ဆိုရင်…

ရှင်အိပ်မက်ဆိုတာ ယင်ဖိုတောင်မသန်းဖူးသေးတဲ့ ပန်းမိုင်လေးတစ်ပွင့်ပါ။ သူမဘဝမှာ…သူမချစ်တဲ့သူနဲ့ ဘဝတစ်လျှောက်လုံးကို ပုံအပ်ချင်လောက်တဲ့ အရည်အသွေးပြည့်မီတဲ့ ယောကျ်ားတစ်ယောက်ကိုသာ အသန့်စင်ဆုံး ပေးအပ်ဖို့ ဆုံးဖြတ်ချက်ချထားသူဖြစ်သည်။

တခြားမိန်းကလေးတွေ အတွက်တော့ ဘယ်လိုစိတ်ကူးယဉ်မှုမျိုး ထားရှိမလဲမသိ။ သူမကတော့…သူမဘဝရဲ့ လက်တွဲဖော်ဟာ သူမ အထင်ကြီးလေးစားလောက်သည့် အရည်အချင်းများစွာကို ပိုင်ဆိုင်ထားသူသာ ဖြစ်စေရမည်။ ပညာအရာမှာရော၊ ပစ္စည်းဥစ္စာမှာပါ အများတကာ အံ့သြငေးမောရလောက်အောင် ပြည့်စုံနေသော လူတစ်ယောက်ကိုသာ ရွေးချယ်ရယူလိုသည်။

သူမကိုယ်တိုင်လဲ…





ယောကျ်ားတစ်ယောက်ရဲ့ ရွေးချယ်ရယူချင်လောက်သည့် မိန်းမတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့၏။

မထင်မှတ်စွာပင်…

သူမရဲ့ပါးပြင်ထက် အနမ်းများစွာခြွေခဲ့သူသည် ဘာအရည်အချင်းမှ မရှိသော ခပ်တုံးတုံး တောသားတစ်ယောက်ဖြစ်ခဲ့သည်။ သူမရင်ကို မိန်းမောသွားအောင် ခုန်လှုပ်စေခဲ့သော လူသည် တစ်နည်းအားဖြင့် ဒက်ဒီရဲ့ အထောက်အပံ့ကိုယူ မှီခိုနေရသော လူတစ်ယောက် ဖြစ်နေခဲ့သည်။

ကြည့်စမ်း…။

သူမအဖြစ်က…ဘယ်လောက်တောင် ရင်နာစရာကောင်းလိုက်သလဲလို့။ ဒက်ဒီကို သူမပြောလျှင်လည်း ဒက်ဒီက သူမကို ယုံကြည်မှာ မဟုတ်ဘဲ မင်းညှို့ငင်ဆိုတဲ့ လူဘက်ကပဲ ရပ်တည်မှာ သေချာနေတာမို့ ဘာမှမပြောလိုတော့ပါချေ။

နောက်ဆုံးတော့…

ရှင်လေးရဲ့ ထုံးစံတစ်ခုဖြစ်သော…စာရွက်တစ်ရွက်ပေါ်တွင် မကျေနပ်ချက်များ ချရေးကာ ထိုစာရွက်ကို စိမ်ပြေနပြေ ဖျဲ့လိုက်ခြင်းဖြင့်သာ သူမရဲ့စိတ်ကို ဖြေလျှော့ခဲ့မိတော့သည်။

ပြီး။

## အခန်း (၁၁)

"ဒီမှာ...မင်းညို့ငင်"

"ပြောပါ...ရှင်လေး"

"ရှင်...နှင်းဆီပန်းတွေ ဖိုးထားတယ်ဆို"

"ဗျာ"

စူးလက်သောမျက်ဝန်းများနှင့် စိုက်ကြည့်ပြီး မေးလာတဲ့ မေးခွန်းကြောင့် မင်းညို့ငင်ရဲ့ မျက်နှာလေး ကွက်ခနဲပျက်သွားရသည်။

ဒါဆို...

သူမလေး အားလုံးကို သိထားပြီးပြီပေါ့...။

"ဒါ...ဘာသဘောလဲ မင်းညို့ငင်၊ ကျွန်မရဲ့ ခွင့်ပြုချက်မ





ရပဲ...တစ်နည်းအားဖြင့် ကျွန်မစိတ်ထဲမှာ ဘာတွေရှိမှန်း မသိပဲနဲ့ အခုလို ဖွတ်တရွတ်လုပ်တာ ကိုယ့်ကိုယ်ကို..သိပ်ပြီး တရားလွန်နေပြီဆိုတာရော သိရဲ့လား"

"ကိုယ်...ကိုယ်က မင်းနှစ်သက်မယ်ထင်လို့"

"တော်စမ်းပါ...ရှင့်ကို ဘယ်သူက တောင်းဆိုခဲ့လို့လဲ၊ ရှင်သိထားဖို့က...အရင်က နှင်းဆီပင်လေးတွေကို နှစ်သက်တယ် နှင်းဆီပွင့်လေးတွေကို ချစ်တာမှန်ရင်မှန်မယ် ဒါပေမယ့် ရှင့်လက်နဲ့ ဖိုးထားတဲ့ အဲ့ဒီနှင်းဆီပင်တွေကိုတော့ ကျွန်မသိပ်မုန်းတယ်။ အထူးသဖြင့် ကျွန်မနာမည် ပုံဖော်ပြီးစိုက်ထားတဲ့အတွက် ကျွန်မပိုပြီး မုန်းတယ်၊ သွား...အခုချက်ချင်း အဲ့ဒီအပင်တွေကို နှုတ်ပစ်လိုက်ပါ မင်းညို့ငင်"

"ဗျာ"

"ကျွန်မလုံးဝမမြင်ချင်ဘူး...မင်းညို့ငင်"

ရှင်အိပ်မက်ရယ်။

ကိုယ်မင်းအတွက် အပင်ပန်းခံပြီး စိုက်ဖိုးထားတာပါ။ မင်းရဲ့ မွေးနေ့လေးကျရင် အမှတ်တရအနေနဲ့ မင်းကို လက်ဆောင်ပေးမလို့ နေ့မအားညမအား တပင်တပန်းနဲ့ စိုက်ဖိုးထားခဲ့တာပါ ချစ်ရယ်။

မင်းသိပ်ချစ်တဲ့ ပန်းလေးတွေကို ထူးထူးခြားခြား 'ရှင်လေး'ဆိုတဲ့ ပုံစံကွက်လေးဖော်ပြီး တမင်ကို စီစီရီရီ စိုက်ဖိုး

ထားခဲ့တာပါ။ ဒါကို…ရှင်အိမ်မက် မြင်သွားသည်။ ခေါသတွေနှင့် စိမ်းသက်နေတဲ့ မျက်နှာလေးကို ကြည့်ခြင်းအားဖြင့် သူမရင်ထဲ ပေါက်ကွဲမှုကို သူခန့်မှန်းလို့ရပါသည်။

"ရှင်…ကျွန်မပြောတာကို ကြားပါတယ်နော် မင်းညို ငင်"

"ရှင်လေး"

စူးလက်သော သူမမျက်ဝန်းတွေက ဖျတ်ခနဲ ဝင့်တက်လာ၏။

"ကိုယ့်အပေါ်ကို…ဘာ့ကြောင့် အဲ့ဒီလောက်တောင် အကောင်းမမြင်နိုင်ရတာလဲဟင်၊ ကိုယ်ဘာပဲလုပ်လုပ် မင်းဘာ ကြောင့် စာနာမှုလေးနဲ့ ငဲ့ညှာဖို့ မကြိုးစားရတာလဲ"

"လိုမှမလိုအပ်တာဘဲ မင်းညို့ငင်၊ ရှင့်လိုလူတစ်ယောက် ကို အခုလိုရပ်ပြီး စကားပြောနေရတာတောင် ကျွန်မအတွက် သိပ်ပြီး လွန်လွန်းနေပြီသိလား"

"ရှင်လေး"

သူနားမထောင်ရဲစွာပင် တားဆီးလိုက်မိသည်။ အေးစက် စိမ်းမာလွန်းတဲ့ သူမရဲ့ စကားသံတွေကို သူမကြားရဲတော့ပါ။ ရက်စက်သော တောင်းဆိုမှုကို အပြင်းအထန်ဆုံး တောင်းဆိုခဲ့ပြီး ကိုယ်တိုင် အမြတ်တနိုး တယုတယစိုက်ပျိုးထားသော နှင်းဆီခင်း လေးကို ဖျက်ပေးပါတဲ့။





ရှင်လေးရယ်…။

"ကျွန်မပြောသလိုလုပ်လေ…မင်းညို့ငင်၊ ဘာလဲ…ရှင် က ဒီတိုက်ကြီးမှာ ဒက်ဒီ့စကားကလွဲပြီး တခြားလူရဲ့စကား အလေး အနက်ထားစရာမလိုဘူးလို့ ထင်မှတ်ထားတာလား"

သူမစကား အသွားအလာကို ကောင်းစွာရိပ်မိလိုက်တာမို့ သူဘက်က အလျှော့ပေးဖို့ ဆုံးဖြတ်လိုက်၏။

"ကောင်းပြီ…ရှင်လေး၊ မင်းမကြိုက်ဘူးဆိုတော့လည်း အပင်တွေကို ဆွဲနှုတ်လွှင့်ပစ်ရုံပဲ ရှိတော့တာပေါ့။ ဒါဆို…ရပြီ လားရှင်လေး"

ပြောပြောဆိုဆို…

သူ့လက်တွေက နှင်းဆီပင်တွေကို တစ်ပင်ပြီးတစ်ပင် ဆွဲနှုတ်နေတော့၏။ ရှင်အိမ်မက်…သူ့ပုံစံကို စူးနေအောင် စိုက်ကြည့် နေမိသည်။

စိတ်ဆိုးပုံမရသော်လည်း…ဝမ်းနည်းစိတ်ကြောင့် သူ့မျက် နှာက ညှိုးနွမ်းနေ၏။ သူမဘက်ကို လုံးဝလှည့်မကြည့်ဘဲ နှင်းဆီပင် တွေကို ဆွဲနှုတ်ပစ်နေသည်။ သူ့လက်မှာ နှင်းဆီပင်၏ ဆူးခြစ်ရာ များကြောင့် သွေးရောင်ကလွှမ်းလို့။

သူမရင်ထဲ ဘာ့ကြောင့်မှန်းမသိ နင့်သည်းသွားရသည်။

သူ့အပေါ်အနိုင်ယူလိုစိတ် ဆန္ဒတစ်ခုတည်းနှင့်သာ ပြောခဲ့ သော်မယ့် ရင်ထဲမှာတော့ နှမြောတသစိတ်ကလေးတွေက ကြီးစိုး

နေရသည်။ နှင်းဆီစိုက်ခင်းလေးက မျက်စိရှေ့မှာ အလဲလဲအပြိုပြို
ဖြစ်သွား၏။

ကျေနပ်နှစ်သက်ဟန်လေးနှင့် သူမရဲ့ နှုတ်ခမ်းလေးတွေ
ကို အလှပဆုံးထားပေမယ့် သူမရဲ့ မျက်ဝန်းလေးထဲမှာတော့ မျက်
ရည်ကြည်ကြည်လေးက ဝေ့ဝဲလို့။ နှမြောတသစိတ်ကလေး
ရင်ကို နိုဝင်လာတာမို့ ရှက်ချင်းမောင်းထုတ်လိုက်ရ၏။

မဖြစ်သင့်တာပဲ။

သူမဘာကြောင့် စိတ်မာတဲ့တွေ ပျော့ညံ့နေရတာ
မင်းညို့ငင် အပေါ်မှာ အရင်ကလို တင်းမာတဲ့ ခံစားချက်တွေ
နေပါသေးရဲ့လား။ ကျောင်းသွားခါနီးတိုင်း သူမကားလေးကို နေ့
မပြတ် ရေဆေးသန့်ရှင်းပေးသော သူရဲ့အလိုက်သိရှိမှုလေး
သူမငြိမ်သက်စွာ ခံယူနေတတ်ခဲ့သည်။

သူမအခန်းလေးထဲဝင်ပြီး စာကြည့်စားပွဲလေးတွင် ထို
လိုက်တာနှင့် ကြည်လင်လတ်ဆတ်သော နှင်းဆီရနံ့လေး သင်းပျံ့
သည့် ပန်းအိုးကလေးကို သူနေ့စဉ် ထိုးပေးထားမှန်းသိလျက်
မစွန့်ပစ်ရက်ခဲ့ပါ။

ဒါတွေအားလုံးဟာ…

ရှင်အိပ်မက်ဆိုတဲ့ သူမရဲ့ ဘဝထဲမှာ အံ့သြစရာကော
လောက်အောင်ပဲ ပြောင်းလဲသွားခဲ့တဲ့ အခြေအနေလေးတွေ
ဖြစ်သည်။ သို့ပေမယ့်…အမှန်တရားကို ရင်ဆိုင်ဖို့ဆိုတာ





သူမဘာယ်တုန်းကမှ မဆုံးဖြတ်ခဲ့ဘူးပါ။

နာကြည်းမုန်းတီးစရာများကို ရင်တစ်ခုလုံး ပြည့်နှက်နေ
အောင် ဖြုကာ ဟန်ဆောင်ကောင်းကောင်းနှင့် သူ့ကို တုံ့ပြန်နေဖို့
ပဲ အစဉ်ကြိုးစားနေမိသည်။ သူ့မျက်နှာမှာ နာကျင်ခံခက်မှုတွေကို
မြင်နေရတယ်ဆိုရင်ပဲ သူမကျေနပ်ပြီလေ။

“ကဲ…ရှင်လေး၊ မင်းကျေနပ်ပြီလား”

နှင်းဆီပင်တွေကို စိတ်ရှိတိုင်း ဖျက်ဆီးပြီးချိန်တွင်တော့
ခမ်းနည်းကြေကွဲသော အသံအက်အက်လေးနှင့် လှမ်းမေးပါ၏။

မြေပြင်ထက်တွင် အတုံးအရုန်းလဲပြိုနေသော နှင်းဆီပင်
များကို ငေးမောကြည့်ကာ နေရာလေးကနေ ချာခနဲနေအောင် သူမ
လှည့်ထွက်ခဲ့မိသည်။ သူ့မျက်နှာလေးဆီ တစ်ချက်ကလေးမျှ လှမ်း
ကြည့်တော့ပဲ အဝေးဆုံးကို ခြေလှမ်းလှမ်းပစ်လိုက်မိတော့၏။

ရှင်အိပ်မက်

နောင်တတွေ ရချင်နေတာလား။

မျက်ရည်တွေနဲ့ စိုနစ်ကာ ရဲတောက်နေသော မင်းညို့ငင်ရဲ့
မျက်ဝန်းတွေကို ပြန်မြင်ယောင်မိတိုင်း သူမရင်ထဲတွင် ထူးခြားသော
ခံစားချက်လေးတွေ ဖြစ်ပေါ်နေရသည်။ ထူးဆန်းလိုက်တာ၊
ဘာကယ်ဆိုရင် အခုအချိန်မှာ အောင်မြင်မှုကြောင့် လက်ခုပ်လက်ဝါး
တီးပြီး ပျော်ရွှင်နေရမှာ မဟုတ်ဘူးလား။

သူ့ရဲ့ မျှော်လင့်ချက်တွေကို ဘဝစစ်ရိုက်ချိုးလိုက်နိုင်မှ

အတွက် ဝမ်းသာအားရဖြင့်နေမည့်အစား သူမက ဝမ်းနည်းနာကျ[illegible] နေရတယ်ဆိုတဲ့အဖြစ်က ဘယ်လောက်တောင် အရုပ်ဆိုးလိုက်သ[illegible] ကွယ်။

အခန်းလေးထဲမှာ တိတ်ဆိတ်စွာ သူမထိုင်နေမိသည်။

"ဒေါက်…ဒေါက်"

တိုးညင်းသောတံခါးခေါက်သံကြောင့်…သူမရင်[illegible] ဖျတ်ခနဲခုန်သွားရ၏။ ဒါ…သူ့ရဲ့တံခါးခေါက်သံပဲ။

ဘုရားရေ။

သူမ အဲ့ဒီလောက်တောင် သူနဲ့ပတ်သက်ပြီး တရင်းတ[illegible] ရှိနေခဲ့သည်။

ဒေါက်…ဒေါက်။

ဒီတစ်ခါတော့ သူမ အခန်းတံခါးလေးကို သွားဖွင့်[illegible] လိုက်သည်။

"ဘာကိစ္စလဲ…မင်းညို့ငင်"

သူ့မျက်နှာကို မြင်လိုက်တယ်ဆိုလျှင်ပဲ သူမရဲ့ မျက်[illegible] လေးက ချက်ချင်းတင်းမာသွားပြန်၏။ ပြန်မေးလိုက်သံလေ[illegible] မာထန်နေခဲ့သည်။

"အန်ကယ်က ခဏလာခဲ့ပါဦးတဲ့"

"ဒက်ဒီက…ဟုတ်လား"

"ဟုတ်တယ်…ရှင်လေး"





"ဒက်ဒီဘယ်မှာလဲ"

"အောက်ထပ်က ဧည့်ခန်းထဲမှာ"

"ကျွန်မလာခဲ့မယ်လို့ ပြောလိုက်ပါ…မင်းညို့ငင်"

"ရှင်လေး"

"ဟင်…ရှင်…ရှင်…ဒါဘာလုပ်တာလဲ"

သူမအခန်းတံခါးကို တွန်းဖယ်ကာ အခန်းထဲသို့ ခန္ဓာကိုယ် [illegible] လှစ်ခနဲနေအောင်ဝင်ရင်း အခန်းတံခါးချပ်ကြီးကိုပါ စေ့ပိတ် [illegible]တာမို့ ရှင်အိမ်မက် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွား [illegible]သည်။

"ရှင်လေး"

"ဒီမှာ…ရှင်ပြောစရာရှိရင် အပြင်ထွက်ပြီးပြောပါ [illegible]ညို့ငင်"

"မထွက်နိုင်ဘူး…ရှင်လေး၊ မင်းမကျေနပ်ဘူးဆိုရင် ဆော် [illegible]လေ၊ ဒီတစ်ခါတော့ ကိုယ့်အမှားပါလို့ ဝန်ခံပေးပါ့မယ်၊ [illegible]ကြီးပေါ်ကနေ ကိုယ့်ကိုနှင်ထုတ်ချင်ထုတ်ပါစေ ရှင်လေး၊ [illegible]ရင်ထဲက စကားတွေကိုတော့ မင်းသိအောင် ပြောမှ ဖြစ်မယ်"

"ကျွန်မ…နားမထောင်နိုင်ဘူး မင်းညို့ငင်"

"ရှင်လေး"

သူ့အသံက အနည်းငယ် စူးတက်သွားတာကြောင့် ရှင်အိမ် [illegible] မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသလို နှုတ်ခမ်းလေးက

ပိုင်းဟသွားရ၏။

"ကိုယ်အရမ်းသိချင်နေတယ်...ရှင်လေး၊ ဘာ့ကြောင့်
မင်းကိုယ့်အပေါ် အဲ့ဒီလောက်တောင် အပြုံးတကြီး နာကြည်းမုန်း
နေရသလဲဆိုတဲ့ အချက်ကို ကိုယ်သိချင်တယ်။ ပြောပါဦး ရှင်လေး
ကိုယ်ဘာအမှားအယွင်းတွေ လုပ်ခဲ့မိလို့လဲဟင် ရှင်လေး"

"ဒီမှာ...ရှင်ဘာဖြစ်လို့ အဲ့ဒီလောက် အသံပြကြီးနဲ့
နေရတာလဲ မင်းညှို့ငင်၊ ရှင်သိထားဖို့က ရှင်အိပ်မက်ဆိုတာ ဒီတို
ပိုင်ရှင် သူဌေးကြီး ဦးမင်းယံရဲ့ တစ်ဦးတည်းသောသမီး ဆို
ကိုလည်း သတိထားစမ်းပါဦး"

"သွားစမ်းပါကွာ...အဲ့ဒါတွေ ကိုယ်ဂရုမစိုက်ဘူး"

"ဘာရယ်...ရှင်"

"ကိုယ်သိတာ...မင်းကို သိပ်ချစ်တယ်ဆိုတာပဲ၊ ရှင်
မက်ဆိုကဲ့မင်းကို သိပ်ချစ်နေမိပြီဆိုတာပဲ၊ ကျန်တာ ကိုယ့်မှာ ဘာ
မသိဘူး သိလည်းမသိချင်ဘူး ရှင်လေး။ မင်းဘာသာ ဘ
လောက် ပညာတွေတတ်တတ် မိုးပျံနေအောင် ဘယ်လော
ချမ်းသာချမ်းသာ ကိုယ် အရေးမစိုက်ဘူး။

ကိုယ်...

မင်းကို သိပ်ချစ်နေမိပြီဆိုတာပဲ အရေးစိုက်တယ်။ မင်း
တွက် ကိုယ်ဘာတွေပဲ ပေးဆပ်ရပေးဆပ်ရ ကျေနပ်တယ်။ နော
ဆုံး ပြောရရင်ကွာ မင်းအတွက်ဆို ကိုယ်အသက်နဲ့ပဲ ရင်းရရင်





ယ်ရင်းဖို့ အဆင်သင့်ပဲ။ ကိုယ်မလိုချင်တာ မင်းရဲ့ရက်စက်မှုတွေ
ပြုံးတကြီးနဲ့ နာကျည်းမုန်းတီးနေတဲ့ မင်းရဲ့ မျက်ဝန်းအကြည့်တွေ
ပဲ ရှင်လေး။

ပြောစမ်းပါဦး ရှင်လေး။

ကိုယ်ဘာလုပ်မှ အဲ့ဒါတွေ ကွယ်ပျောက်သွားမှာလဲ။
ဘယ်လိုပေးဆပ်မှ မင်းကျေနပ်ပျော်ရွှင်မှာလဲ ရှင်လေးရယ်"

အို...။

ပေါက်ခနဲပြူဆင်းသွားတဲ့ ညှိုးငယ်သောမျက်ဝန်း တစ်စုံ
အကြည့်ကို ရင်မဆိုင်ရဲစွာ အကြည့်လေးကို တစ်ဖက်သို့
ပ်မက် လွှဲပစ်လိုက်သည်။

"ရှင်လေး"

"...."

"မင်း...မင်း...သိပ်ရက်စက်တာပါ၊ ရှင်လေးမှာ ခံစား
ည်တတ်တဲ့ နှလုံးသားမှ ရှိသေးရဲ့လားဟင်"

ရှိတာပေါ့...

မင်းညှို့ငင်ရယ်။

သိပ်ရှိတာပေါ့ရှင်။

ခံစားနားလည်တတ်တဲ့ နှလုံးသားရှိလို့လဲ ရှင့်မျက်ဝန်း
ည့်လေးတွေနဲ့ မဆုံရဲခဲ့တာပေါ့။

"ရှင်လေး"

"ရှင်ပြောချင်တာ…ဒါပဲလား မင်းညို့ငင်"

"မပြီးသေးဘူး ရှင်လေး…ကိုယ့်စကားမဆုံးသေးဘူး
တဆိတ်ကျေးဇူးပြုပြီး ကိုယ့်မျက်ဝန်းတွေကို သေချာကြည့်
ရှင်လေး…ကိုယ့်ရင်ထဲက အလေးနက်ဆုံး စကားတွေ မင်း
ပြောချင်သေးလို့"

ဟင့်အင်း။

ရှင့်မျက်ဝန်းတွေကို ကျွန်မ မကြည့်ရဲဘူး မင်းညို့
ကျွန်မရှုံးသွားလိမ့်မယ်။

"ရှင်လေး…ကိုယ်ပြောနေတယ်လေ"

"…."

"ရှင်လေး…မင်း…မင်း"

"ပိတ်စမ်း…မင်းညို့ငင်၊ ရှင့်ပါးစပ်ကို အခုချက်ချင်း
ပိတ်လိုက်တော့၊ ရှင်သိထားဖို့က…ရှင်အိပ်မက်ဆိုတဲ့ မိန်း
ဘယ်သောအခါကမှ စိတ်ကူးမယဉ်တတ်ဘူး ဆိုတာပဲ။

နေစမ်းပါဦး…ရှင်ကဘာလဲ။ ကျွန်မအခန်းထဲဝင်လာ
ဒီလိုစကားမျိုးတွေကို လာပြောနေတာ။ ကျွန်မရဲ့ ဂုဏ်သိက္ခာ
အတိအကျ လာစော်ကားနေတာလား။ သွား…ထွက်သွား…
ချက်ချင်း ကျွန်မအခန်းထဲက ထွက်သွားစမ်း မင်းညို့ငင်"

"ရှင်လေး"

"ဒီမှာ…မင်းညို့ငင် ရှင်သိအောင် တစ်ခုတော့ပြောလို





ယ်၊ ကျွန်မ ရှင့်ကို အရမ်းမုန်းတယ်၊ ကျွန်မဘဝတစ်သက်တာမှာ
ဘယ်လိုလူမျိုးကိုမှ မမုန်းခဲ့ဘူးတဲ့ အမုန်းတွေနဲ့ကို မုန်းတာရှင်"

"မင်းလိမ်တာ…ကိုယ့်ကို မင်းညာနေတာ၊ ဟန်ဆောင်
ကောင်းကောင်းနဲ့ တကယ့်ခံစားချက် အစစ်အမှန်ကို ဖုန်းကွယ်ထား
ရှင်လေး ကိုယ်သိတယ် ကိုယ်ခံစားနားလည်လို့ ရနေတယ်။
…ကိုယ့်ကို ချစ်နေပြီ"

"ဘာ"

"ဟုတ်တယ်…ရှင်လေး နှင်းဆီပင်တွေကို ဖျက်ဆီး
က်ချိန်မှာ မင်းရဲ့ မျက်ဝန်းလေးတွေ ရီဝေသွားတယ်၊ အဲ့ဒါ
ယ်အသေအချာ မြင်လိုက်တာ ရှင်လေး။

နောက်ပြီး…

မင်းရဲ့အခန်းလေးထဲက စာပွဲပေါ်မှာ နေ့စဉ်ပန်းလေးတစ်
လာစိုက်ပေးနေတာကို လွှင့်မပစ်ရက်ခဲ့တာ၊ ကိုယ်တိုက်ပေးတဲ့
လေးတွေကိုမှ ရွေးစီးတတ်တာလေးတွေဟာ မင်းရင်ထဲမှာ
ယ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ခု ရှိမနေပဲနဲ့ ကျေကျေနပ်နပ်ကြီး
က်ခံထားပါ့မလား ရှင်လေး"

အို…။

သူ့ရဲ့ပြင်းရှတဲ့ စွပ်စွဲချက်က သူမရင်ဝတည့်တည့်သို့ အရှိန်
ဖြင့်မှာ လာရောက်ထိမှန်သော လက်သီးချက်တစ်ခုလိုပင် ခံစား
က်ရသည်။

"ရှင်လေး…မင်းပြောလေ၊ ကိုယ့်စွပ်စွဲချပ် မမှန်ပါ
လို့ မင်းဖြေဦးလေ ရှင်လေး"

"အဟင်း…ဟင်း ဒီမှာ…မင်းညို့ငင်၊ ရှင်မြမြမှတ်
ဖို့က ကျွန်မအကြောင်းကို ဘယ်သူပဲသိသိ ဘယ်လိုပဲမေး
ဘယ်တော့မှ ခေါင်းညိတ်ဝန်ခံမှာ မဟုတ်ဘူးဆိုတာပဲ။ရှင်သိ
ဖို့က…ခံစားချက်ကြောင့် ကျွန်မနလုံးသားတွေ အစိပ်စိပ်အ
အက်ကွဲချင် ကွဲသွားပါစေ၊ ရှင့်ရှေ့မှာ ဖြိုလဲပြမှာ မဟုတ်
မင်းညို့ငင်…

အဲ့ဒါကို…ရှင်တစ်သက်လုံး ယုံထားလိုက်"

ရှင်လေးရယ်။

မင်းတကယ်ပဲ အဲ့ဒီလို ဆုံးဖြတ်ရက်တယ်နော်။

မင်းအခုလို ပြောလိုက်လို့ ကိုယ်ဘယ်လောက်ထိ ခံ
သွားရမယ်ဆိုတာကို ထည့်မတွက်နိုင်လောက်အောင်ပဲ မုန်းသ
လား ရှင်လေးရယ်။

"မင်း…သိပ်ရက်စက်တာပဲ ရှင်လေး၊ ဒါပေမယ့် မင်း
ကိုယ်သိပ်ချစ်တယ်"

တစ်ခွန်းချင်းပြောကာ…အခန်းထဲကနေ ချာခနဲနေ
ထွက်သွားသော မင်းညို့ငင်ရဲ့ နောက်ကျောပြင်ကြီးကိုကြည့်
ရှင်အိပ်မက်တစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုမိလိုက်ပါတော့သ



## အခန်း (၁၂)

ဒက်ဒီ့ရဲ့ အားပေးမှုကြောင့်…သူငယ်ချင်းဖြစ်သူ အစိမ်းနှင့်
တို့ လုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့
သည်။ တကယ်လည်း…သူမကိုယ်တိုင် စိတ်ဝင်စားခြင်းကြောင့်
သည်း တောင်းဆိုမိခဲ့ခြင်းဖြစ်၏။

သူမ…

ဒက်ဒီ့ရှေ့မှာ အရာရာဦးဆောင်နိုင်သော အစွမ်းအစရှိသည့်
တစ်ယောက်အဖြစ်နှင့်သာ ရပ်တည်ပြချင်သည်လေ။ ဒါ့ကြောင့်
အများကြီး ကြိုးစားနေရ၏။ ဒက်ဒီ့ရဲ့ အားကိုးမှုတွေ တခြား
ယောက်ဆီမှာ မရှိစေလိုသည့် ဆန္ဒကြောင့် ပညာရေးကို
သင်ပြောင်းကာ ဒက်ဒီ့စီးပွားရေး လုပ်ငန်းတွေထဲတွင် သူမ

အာရုံကို ပိုပြီးနှစ်မြုပ်ထားမိသည်။

ကြီးကျယ်ခမ်းနားသော ဟိုတယ်ကြီးတွင် ဖြူလုပ်သော ထိုဆွေးနွေးပွဲလေးသို့ ယောင်ချာချာနှင့် သူမနှင့်အစိမ်းတို့ တက် ရောက်ခဲ့ဖြစ်ကြသည်။ အစိမ်ရဲ့ဖခင် ဦးအောင်သူကိုတော့ ရှေ့ဆုံး စားပွဲတွင် ထိုင်နေတာတွေ့ရ၏။

ထောင့်ကျကျ စားပွဲလွတ်တစ်ခုကိုရွေးပြီး သူမတို့နှစ် ယောက် ထိုင်မိကြသည်။ အစိမ်းကလည်း သူမအဖေနားမှာ မထိုင် လိုတာကြောင့် ခပ်လှမ်းလှမ်းစားပွဲကို နှစ်ယောက်သား ရွေးချယ် ခြင်းပဲဖြစ်သည်။

"ဟော…ဦးပြည့်စွမ်းထွန်းလာပြီ"

အစိမ်းထံမှ တီးတိုးရေရွတ်သံနှင့်အတူ ဝင်ပေါက်ဆီသို့ ခေါင်းကလေး ထောင်မတ်ကာကြည့်လိုက်ခြင်းကြောင့် သူမပါလှည့် စောင်းကြည့်လိုက်မိသည်။

"ရှင်လေး…အဲ့ဒါ ဦးပြည့်စွမ်းထွန်းတဲ့၊ မြန်မာနိုင်ငံရဲ့ အကြီးကျယ်ဆုံး လုပ်ငန်းရှင်ကြီးတစ်ယောက်ပဲ၊ စီးပွားရေးလော မှာ သူ့နာမည်က မသိသူမရှားဘဲ ရှင်လေး"

အနက်ရောင် အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ပြီး တည်ငြိမ်ရင့်ကျက်လွန်းတဲ့ မျက်နှာမှာ အပြုံးရိပ်လေး စွန်းထင်းကာ တစ်လှမ်းချင်းလှမ်းဝင်လာသော သူ့ကို ရှင်အိပ်မက် ခပ်စူးစူးလေး စိုက်ကြည့်နေမိသည်။





ထိုစဉ် …

ကြည်မွေ့သော သူ့မျက်ဝန်းအကြည့်က သူမတို့ထိုင်နေ သော စားပွဲဝိုင်းလေးဆီသို့ အမှတ်မထင်ရောက်ကာ ထကြည့်လေးကို ပြန်လွဲသွားပြီးမှ တစ်စုံတစ်ခုကို သတိထားမိဟန်ရှိကာ ဒုတိယအ ကြိမ် မျက်ဝန်းအကြည့်လေးတွေ ပြန်ရောက်လာပြန်သည်။

ဒီတစ်ခါတော့…

သူမရဲ့ မျက်ဝန်းအကြည့်လေးတွေနှင့် ဆုံသွားရ၏။ သူမ နှုတ်ခမ်းလေးထက် အပြုံးပန်းလေးတစ်ပွင့် ဆတ်ခနဲပွင့်ဟသွားတာ သတိထားလိုက်မိသည်။ သူ့ဆီက တအံ့တသြ လှမ်းကြည့်လာတဲ့ အတွက် ပီတိကလေးဖြစ်သွားရသည်။

"ရှင်လေး"

"ဟင်"

"ဦးပြည့်စွမ်းထွန်း အကြည့်တွေ တို့ထိုင်နေတဲ့ ဝိုင်းလေးဆီ နောက်တစ်ကြိမ် ရောက်လာတာ အံ့သြစရာပဲ"

"ဘာကိုလဲ…အစိမ်း"

"ဦးပြည့်စွမ်းထွန်းက…စီးပွားရေး လုပ်ငန်းတွေကိုပဲ အမြဲ နှစ်ခြိုက်တတ်တဲ့ လူတစ်ယောက်လေ၊ မိန်းမကိစ္စနဲ့ ပတ်သက် ရင် အရမ်းကိုတည်ငြိမ်တာ၊ အခု သူ့အကြည့်တွေက ဒီကိုပဲမကြာ ခဏ ရောက်နေတာဆိုတော့"

"ဟာ…အစိမ်းကလည်း၊ အဓိပ္ပါယ်မရှိတာတွေ မပြော

စမ်းပါနဲ့"

သူမပောက်လိုက်တော့ အစိမ်းတစ်ယောက် ငြိမ်ကျသွားပြီး စကားလမ်းကြောင်း ပြောင်းသွား၏။

"တကယ်တော့ သူက အရမ်းထက်မြက်တာ၊ သူ ရွာ… ကနေ မြို့လာတာ သိပ်မကြာသေးဘူးလေ၊ စီးပွားရေးလုပ်ငန်းတစ်… ထူထောင်ဖို့ အခု ခြေလှမ်းသစ်စနေပြန်ပြီ၊ ဒီတစ်ခါတော့ အစိမ်းရဲ့ အဖေက ဦးပြည့်စွမ်းထွန်းနဲ့ အကျိုးတူ ပူးပေါင်းနိုင်ဖို့ အစွမ်းကုန် ကြိုးစားနေတယ် ရှင်လေး"

ဟင်…

ဒါဆို…

ဒက်ဒီ အစည်းအဝေးဧည့်ခံပွဲကို တက်တာလည်း ဦးပြည့် စွမ်းထွန်းရဲ့ လုပ်ငန်းကို စိတ်ဝင်စားလို့ပဲပေါ့လေ။ သူမ တော်… လေးညံ့တာပဲ။ အစိမ်းလောက်တောင် သူမ ဘာတစ်ခုမှမသိ…

အရင်က ခပ်ပေါ့ပေါ့လေး နေခဲ့တာကို တွေးမိပြီး နောင်… လေးပင် ရချင်သွားရသည်။ မင်းညို့ငင်ဆိုတဲ့လူ ရောက်လာ… ရှင်အိပ်မက်ရဲ့ ပုံစံတွေ အပြောင်းလဲကြီး ပြောင်းလဲသွားရ… အရာရာကို အလေးအနက်ထားရကောင်းမှန်း သိလာသည်။ … ဝင်ယူမှာကြောက်ပြီး သူမ ခြေတစ်လှမ်းဦးအောင် လျှောက်ရင်… တစ်စတစ်စ စီးပွားရေးလုပ်ငန်းအကြောင်း သူမ စိတ်ဝင်စားမိ… ဖြစ်သည်။





ထိုနေ့က…

ဦးပြည့်စွမ်းထွန်းမှ လုပ်ငန်းနှင့် ပတ်သက်သော အကြောင်း အရာအချို့ကို တင်ပြဆွေးနွေး၏။ ရှင်လေး…ငေးမောကြည့်နေရင်း …ပင် သူ့ကို အထင်ကြီးလေးစားစိတ်များ ရင်မှာ အတိုင်းမသိ ဖြစ်ပေါ်နေခဲ့သည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလုပ်ငန်း …ကြီးတစ်ယောက်အဖြစ် ရပ်တည်နေတာကိုကြည့်ပြီး အားတွေ …နေမိ၏။

အစိမ်းနဲ့အတူ…

အစည်းအဝေးပြီးချိန်တွင် ဦးပြည့်စွမ်းထွန်း ရှိနေသော …ရာလေးဆီသို့ သူမတို့နှုတ်ဆက်ဖို့ ရောက်သွားသည်။

"အစိမ်း"

"ပြောလေ…ရှင်လေး"

"နင်နဲ့သိလားဟင်၊ သူ…သူနဲ့ မိတ်ဆက်ချင်လို့"

"သိပါတယ် ရှင်ရှေးရဲ့၊ လာလေ"

အစိမ်းရဲ့ ဦးဆောင်ရာနောက်သို့ သူမကလေး လိုက်ပါ …ရပေမယ့် စိတ်ထဲမှာတော့ တထင့်ထင့်။ သို့ပေမယ့် ဦးပြည့် …ထွန်းဆီကိုတော့ သူမလေး သွားချင်ပါသည်။ ဒီလောက်ထိ …ထက်မြက်သွက်လက်တဲ့ လုပ်…တစ်ယောက်ကို သူမအနေနှင့် …လေးစားဘဲ မနေနိုင်ခဲ့ပါ။

"ဦးပြည့်စွမ်းထွန်း"

"ဪ…စိမ့်စိမ့်သူပါလား"

နာမည်ကိုသာ ခေါ်ပေမယ့် သူမျက်ဝန်းအကြည့်တွေ သူမ လေးဆီ ဝေ့ဝဲလာတာမို့ ရင်ခေါင်းလေးကို ငုံ့ထားလိုက်မိသည်။

"ရှင်လေးက…ဦးပြည့်စွမ်းထွန်းနဲ့ မိတ်ဆက်ပေးပါဦး လို့"

"ဗျာ"

အစိမ်းရဲ့စကားကြောင့် သူ့မျက်နှာလေးမှာ အံ့သြရိပ်တွေ ကို သူမမြင်လိုက်ရသည်။

"ရှင်အိပ်မက်ပါ ဦးပြည့်စွမ်းထွန်း"

"ဟုတ်ပြီ…ရှင်အိပ်မက်၊ အခုလို စိတ်ဝင်တစား လာတဲ့ အတွက် ဝမ်းသာပါတယ်"

"အဟင်း…ဟင်း ရှင်လေးက ပိုပြီးတော့တောင် ဝမ်းသာ နေမိတာပါ၊ ပထမဆုံး အတွေ့အကြုံမှာ မထင်မှတ်လောက်တဲ့ အသိပညာတွေ ရခဲ့လို့လေ၊ ဦးပြည့်စွမ်းထွန်းလို ထက်မြက်တဲ့ လူတစ်ယောက်နဲ့ ဆုံခွင့်ရခဲ့တာ ရှင်လေးအတွက်တော့ အံ့သြမဆုံး ကြည်နိုင်စရာပါပဲ"

ကြည့်စမ်း…။

သူမရဲ့အသံလေးက ချိုအီလို့ပါလား။

လူတကာ စိတ်ဝင်စားခြင်း ခံရသော ဦးပြည့်စွမ်းထွန်းဆိုတဲ့ လူတစ်ယောက်ကို ခင်မင်ရင်းနှီးစွာ မိတ်ဆက်ခွင့်ရတာ သူမအတွက်





တော့ အထူးခြားဆုံး အခြေအနေလေးတစ်ခုပါပဲ။

ဒီအခွင့်အရေးကို ခပ်လွယ်လွယ်နဲ့တော့ မဆုံးမသတ်ချင် ပါဘူး။

စောစောက…

အစိမ်းပြောတဲ့ စကားတွေကို ရှင်အိပ်မက် ကြားပြီးက တည်းက သူမစိတ်တွေထဲမှာ ပြင်းပြတဲ့ ဆန္ဒကလေးတစ်ခု ဖြစ်တည်နေခဲ့သည်။ အဲဒါ ဦးပြည့်စွမ်းထွန်းလို လူတစ်ယောက်ရဲ့ စိတ်ကို ဖမ်းစားနိုင်ဖို့ပဲ။

သူမလိုချင်တဲ့ စံချိန်ပြည့် ယောကျ်ားဟာ ဦးပြည့်စွမ်းထွန်း လို လူမျိုးပဲလေ။

ဒါကြောင့်…

အချိန်ပေါင်းများစွာ သူနှင့်ဆုံနိုင်ဖို့ဆိုတာ အခုလို သူမကို အမှတ်တရရှိနေအောင် မိတ်ဆက်ထားမှဖြစ်မည်။ သူ့စိတ်အာရုံထဲ မှာ ရှင်အိပ်မက်ဆိုတဲ့ နာမည်လေးတစ်ခု စွဲထင်နေဖို့ လိုအပ် သည်။

"ဒါ…ရှင်လေးရဲ့ လိပ်စာကဒ်လေးပါ ဦးပြည့်စွမ်းထွန်း၊ ရှင်လေးကို အစိမ်းလိုပဲ တရင်းတနှီး ခင်မင်နိုင်ပါတယ်"

"ဪ"

သူမကမ်းပေးသော လိပ်စာကဒ်လေးကို လှမ်းယူကာ ကြည့်ရင်း တစ်ချက်ပြုံးပြီး **သူမမျက်နှာ**ကို စိုက်ကြည့်၏။

"သွားလိုက်ပါဦးမယ်…ဦးပြည့်စွမ်းထွန်း"

"ကောင်းပြီ…ရှင်အိပ်မက်"

သူမ…

နှုတ်ဆက်ပြီးတာနှင့် နေရာလေးကနေ ချာခနဲနေအောင် လှည့်ထွက်ခဲ့မိ၏။ အစိမ်းတစ်ယောက် သူမအနောက်ကနေ လိုက်ပါလာသလားဆိုတာပင် သတိမထားမိလောက်အောင် သူမခြေလှမ်းတွေက ညှော်ခံပွဲကျင်းပရာ နေရာလေးဆီမှ အဝေးဆုံးသို့ လှမ်းထွက်ခဲ့မိတော့၏။

"ရှင်လေး"

"ပြော"

"ဒါဘာသဘောလဲ"

"ဘာကိုလဲ အစိမ်း"

"ဦးပြည့်စွမ်းထွန်းလက်ထဲကို နင့်လိပ်စာကဒ် ထည့်ပေးလိုက်တာကိုပေါ့"

"အဟင်း…ဟင်း"

ရှင်အိပ်မက် သဘောကျစွာ တဟင်းဟင်းရယ်လိုက်မိသည်။

"ဘာရယ်တာလဲ ရှင်လေး"

"ယောကျ်ားတစ်ယောက်ကို သာမန်ရင်းနှီး မိတ်ဆက်ချင်တာလေးတစ်ခုနဲ့တင် အဲဒီယောကျ်ားရဲ့ အရှေ့တည့်တည့်သွားပြီး





ိုသ့်မျက်နှာကို ပြမလား အစိမ်းရဲ့၊ သူ့အာရုံထဲမှာ ကိုယ်ဆိုတာ င်မှတ်သွားစေချင်လို့ မိန်းမတစ်ယောက် ထိန်းချုပ်သင့်တဲ့ ည်းတွေနဲ့ သွေဖယ်ပြီး သူ့ရှေ့ကိုသွားခဲ့တာပေါ့"

"ရှင်လေး"

"နင်သိလား…အစိမ်း ငါ့ဘဝတစ်သက်တာမှာ အလို င် အတော်ငှတဆုံး စံချိန်ပြည့် ယောကျ်ားတစ်ယောက်ဟာ ြည့်စွမ်းထွန်းပဲ၊ အဘက်ဘက်က ပြည့်စုံတဲ့သူ့ကို ငါ လက်မ ာ်သင့်ဘူးလို့ထင်တယ်"

"နင် သူ့ကို ချစ်နိုင်ပါ့မလား"

"ထင်တာပဲ…သူ့မှာ ငါလိုလားနေတဲ့ အရည်အချင်းတွေ ုန်ရှိတယ်၊ အများရှေ့မှာ ခေါင်းမော့ရင်ကော့ပြီး နေရာတစ်နေ ယူထားနိုင်တာ နည်းတဲ့အစွမ်းအစမှ မဟုတ်တာဘဲ အစိမ်း"

"နင် ရူးနေပြီ ရှင်လေး"

"အဟင်း…ဟင်း ငါမရူးပါဘူး အစိမ်းရယ်၊ အဲဒီလို ွားစိတ်ကူးမျိုးတွေ ရှိနေကတည်းက ငါမရူးဘူး အစိမ်း၊ ငါ ူးယဉ်တတ်တဲ့လူမျိုး မဟုတ်တော့ အချစ်တွေဘာတွေ ြီး မစဉ်းစားချင်ဘူး။

သေချာတာတစ်ခုက သူ့မျက်ဝန်းထဲမှာလည်း ငါ့ကို မှတ် ်ထင်ထင်ရှိနေမယ့် အရိပ်အယောင်တွေ အပြည့်နဲ့လေ"

"ရှင်လေး"

"ပြော"

"မင်းညို့ငင်ကိုရော နင်မေ့ထားမလား"

"ဘာ"

အစိမ်းရဲ့စကားကြောင့် ရှင်အိပ်မက် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားရသည်။ ကားမောင်းနေတဲ့ အစိမ်းဆီ သူမမျက်နှာလေး လှည့်စောင်းကြည့်မိသွား၏။

"မင်းညို့ငင်က နင့်ကိုချစ်နေတယ်"

"တော်စမ်းပါ အစိမ်းရယ်"

"နင်သိနေတယ်မဟုတ်လား ရှင်လေး"

"သိတော့ရော ဘာအရေးစိုက်စရာလိုလဲ အစိမ်း၊ နင်သိထားဖို့က ငါ့ဘဝတစ်ခုလုံး ပုံအပ်ချင်လောက်အောင် ဖြစ်ရတဲ့ ယောကျ်ားတစ်ယောက်ဟာ မင်းညို့ငင်လိုယောကျ်ားမျိုး လုံးဝ မဟုတ်ဘူးဆိုတာပဲ"

"ဒါပေမယ့်"

"တော်တော့...အစိမ်း၊ နင်နဲ့ငါ သူငယ်ချင်းတွေအဖြစ် ဆက်ပြီး ရှိနေစေချင်တယ်ဆိုရင်တော့ အဲဒီလူရဲ့အကြောင်းတွေကို ထပ်ပြီးမပြောနဲ့တော့"

"အေးပါဟာ...နင်မပြောနဲ့ဆိုတော့လည်း မပြောရဲပါဘူး ပေါ့"

အစိမ်းတစ်ယောက် ငြိမ်သက်သွားပေမယ့် မျက်နှာလေး





ကြည်လင်မှုတွေနှင့် ပြည့်နှက်နေခဲ့သည်။ ဘာကြောင့် အဲဒီလိုဖြစ်ရတာလဲ။ တကယ်ဆို အစိမ်းနဲ့ ရှင်လေးက ဟိုးငယ်ငယ်လေးထဲက အတူတူတွဲလာကြတဲ့ အချစ်ဆုံးသူငယ်ချင်းမလေးတွေပဲ မဟုတ်လား။

အခုတော့...။

ရှင်လေးအတွက် မစဉ်းစားပေးဘဲ မင်းညို့ငင်အတွက်ပဲ စဉ်းစားနေတာ ဘာသဘောများလဲ။ အခုတလော အစိမ်းတစ်ယောက် အိမ်ကို အသွားအလာကျဲနေတာ ရှင်လေး သတိထားမိသည်။

သင်တန်းအသစ်တွေ လိုက်တက်နေတာတော့ သူမသိ၏။ ရှင်လေးကတော့ ဒက်ဒီရဲ့လုပ်ငန်းတွေထဲမှာ ပိုင်းကူရင်း စိတ်ကို နှစ်မြှုပ်ထားမိတာမို့ တစ်ခါတစ်ရံပဲ တွေ့ဆုံဖြစ်တော့၏။

ထူးဆန်းလိုက်တာ။

မင်းညို့ငင်နဲ့ ပတ်သက်ပြီး အစိမ်းတစ်ယောက် ဆတ်ဆတ်ခါနာတတ်နေတာ မယုံကြည်နိုင်စရာပါပဲ။ ပြီးတော့ မင်းညို့ငင် ရှင်လေးအပေါ် စိတ်ဝင်စားနေတယ်ဆိုတာရော အစိမ်း ဘာလိုလုပ်ပြီး သိနေတာပဲ။

"အစိမ်း"

သူမခေါ်သံကြောင့် ကားမောင်းနေရာမှ ငဲ့စောင်းကြည့်၏။

သူမ...

မေးမလို့လုပ်ပြီးတော့မှ ဆက်ပြီးမမေးရဲတော့ပါ။ အ
ဘက်က အထင်တစ်မျိုး ရှိသွားမှာကိုလည်း စိုးရွံ့မိသည်။

"ဘာလဲ…ရှင်လေး ပြောလေ"

ပြောဆိုမှ…

ပိုပြီးမပြောချင်တော့။

"ရှင်လေးကို…အိမ်ပဲပို့ပေးတော့နော်"

အစိမ်း ခေါင်းတစ်ချက်ညိတ်ပြပြီး ပြန်လှည့်ငြိမ်သက်
ကားလေးကိုပဲ ဂရုတစိုက် မောင်းနေတာကြောင့် ရှင်အိပ်
ထပ်ပြီး စကားမဆိုဖြစ်ပါတော့ချေ။

ကားလေးထဲတွင် သီချင်းသံ ငြိမ့်ငြိမ့်လေးက ပျံ့လွင့်လျ



## အခန်း (၁၃)

ဟင်…။

ဟုတ်မှဟုတ်ပါရဲ့လား။

သူမကိုချစ်ပါတယ်ဟု အခိုင်အမာ ဝန်ခံခဲ့သော ယောကျ်ား
ယောက်က သူမမဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်
တူ ခုံတန်းလေးပေါ်တွင် ထိုင်ကာ ရယ်မောလို့နေ၏။

တစ်လောကလုံး…

သူတို့အတွက် ဘာတစ်ခုမှ အလေးအနက်ထားစရာမလို
များ မှတ်ထင်ထားလေသလား မစဉ်းစားတတ်။ အပေါ်ထပ်
လေးကနေ ခြံဝင်းကြီးထဲကို ငုံ့ကြည့်ပြီး ဒေါသတွေ အကြီး
ယ် ထွက်နေရသည်။

ကြည့်စမ်း…။

မင်းညို့ငင်ဆိုတဲ့တောသား။

လက်ထဲမှာလည်း မိတ်ကပ်ရောင် နှင်းဆီပွင့်ကြီးတစ်[illegible] ကို ကိုင်လို့။ ဒါ အစိမ်းကိုပေးမလို့ပဲ ဖြစ်ရမည်။ အတွေး[illegible] ကြောင့် သူမရင်တစ်ခုလုံး ပူလောင်ပြင်းရှသွားရသည်။ မင်းညို့[illegible] နဲ့ အစိမ်းတို့ရဲ့ နေထိုင်ပုံက သာမန်ရင်းနှီးမှုတော့ မဟုတ်[illegible] ဒါကို သူမစိတ်ထဲမှာ အလိုလိုသိကာ တစ်ယောက်တည်း [illegible] တွေ ပေါက်ကွဲနေရသည်။

အစိမ်းကလည်းနော် ဘာဖြစ်လို့များ ဒီလိုလူမျိုးနဲ့ ရော[illegible] ပတ်သက်နေရသလဲ မစဉ်းစားတတ်ပါဘူး။ စကားတွေ ထိုင်[illegible] နေတာများ ရှင်လေးဆီကို လာလည်တာမှ ဟုတ်ရဲ့လားဟု [illegible] မလိုဖြစ်နေပြီ။

ရှင်အိပ်မက်တစ်ယောက် သူမအခန်းလေးထဲတွင် [illegible] လေး မထိုင်နေနိုင်ဘဲ ပြတင်းပေါက်နားကို သွားလိုက်၊ ခြံ[illegible] ငုံ့မိုးကြည့်လိုက်နှင့် ရှုပ်ယှက်ခတ်နေရသည်။ သူတို့ ဘာ[illegible] ဒီလောက်တောင် သဘောကျနေကြတာလဲ။

သိချင်ဇောတွေကြောင့် ခြံထဲသို့ဆင်းကာ သူတို့အ[illegible] ချက်ချင်းပြေးသွားလိုက်ချင်စိတ်တွေက တဖွားဖွား ဖြစ်ပေါ်နေ[illegible] သို့သော် သူမနဲ့ မသက်ဆိုင်တဲ့ကိစ္စမို့ မသွားချင်။ သူမမှာ ဝင်[illegible] စွက်ဖက်ပိုင်ခွင့် မရှိဘူးလေ။



အစိမ်းက သာမန်မိန်းကလေးတစ်ယောက်မှ မဟုတ်တာ။

ရှင်အိပ်မက်လိုပဲ တစ်ဦးတည်းသော သမီးလေး [illegible]ယောက်ဖြစ်ပြီး အစိမ်းအဖေ ကုမ္ပဏီပိုင်ရှင် သူဌေးကြီး [illegible]ယောက်ပဲ ဖြစ်သည်။ အစိမ်းကိုယ်တိုင်လည်း အစွမ်းအစရှိ[illegible] မိန်းကလေးတစ်ယောက်ဖြစ်၏။

အခုတလော…

အစိမ်းထုတ်လုပ်တဲ့ မုန့်လုပ်ငန်းတွေက တအားကို အောင်[illegible]နေခဲ့သည်။

သူမ…

ခြံထဲပြန်ငုံ့ကြည့်မိပြန်၏။

ဘုရားရေ…

ရှင်အိပ်မက် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ[illegible] အစိမ်းကို သူ ဘာပြောလိုက်သလဲမသိ။ အစိမ်းက သူ့ပခုံး[illegible]ကို တဗုန်းဗုန်း ထုရိုက်နေပုံလေးက မူနွဲ့နွဲ့လေးဖြစ်နေ၏။

သူတို့ဘာတွေလဲ…။

ဘယ်လောက်ထိတောင် ရင်းနှီးနေကြပြီလဲ။

သူမစိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ အောက်ထပ်[illegible]ဘယ်လိုဘယ်လို ဆင်းခဲ့မိမှန်းပင် မသိတော့ပါ။

''မမရှင်လေး''

''ဟင်''

"ဘာ…ဘာဖြစ်တာလဲဟင်၊ ပြူးပြူးပြာပြာနဲ့"

"သြော်…ဟို…ဟိုလေ အစိမ်းအသံကြားလို့ အဲဒါ
လာခဲ့တာ၊ အစိမ်းလာတယ်မဟုတ်လား မိနီ"

"လာတယ်…မမရှင်လေး၊ ဒါပေမယ့် အစ်ကို
မင်းညို့နဲ့ စကားပြောနေတယ်"

သူမတွေ့ပြီးပေမယ့် မသိချင်ဟန်ပဲ ဆောင်လိုက်သည်

"ဟုတ်လား…အဲဒါကြောင့် ငါ့ဆီရောက်မလာသေး
ကိုး သူတို့က အဲဒီလိုပဲ တရင်းတနှီး ရှိတတ်ကြလား မိနီ"

"ဟုတ်ကဲ့…မမရှင်လေး၊ မမစိမ်းက တစ်ခါတ
အစ်ကိုလေးကို ကားနဲ့လည်း လာခေါ်တတ်ပါတယ်"

ဟင်…။

အစိမ်းက သူတို့ကားနဲ့တောင် လာခေါ်တတ်တယ်ဆို
လား။

မိနီရဲ့ အသိပေးစကားက သူမရင်ကို ပြင်းထန်စွာ
လာရောက်ထိမှန်၏။ သူမရဲ့ အသိစိတ်တွေ ဝေဝါးကာ သူမ
လှမ်းတွေက ခြံထဲသို့ သွက်လက်မြန်ဆန်စွာ ရောက်သွားရသည်

"အစိမ်း"

"ဟယ်…ရှင်လေးပါလား"

သူမကို မြင်လိုက်တာနှင့် အစိမ်းရော မင်းညို့
မျက်နှာလေးတွေ သိသိသာသာ ပျက်ယွင်းသွားတာ သတိ





ိုက်မိ၏။

"ရှင့်ကားသံကြားလို့ အပေါ်တက်လာမယ်ထင်ပြီး စောင့်
နေတာလေ အစိမ်း"

"ဟုတ်တယ်…ရှင်လေးရဲ့၊ နင့်ဆီကို လာတော့မလို့ပဲ၊
ီမှာ စကားစလေးမပျက်သေးလို့ပါ၊ ဒီနေ့ နင်ဘယ်မှမသွားဘူး
ား ရှင်လေး၊ ငါက နင့်ကို အပြင်သွားတယ်လို့ထင်ထားတာ၊
င်းညို့ငင်ပြောမှပဲ နင်အိမ်မှာရှိနေမှန်းသိတာဟ"

ကြည့်စမ်း…။

ဒါက ဘာစကားကြီးလဲ။

အစိမ်းက သူမရှိနေတာကို မနှစ်မြို့သလိုကြီး ဖြစ်နေ၏။

"ဒီနေ့…ငါ့နားရက်လေ အစိမ်းရဲ့၊ တစ်ပတ်မှာ တစ်ရက်
တော့ ဒက်ဒီက ပေးနားပါတယ်"

"အဲဒါဆိုလည်းအတော်ပဲ ရှင်လေးရယ်၊ ငါ နင့်ဆီမှာပဲ
ခါတည်း ခွင့်တောင်းလိုက်တော့မယ်၊ မနေ့က ဒက်ဒီသူငယ်
တစ်ယောက် ရှားပါးတဲ့နိုင်ငံခြားသစ်ခွမျိုးရင်းတွေ လက်ဆောင်
ပေးလို့ကွ။

အဲဒါ အိမ်က ဦးဖြိုးကလည်း ရွာကို ခဏပြန်သွားလို့
ညို့ကို သစ်ပင်စိုက်ခိုင်းမလို့လေ။ မနက်ဖြန်ကျရင် ငါခဏ
ာက်လာခေါ်မယ်ဟာ နေ့လယ်ပိုင်းအားချိန်လောက်ပေါ့"

ဒါ…

အကြောင်းပြချက်တစ်ခုပဲ မဟုတ်လား။

အဓိကက အစိမ်းနဲ့သူ။

အို…။

ရှင်အိမ်မက် ဘာတွေလျှောက်ပြီး တွေးနေမိပါလိမ့်။ ဒါ သူမ ကိစ္စမှမဟုတ်တာပဲ။

"ရပါတယ်…စိမ်းရဲ့၊ အရင်ကလည်း အခုလို လွှတ်ထား နေကြပဲဟာ၊ သူအားတယ်ဆိုရင် ပြီးတာပဲ"

"ကိုယ်အားပါတယ် စိမ်း၊ နေ့လယ်ပိုင်းလာခေါ်မ

ကြည့်စမ်း…။

ရှင်အိမ်မက်တောင် ခွင့်မပြုရသေး သူက လိုက်လို လှဲလှဲကြီးကို လက်ခံနေချေပြီ။ အမြင်ကတ်စရာကောင်းလိုက်တာ မပြောပါနဲ့တော့။ တကယ်ဆိုရင် အစိမ်းရှေ့မှာမို့ သူမ မငြင်းချင် တမင် သူ့ဘက်ကို ဦးတည်လိုက်ကာမှပဲ သူက ဝမ်းသာအား ကို ခေါင်းကြီးညိတ်တော့တာပဲ။

"မင်းညို့ငင်"

ခေါ်သံက မာဆတ်ဆတ်။

"ပြော…ရှင်လေး"

"ကျွန်မ အခန်းထဲမှာ ရေပိုက်ပျက်နေလို့ အဲဒါ သွားကြည့် ပေးဦး"

"ဟင်…ဟုတ်လား"





သူ…

မယုံသလို သူမမျက်နှာကို လှမ်းကြည့်နေတာမို့ ရှင်အိမ် မက်မျက်နှာထားလေး တင်းထားလိုက်သည်။

"စိမ်း…ခွင့်ပြုနော်၊ ကိုယ်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ …မင်းညို့"

"ဩော်…မေ့လို့၊ ရော့…စိမ်းအတွက်"

"အို…လှလိုက်တာ၊ ကျေးဇူးပဲနော် မင်းညို့"

"ရပါတယ်"

မင်းညို့ငင်ဆိုတဲ့ လူရဲ့ လုပ်ပုံတွေကိုကြည့်ပြီး ဒေါသတွေ အကျယ် ထွက်နေမိသူက ရှင်အိမ်မက်ရယ်ပါ။ သူမရဲ့ အရှေ့ တည့်မှာမှလာပြီး အစိမ်းနဲ့ အကြည်စိုက်ပြနေတာ ဘာသဘော အစိမ်း မရိပ်မိအောင်လို့သာ ဟန်ဆောင်ပြုံးပြီး ကြည့်နေရတာ မှာတော့ အတော့်ကို အခံရခက်နေမိသည်။

"အစိမ်း…အိမ်ထဲဝင်ဦးလေ"

"မဝင်တော့ဘူး…ရှင်လေးရယ်၊ အစိမ်း…အလုပ်တွေရှိ မအားသေးဘူး၊ နောက်နေ့မှ ငါတို့သူငယ်ချင်းတွေ အေးဆေးဆေး ဆုံကြတာပေါ့ဟာ။

အခု…

ငါက မင်းညို့ဆီကို လာပြီး အကူအညီတောင်းတာဟ။ င်နဲ့အန်ကယ် ခွင့်ပြုရင် သူလိုက်ပေးပါ့မယ်လို့ နင့်ဆီ

ငါက ဖုန်းဆက်တော့မလို့။ အခုတော့ တစ်ခါတည်း အဆင်...
သွားတာပေါ့ဟာ။ ကဲ…ငါသွားတော့မယ်ရှင်လေး"

"အေးလေ…နင်က အခုဆို လုပ်ငန်းရှင်ကြီး ဖြစ်နေ...
ဆိုတော့ အရင်ကလို ဘယ်အားတော့မလဲ"

"ဘာရယ်…ငါက…ငါက ဘာလုပ်ငန်းရှင်ကြီး...
အဟင်း…ဟင်း"

"နင့်လုပ်ငန်းအောင်မြင်တဲ့ သတင်းကို ငါကြားပါတယ်"

"ဩော်…ဒါလား၊ အဟင်း…ဟင်း ကဲ…ငါသွား...
မယ် ရှင်လေး၊ နောက်မှတွေ့မယ်"

"အိုကေ…စိမ်း"

မင်းညို့ငင် ထွက်သွားတာနှင့် အစိမ်းတစ်ယောက် ...
တောင်မဆောင်နိုင်ဘဲ အလုပ်ကို အကြောင်းပြကာ ကားပေါ်...
တက်ပြီး မောင်းထွက်သွား၏။ သူမ နှုတ်ခမ်းသားလေးတွေ...
ထွက်ခွာသွားတဲ့ ကားလေးကိုကြည့်ပြီး လက်ခနဲ ပြုံးမြသွား...
သည်။

ရှင်အိပ်မက်တစ်ယောက်…

သူမအခန်းရှိရာ အပေါ်ထပ်ဆီသို့ သွက်လက်...
ခြေလှမ်းကလေးများနှင့် ပြန်တက်ခဲ့၏။ အခန်းရှေ့ တံခါးပေါက်...
တွင် လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်လျက် တံခါးပေါင်...
ကျောမှီကာ ရပ်နေသော မင်းညို့ငင်ကို တွေ့လိုက်ချိန်မှာ...





...ခြေလှမ်းကလေးတွေ တုန့်ခနဲ ရပ်တန့်သွားရတော့သည်။

"မင်း…ကိုယ်နဲ့စိမ်းကို တမင်လာခွဲတာမဟုတ်လား
...လေး"

"ဘာရှင့်"

"ဘာလဲ…မနာလိုဖြစ်နေတာလား"

"ရှင်…ရှင်နော်၊ စကားကိုကြည့်ပြောပါ၊ ဘာမနာလိုဖြစ်
...လဲ၊ ဘေးပတ်ဝန်းကျင်မှ အားမနာ ရှင်တို့ကြီးပဲရှိနေတယ်လို့
... ထင်နေကြလား"

"ကိုယ်တို့က ဘာတွေ မြင်မကောင်းအောင်လုပ်နေလို့လဲ
...လေး"

အမ်…။

မင်းညို့ငင်ရဲ့ အမေးကြောင့် သူမမျက်ဝန်းလေးတွေ
...ိုင်းသွားရသည်။ သူ့အမေးကို ပြန်ဖြေဖို့ အသည်းအသန်
...ားနေရသည်။

"ကိုယ်မေးတာကိုဖြေလေ…ရှင်လေး၊ ကိုယ်နဲ့သူ အေး
...ဆေး စကားပြောနေတဲ့ဟာကို မင်း ဘာကြောင့် မပျက်
...ိုက်ကို တမင်သွားပြင်နိုင်းရတာလဲ"

"....."

"ရှင်လေး"

"ဒီမှာ…ရှင် ကျွန်မကို ဘာမှပြန်ပြီး မေးခွန်းထုတ်စရာ

မလိုဘူး သိလား၊ ကျွန်မက ဒီအိမ်ပိုင်ရှင်ရှင့်၊ ကျွန်မ ဘာပဲလုပ်လုပ် ရှင်လက်ခံရမှာ ထုံးစံပဲ၊ ရှင် ကျေနပ်ချင် ကျေနပ် မကျေနပ်ရင် လည်း ကျွန်မရှေ့မှာ မျက်စိနောက်လာရင်တော့ အခုလိုလုပ်ပစ်မှာ ပဲ၊ အဲဒီလို မဖြစ်စေချင်ရင် ကျွန်မ ကွယ်ရာမှာနေ၊ ဒါပဲ''

''မင်းညာတာ''

''ဘာ''

''မင်းရင်ထဲက ခံစားချက်အမှန်က အဲဒါမဟုတ်ဘူး ရှင်လေး၊ ဒါကို ဟန်ဆောင်ကောင်းကောင်းနဲ့ မဖုံးကွယ်ချင်စမ်းပါ နဲ့''

ပြဿနာပဲ…။

စူးရှသော ညို့မျက်ဝန်းစိုတို့နှင့် သူမရဲ့ မျက်ဝန်းတွေထဲ ဆုံအောင် ကြည့်ပြီး တရားခံဖမ်းဖို့ ကြိုးစားနေတဲ့ သူ့ရှေ့မှာ ရပ်နေ ရတာ စိတ်မလုံချင်တော့ပါ။

''ရှင်လေး''

''ဖယ်ပါ…မင်းညို့ငင်၊ ကျွန်မ အနားယူချင်နေပြီ၊ ကျွန်မ အခန်းရှေ့ကနေ ဖယ်စမ်း''

''မဖယ်ဘူးကွာ''

''ဟင်…ရှင်…ရှင်''

''အမှန်တရားကို ကိုယ်သိချင်တယ်''

ဖွတ်တရွတ်ဆန်သော သူ့ရဲ့အပြုအမူကို သူမ အမုန်းဆုံး





ပါပဲ။ လူတစ်ယောက်ကို ချောင်ပိတ်မေးခွန်းထုတ်ဖို့ စိတ်ကူးတတ် တဲ့ သူ့အကျင့်စရိုက်ကို နည်းနည်းလေးမှ မနှစ်မြို့မိ။

''ရှင်လေး…မင်း…မင်းရင်ထဲမှာ ဘာတွေဖြစ်နေတာ လဲ''

''ဒီမှာ…မင်းညို့ငင် ရှင့်ကိုယ်ရှင် သိပ်ပြီး အထင်တွေ ကြီးမနေနဲ့သိလား၊ စိတ်ကူးယဉ်ယယ်ဆိုတာ တော်ရုံသင့်ရုံပဲ ကောင်းတယ်။

ဘာလဲ…ရှင်နဲ့စိမ်းကို ကျွန်မက သဝန်တိုပြီး လာဖျက် တယ်လို့ထင်တာလား။ ဆောရီးပဲ မင်းညို့ငင်။ ဒါဆို ရှင် အတွေး တွေ အရမ်းကို မှားယွင်းသွားပြီ။ ရှင်သိထားဖို့က ရှင်ဘယ်လိုပဲ နေနေ ဘယ်သူနဲ့ပဲတွဲတွဲ ကျွန်မ လုံးဝဂရုမစိုက်ဘူး။

အရေးကြီးတာက ကျွန်မတို့အိမ်မှာ ရှင် ပြဿနာမရှာပါ နဲ့ အေးအေးဆေးဆေးပဲ နေပါ။ ကျွန်မတို့မိသားစုက ပတ်ဝန်းကျင် မှာ နာမည်တစ်လုံးနဲ့ ရပ်တည်နေကြတာရှင့်။ ဒီတိုက်ကြီးထဲမှာ အရှင်တွေ မရှိဘူးဆိုပြီး အခွင့်ကောင်းရယူတာမျိုး မလုပ်သင့်ဘူး။

ပြီးတော့…။

အစိမ်းက ကျွန်မရဲ့ သူငယ်ချင်းဖြစ်နေတယ်။ ဒါကြောင့် အနေအထိုင် ဆင်ခြင်ပါ မင်းညို့ငင်''

ဟာ…။

ဟာကွာ။

ပြောရက်လိုက်တာ။

မင်း…မင်း ကိုယ့်ရဲ့ယောကျ်ားသိက္ခာကို အကြီးအကျယ် စော်ကားလိုက်တာပဲ ရှင်လေး။ မင်းပြောတဲ့စကားတွေရဲ့ အဓိပ္ပါယ် ကို မင်း သေချာပြန်ပြီး သုံးသပ်မိရဲ့လားဟင် ရှင်လေး။ အခုလို ပြောထွက်တာ မယုံနိုင်စရာပါပဲကွာ။

တကယ်ဆို…။

မင်းရင်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ စိတ်ခံစားမှုက လောက် ရင့်သီးခါးသက်မနေဘူးဆိုတာကို ကိုယ်သိနေတယ် ရှင်လေး။ မင်းပြောခဲ့တဲ့ စကားတွေ၊ မင်းရဲ့မာနနဲ့ အတ္တတွေကြောင့် အမှန်တရားကို မင်း လက်မခံချင်တာမဟုတ်လား ရှင်လေး။

အဓိပ္ပါယ်မရှိတဲ့ အယူအဆကြီးတွေနဲ့ မင်းရင်ထဲက ချစ်ခြင်းမေတ္တာတွေကို အဆိပ်ခတ်သတ်ဖို့ ကြိုးစားနေတာ မဟုတ်လား ရှင်လေး။ ကိုယ်သိတယ်။ အဲဒါတွေအားလုံးကို ကိုယ် သိနေတယ် ရှင်လေးရယ်။

"ရှင်လေး"

"ပြော…မင်းညို့ငင် ရှင်ဘာပြောချင်သေးလဲ"

"……"

ရီဝေသော မျက်ဝန်းလေးတွေနှင့် သူမလေးရဲ့ မျက်နှာ လေးကို စူးနင့်နေအောင် စိုက်ကြည့်လိုက်မိသည်။

သူ…





ပြောချင်ပါသည်။

ရင်ထဲမှာ ခံစားနေရသမျှ ရင်ဖွင့်လိုက်ချင်ပါသည်။

ချစ်တယ်။

သိပ်ချစ်တယ်လို့ ရှင်လေးသိအောင် ပြောလိုက်ချင်၏။

သို့သော်…

သူမပြောဖြစ်ခဲ့ပါ။

ခါးသက်စိမ်းကားလွန်းတဲ့ သူမရဲ့ ဒေါသမျက်ဝန်းလေး တွေကို ကြည့်ပြီး နေရာကနေ ချာခနဲနေအောင် လှည့်ထွက်ခဲ့မိတော့ သည်။

❀ ❀

## အခန်း (၁၄)

"ဟဲလို"

"ရှင်အိပ်မက်လား"

"ရှင်"

"ရှင်အိပ်မက်လားလို့"

"ဟုတ်…ဟုတ်ပါတယ်၊ ဒါ…ဒါနဲ့"

"ကိုယ်…ပြည့်စွမ်းထွန်းပါ"

"ရှင်"

"အဟွန်း…ဟွန်း အံ့ဩသွားလား ကလေး"

သူမဟင်းနှီးဖုန်းလေးတွင် တစ်ခါမျှမသိဘူးသော

နံပါတ်လေးမို့ ဖွင့်နားထောင်လိုက်စဉ် ဩရှရှ ယောကျ်ားတစ်ဆ





အသံကြောင့် သူမ မျက်မှောင်လေးတွေ ကြုံ့တက်သွားရသည်။

ဘယ်သူပါလိမ့်ဟု သူမစဉ်းစားနေဆဲ တစ်ဖက်မှ ဆက်သူသည် သူမတစ်သက်နဲ့တစ်ကိုယ် မမျှော်မှန်းရဲသော တစ်ယောက်ဆီမှ ဆက်သွယ်မှုကြောင့် မယုံကြည်နိုင်ရကာ ကြောင်အအလေးပင် ဖြစ်သွားရသည်။

မထင်ပါ…။

သူမကို အခုလို တကူးတက ပြန်ဆက်သွယ်လာလိမ့်မည် ရှင်အိပ်မက် ထင်မထားပါ။ ဦးပြည့်စွမ်းထွန်းလက်ထဲ သူမရဲ့ ကာဒ်လေး ပေးပြီးသည့် အချိန်မှစ၍ တစ်စုံတစ်ခုကို သူမ ဒီအထိ မျှော်လင့်နေခဲ့ဖူးသည်။

အခုတော့…

သူမ မထင်မှတ်တဲ့အချိန်ကျမှ အခုလို ဆက်သွယ်လာတာ အံ့ဩကာ မှင်သက်နေရသည်။

"ရှင်အိပ်မက်…ကိုယ့်ကို မမှတ်မိဘူးထင်တယ်"

မဟုတ်တာ…။

ကျွန်မက ရှင့်ကို အရမ်းမှတ်မိတာပေါ့ ဦးပြည့်စွမ်းထွန်း မှတ်မိတာမှ စွဲစွဲထင်ထင်ကြီးကို မှတ်မိနေခဲ့တာရှင့်။

"ကလေး…ဟော…baby ဖြေဦးလေ"

"ဟို…ဟို…မှတ်…မှတ်မိပါတယ် ဦးပြည့်စွမ်းထွန်း"

"ဟွန်း…ဟွန်း"

အို…။

သူမရဲ့ အသံတုန်တုန် ဖြေသံလေးကိုကြားပြီး သ
တွေကျကာ တစ်ဘက်မှ ရယ်မောနေတော့သည်။

"ဦးပြည့်စွမ်းထွန်း"

"ပြော"

"ကျွန်မဆီဆက်တာ ဘာအကြောင်းများရှိလို့လဲ

"ရှိတာပေါ့…ရှင်အိပ်မက်၊ အကြောင်းကိစ္စမရှိဘဲ
က မင်းဆီကို အားအားယားယားဆက်ပါ့မလားကွ။ အဟ
ထွန်း မင်းသိထားဖို့က ကိုယ်က အချိန်တွေသိပ်ပြီး အားလပ်
လူတစ်ယောက်မဟုတ်ဘူးဆိုတာပဲ။ ဒါကြောင့် ကိုယ်ဆွေးနွေ
ကိစ္စကို မင်း သေချာအလေးအနက်နားထောင်ပါ၊ ဟုတ်ပြီလား

ဘာတွေလဲ…။

ဦးပြည့်စွမ်းထွန်း ဘာတွေပြောနေတာလဲ။

သူမဆီကို ပုဂ္ဂိုလ်ရေးကြောင့် ဆက်တာမဟုတ်ဘူး
သဘောလား။ အလုပ်ကိစ္စတစ်ခုနဲ့ ဆက်တာဆိုရင်တော့ ဒက်
ကို ဆက်သွယ်လိုက်တာ အကောင်းဆုံးပဲမဟုတ်လားဟင်။

"ရှင်အိပ်မက်"

"ဟို…ဟို အလုပ်ကိစ္စ ဆွေးနွေးဖို့ဆိုရင် ဒက်ဒီက
ဖုန်းကို ပြန်ဆက်သွယ်လိုက်ပါလားဟင်၊ ရှင်လေးက သိ
နားလည်တာမဟုတ်တော့"





"မင်းကို ဘယ်သူက အလုပ်ကိစ္စ ဆွေးနွေးမယ်ပြောလို့
…"

"ရှင်"

"မင်း တော်တော်အူတူတူနိုင်တဲ့ ကောင်မလေး
…ယောက်ပဲ ရှင်အိပ်မက်"

အို…။

သူမကို ပထမဆုံးအကြိမ် ဝေဖန်ပြစ်တင်လိုက်တဲ့ ဦးပြည့်
…ထွန်းစကားကြောင့် ရှက်သွေးလေးပင် ရဲတက်သွားရသည်။

"မင်းက အကြောင်းမရှိဘဲ ဆက်တာထင်နေလို့ မင်း
…ခင်မင်ခွင့်တောင်းမယ့်အကြောင်း ရှိတယ်လို့ ပြောတာကွ၊ ရှင်းပြီ
…"

ဟင်…။

ရွှင်မြူးနေတဲ့ ဦးပြည့်စွမ်းထွန်းအသံကို နားထောင်ပြီး
…အိပ်မက် စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားနေရသည်။

"ကဲ…ဘယ်လိုလဲ ရှင်အိပ်မက်၊ ကိုယ့်ကို ခင်မင်ခွင့်ပြု
…၊ မင်းရဲ့မိတ်ဆွေတစ်ယောက် အဖြစ်နဲ့လေ"

ဦးပြည့်စွမ်းထွန်းရယ်…။

ဘယ်လိုများ မေးလိုက်ပါလိမ့်ရှင်။ အဲဒီအခွင့်အရေးကိုရ
…ခဲ့တဲ့ အချိန်ကတည်းက အရူးအမူးကို စောင့်စားမျှော်လင့်
…ရတာရှင့်။

"ပြောလေ…ရှင်အိပ်မက်"

"ကျွန်မ…ကျွန်မ အရမ်းအံ့ဩနေမိတုန်းပဲ"

"ဘာကိုလဲ …ရှင်အိပ်မက်"

"ဩော်…ဒီလိုလေ ဦးပြည့်စွမ်းထွန်းလို ဂုဏ်သ
လူကြီးလူကောင်းတစ်ယောက်က ဘာမဟုတ်တဲ့ ရှင်အိပ်မက်
မိန်းကလေးမျိုးနဲ့ မိတ်ဆွေဖြစ်ချင်ရတယ်လို့"

"အဟွန်း…ဟွန်း ကိုယ့်ကိုယ်ကို နှိမ်ချလှချည်လား
ဒါပေမယ့် မင်းပြောတာလည်း မှန်ပါတယ်၊ အစက ကိုယ်ထ
အဲဒီလို အသုံးမဝင်တဲ့ အတွေးမျိုး ဝင်မိသေးတာလေ။

ဒါကြောင့် ကိုယ် မင်းဆီကို မဆက်သွယ်ရဲသေး
တွေဝေနေခဲ့တာပေါ့။ အခုတော့ ကိုယ့်စိတ်တွေကို အပိုင်နိုင်
ဆုံးဖြတ်လိုက်ပြီ ရှင်အိပ်မက်၊ မင်းလိုလူငယ်လေး တစ်ယော
ဟန်မဆောင်စတမ်း ကိုယ်က မိတ်ဆွေဖွဲ့မလို့လေ"

"ကျွန်မက လက်မခံဘူးဆိုရင်ရော ဦးပြည့်စွမ်းထွန်း"

"မင်းလက်ခံမယ်ဆိုတာ ကိုယ်သိပါတယ်၊ မင်း
ကိုယ်နဲ့ နောက်ထပ်မဆုံချင်တော့ဘူးဆိုရင် မင်းရဲ့လိပ်စာကဒ်
ကို ကိုယ့်လက်ထဲ တိတိကျကျ ပေးခဲ့ပါ့မလား ရှင်အိပ်မက်"

အို…။

သူ့ရဲ့ အပိုင်ပြောချလိုက်သော စကားကြောင့် ရှင်အိပ်
ရဲ့ရင်ထဲ နင့်ခနဲနေအောင်ပင် သည်းမျက်သွားရသည်။ သူပြော





…သူမဖက်ကစပြီး လမ်းဖောက်ခဲ့တာပဲ မဟုတ်လား။ အခုမှ
… ဖက်ပြိုင်ငြင်းဆန်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ချေ။

"ဘယ့်နှယ့်လဲ ရှင်အိပ်မက်၊ ကိုယ်ပြောတာ မှန်တယ်
…တ်လား"

"အတိုင်းအတာတစ်ခုအထိတော့ မှန်တယ် ဦးပြည့်စွမ်း
…"

"အိုကေ…ဒါဆို ကိုယ်တို့ မိတ်ဆွေတွေ ဖြစ်သွားကြပြီ
…နော်၊ ရှင်အိပ်မက်"

"ဟုတ်"

"ဒါဆို…မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်အတွက် ဒီညနေ
… ကိုယ်ကျွေးပါရစေ၊ မင်း အချိန်ပေးနိုင်မယ်မဟုတ်လား"

"ကောင်းပြီလေ…ဦးပြည့်စွမ်းထွန်း"

သူမ သိပ်ပြီး ဟန်ကြီးတစ်ခွဲသားနှင့် မငြင်းဆန်ချင်ပါ။
…ကိုယ်တိုင်ကလည်း ဦးပြည့်စွမ်းထွန်းဆီက ဒီအခွင့်အရေးကိုရ
…ယ်လောက်ထိ မျှော်လင့်ရတယ်ဆိုတာ သူမကိုယ်သူမ အသိ
…ပဲ။ မိန်းမတစ်ရာမှာတစ်ယောက် မရနိုင်တဲ့ အခွင့်အရေးကို
…တာ ကံထူးတာပဲမဟုတ်လား။ ဒါကို မိုက်မိုက်ရူးရူး ငြင်းပယ်
…သူမ ဘယ်လိုမှ စိတ်မကူးချင်ဘူးလေ။

"ရှင်အိပ်မက်"

"ဟုတ်ကဲ့…ပြောပါ ဦးပြည့်စွမ်းထွန်း"

"ကျေးဇူးတင်ပါတယ်"

ရှင်အိပ်မက်ရဲ့ နှုတ်ခမ်းလေးတွေ ကြည်နူးစွာ ပြုံးသွား သည်။ တစ်ဖက်က ဦးပြည့်စွမ်းထွန်း ဖုန်းချသွားပေမယ့် သူမ တော့ ငေးကြောင်ကာ ဖုန်းလေးကို နားထောင်နေမိဆဲပင်။ ပြီး သတိရကာ သူမဟင်းနဲ့ဖုန်းလေးကို ပြန်ပိတ်လိုက်ရ၏။

ထူးဆန်းမနေဘူးလားဟင်။

လူတကာအလယ်မှာ မျက်နှာပွင့်လန်းပြီး အောင်မြင် ကြားနေတဲ့ ဦးပြည့်စွမ်းထွန်းလို လူတစ်ယောက်ဆီက အခု ကမ်းလှမ်းမှုမျိုးကို ပြုလုပ်လာတာ အံ့ဩစရာပဲ။

ယောကျ်ားတစ်ယောက်ဆီက အခုလို အစိမ်းသက်သ အရေးတယူလုပ်လာခြင်းအပေါ် သူမ အများကြီး စဉ်းစားနေရ ပြီ။ စိတ်တွေလည်း အလှုပ်ရှားကြီး လှုပ်ရှားနေရ၏။

ဦးပြည့်စွမ်းထွန်းဖက်က သူမအနီးကို ရောက်အော အင်အားပြင်းစွာ ထိုးဖောက်ဝင်ရောက်လာတာလေ။ သူမဆီကို အခုလို ဘာကြောင့် ချဉ်းကပ်လာသလဲဆိုတာတော့ သူမပြန်မေ သိချင်တော့ပါဘူး။ အဲဒီလိုလာနိုင်အောင်ပဲ သူမက အခွင့်အ ပေးခဲ့တာကိုး။

ပြည့်စွမ်းထွန်းတစ်ယောက်မှာလည်း…

သူမလေးဆီကနေ မထင်မှတ်လောက်တဲ့ လှိုက်လှဲ တုံ့ပြန်မှုလေးကြောင့် ဝမ်းသာပျော်ရွှင်နေမိသည်။ ထိုနေ့က သူ





တိုးကပ်လာပြီး လင်းလက်ဖြာသော မျက်နှာဝန်းလေးတွေနှင့် ကို စိုက်ကြည့်ကာ လိပ်စာကဒ်လေး မှတ်မှတ်ထင်ထင် ပေးသွား သော ရှင်အိပ်မက်ဆိုသည့် ကောင်မလေးကို စိတ်အာရုံထဲက ပျောက်ဖျက်မရခဲ့ပါချေ။

အသက်အရွယ် ကွာဟမှုဆိုတဲ့ အချက်ကြီးကြောင့် သူ့စိတ် အချိန်ကြာနေခဲ့တာကိုပင် နောင်တလေးရချင်နေပြီလေ။

ရှင်အိပ်မက်ရယ်…

မင်းလေးသိနေမလားဟင်။ မင်းဟာ ကိုယ့်အတွက် ထူးဆန်းပြားတဲ့ စိတ်ကူးယဉ် အိပ်မက်ရှည်တွေကို ဖန်ဆင်းခဲ့တဲ့ သမီးလေးတစ်ပါးပါပဲ ရှင်အိပ်မက်ရယ်။ အမြဲတမ်း ယောက်တည်း နေရတဲ့ဘဝလေးကို နှစ်သက်တတ်ခဲ့တဲ့ ကိုယ် င်းလေးကို တွေ့ပြီးမှ ကိုယ့်အနားမှာ တစ်စုံတစ်ယောက်ရှိနေ င်တဲ့ ဆန္ဒလေးတွေ ကြီးမားလာရတယ်ကွာ။

ကိုယ် အရမ်းကို အံ့ဩနေမိတယ် ရှင်အိပ်မက်ရယ်။

မင်းအသံလေးကို ကြားလိုက်တာနဲ့ ကိုယ့်ရင်တွေ ျပ်မရလောက်အောင် အခုန်မြန်နေရပြီ။ ကိုယ် မင်းကို ချစ်မိ ပြီထင်တယ်။ မင်းရဲ့မျက်နှာလှလှလေးကို အမှတ်တရ ရှိနေခဲ့ တွေ၊ မင်းသာရှိနေရင်ဆိုတဲ့ တောင့်တမှုလေးတွေကို ကြည့် ဖြင့် ကိုယ့်ရင်ထဲက နှလုံးသားတွေထဲမှာ မင်းကို ဘယ် တောင် လိုအပ်နေပြီလဲဆိုတာ မတွေးတောင် မတွေးရဲတော့

ဘူး မိန်းကလေးရယ်။

အဲဒီလောက်တောင် ကိုယ်က ချစ်နေမိတာပါ။

ဒါကြောင့်…

ကိုယ် အရမ်းကို သွေးပျက်လောက်အောင် ထိတ်လန့်နေရပြီ ရှင်အိပ်မက်။ ကိုယ်ခံစားရမှာ အလှည့်စားခံရမှာကို ကိုယ်သေလောက်အောင် ကြောက်ရွံ့နေရပြီ။ ကိုယ် မင်းလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ဘူး။

အတ္တကြီးတယ်ပဲပြောပြော…ကိုယ် မင်းကို ရယူပိုင်ဆိုင်နိုင်ဖို့ မဖြစ်မနေ ရှေ့ဆက်တိုးတော့မှာ။ ကိုယ် အရှုံးလုပ်မခံနိုင်ဘူး ရှင်အိပ်မက်ရယ်။ ကိုယ့်ကို မင်းလေးနားလည်ပါနော်။

ကိုယ်ခံစားရမှာကို ကြောက်လွန်းလို့ပါကွာ။



## အခန်း (၁၅)

တစ်ခါတလေ…

ရှင်အိပ်မက် သူမကိုယ်သူမ ရူးသွပ်နေပြီလားဟုပင် ထင်မိ

တ်။

ဦးပြည့်စွမ်းထွန်းရဲ့ ကမ်းလှမ်းမှုကြောင့် ညစာစားပွဲလေး တို့ သူမသွားဖြစ်ခဲ့သည်။ ရင်းနှီးနွေးထွေးသော ဦးပြည့်စွမ်းထွန်းရဲ့ ကြင်နာမျက်ဝန်း အကြည့်တွေအောက်တွင် သူမရဲ့ ခံစားချက်တွေ တင်းမဲ့နေတာ ယုံတောင်မယုံနိုင်စရာပါပဲ။

တကယ်ဆို…

ဦးပြည့်စွမ်းထွန်းလို အရည်အချင်းရှိတဲ့ ယောကျ်ား တစ်ယောက်ကို မက်မက်မောမော လိုလားတောင့်တခဲ့ဖူးတာ

မဟုတ်လား။ ရုပ်ရည်၊ ပညာ၊ ကြွယ်ဝချမ်းသာမှု၊ ဂုဏ်သတင်း ကြီးမားကျော်ဇောမှုကအစ လက်ညှိုးထိုးပြစရာ အပြစ်ရှာမရအောင် ပြည့်စုံတဲ့ ဦးပြည့်စွမ်းထွန်းလို လူတစ်ယောက်ဆီက ချဉ်းကပ်လာမှုကို သူမ ဝမ်းသာအားရ ကြိုဆိုနိုင်ရမှာလေ။ ဒါဟာ သူမ အပြစ်ချင်ဆုံး ဆန္ဒတစ်ခုပဲဟာ…။

အခုတော့…

ရှင်အိပ်မက် လုံးဝပျော်ရွှင်မနေခဲ့ပါ။ ဦးပြည့်စွမ်းထွန်းရဲ့ အရှေ့မှာ ရှိနေရတာပင် ဝန်ထုပ်ဝန်ပိုးတစ်ခုကို သယ်မထားရသလို လေးပင်နေခဲ့သည်။ ညစာစားပွဲလေး ပြီးဆုံးသွားတော့ သူမ အိမ်ပြန်ခဲ့၏။

ညှေ့ခန်းလေးမှ ဖြတ်အလျှောက် မင်းညို့ငင်တစ်ယောက် ဖုန်းပြောနေတာမို့ သတိထားကာ နိုးနားထောင်နေမိသည်။

သူ…

အစိမ်းနဲ့ စကားတွေပြောနေတာပဲ။

သူမဝင်လာတာကို သတိမထားမိလောက်အောင် အစိမ်းနဲ့ ဘာစကားတွေများ ပြောနေတာပါလိမ့်။

ရှင်အိပ်မက် စိတ်ဝင်စားသွားရသည်။

အပေါ်ထပ်သို့ တက်မည့် ခြေလှမ်းတွေကို ရပ်တန့်ကာ သူမ နိုးနားထောင်မိသည်။

"ကိုယ်…သူ့ကို တကယ်ပဲ ချစ်ခဲ့မိတာပါ အစိမ်းရယ်





အဲဒါကို ကျိန်ဆိုပြီး ပြောရဲပါတယ်၊ ကိုယ့်ဘဝတစ်သက်တာမှာ တစ်ခါမှ မချစ်ဘူးသေးတဲ့ အချစ်နဲ့ ချစ်ခဲ့တာပါဗျာ"

အို…။

ရှင်အိပ်မက် နှုတ်ခမ်းသားလေးတွေ ပိုင်းဟသွားရသည်။ ခန္ဓာကိုယ်အတွင်း လည်ပတ်စီးဆင်းနေသော သွေးများ ချက်ချင်း ရပ်ဆိုင်းသွားသလို တောင့်တင်းအေးစက်သွားရ၏။

မထင်မှတ်သော ဖုံးကွယ်မှုတစ်ခုကို သိခွင့်ရလိုက်သည့်အတွက် သူမစိတ်တွေ ဝုန်းခနဲ ပြိုယိုင်သွားရသည်။ သူမထင်ထားသလို အစိမ်းနှင့် မင်းညို့ငင်ရဲ့ ဟန်ဆောင်မှုကြီးကို ဘွားခနဲ သူမ သိခွင့်ရခဲ့သည်။

"ကိုယ်…ဘယ်လိုလုပ်ရမလဲတောင် မသိတော့ပါဘူး အစိမ်းရာ၊ အန်ကယ်မင်းယံက ရှင်လေးနဲ့ ကိုယ့်ကို လက်ထပ်စေချင်ပေမယ့် ရှင်လေးကို အတင်းအကြပ် လက်ခံရတာမျိုး မဖြစ်စေချင်ပါဘူး အစိမ်းရယ်၊ ကိုယ် အဲဒီလို အတ္တကြီးကြီးနဲ့ သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားအောင် ကိုယ်မလုပ်ရက်ပါဘူး။

ကိုယ့်အချစ်က သူ့ကို ပျော်ရွှင်ခြင်းတွေ ပေးစွမ်းချင်တဲ့ အချစ်မျိုးပါ။ ကိုယ့်ကြောင့် ဝန်ထုပ်ဝန်ပိုးတစ်ခုလို လေးလံနေမှာ ကိုယ်မဖြစ်စေချင်ဘူး အစိမ်းရယ်"

မင်းညို့ငင်ရယ်…။

ဘာဖြစ်လို့ အခုလိုအချိန်ကြမှ ဒီစကားမျိုးတွေကို ပြောနေ

မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

သူ…သူ။

မင်းညို့ငင်ပဲ။

ကြည့်စမ်း…။

ဒီအချိန်ကြီးကျမှ သူမ အခန်းထဲကို သူဘာလို့ဝင်လာ

တာလဲ။

သူမ…

ရင်တွေတထိတ်ထိတ် အခုန်မြန်လာရသည်။ မျက်ဝန်း

လေးတွေကို စိတ်လှုပ်ရှားကြီးစွာဖြင့် ဖိကပ်ပိတ်ထားမိ၏။ သူ့

အတင့်ရဲမှုကို စဉ်းစားမိတိုင်း ရှင်အိပ်မက် အံ့သြနေရသည်။ ဘာ

ဖြစ်ဖြစ် သူနဲ့သူမကို ဒက်ဒီက သဘောတူနေတာလေ။

ဒီအချက်ကိုသိလို့…

သူမအခန်းထဲကို အခုလို ဝင်လာတာများလား။

ခြေသံက သူမခုတင်လေးအနီးသို့ နီးကပ်လာလေ

ရှင်အိပ်မက်စိတ်တွေ သွေးပျက်လောက်အောင် ချောက်ချားလေ

ပါပဲ။ မိုးပြာရောင် ညဝတ်ဂါဝန်နှင့် အိပ်ချင်ဟန်ဆောင်နေသော

သူမ နည်းနည်းလေးမျှ မလှုပ်ရဲချေ။

ခွလုံးကြီးကို တင်းတင်းခွကာ အိပ်ပျော်သယောင်

ငြိမ်သက်နေမိသည်။

ခြေသံလေးက သူမခုတင်လေးအနီးတွင် ရပ်တန့်သွား





သူ…

ဘာတွေလုပ်နေသလဲ။

မျက်ဝန်းတွေကိုလည်း ဖွင့်မကြည့်ရဲပါ။ အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေသေးသည်။ သူမအနီးသို့လည်း အခုချိန်ထိ တိုးကပ်လာသည့် အရိပ်အယောင်လည်းမရှိ။ သူ့ရဲ့ ထူးဆန်းတဲ့လုပ်ရပ်ကြောင့် သူမစိတ်ထဲ သိချင်စိတ်တွေက ပြင်းပြလာခဲ့သည်။

မေးမှိတ်ထားသော မျက်ဝန်းလေးကို အသာလေးဖွင့်ကာ ချောင်းကြည့်တော့ သူမရဲ့ စားပွဲလေးပေါ်က ပန်းအိုးကလေးတွင် အရင်ပန်းအဟောင်းကို ထုတ်ယူပြီး လတ်ဆတ်သော နှင်းဆီနီရဲရဲလေးတစ်ပွင့်ကို ထိုးစိုက်ပေးနေတာတွေ့ရသည်။

သူမ…

သူ့လုပ်ရပ်ကို မှင်သက်သွားရ၏။

ဒီအချိန်ကြီးကြမှ သူဘာကြောင့် ပန်းကိုလာလဲရသလဲ။ တစ်နေ့လုံး ပန်းအိုးလေးထိုးပေးဖို့ အချိန်မအားလောက်အောင် သူ အရမ်းကို အလုပ်တွေများနေတာလား။

သူ့မျက်နှာကို ဘေးတစောင်းအနေအထားမှပင် သူမ ခိုးကြည့်နေမိသည်။ ရီဝေဖျော့တော့သော မျက်ဝန်းလေးတွေက အင်အားမဲ့ကာ နှင်းဆီပွင့်ရဲရဲလေးကို အဓိပ္ပါယ်မဲ့ စိုက်ကြည့်နေတာတွေ့ရ၏။

သူ…

တစ်အားကို ခံစားနေရပုံပါပဲ။

ဝမ်းနည်းကြေကွဲနေတဲ့ သူ့မျက်ဝန်းထဲမှာ မျက်ရည်ကြည် ကြည်လေးတွေ ဝေ့ဝဲနေတာကို သူမ မြင်တွေ့နေရသည်။ မမြင်ရ ှာ မျက်ဝန်းလေးတွေကို ပြန်မှိတ်ထားလိုက်မိ၏။

မဖြစ်ဘူး…။

သူ့ကိုဆက်ပြီး ကြည့်နေလို့မဖြစ်ဘူး။

ကြေကွဲဝမ်းနည်းပြီး တစ်စုံတစ်ခုကို အပြင်းအထ မျှော်လင့်နေတဲ့ သူ့မျက်ဝန်းလေးတွေကို နောက်တစ်ကြိမ် ထပ်ကြည့် မိတာနဲ့ တင်းထားတဲ့ သူမရဲ့စိတ်တွေ အားလုံး ပြိုလဲပိုင်နဲ့သွာ လိမ့်မယ်။

ဟင့်အင်း…။

ကျွန်မ သူ့ကို သနားလို့မဖြစ်ဘူး။

သူ့ကို…

သူမရဲ့ ဘဝလက်တွဲဖော်အဖြစ် အနားမှာ ခေါ်ထား လို့ မဖြစ်ပါဘူး။ သူက ရှင်အိပ်မက်ရဲ့ စိတ်ကူးယဉ်အိပ်မက်ထဲ မင်းသားလေးမှ မဟုတ်တာ။ သူ့မှာ လူတကာ အံ့သြငေး အထင်ကြီးစရာကောင်းတဲ့ ဘယ်လိုအရာမျိုးမှ ရှိမနေခဲ့ဘူး

အသင့်အတင့် ပညာလေးတတ်တာကလွဲပြီး သူ့မျာ မှာ မှီခိုနေရတဲ့သူ။ မိုးလင်းကနေ မိုးချုပ် အိမ်ရှင်တွေကျေနပ် လုပ်ပေးနေရတဲ့လူတစ်ယောက်။





အတွေးလေးကြောင့် သူမခေါင်းလေးကို ယမ်းမိမလို ဖြစ် ွားပြီးတော့မှ သူရှိနေသေးပါလားဆိုတဲ့ အသိကြောင့် ပြန်ပြီး န်းချုပ်လိုက်ရသည်။

ခြေသံဖွဖွ နင်းလျှောက်သံကြောင့် မင်းညိုငင်တစ်ယောက် ခန်းလေးထဲကနေ ပြန်ထွက်ဖို့ လုပ်နေပြီဆိုတဲ့အသိကြောင့် သူမရဲ့ က်ဝန်းလေးတွေ ဖျတ်ခနဲ ဖွင့်လိုက်မိ၏။

သူမကိုကျောခိုင်းကာ တံခါးရှက်ဆီ သူသွားနေသည်။

မင်းညိုငင်…။

လှမ်းခေါ်သံလေးက သူမလည်ချောင်းဝလေးတွင် တစ်ဆို ထွက်ကျမလာချေ။

သူက အခန်းတံခါးကို ညင်သာစွာ လှည့်ဖွင့်ပြီး အပြင် က်ကာ အခန်းလော့ခ်ကလေးချပြီး ပြန်စေ့ပိတ်ပေးသွား၏။

မင်းညိုငင်ရယ်…။

ခွင့်မလွှတ်ပါနဲ့ရှင်။

ရှင်အိပ်မက်ဆိုတဲ့ ကျွန်မကို ရှင်ဘယ်တော့မှ ခွင့်မလွှတ် ပါနဲ့နော်။ သိပ်ပြီးလိုချင်တပ်မက်တဲ့ ရင်ခွင်တစ်ခုကိုပစ်ပြီး င်တဲ့ ရင်ခွင်တစ်ခုထဲကို တိုးဝင်ဖို့ ရက်ရက်စက်စက် ဆုံးဖြတ် အသက်မဲ့နှလုံးသားတစ်ခုကို ပိုင်စိုးထားတဲ့ ရှင်အိပ်မက်ဆိုတဲ့ ကို ရှင် လုံးဝခွင့်မလွှတ်လိုက်ပါနဲ့ မင်းညိုငင်ရယ်။

အသုံးမဝင်တဲ့…

ဝုဏ်ပကာသနတွေ ကြီးမြတ်မှုတွေနောက်ကို
တစ်ယောက်လို လိုက်ချင်နေတဲ့ ကျွန်မကို ရှင် ရှုံ့ရှာမုန်းတီးလိုက်
ပါ မင်းညို့ငင်ရယ်။

အသုံးမကျတဲ့ အယူအဆကြီးကို ခေါင်းမာမာနဲ့ ဆုပ်
ထားချင်တဲ့ ရှင်အိပ်မက်ကို ရှင် လုံးဝမချစ်ပါနဲ့တော့နော်။

မုန်းလိုက်ပါ…

မင်းညို့ငင်ရယ်။

ရဲရဲကြီးကို မုန်းပစ်လိုက်စမ်းပါတော့ ရှင်ရယ်။



## အခန်း (၁၆)

"အစိမ်း"

"……"

"နင်…နင် ဘာတွေပြောနေတာလဲဟင်"

"……"

"နင်ပြောတာတွေအားလုံးက"

"ဟုတ်တယ် ရှင်လေး၊ နင့်ကို မသိပါစေနဲ့ဆိုလို့သာ
စိမ်းက ကြားထဲကနေ နာမည်ခံပေးနေရပေမယ့် တကယ်တော့
စိမ်း အခုအောင်မြင်နေတဲ့ မုန့်လုပ်ငန်းက ကိုမင်းညို့ငင်ရဲ့ လုပ်ငန်း
တွေပဲ ရှင်လေး။

နင့်ဒက်ဒီရဲ့ အထောက်အပံ့ဆိုပေမယ့် ကံတရားနဲ့ သူ့ရဲ့

အရည်အချင်း ပြည့်ဝမှုကြောင့်သာ အခုလို အောင်မြင်ခဲ့တာ ရှင်လေး။ ရှင်မထင်ခဲ့ဘူး မဟုတ်လားဟင်။ မင်းညို့ငင်ဆို ယောကျ်ားတစ်ယောက်ဟာ အခုလို အောင်မြင်မှုတွေ ရ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ရှင်မထင်ခဲ့ဘူးမဟု လား''

ရှင်အိမ်မက်...

အစိမ်းရဲ့ စကားတွေကို နားထောင်ပြီး အံ့ဩလို့မဆုံး အောင်ပင် ရှိနေရတော့သည်။ အစိမ်းရဲ့နာမည်ခံပြီး မင်းညို့ငင် လုပ်ငန်းတွေ လုပ်နေတာတဲ့လေ။

''တကယ်တော့...သူ အခုလို ကြိုးစားခဲ့တာတွေအား ဟာ တစ်ခုတည်းသော မျှော်လင့်ချက်ကလေးကြောင့်သာ တယ်ဆိုရင် အဲဒီမျှော်လင့်ချက်က နင်ပဲ ရှင်လေး။

နင့်ဆီက အချစ်တွေကိုရဖို့ နင့်ရဲ့ အထင်ကြီးမှု ရဖို့ နင်လိုချင်တဲ့ဂုဏ်တွေ၊ ငွေတွေ၊ အောင်မြင်မှုတွေနောက် မင်းညို့ငင်က ငမ်းငမ်းတက်လိုက်ခဲ့တာဟာ...။

ငါနဲ့တွဲပြပြီး နင့်စိတ်တွေ လှုပ်ရှားအောင် မနာလို စိတ်ကလေးတွေနဲ့ သူ့အပေါ် သံယောဇဉ် တွယ်လာအောင် ပေမယ့် တကယ်တမ်း သူလုပ်နေတာတွေအားလုံးက သဲထဲ သလိုဖြစ်နေတာကို မြင်ရတော့ ငါတကယ် မကြည့်ရက်တော့ ရှင်လေးရယ်။





နင်ဘာဖြစ်နေတာလဲ...ရှင်လေး။

သူတစ်ယောက်တည်းအပေါ်မှာမှ နင် ဘာကြောင့် အဲဒီ ောက်တောင် ခါးခါးသီးသီး ဖြစ်နေခဲ့ရတာလဲဟာ။ ဦးပြည့်စွမ်း ကို နင်တကယ်မချစ်ဘဲ...''

''တော်တော့...အစိမ်း၊ တော်ပါတော့ဟာ နင့်စကားတွေ ရှေ့မဆက်ပါနဲ့တော့''

''နင်...သူ့ကို တကယ်ပဲ ရွေးချယ်လိုက်ပြီလား ရှင်လေး၊ ပြည့်စွမ်းထွန်းသာလျှင် နင့်ဘဝအတွက် တကယ့်စစ်မှန်တဲ့ လိုအပ် လား''

''အစိမ်း''

''.....''

အစိမ်းသည် သူမခေါ်တာကို မထူးဘဲ စူးရှသော မျက်ဝန်း သာ မော့ကြည့်၏။

''နင်ဆိုရင်ရော...အစိမ်း၊ ကိုယ့်အိမ်မှာ မှီခိုနေရတဲ့သူ ''

''တော်စမ်း...ရှင်လေး''

''အဟင်း...ဟင်း နင် မဖြေနိုင်တော့ဘူး မဟုတ်လား အဲဒါကို ငါကောင်းကောင်းကြီးသိသလို နားလည်မှုလည်း တယ်ဟာ၊ လူတိုင်းမှာ လူ့အတ္တဆိုတာ ရှိသင့်သလောက် ရှိနေတာပဲဟာ၊ နင်ဆိုရင်လည်း မရွေးချယ်လောက်ပါဘူး

အစိမ်းရယ်”

အစိမ်းတစ်ယောက် ငြိမ်ကျသွားတာကို ကြည့်ပြီး သူမ ပြုံးချင်သွားရသည်။ အစိမ်း မဖြေနိုင်တော့အောင် သူမမေးခွန်း ပြင်းထန်သွားတာကို။

သို့သော်…

သူမ မပြုံးနိုင်ခဲ့ပါ။

သူမ…ဟားတိုက်ပြီးမလှောင်ချင်ခဲ့ပါ။

ငိုချင်နေခဲ့သည်။

ပြင်းပြင်းထန်ထန် သည်းသည်းမည်းမည်းကို ငိုချင်နေ ပါ၏။ သူမတွေးထင်ထားတာတွေထက် အဆပေါင်းများစွာ ပြောင်းလဲနေမှုကို သူမ အခုမှသာ သိခွင့်ရခဲ့ခြင်းဖြစ်သည်။

ရှင်လေး ဘယ်လိုလုပ်ရမလဲ။

ကြီးကြီးကျယ်ကျယ် ဟစ်ကြွေးခဲ့တဲ့ စကားတွေ နင်းချေပြီး သူ့ခြေထောက်အောက်ကို သူမရဲ့မာနတွေ ပုံအောချ ခံရတော့မလား။

ဟင့်အင်း…။

အဲဒီလိုမလုပ်နိုင်ပါဘူး။

ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝမှာ ရှုံး ခြင်းဆိုတာ နောက်တစ်ကြိမ်အဖြစ် ဘယ်တော့မှ ရောက်မလာ ဘူး။ ရှင့်ကို နောက်ထပ် အနိုင်မပေးနိုင်ဘူး မင်းညို့ငင်။ ရှင့်ကြော





မှာ အကြိမ်ကြိမ်အခါခါ ရှုံးနိမ့်ခဲ့ရဖူးတာရှင့်။ ဒါကြောင့် ဒီတစ်ခါ မှာ အနိုင်ပိုင်းပြမယ်။

နိုင်ကိုနိုင်စေရမယ် မင်းညို့ငင်။

“ရှင်လေး…ရှင်ပြောတာ မှန်သင့်သလောက်တော့ မှန်ပါ တယ်၊ ဒါပေမယ့် အရာရာတိုင်းအတွက် ငွေမရှိရင် မဖြစ်သလို ငွေတွေရှိနေပြီး မဖြစ်တဲ့အရာတွေလည်း အများကြီးရှိတယ် ရှင်လေး၊ ဒါ အချစ်ပဲ။

အချစ်ကို လိုချင်သလောက် ငွေတွေပုံပေးပြီး ဝယ်ချင် ည်းမရနိုင်သလို တစ်ပြားတစ်ချပ်မှမပေးဘဲ အလကားရတာမျိုး ည်း ရှိတယ် ရှင်လေး။ အဟင်း…ရှင်လေးက အလကားရတဲ့ ချစ်မို့ တန်ဖိုးမထားတာပေါ့လေ”

“ငါ ခေါင်းစားမခံချင်တော့ဘူး အစိမ်း၊ ငါ သေချာပြော တာတစ်ခုက မင်းညို့ငင်ကို ငါ စိတ်နာတယ်၊ သူက ငါ့ဒက်ဒီရဲ့ ချစ်တွေကို ငါ့လက်ထဲကနေ ရယူသွားတာလေ။

နင် အခုပဲ သတိထားမိတယ်မဟုတ်လား အစိမ်း၊ ငါမသိ ောင် ငွေတွေစိုက်ထုတ်ပြီး မင်းညို့ငင်အတွက် လုပ်ငန်းသစ် ောင်ပေးတာ၊ ငါ လုံးဝမကျေနပ်နိုင်ဘူး အစိမ်း”

“ဒါပေမယ့်…မင်းညို့ငင်က စာရင်းဇယားအတိအကျနဲ့ ဘယ်မင်းယံကို အစီရင်ခံတာ ရှင်လေး၊ သူ့ကိုယ်ကျိုးအတွက် တစ်ခုမှမသုံးဘူး”

"အဟင်း…ဟင်း နင် ရှေ့နေခ တော်တော်ရထားတယ် ထင်တယ်၊ သူ့ဘက်ကချည်းပဲ ကာကွယ်ပြောနေတယ်လေ အစ်မ သေချာတာကတော့ ငါ့သူငယ်ချင်းအစိမ်းတစ်ယောက် အကြီး အကျယ် ပြောင်းလဲသွားပြီဆိုတာပဲ"

"တော်စမ်းပါ ရှင်လေးရယ်၊ နင်ဘယ်တုန်းက အဲဒီလို လူတစ်ဖက်သား မခံချင်အောင် ခနဲ့တတ်လို့လဲ၊ ငါက နင့်အတွက် အကောင်းပြောနေတာဟ"

"အဟက်…ဟက် ဒါဆို ငါက နင့်ကို ကျေးဇူးတင်ရ မယ်ပေါ့"

"ရှင်လေး"

"တော်ပြီ အစိမ်းရယ်၊ မင်းညို့ငင်နဲ့ ပတ်သက်ပြီး နင် ဘာမှထပ်ပြီး မပြောပါနဲ့တော့ဟာ၊ ငါလည်း ဘာမှထပ်ပြီး မကြား ချင်တော့ဘူး။

သူက အမြဲတမ်း သူ့ကိုယ်သူ အထင်ကြီးနေတတ်တဲ့လူ ဟ။ တစ်ဖက်သားအပေါ် အားနည်းချက်တစ်ခုကို ဖိနင်းဖို့လည်း ဝန်မလေးတတ်တဲ့လူ၊ မုန်းတယ် အစိမ်း၊ ငါ သူ့ကို အရမ်းမုန်း တယ်။

ငါ့ဒက်ဒီဆီက အကြွင်းနာတွေရော လုပ်ငန်းတွေရော အပိုင် ရယူဖို့ ကြိုးစားနေတဲ့လူကို သိပ်ပြီး ဖြူစင်ပါတယ်လို့ ငါ မြင်ကြည့် လို့ကိုမရဘူး အစိမ်းရယ်"





"ကောင်းပြီလေ…ရှင်လေး၊ နင်မကြိုက်ဘူးဆိုရင်လည်း ငါမပြောတော့ပါဘူးဟာ၊ ဘာပဲပြောပြော နင်က ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပါ၊ နင့်ဘက်က မှားမှားမှန်မှန် ငါရပ်ပေးရမှာပေါ့ ရှင်လေး၊ ကဲ…နင်လည်း အရမ်းပင်ပန်းနေပြီ နားလိုက်တော့နော်"

"အစိမ်း…ငါ…ငါလေ"

"ငါ…နင့်ကို နားလည်နိုင်ပါတယ် ရှင်လေးရယ်၊ ကဲ… ငါလည်း သွားတော့မယ်၊ အလုပ်လေးတွေက ရှိနေသေးတော့ တစ်ချိန်လုံး နားရတယ်မရှိဘူးဟ"

အစိမ်းက ပြောပြောဆိုဆိုပင် နေရာကနေ ထရပ်လိုက်ချေ ပြီ။

ရှင်အိပ်မက်
ဆွဲမထားချင်တော့ပါ။
အခုအချိန်မှာ…။

အစိမ်းပြောသလိုပဲ သူမခန္ဓာကိုယ်တစ်ခုလုံး ပြင်းထန်တဲ့ ဒဏ်ရာတွေ ရင်မှာအပြည့်နဲ့ လဲပြိုချင်နေပြီလေ။ အခန်းလေးထဲက နေ ထွက်ခွာသွားတဲ့ အစိမ်းရဲ့ နောက်ပိုင်းလေးကို ငေးကြည့်ပြီး အိပ်ရာလေးထက်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိပါတော့သည်။

## အခန်း (၁၇)

"မမရှင်လေး…အောက်ထပ်မှာ ဧည့်သည်ရောက်နေပါတယ်"

မိနီရဲ့ အသိပေးအသံစာစာလေးကြောင့် ရှင်အိပ်မက် အခန်းတံခါးလေးကို ထဖွင့်လိုက်မိသည်။

"ဘယ်သူလဲ မိနီ"

"ဦးပြည့်စွမ်းထွန်း မမလေး"

"ဟင်"

ရှင်အိပ်မက် အံ့ဩသွားရသည်။

သူမနှင့် အပြင်မှာ ရင်းရင်းနှီးနှီး တွဲသွားတွဲလာရှိသော်လည်း အခုလို အိမ်တိုင်ရာရောက် အလည်လာဖို့ကိုတော့ သူမ





မဖိတ်ခဲ့ဘူးပါ။ သို့သော် သူမရဲ့ လိပ်စာကဒ်ကြောင့် အခုလို အလည်လာခြင်းအပေါ်မှာတော့ သူမ မကြိုဆို၍ လုံးဝမဖြစ်တော့ချေ။

"အေး…အေး မမလေး ဆင်းလာခဲ့မယ် မိနီ"

"ဟုတ်"

မိနီ ပြန်ထွက်သွားတော့ အခန်းလေးထဲ ပြန်ဝင်ပြီး သူမ မျက်နှာလေးကို ကြည့်ကောင်းအောင် အနည်းငယ် ပြင်ဆင်လိုက်သည်။ ပြီးနောက် အဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်၏။

"စောင့်နေတာကြာပြီလား ဦးပြည့်စွမ်းထွန်း"

"ကောင်မလေး"

"ရှင်"

"ကိုယ့်နှာမည်အပြည့်အစုံကို တစ်နေ့တစ်နေ့ ရွတ်နေရတာ မမောဘူးလား၊ နောက်ပြီး ကိုယ်တို့အသက်အရွယ် ကွာတယ်ဆိုပေမယ့် ဦးတပ်ခေါ်ရလောက်အောင် မအိုစာသေးပါဘူးကွာ၊ တစ်ခုခုလေး ပြင်ခေါ်ပါလား ကောင်မလေး"

"အို…ရှင်လေးက ဟို…ဟိုလေ ဘယ်လိုပြောရမလဲ လေးစားမှုနဲ့"

"ဟော့…ဟော့ လူကို မလေးစားချင် မလေးစားနဲ့၊ ဦးလို့ တပ်ပြီး အခေါ်ခံရတာတော့ ရေရေလည်လည် ဗီးအောက်တယ်

ကောင်မလေး"

"အို…ဟင်း…ဟင်း"

ကလေးတစ်ယောက်လိုပင် မျက်နှာလေး သုန်မှုန်ကာ ပြောနေတဲ့ ဦးပြည့်စွမ်းထွန်းကို ကြည့်ပြီး ရှင်အိပ်မက်ပင် ရယ်ချင်သွားရသည်။

"ကိုယ့်ကို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီးပြီပဲကွာ၊ ရိုကျိုးတယ်ဆိုတာ သူငယ်ချင်းမိတ်ဆွေတွေကြားမှာ မရှိသင့်တဲ့အရာပဲကွ၊ သာမန်ဆက်ဆံမှုမျိုးကိုပဲ သဘောကျတယ်။ ကဲ…မင်းရဲ့သူငယ်ချင်းတစ်ယောက်ကို ပေါင်းသင်းသလိုမျိုး ကိုယ် နေခွင့်ပြုစမ်း ကောင်မလေး၊ ဟန်မဆောင်စတမ်းပေါ့"

"ကောင်းပြီလေ…ဒါဆို ကိုပြည့်လို့ခေါ်မယ်၊ ဖြစ်မလား"

"အဟွန်း…သိပ်တော်တဲ့ကောင်မလေး၊ ကိုယ်လည်း အဲဒီလိုပဲခေါ်စေချင်တာ၊ အဟွန်း…ဟွန်း"

ကြည်မွေ့စွာ ရယ်မောလိုက်သော သူနှင့်အတူ လိုက်ပြီး ရှင်အိပ်မက်ပါ ရယ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူမအတွက်တော့ ဦးပြည့်စွမ်းထွန်းဟာ ရွေးချယ်ဖို့အကောင်းဆုံး ယောကျ်ား တစ်ယောက်အဖြစ် သတ်မှတ်ထားပြီးသားလူလေ။

သို့သော်…





ရင်နာစရာကောင်းတာက စံနှုန်းမှီ အရည်အချင်းပြည့်သော ထိုယောကျ်ားကို ရင်ခုန်ဖို့နေနေသာသာ ထိုယောကျ်ားရဲ့ အနားမှာ နေရတာပင် သူမစိတ်တွေ ဝန်ထုပ်ဝန်ပိုးတစ်ခုကို သယ်ထမ်းထားသလို လေးပင်နေခဲ့သည်။

"ရှင်လေး"

"ရှင်"

သူ့ခေါ်သံကြောင့် သူမအတွေးစလေး ရုတ်တရက် ပြတ်တောက်သွားရ၏။

"တစ်ခုခုဖြစ်နေသလား"

"ရှင်"

"ကိုယ်အခုလိုလာတဲ့အတွက်"

"အို..မဟုတ်တာ၊ အခုလို တကူးတက ရှင်လေးတို့အိမ် ကို အလည်လာတဲ့အတွက် ဂုဏ်တောင်ယူရဦးမှာပါ၊ ကိုပြည့်က ...မ်းကို အလုပ်တွေများနေတဲ့သူလေ"

"ဟူး…တော်ပါသေးရဲ့ကွာ ကိုယ်က မင်းလေးစိတ်တွေ ...တွေးနေပြီမှတ်လို့ စိတ်မကောင်းဖြစ်သွားတာ၊ ကဲ…ရှင်လေး ... ကိုယ်တို့အပြင်ထွက်ပြီး တစ်ခုခုသွားစားကြရအောင်"

"ရှင်…အခုလား"

"အင်း"

"ဒါဆို…ခဏနေဦးနော်၊ ရှင်လေး အဝတ်အစားသွားလဲ

လိုက်ဦးမယ်''

''ဟင်…သွားလဲဦးမလို့လား၊ မလဲပါနဲ့၊ ဒီအဝတ်အစား

လည်း ကောင်းတာပဲ၊ မင်းနဲ့ သိပ်ကြည့်လို့ကောင်းတယ်''

''အို''

''တကယ်ပြောတာ ရှင်လေး၊ မင်းဘယ်လိုပုံစံ

ဝတ်စားထားပါစေ ကိုယ့်မျက်လုံးထဲမှာတော့ အမြဲတမ်းဝရ ကြည့်

အဆင်ပြေနေတာပဲ၊ အဟွန်း…ထူးဘောက္ကူးဆန်းတယ်နော်''

ဟင်…။

သူမကို စူးစူးရဲရဲလေး စိုက်ကြည့်ပြီး ပြောလာတဲ့ လိုက်

သော စကားသံလေးကြောင့် ရှင်အိပ်မက်ရဲ့ မျက်ဝန်းလေးတွေ

အံ့ဩမယုံကြည်နိုင်စွာပင် ဦးပြည့်စွမ်းထွန်းကို မျှတ်ခဲ့ မော့ကြည့်

လိုက်မိသည်။

''အဟမ်း''

ဟယ်။

ချောင်းဟန့်သံကြောင့် တစ်ယောက်နဲ့တစ်ယောက် နိုင်

ကြည့်နေမှုလေး ပျက်ပြယ်သွားရ၏။ သူမ လှမ်းကြည့်မိ

မင်းညို့ငင် ဖြစ်နေသည်မို့ သူမစိတ်တွေ ထိန်းချုပ်မရအောင် လှုပ်

သွားရသည်။

''ဪ…ကိုပြည့် မိတ်ဆက်ပေးရဦးမယ်၊ ဒါ

မင်းညို့ငင်တဲ့၊ (chito snacks) မျိုးစုံထုတ်လုပ်နေတဲ့ လုပ်ငန်း





တစ်ယောက်ပေါ့၊ ဒက်ဒီရဲ့ မွေးစားသားဆိုလည်း မမှားဘူးကိုပြည့်''

''ဪ''

ဦးပြည့်စွမ်းထွန်းရဲ့ မျက်ဝန်းအကြည့်တွေ စူးလက်သွား

တာ သူမ သတိထားလိုက်မိသည်။ သို့သော် သူမ မမြင်ချင်ဟန်

ဆောင်နေလိုက်၏။

''မင်းညို့ငင်…ဒါ ဦးပြည့်စွမ်းထွန်းတဲ့''

''တွေ့ရတာဝမ်းသာပါတယ် ဦးပြည့်စွမ်းထွန်း၊ စီးပွားရေး

လောကမှာ ဒီနာမည်က မသိသူရှားပဲ။ နာမည်ကြီးလုပ်ငန်းရှင်ကြီး

တစ်ယောက်နဲ့ ရင်းနှီးခင်မင်ခွင့်ရတာ ဂုဏ်ယူပါတယ်ဗျာ''

''မဟုတ်တာကွာ''

တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြ

သော်လည်း ယောကျ်ားနှစ်ယောက်ရဲ့ မျက်ဝန်းတွေထဲက မမြင်နိုင်သော

အားပြိုင်မှုသည် မိတ်ဆက်ပေးမိတာလေးကို နောင်တရသွားချင်

လောက်အောင်ပင် တိတ်တဆိတ် ပြင်းထန်နေခဲ့ပါသည်။

''လုပ်ငန်းတွေရော…အခြေအနေကောင်းတယ် မဟုတ်

လား မင်းညို့ငင်''

''မဆိုးဘူးလို့ပြောရမှာပဲ၊ အထိုက်အလျောက်တော့

အောင်မြင်ပါတယ် ဦးပြည့်စွမ်းထွန်း၊ ဒါပေမယ့် ကျွန်တော်ကတော့

ကျေနပ်သေးဘူးဗျာ၊ ဒီထက်ပိုပြီး ကြိုးစားရဦးမယ်''

''ဟုတ်တာပေါ့…လူငယ်ဆိုတာ အဲဒီလို တက်ကြွတဲ့

စိတ်၊ ထက်သန်တဲ့စိတ်တွေရှိမှ ပိုပြီးတိုးတက်အောင်မြင်နိုင်တာ ကြိုးစားကွာ ကိုယ်ကအားပေးတယ်၊ အကူအညီလိုအပ်တာရှိလည်း ပြောပေါ့၊ ကိုယ်တတ်နိုင်သမျှ ကူညီပါ့မယ်''

''အဟွန်း…ဟွန်း ဒါတော့ခွင့်လွှတ်ပါ ဦးပြည့်စွမ်းထွန်း ရယ်၊ ကျွန်တော်က ကိုယ့်အားကိုယ်ကိုးချင်လို့ပါ၊ ဒါပေမယ့် ဘယ် လောက်ပဲအောင်မြင်နေနေ ကျွန်တော် ပျော်နိုင်ဘူးဗျာ''

''ဟာ…အထူးအဆန်းပါလား ဘာဖြစ်လို့ထဲ မင်းညို့ငင်''

''ကျွန်တော့်ကောင်မလေးက ကျွန်တော့်ကို လုံးဝအထင် မကြီးလို့လေ၊ တကယ်လို့ ဦးပြည့်စွမ်းထွန်းနေရာကို အစားထိုးထ နိုင်ရင်တော့ မဆိုးဘူးဗျ၊ အဟွန်း…ဟွန်း''

''မင်းဟာကလည်း တစ်မျိုးပါလားကွ''

''ကျွန်တော်သိပ်ချစ်ရတဲ့ မိန်းကလေးက ဝုဇ်ပကာသ တွေ၊ အောင်မြင်မှုတွေ၊ လူအထင်ကြီးခံရမှုတွေကို အချစ်ထက်ပို မက်မောတာလေ။ အမြဲတမ်း အထက်တန်းကျကျ ပေတံကြီး ရက်ရက်စက်စက် တိုင်းတာဗျ၊ မလွယ်ပါဘူးဗျာ''

''အထူးအဆန်းပါလားကွ…ကိုယ်တောင်တွေ့ချင်လာ ပြီ''

''တွေ့ရမှာပေါ့…ဦးပြည့်စွမ်းထွန်းရဲ့ တစ်နေနေတော့ တွေ့ကိုတွေ့ရဦးမှာပါ၊ ကဲ…ကဲ အပြင်သွားကြမလို့နဲ့တူတယ်





ကျွန်တော်ကြောင့် နှောင့်နှေးနေလို့ ရှင်လေးက ကျိန်ဆဲနေဦးမယ်၊ သွားကြလေ''

''သြော်…အဟွန်း စကားကောင်းပြီး မေ့တောင်မေ့သွား တယ် မင်းညို့ငင်၊ ကိုယ်တို့ကို ခွင့်ပြုဦး''

''ဟုတ်ကဲ့ခင်ဗျ''

သူမ…

အနားကနေ ချာခနဲနေအောင် လှည့်ထွက်ခဲ့မိသည်။ တစ်ဖက်သားအပေါ် ပြစ်ပြစ်နှစ်နှစ် ဝေဖန်တိုက်ခိုက်ခဲ့သော သူ့လုပ် ရပ်ကို ဘာတစ်ခုမှမသိတဲ့ ဦးပြည့်စွမ်းထွန်းကတော့ ရယ်စရာဖြစ် ခဲ့ပေမယ့် ရှင်အိမ်မက်အတွက်တော့ နာကြည်းမုန်းတီးစရာတွေသာ ဖြစ်ခဲ့ရသည်။ သရော်သလိုလို လှောင်သလိုလိုနှင့် မျက်ဝန်းအကြည့် တွေက သူမအသည်းကို ကျလိကျလိ ဖြစ်စေခဲ့၏။

ဦးပြည့်စွမ်းထွန်းရှေ့မှာမို့ ဟန်ဆောင်နေရပေမယ့် ရင်ထဲမှာ တော့ ဒေါသလှိုင်းတွေက ဝုန်းဝုန်း ရိုက်ခတ်နေကြသည်။

''ရှင်လေး''

''ရှင်''

''ကိုယ်အခုလိုလာတဲ့အတွက် မင်းအတွက် စိတ်ရှုပ်စရာ တကယ်ပဲ မဖြစ်ပါဘူးနော်''

''ရှင်''

''ကိုယ့်ကြောင့် မင်းမှာ တစ်ခုခုထိခိုက်သွားနိုင်လားလို့

မေးတာပါ၊ ကိုယ့်ကိုအားမနာပါနဲ့ ရှင်လေး ပွင့်ပွင့်လင်းလင်း
ပြောပါ''

''အဓိပ္ပါယ်မရှိတာပဲ ဦးပြည့်စွမ်းထွန်းရယ်၊ ဘာကြောင့်
ရှင်လေး စိတ်ရှုပ်ရမှာပဲ၊ အခုလိုလာနိုင်အောင် လိပ်စာကတ်
တိတိကျကျထည့်ခဲ့သူက ရှင်လေးပါ''

သူမရဲ့စကားကြောင့် စဉ်းစားသလိုပင် သူမမျက်နှာ
ငေးစူးစူးလေး စိုက်ကြည့်တာကြောင့် ရင်မဆိုင်ရဲစွာ ခေါင်းလေး
ငုံ့ချလိုက်မိသည်။

''ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ် ရှင်လေး
အဲဒါ ရှင်လေးနဲ့တွေ့ဆုံလိုက်တဲ့ အချိန်တိုင်းမှာ ကိုယ့်အသိစိတ်
ခံစားနားလည်နေတာလေ။ ဘာရယ်လို့ အတပ်မပြောနိုင်ပေ
တစ်စုံတစ်ခု ဖြစ်နေတယ်လို့တော့သိတယ်''

မြတ်စွာဘုရား…။

ရှင်အိပ်မက် ဘုရားတရပြီ။

ဦးပြည့်စွမ်းထွန်းရဲ့ စကားက သူမရင်ကို ပြင်းစွာ
ခွဲတဲ့ အင်အားပြင်းတဲ့ ကျည်ဆံတွေ လာရောက်ထိမှန်သလို
သူမဘယ်လိုပြန်ပြီး ချေပရမှန်း မစဉ်းစားတတ်လောက်အောင်
ဖြစ်နေရသည်။

''ရှင်လေး''

''ရှင်''





''ကိုယ်တို့ အပြင်ကိုထွက်ဖို့ အဆင်ပြေပါတယ်နော်''

''ဟုတ်''

''ဘာပဲပြောပြော မင်းရဲ့ အဲဒီလိုခေါင်းကလေး ညိတ်တာ
တော့ ကိုယ်အနှစ်သက်ဆုံးပဲ။ မင်းခေါင်းလေးခါပြီး ငြင်းပယ်
မှာ ကိုယ်က သေလောက်အောင်ကြောက်နေမိတာလေ။
းပဲ ရှင်လေး''

ဦးပြည့်စွမ်းထွန်းရယ်။

အဲဒီလိုခေါင်းညိတ်ဖို့ ကျွန်မဘယ်လောက်ထိ အင်အား
စည်းထားခဲ့ရသလဲဆိုတာတော့ ရှင်သိမှာမဟုတ်ပါဘူးနော်။
လေ ရှင်နဲ့ပတ်သက်ပြီး ဘယ်တော့မှ မငြင်းပယ်မိအောင်
းနေခဲ့တာပါ။

ကျွန်မရဲ့ အသုံးမကျတဲ့ ရူးသွပ်မှုကို ရှင်မြင်ရင်…။

''မင်းညို့ငင်ကိုကြည့်ရတာ တစ်မျိုးပဲနော် ရှင်လေး''

''ရှင်''

''ကိုယ်…သူ့မျက်ဝန်းတွေထဲက နာကြည်းရိပ်တွေကို
ရတယ်၊ သူချစ်သူကောင်မလေးကို ရှင်လေးရော မြင်ဖူး

အို…။

ရှင်လေး မဖြေနိုင်တော့ပါ။

မင်းညို့ငင် ပြောသွားတဲ့ သိပ်ကိုဆိုးသွမ်းတဲ့ စရိုက်နဲ့

အယူအဆတွေရှိနေတဲ့ သူက ရင်အိမ်မက်ဆိုတဲ့ သူမပဲလေ။ အဲ
ဘယ်လို လက်ညှိုးထိုးပြရမလဲ ဦးပြည့်စွမ်းထွန်းရယ်။

"ကိုယ်…သူ့ကို အရမ်းတွေ့ဖူးချင်တယ်"

မြတ်စွာဘုရား…။

ရင်အိမ်မက်တစ်ယောက် ရှေ့အရူးရူက ပွင့်ခဲ့သော သူ
များအားလုံးကိုသာ တလိုက်မိပါတော့သည်။

❀ ❀



## အခန်း (၁၈)

"ရှင်လေးကို ကိုယ်လက်ထပ်ချင်တယ်"

"ရှင်"

"ကိုယ်တစ်နေ့နေ့မှာ မင်းဆီက ချစ်ခွင့်တောင်းခံဖို့ စိတ်ကူး
သားပါ၊ ဒါပေမယ့် အခုလိုအစောကြီး ပြောဖြစ်သွားလိမ့်မယ်
ထင်မိဘူး၊ ကိုယ်ဟန်မဆောင်ချင်တော့ဘူးရှင်လေး၊ လူတွေကို
နာပါးနာနဲ့ ဆက်ဆံရတာလောက်၊ ဟန်ဆောင်ပန်ဆောင်
ဆံရမှာလောက် သေမလောက်အောက်တယ်ကွာ၊ ကိုယ့်ကို
း အဲဒီလိုဆက်ဆံရင် ကိုယ်အရမ်းစိတ်ဆိုးတယ်၊ အဲဒီလူကို
ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ရှင်"

သူက သူမကို အပိုင်ချည်ပြီး မငြင်းနိုင်အောင် တစ် တည်း စကားဦးသန်းလိုက်ချေပြီတည်း။ သူမရင်ထဲ နာကျင်လာ ပထမဦးဆုံးအကြိမ်အဖြစ် သူ့ကိုအထင်သေးသွားမိသည်။ တက ဆို လူကြီးလူကောင်းတစ်ယောက်အနေနှင့် ဤသို့သော စကား နှင့် သူမစိတ်တွေ ကျဉ်းကြပ်သွားအောင် မလုပ်သင့်ပါ။

သူမ၏ အားနည်းချက်ကိုနင်းပြီး သူ့ဘက်က အပိုင်ချည် လိုက်မှုကိုတော့ သူမစိတ်ဆိုးမိသည်။

"ရှင်လေး"

"ပြောပါ ကိုပြည့်"

"ကိုယ်တစ်ခုမေးချင်တယ် မင်းစိတ်ဆိုးမလား"

"မေးပါ …ဖြေနိုင်မဖြေနိုင်ဆိုတာတော့ ကျွန်မသိပ် မခံနိုင်ဘူးနော် ဖြေနိုင်တဲ့မေးခွန်းမျိုးဆိုရင်တော့ ကျွန်မဝန်မ ပါဘူး"

"ကိုယ်နဲ့အခုလို လျှောက်လည်ရတဲ့အတွက် မင်းရင်ထဲ ဘယ်လိုခံစားရသလဲ"

"ပျော်ပါတယ်၊ ဘာဖြစ်လို့လဲ"

"မင်းကပညာတတ် အရည်အချင်းရှိတဲ့မိန်းမတစ်ယော ပဲ၊ ကိုယ်တစ်နေ့တစ်ချိန်မှာ မင်းကို ကမ်းလှမ်းလာလိမ့်မယ် မင်းကြိုတင်တွေးတောမိသလား"

"အင်း"





"အဲဒီအတွက်တော့ မင်းမှာ ကြိုတင်ပြင်ဆင်မှုတွေ လုပ် ားသလား"

"ဟင့်အင်း"

"ကိုယ်မင်းကို လက်ထပ်ချင်တယ်၊ အဲဒါကိုရော မင်း ယ်လို စဉ်းစားသလဲ"

"ကျွန်မဘယ်လိုပြောရမလဲ၊ ကိုပြည့်လို အရာအားလုံးပြည့် နေတဲ့ အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်ကို ငြင်းပယ်တဲ့ းမတစ်ယောက်ဟာ သေတဲ့လူနဲ့ ရူးနေတဲ့လူပဲ ဖြစ်မှာပါ"

"ဒါဆိုမင်းက အဲဒီအထဲမှာမပါတဲ့အတွက် ကိုယ့်ကို ဉ်းစားနိုင်တဲ့ သဘောလား"

"ပါတယ်ကိုပြည့် ရူးနေတဲ့လူစာရင်းထဲမှာ ကျွန်မ ပါတာ "

"ဟင် … ဒါဆို မင်းကိုယ့်ကို ငြင်းပယ်တယ်ပေါ့ တ်လား"

"ကျွန်မက ဘာပြောမိသေးလို့လဲ ကိုပြည့်ရဲ့"

"ဘာလဲကွာ စဉ်းစားတာလဲမဟုတ်၊ ငြင်းပယ်တာလည်း ဟုတ်၊ ဘာသဘောလဲ၊ မင်းကိုယ့်ကို အရူးလုပ်နေတာတော့ ဟုတ်ပါဘူးနော်၊ ကိုယ်ကလူကြီးပါကွာ ကလေးတစ်ယောက်ရဲ့ ည့်စားမှုကို ကိုယ်မခံပါရစေနဲ့၊ မင်းသာ တစ်ခုခုလုပ်သွားရင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး၊ ငါသေမှာကွ"

"ဘုရားရေ"

"လုပ်ငန်းရှင် လူကြီးတစ်ယောက်က အခုတော့လည်း ကလေးလေးတစ်ယောက်လိုပါပဲလား"

"ကောင်မလေး မင်းဖြေပါကွာ၊ ငါမင်းကို လက်ထပ်ချင် တယ်၊ အရင်က မင်းဘယ်လိုပဲ နေခဲ့နေခဲ့ ဆိုးခဲ့ဆိုးခဲ့ အဲဒါတွေ အားလုံး ငါမေ့ပစ်နိုင်တယ်၊ မင်းလေးကိုတော့ ငါလက်လွှတ် ဆုံးရှုံးမခံနိုင်ဘူး"

"ကောင်းပြီ ရှင်လေးစဉ်းစားဦးမယ် အချိန်တော့နည်းနည်း စောင့်ဦးပေါ့"

"ဘယ်လောက်ထိစောင့်ရမှာလဲ"

"အဲဒါတော့ မသိဘူးလေ"

"ရှင်လေး"

"ပြောပါ ကိုပြည့်"

"ကိုယ်တို့လက်ထပ်ပြီးသွားရင် ဂျပန်မှာသွားနေမယ်နော် ဟိုမှာ ကိုယ့်လုပ်ငန်းတွေ မပြတ်သေးဘူး"

"ကျွန်မကတော့ မြန်မာနိုင်ငံမှာပဲနေချင်တယ်၊ ကျွန်မ လက်ထပ်မယ့်ယောကျ်ားတစ်ယောက်ဟာလည်း ကျွန်မနဲ့အတူ နိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ချင်တယ်"

သူမ၏စကားက လိမ္မာပါးနပ်လွန်းသည်။

သူမဆိုလိုတဲ့ အဓိပ္ပာယ်က…





"ဒီမှာမနေနိုင်ဘူးဆိုရင် အဲ့ဒီလူကို မရွေးချယ်ဘူးဆိုတဲ့ သဘောပေါ့"

"မင်းကိုယ့်ကို ငွေလည်ကြောင်ပတ်လုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာကိုဆိုလိုတာလည်း ကိုပြည့်၊ လူတိုင်းမှာ အတ္တကိုယ် စီရှိကြတယ် ကိုယ်ဖြစ်ချင်တာကိုပြောပြတာ ကျွန်မရှင့်ကို ငွေလည် ကြောင်ပတ်လုပ်တယ်လို့ ပြောလို့ရသလား။ အဲ့သလိုလုပ်ရအောင် လည်း ကျွန်မနဲ့ ကိုပြည့်နဲ့က ဘာမှဆိုင်တာမှမဟုတ်တော့ ကျွန်မ ရှင့်ဆီက ဘာတစ်ခုမှ ရယူထားခြင်းလည်းမရှိဘူးနော်"

"ဆောရီး…ကိုယ့်စကားမှားသွားတယ် ခွင့်လွှတ်နော်၊ မင်းပြောတာ တရားနည်းလမ်းကျပါတယ်"

"ကဲဒါဆိုလည်း ပြန်ကြရအောင် အိမ်မှာအလုပ်ကိစ္စလေး တွေရှိနေသေးလို့"

"ကိုယ့်တို့ရဲ့ ဆွေးနွေးမှုကိုဒီလိုနဲ့ပဲ အဆုံးသတ်ပစ်တော့ မှာလား ကိုယ့်ကိုအချိန်ကန့်သတ်ပေးဦးလေ"

"ကျွန်မအကြောင်းကို အသေးစိတ် လေ့လာစုံစမ်းကြည့် ပါဦး၊ ပြီးမှ ဒီကိစ္စကို ဆွေးနွေးကြည့်ကြတာပေါ့ ဟုတ်ပြီလား"

"ကိုယ်မင်းကို တကယ်ချစ်မြတ်နိုးတယ်၊ မင်းရဲ့ဟန်ဆောင် နိုင်မှုလေးကိုပေါ့၊ ကိုယ်တစ်ခုခုကိုတော့ ကြိုတင်သိရှိခံစားလို့ ရနေပါတယ်၊ မင်း ငါ့ကို လက်ခံစဉ်းစားပေးလိမ့်မယ်လို့"

“ကျွန်မပြန်မယ်”

“ကိုယ်လိုက်ပို့ပေးမယ်လေ”

“နေပါစေတော့ ကျွန်မမှာကားပါတယ်”

“ကားရပ်ထားတဲ့ နေရာအထိတော့ လိုက်ပို့ပါရစေ”

“အဟင်း”

သူအမှန်းဆုံး ဟန်ဆောင်မှုပညာကို သူမကလေးကလည်း တစ်ဖက်ကမ်းခတ်အောင်ကို တတ်မြောက်ထား၏။ အဲ့ဒီအချက်ကလေးဟာ သူနဲ့သူမကြားတွင် အင်မတန်ကြီးကျယ်တဲ့ ကိစ္စကြီးတစ်ရပ် ဖြစ်ခဲ့မှန်း နောင်အခါတွင် သိလိုက်ရတော့သည်။

သူနဲ့လမ်းခွဲပြီး ဘယ်ကိုမှသွားချင်စိတ်မရှိတော့တာနဲ့ အိမ်ကိုပဲ ရှင်အိပ်မက် ပြန်ခဲ့သည်။ သူမအိမ်ထဲပြန်ဝင်လိုက်တယ်ဆိုလျှင်ပဲ ဒယ်ဒီကိုဧည့်ခန်းလေးထဲတွင် ထိုင်နေတာ သူမ တွေ့လိုက်သည်။ ဒယ်ဒီ၏ မျက်နှာသည် ပကတိအေးစက်တည်ငြိမ်လို့နေ၏။

သူမကိုမြင်တော့ ဒယ်ဒီမျက်နှာ အနည်းငယ်ပျက်ယွင်းလို့သွားတာ သတိတော့ထားမိသည်။ ဒီတစ်ခါ သူမကိုတွေ့လိုက်တော့ ဒယ်ဒီစိတ်တွေ ဝန်လေးနေသလိုပင် ဘာတွေဖြစ်ကုန်ပြီလဲ။ မျှော်မှန်းထားသလို တစ်ခုမှ အရောထင်မလာတဲ့အတွက် ဒယ်ဒီစိတ်ဓာတ် အကြီးအကျယ်ကျနေတာများလား။ သူဖြစ်ချင်တာက တစ်မျိုး ဖြစ်လာတာကတစ်မျိုးဆိုပြီး ဘာမှမတတ်နိုင်လို့ ဒက်ဒီစိတ်တွေ ညစ်နေတာမဟုတ်လား။





အံ့ဩစရာကောင်းလိုက်တာ။

ဒက်ဒီက ရှင်လေးရဲ့ဒက်ဒီ မဟုတ်ဘူးလားဟင်။

ရှင်လေးအတွက်ပဲ ဒက်ဒီဘာကြောင့် မစဉ်းစားခဲ့ရတာလဲ။

ဦးမင်းယံတစ်ယောက် သမီးဖြစ်သူကိုမြင်တော့မှပဲ အသိစိတ်တွေ ပြန်ဝင်လာရသည်။

“လာဦးသမီး၊ ခဏလာထိုင်ဦး”

ဦးမင်းယံလှမ်းခေါ်လိုက်၏။

အာရုံထဲမှာတော့ …

မောင်ပြည့်စွမ်းထွန်းက မိမိထံတွင် မိသားဖသားပီပီလာပြီး ...မ်းလှမ်းမှုကို ပြန်မြင်ယောင်မိသည်။ ဒါကို သမီးလေးရှင်လေးက ...ငြင်းမှာမဟုတ်ပေဘူး။ ပြည့်စွမ်းဆိုတဲ့သူကလည်း မိမိတို့ရှယ်ယာဝင် ...ုပ်ငန်းရှင်ကြီး တစ်ယောက်မို့လည်း ဘယ်လိုမှငြင်းနိုင်တဲ့ အင်အား ...ကိုဘဲဖြစ်နေရသည်။ ရှင်အိပ်မက်လေးနဲ့ အသက်ကွာတာကလွဲပြီး ...ဘာတစ်ခုမှပြောစရာမရှိတဲ့လူ။ ဘက်စုံပြည့်ဝသူတစ်ယောက်။ မိမိ ...ည့်ရှုယ်ထားမိသည့် သမီးကလေး၏ အိမ်ထောင်ဖက်က မင်းညို ...င်နှို့ ဘယ်လိုဆုံးဖြတ်ရမှန်း မသိအောင်ဘဲ ဖြစ်နေရသည်။

မင်းညိုငင်ကို စိတ်ချသည်။ သမီးလေးအပေါ် နားလည်မှု ...ပေးနိုင်ဆုံးနှင့် အချစ်နိုင်ဆုံးသော ယောကျ်ားဟာ မင်းညိုငင်မှ ...လွဲ ဘယ်သူမှမဖြစ်နိုင်ချေ။ နောက်ပြီး မိမိအသက်သခင် ကျေးဇူးရှင်ရဲ့သား ဖြစ်နေ၏။

အခုလည်း ရှင်အိပ်မက်နှင့် တွေ့ဆုံဖို့ ညည်ခန်းထဲတွင် အသင့်စောင့်ဆိုင်းနေမိခြင်း ဖြစ်သည်။ သမီးရှင်လေး၏ အချစ် အတွက်တော့ ကြိုတင်ရင်လေးနေမိတာတော့ အမှန်ပါပဲ၊ ရှင်လေး က သူမတူအောင်ခေါင်းမာတဲ့ကလေးမ။

"ဒက်ဒီ"

"ထိုင်သမီး"

သူမ၏ ခပ်တိုးတိုးလေသံကပင် ဒက်ဒီအတွက် တုန်လှုပ် စရာဖြစ်နေခဲ့ပြီ။ ရှင်လေး သိတာပေါ့။ ဒက်ဒီစိတ်တွေ ချောက်ချား နေတယ်ဆိုတာကိုလေ။ ဒက်ဒီပုံစံက သူမျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုကို လက်တွေ့ကျကျ ရင်ဆိုင်လိုက်ရသောအခါ အတော် ကို စိတ်မကောင်းကြီးစွာ ဖြစ်နေဟန်ရှိသည်။

ဒက်ဒီ၏ နံဘေးခုံတွင်တော့…

ဒက်ဒီမျက်နှာလေး လှည့်စောင်းကြည့်လာ၏၊

ဒက်ဒီအရှေ့ခုံတွင် မင်းညို့ငင်လည်း ရှိနေသည်။

သူက ခေါင်းငိုက်စိုက်ချကာ ထိုင်နေ၏၊ သူ့မျက်နှာတွင် ကြေကွဲမှု ဖြည်မဆည်နိုင်မှုတို့က အထင်းသားပေါ်နေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ သူမကိုတစ်စက်ကလေးမျှ မော့ကြည့်ခြင်းမရှိဘဲ ငြိမ်သက်နေ၏။

သူမကို ကိုပြည့်လက်ထပ်ချင်ပါတယ်ဟု ပွင့်ပွင့် လင်းလင်းဝန်ခံခြင်းကို သူမကလည်း စကားလုံးလှလှလေးဖြင့်





ဒက်ဒီ့ထံတွင် ခွင့်တောင်းစေခဲ့မိသည်။

ပထမ …

သူမရည်မှန်းတာက ကိုပြည့် ဤသို့ဖွင့်ပြောလိုက်ခြင်း အပေါ် မင်းညို့ငင်ဆိုသော ယောကျ်ားတစ်ယောက် မည်သို့ ခံစား သွားရသည်ဆိုတာသာ သိချင်တာ။

အခုတော့ …

သူမသိပ်ချစ်သောဒက်ဒီ ကိုယ်တိုင်ပါ ဝင်လာသဖြင့် ရှင်လေး ဘာဆက်လုပ်ရမှန်းပင်မသိတော့။ ရှင်လေး သိပ်မှား သွားပြီလား၊ ဒက်ဒီက မင်းညို့ငင်နှင့်သာ သူမကို သဘောတူတာ လေ။ သူမကလည်း အင်မတန်ခေါင်းမာတဲ့ မိန်းမတစ်ယောက် ဖြစ်သည့်အလျောက် ဆုံးဖြတ်ချက်ကို ဘယ်သောအခါမှ ပြင်မည် မဟုတ်။ သူဟာ သာမန်အားဖြင့်တော့ ငြင်းစရာမလိုလောက်အောင် ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပါ။ ရှင်လေး သူ့အပေါ် ဖြိုလဲကျဆင်းမှုကိုလည်း သူမသိစေလို၊ သူမရင်ထဲက သူ့ကို မောင်းထုတ်ဖို့ အစောကြီးကတည်းက ပြင်ဆင်ထားပြီးသားပါ။

သူဟာ …

ရှင်လေးလက်ထပ်ချင်တဲ့ ပုံစံမျိုးရှိတဲ့ ယောကျ်ား တစ်ယောက်မဟုတ်ဘူးလေ။

မင်းညို့ငင်ကို …

ဘယ်သောအခါမျှ သူမလက်ထပ်မယ့် ယောကျ်ားကောင်း

တစ်ယောက်မဖြစ်စေရဘူးဆိုတဲ့ အသိစိတ်တစ်ခုကို စွဲနေအောင် ရိုက်သွင်းထားခဲ့ဖူးသည်။

ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ…

ရှင်ထင်ထားသလို ခပ်ပျော့ညံ့ညံ့ မိန်းမတစ်ယောက် မဟုတ်သလို နှလုံးသားကို ရှေ့တန်းတင်တတ်တဲ့ စိတ်ကူးလည်း ဘယ်တော့မှ ရှိမှာမဟုတ်ဘူး။

အဲဒါ …

ရှင်မြဲမြဲမှတ်ထားလိုက်ပါ။

"ဒယ်ဒီကတော့ ပွင့်ပွင့်လင်းလင်းပဲ မေးချင်တယ်၊ သမီး ရှင်လေးကလည်း မလိမ်မညာတမ်းဖြေပေါ့နော်၊ ဘယ်သူ့ကိုမှ ဘာအကြောင်းနဲ့မှ အားမနာနဲ့ ဒယ်ဒီပြောတာကြားသလား"

ဒက်ဒီဆီက တိတ်ဆိတ်ငြိမ်သက်နေမှုကို စတင်ဖြိုခွဲလိုက်သော စကားသံလေးထွက်ပေါ်လာ၏။

"ဟုတ်ကဲ့"

"မောင်ပြည့်စွမ်းထွန်းက သမီးကိုကမ်းလှမ်းလာတာ သမီးသိမှာပေါ့"

"ဟုတ်ကဲ့ ဒယ်ဒီ၊ သမီးကိုယ်တိုင်ပဲ ဒက်ဒီဆီမှာ ခွင့်တောင်းစေခဲ့တာပါ"

"သမီးရဲ့ ဆုံးဖြတ်ချက်ကရော"

"စဉ်းစားနေတုန်းပါပဲ ဒက်ဒီ၊ သူ့ကို လက်ထပ်သင့်တယ်





ထင်ပါတယ်၊ သူ့မှာ ငြင်းစရာ တစ်ကွက်မှမရှိဘူးလေ၊ ရှင်လေး တွက်တော့ အိမ်ထောင်ဘက်ကောင်းတစ်ယောက် ဖြစ်လိမ့်လို့ တော့ ယူဆတယ်"

"ဟုတ်ပါတယ် အဲဒီအချက်ကို ဒက်ဒီ လက်ခံပါတယ်၊ ဒါပေမဲ့…

ဒက်ဒီအခုမေးတာက သမီးကိုယ်တိုင် မောင်ပြည့်စွမ်းထွန်း ကို ချစ်သလားဆိုတာ ဒက်ဒီသိချင်တာ"

"ရှင်"

သူမမျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

အဲ့ဒီမေးခွန်းများကို ဘာကြောင့်ဒက်ဒီမေးရတာလည်း။ ုံးဝမမေးသင့်တဲ့ မေးခွန်းပါ။ ရှင်လေးမဖြေနိုင်အောင် ချောင်ပိတ် မေးသင့်ဘူး။ ရှင်လေးရဲ့ ရင်ထဲကို ဒက်ဒီဝင်ကြည့်လို့မှမရတာ င်လေး တုန်လှုပ်သွားအောင် ဝန်မခံနိုင်တဲ့မေးခွန်းတွေ မမေးပါနဲ့ ယ်ဒီရယ်။

"ဖြေလေသမီး"

"ရှင်လေး သူ့ကိုပဲလက်ထပ်မယ်ဆိုတဲ့ အဖြေနဲ့တင်မလုံ လောက်ဘူးလား ဒက်ဒီ၊ ချစ်တာ မချစ်တာတွေ လိုမှမလိုအပ် တာ"

"ဟုတ်ပြီ ဒါဆိုရင် သမီးက ကိုယ်မချစ်တဲ့လူကို က်ထပ်ဖို့ အနိုင်အမာဆုံးဖြတ်ပြီး ရွေးချယ်လိုက်တာပေါ့"

ရှင်ဇလေး အသာအယာကလေး ခေါင်းညိတ်အဖြေပေး
လိုက်မိသည်။

"တကယ်တော့ ဒယ်ဒီက မောင်မင်းညို့ငင်နဲ့ သမီးကို
လက်ထပ်စေချင်ခဲ့တာ၊ သား မင်းညို့ငင်ဆီမှာရော ဘာရှေ
ငြင်းပယ်စရာရှိလို့ သမီးလေးက လက်မခံရတာလဲ သမီး"

"ဟို…အန်ကယ်"

"နေဦး မင်းညို့ငင်၊ ဘာမှဝင်မပြောနဲ့ဦး၊ သမီး ရှင်ဇလေး
ပဲ ဖြေပါစေ"

သူရော သူမပါ ဒက်ဒီရဲ့စကားကြောင့် အလွန်အံ့သြသွား
ရသည်။

ရှင်အိပ်မက် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြရ
သည်။

ဤမျှလောက် ပွင့်လင်းလာလိမ့်မည်ဟု ထင်မထားခဲ့
ပါ။ ပေါ်တင်ကြီး ဖွင့်မေးချလိုက်သဖြင့် ဘယ်လိုဆက်ပြောရမှန်း
မသိအောင် ဖြစ်သွားရသည်။

သူကတော့ ရုတ်တရက် ထတားရှာ၏။ သို့သော် ဒက်ဒီ
က သူ့ကိုလက်ကာပြကာ တားဆီးပိတ်ပင်ခဲ့လေသည်။

"ပွင့်ပွင့်လင်းလင်းပြောလေ သမီး၊ ဒက်ဒီက မင်းညို့ငင်
နဲ့ သမီးကို သဘောတူပေမယ့် သမီး လက်မခံချင်တာဟာ မင်းညို့
ငင်မှာရော ဘာပြစ်ချက်တွေရှိလို့လဲ"





"……"

"ဖြေလေ သမီး"

"သမီး အမှန်အတိုင်းပြောရမလား"

"ပြောပါ သမီး၊ ဒက်ဒီ သမီးကို နားလည်မှုပေးနိုင်ပါ
တယ် ရှင်ဇလေး၊ ဘာမှအားနာစရာမရှိဘူး"

သူက သူမလေး၏မျက်နှာကို ညို့ရီသောမျက်ဝန်းများ
နှင့် ဖျတ်ခနဲ မော့ကြည့်၏။ သူမလေး၏ အဖြေကို သူသိချင်နေ
ပုံ။ သူမ၏မျက်နှာလေး အလိုလိုတင်းမာသွားကာ မျက်ဝန်း
များတွေ အေးစက်သွားရသည်။

ရှင်အရမ်းသိချင်နေသလား မင်းညို့ငင်။

ကျွန်မရင်ထဲက ပေါက်ကွဲထွက်လာမယ့် စကားသံတွေ
ကို ရှင် သိပ်ကြားချင်နေမှာပဲနော်။ အဟင်း…ဟင်း… ရှင်သိစေ
မယ် မင်းညို့ငင်…။

သူမစကားသံလေး တိုးတိတ်စွာပင် အစပျိုးလိုက်သည်။

"တကယ်ဆို ကိုမင်းညို့ငင်ဟာ မိန်းမတစ်ယောက်
…းဆန်ဖို့မသင့်တဲ့ ယောကျ်ားတစ်ယောက်ပါ၊ သူ့မှာ ရုပ်ရည်
…၊ စီးပွားရေးကအစ အစစအရာရာ ပြောစရာမရှိအောင် ပြည့်စုံ
…သားပဲ၊ ဒါပေမဲ့…"

"ဒါပေမဲ့ ဘာဖြစ်သလဲ ရှင်ဇလေး"

"သမီး သူ့ကိုမချစ်ဘူး ဒက်ဒီ၊ သမီး သူ့ကိုမုန်းတယ်"

"ဟင်"

သူမ၏အဖြေကြောင့် ဒက်ဒီ အံ့ဩမှင်သက်သွား...
သူကတော့ အလဲထိုးခံလိုက်ရသူပမာ နောက်မှီပေါ် ခေါင်း...
ကာ မျက်လုံးနှစ်ဖက်ကို စုံမှိတ်ထားလိုက်လေတော့သည်။

"သမီး သူ့ကိုစတွေ့ကတည်းက မုန်းခဲ့တာ၊ သမီး ရင်...
က ဒက်ဒီကို တိတ်တဆိတ် ဆွဲယူသွားကတည်းက သူ့ကို ရှင်...
လုံးဝမကျေနပ်ခဲ့ဘူး၊ အဲဒီအစိုင်အခဲဟာ ဘယ်တော့မှ ပြောင်း...
တော့မှာမဟုတ်ဘူး ဒက်ဒီ"

သူမရဲ့စကားလေးကြောင့် ဒယ်ဒီ့မျက်နှာ ရဲစိုသွားသည်...
ခေါင်းကို တစ်အားခါယမ်းပြီး သူ့ကို အားနာလွန်း၍ မျက်နှာ...
တစ်ခုလုံး နီရဲတွတ်ကာ တစ်ဘက်သို့ လွှဲသွားလေ၏။ အဲဒါ...
ရှင်အိပ်မက်က မကြိုက်တာပါ။

"သမီးရဲ့အဖြေက ပြည့်စုံလုံလောက်ပါတယ်နော် ဒက်...
သမီးကို ခွင့်ပြုပါဦး၊ သမီး အရမ်းနားချင်နေပြီ"

သူမ နေရာမှ ထခဲ့သည်။ ပြီးပြီလေ...သူမရဲ့ နောက်ဆုံး...
အဖြေလေးက ရှင်းနေတာပဲ။ သူ့ကိုမုန်းလို့ဆိုတဲ့ အကြောင်း...
ချက်နဲ့ လက်မထပ်ချင်တာဟု ငြင်းခဲ့သည်။

နောက်ဆုံး....

ညှော်ခန်းထဲမှာ ကျန်နေရစ်သူတွေကတော့ ဦးမင်းယံနှင့်
မင်းညို့ငင်တို့ နှစ်ဦးတည်းသာ ဖြစ်ချေတော့သည်။



# အခန်း (၁၉)

ရှင်အိပ်မက် အဲဒီလောက် စိတ်ဓာတ်ပြင်းထန်လိမ့်မည်
...ု သူ ထင်မထားခဲ့ချေ။ သူ့ကို ဒီလောက်တောင်ပဲ ခါးခါးသီးသီး
...န်းသတဲ့လား။ သူ့ကို ဤမျှလောက် ရက်စက်ရင့်သီးလွန်းသော
...ကားလုံးများကို သူမလေး မပြောသင့်ပါ။

အမှန်ဆို...

မင်း...ငါ့ကိုချစ်ပါတယ် ရှင်အိပ်မက်ရယ်။

သိပ်မုန်းတယ်ဆိုတာ မင်းရင်ထဲကလာတဲ့ တကယ့်စစ်မှန်
...ဲ့စကား မဟုတ်ပါဘူး။ ဘာကြောင့် ဒီလောက်တောင်ဟန်ဆောင်
...နေရတာလဲကွာ။ မင်းလေးရဲ့နှုတ်ခမ်းတွေက မုန်းတယ်ဟု အထပ်
...ပ် ဝန်ခံနေပေမယ့် မင်းလေးရဲ့မျက်ဝန်းအိမ်ငွှေ့မှာ မျက်ရည်ဥ
...လေးများ ဝဲလို့နေတာကို ကိုယ်မြင်ပါတယ်။ ဒါဟာ ဘာသဘော

လဲကွာ။ မင်းညာနေတာပါ…ရှင်အိပ်မက်ရယ်။

ကိုယ့်ကို မင်း တမင်မချစ်ဟန်ဆောင်ပြီး နေတာပါ။ မင်းရဲ့အတွက်အတွက် ကိုယ့်ကို မင်း အတင်းငြင်းပယ်ထုတ်နေတာ ကိုယ်သိနေတယ် ရှင်လေးရယ်။

အန်ကယ်မင်းယံဆီမှ သူ့အား စိတ်မကောင်းကြီးစွာ တစ်ချက်မျှ စိုက်ကြည့်ပြီး သူ့ပခုံးကို တစ်ချက်ဖျစ်ညှစ်ဆုပ်ကိုင် ပြီး နေရာမှထွက်သွားလေတော့သည်။

ကိုယ် မကျေနပ်ဘူးကွာ။

သိပ်ချစ်ခဲ့တဲ့ ကိုယ့်ရဲ့အချစ်တွေအတွက် မင်း အဲဒီလို မလုပ်သင့်ဘူး။ ကိုယ့်ရဲ့မေတ္တာ ကိုယ့်ရဲ့ချစ်ခြင်းတွေက မင်းအပေါ် မှာ သိပ်ကိုဖြူစင်ခဲ့တာပါ။ အဲဒါတွေကို မင်း ဘာနဲ့အလျော်ပေး မလဲ။ ရင်ထဲက ပေါက်ကွဲမှုအရှိန်အဟုန် ကြီးမားနေခဲ့သည်။သူ၏ စိတ်အစဉ်ဟာ စည်းချက်မညီတဲ့ တေးသွားတစ်ပုဒ်ပမာ ယိမ်းထိုး နေခဲ့သည်။ သူ၏ဦးနှောက်အသိတို့ ပျက်စီးယိုယွင်းသွားချေပြီ တည်း။

သူ့မျက်ဝန်းတွေ အေးစက်လာသည်။ နှုတ်ခမ်းနှစ်လွှာ ခပ်စေ့စေ့တင်းသွားပြီး မျက်နှာပြင်တစ်ခုလုံး နီရဲတက်လာတော့ သည်။

သူ့အား နံဘေးမှကြည့်ပါက အရူးတစ်ယောက်လို ကြောက်စရာကောင်းနေပေလိမ့်မည်။ သူမသည် ဤသို့မပြောသင့်





ပါ။ သူ့ကိုချစ်သည်ဟု ဝန်မခံတတ်သလို မုန်းသည်ဟုလည်း ဝန်မခံသင့်ပါ။ သူ့နှလုံးသားကို တိုက်ရိုက်ထိမှန်စေမည့်စကားကို သူမ ရှောင်ကြဉ်သင့်သည်။

သူ့ကို သူမမုန်းတယ်ဆိုတာ ဘယ်လိုမှယုံစားလို့မရ။ သူမနှင့် အဝေးမခံနိုင်ပြန်ပါ။

နောက်ပြီး သူမဟာ သိပ်မကြာခင်မှာ သူ မဟုတ်တဲ့ ယောက်ျားကို ရွေးချယ်ပြီး ထိုလူ့ရင်ခွင်ထဲ မဖြစ်မနေတိုးဝင်တော့ မည်ဖြစ်၏။ သူမကို သူ လက်လွှတ်ဆုံးရှုံးရပေလိမ့်မည်။ သူမ ရွေးချယ်ချက်က မှန်ကန်ပါ၏။ သူ့ထက် အစစအရာရာသာလွန် သော အားထားရသော အမျိုးသားတစ်ယောက်ကို ရွေးချယ်မှုသည် အင်မတန် သင့်မြတ်သော ရွေးချယ်မှုလေးပင် ဖြစ်လိမ့်မည်။

သို့သော်…

သူ့အား အခြောက်တိုက်မုန်းနေတာကတော့ သူမ မတရား လွန်းတာပါ။ တကယ်ဆို သူကသာ အမြဲတစေ သူမကိုပေးဆပ် ခဲ့ရပြီး သူမထံမှ ပြန်လည်တုံ့ပြန်မှုတစ်စုံတစ်ခုကိုမျှ မရရှိခဲ့။ အခုလို တုံးတိတိ တုံ့ပြန်သောအခါတွင်လည်း သူ မခံစားနိုင် လောက်အောင် ကြေမွပျက်စီးစေခဲ့သည်။ သူ့ရဲ့အချစ်ကို တိုက်ရိုက် စော်ကားပစ်လိုက်ခြင်းအတွက် မင်းလေး တကယ်ပဲ ကျေနပ်နေ သလားကွာ။

“ရှင်အိပ်မက်”

ဟင်…

မင်းညို့ငင်

သူမအခန်းထဲ ရုတ်တရက်ဝင်ရောက်လာသော သူ့ကို ကြည့်ပြီး သူမ ဘာပြောရမှန်းမသိအောင် ဖြစ်သွားမိသည်။

"ရှင်…ရှင် ကျွန်မအခန်းထဲ ဘာလို့ဝင်လာရတာလဲ"

"ကိုယ့်ရင်တွေ မွန်းကြပ်လွန်းလို့ပါ ရှင်လေးရယ်"

"အို…ဘာတွေလာပြောနေတာလဲ၊ မသိဘူး…မသိဘူး ရှင် အခုချက်ချင်း အခန်းထဲက ထွက်သွားပါတော့"

"မသွားဘူး ရှင်လေး၊ ကိုယ့်ကို အခုမှ မင်းနှင်မထုတ် ပါနဲ့၊ ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိပါတယ်ကွာ"

"မပြောနဲ့ ကိုမင်းညို့ငင်၊ ရှင်ဘာဖြစ်လို့ ဒါတွေကို လာပြောနေရတာလဲ၊ ကျွန်မ မသိချင်တဲ့အကြောင်းတွေကို ရှင် ဘာဖြစ်လို့ ဖွင့်ပြောချင်နေရတာလဲ၊ အရာအားလုံးက ပြီးသွားပြီ ရှင်သိထားဖို့က ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ် ဆုံးဖြတ်ထားပြီးတဲ့ ကိစ္စတစ်ခုကို မဖြစ်မနေ လုပ်တတ်တယ်ဆို တာပဲ၊ ရှင်သွားပါတော့၊ သန်ဘက်ခါ သူနဲ့ကျွန်မတို့ရဲ့ လက်ထပ် ရှင်ကြားစေ့စပ်ပွဲ…."

"တိတ်စမ်း"

သူမ စကားပင်မပြတ်သေး၊ မိုးထစ်ချုန်းသံတမျှ ပေါ်ထွက် ကွဲလွင့်စင်ကျလာသော သူ၏တားမြစ်သံကြီးကြောင့် ရုတ်တရက်





တော့ သူမ တုန်လှုပ်သွားရသည်။

ကြည့်စမ်း….

သူ့မျက်နှာပြင်တစ်ခုလုံး နီရဲတွတ်အောင် ခံပြင်းနေလေ ရဲ့၊ သူ့မျက်ဝန်းအစုံသည် ဘာတစ်ခုကိုမှ ဂရုမစိုက်၊ အရေးလုပ် ည့်ပုံမရှိတော့။

ပြီးတော့…

သူ့ရဲ့အသက်ပြင်းပြင်းရှူသံကြီးများ…တစ်စုံတစ်ခုကို က်ပက်စက်စက် ပြောချင်နေသော သူ့နှုတ်ခမ်းအစုံ… သူ့ပုံစံ ကြည့်ရတာ စိတ္တဇဝေဒနာသည်တစ်ဦးပုံ ပေါက်နေသည်။

သန်ဘက်ခါ…

သူမရဲ့ လူသိရှင်ကြားစေ့စပ်ပွဲ။

ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ တက်ရောက်အားပေး ကြမည့် သူဌေးကြီးဦးမင်းယံ၏ တစ်ဦးတည်းသောသမီးလေး ရှင်အိပ်မက်၏ စေ့စပ်မင်္ဂလာပွဲလေး။

မြန်မာနိုင်ငံ၏ အကောင်းဆုံး ဟိုတယ်ကြီးတစ်ခုထဲတွင် ည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည့်ပွဲလေးအတွက် ဦးပြည့် မ်းထွန်းသည် ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်နေသည်။

သူမအတွက် လိုလေသေးမရှိစေရ။

အဲဒီပွဲအတွက် သူမကလည်း စောင့်ထိန်းအပ်သော ည်းမျဉ်းများကို မဖြစ်မနေ လိုက်ရပေလိမ့်မည်။

"ရှင်လေးရယ်…ကိုယ့်ကို မင်းဘာဖြစ်လို့ ဒီလောက် တောင် ရက်စက်ရတာလဲကွာ၊ ဘယ်လိုအပြိုးအတေးတွေကြောင့် ကိုယ့်ကို ပက်ပက်စက်စက် ငြင်းပစ်လိုက်ရတာလဲ၊ ကိုယ်သိနေ တယ် မင်း ကိုယ့်ကိုချစ်နေတာ ကိုယ်သိနေတယ်၊ ကိုယ့်ကို ဘာဖြစ်လို့ တမင်ဟန်ဆောင်ပြီး မုန်းနေရတာလဲကွာ"

"ကျွန်မ တောင်းပန်ပါတယ် မင်းညိုငင်၊ အနူးအညွတ် တောင်းပန်ပါတယ်၊ အခုအချိန်မှာ ဒီမေးခွန်းတွေကို လာမမေး နဲ့၊ ကျွန်မ မဖြေနိုင်တဲ့မေးခွန်းတွေကို ရှင် အတင်းအကြပ်မမေး သင့်ဘူး၊ ကျွန်မ ဆုံးဖြတ်ပြီးသား အလုပ်တစ်ခုအတွက် စိတ်ရှင်း ရှင်းနဲ့လုပ်ပါရစေ"

ဟာ…

အတ္တကြီးလှချည်လားကွာ။

မင်း‥မင်းဟာ အသည်းနှလုံးရှိတဲ့ လူတစ်ယောက်ရ ဟုတ်သေးရဲ့လားကွာ။ ကိုယ်ဟာ မတရားဘူးဆိုတဲ့ အသုံးအနှုန်း တစ်ခုအောက်မှာပဲ ခေါင်းငုံ့ငြိမ်ခံနေရတော့မှာလား။

စဉ်းစားကြည့်စမ်း…

ကိုယ့်ရဲ့နစ်နာမှုအတွက် ဘာတစ်ခုမှခံစားပိုင်ခွင့်မရှိတော့ ဘူးတဲ့လား။ ကိုယ်ဟာ နှလုံးသားရှိတဲ့လူတစ်ယောက်ပါကွာ၊ ကိုယ်ဟာ စက်ရုပ်တစ်ရုပ်မဟုတ်ဘူး။ ကိုယ့်မှာအသက်ရှိတယ်၊ ခံစားတတ်တယ်၊ ကြေကွဲဝမ်းနည်းတတ်တယ် ရှင်လေး။





ရက်စက်တတ်တဲ့ နှလုံးသားတွေနဲ့ ကိုယ် အမှတ်တရ စိုက်ပျိုးခဲ့တဲ့ နှင်းဆီခင်းလေးကို ရက်ရက်စက်စက် ဖျက်ဆီးစေ ခိုင်းခဲ့တဲ့ မင်းရဲ့တောင်းဆိုမှုကို အလျှော့ပေးလိုက်လျှော့ခဲ့ပေမယ့် မင်းမသိတဲ့အချိန်လေးမှာ အားလုံးကို ကိုယ် အသစ်ပြန်စိုက်ခဲ့ တယ် ရှင်လေး။ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် မင်းလေးများ ပြန်ပြီး တောင့်တလာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့လေ။

သူတို့လေးတွေက သူတို့ရဲ့အရှင်သခင်မလေးအတွက် ပန်းတွေအများကြီးပွင့်ပြီး စောင့်နေကြလေရဲ့။ ဘယ်အချိန်ရောက် လာမှန်းမသိတာထက် ဘယ်တော့မှမလာတော့မှန်း သိသိကြီးနဲ့ စောင့်မျှော်နေကြတဲ့ သူတို့ရဲ့စိတ်ခံစားမှုအတွက်ကိုရော မင်း ဘယ်လို ဖြေသိမ့်မလဲ ရှင်လေးရယ်။

"ရှင်လေး…ကိုယ် မင်းကိုသိပ်ချစ်တယ်၊ ကမ္ဘာပေါ် မှာ ကိုယ်အချစ်ဆုံးမိန်းမဟာ မင်းပဲ၊ ကိုယ်မမုန်းနိုင်ဆုံးမိန်းမဟာ လည်း မင်းတစ်ယောက်တည်းပဲရှိတယ်၊ အဲဒါတော့ မင်းယုံကြည် ထားလိုက်ပါ၊ ကိုယ့်အပေါ်မှာ မင်းဘယ်လိုရက်စက်ရက်စက် ဘယ်လောက်ပဲ ဖြစ်ပယ်ဖြစ်ပယ် ကိုယ် မင်းကိုပဲချစ်တယ်။ ကိုယ့် ရဲ့မျှော်လင့်ခြင်းသခင်ဟာ မင်းတစ်ယောက်တည်းပဲ ရှိတယ် ရှင်အိပ်မက်။ အဲဒီလောက်တောင် ကိုယ် မင်းကိုလိုအပ်နေခဲ့တာ ပါ။

ဒါပေမဲ့ လူမဆန်တဲ့အလုပ်တစ်ခုကို ဘယ်တော့မှမလုပ်

ဘူး၊ ဒါဟာ မင်းကိုမရနိုင်မှန်းသိလို့ တမင်ရှောင်ထွက်တာလို့ မထင်နဲ့နော်၊ ကိုယ် မင်းကိုလိုချင်ရင် အချိန်မရွေးယူလို့ရတယ်။ ဒါပေမဲ့ မင်းရင်ထဲက တကယ်လိုလားတဲ့ ယောကျ်ားတစ်ယောက်ဟာ ကိုယ်ဖြစ်မနေလို့ မင်းလေးစိတ်ချမ်းသာအောင် ကိုယ်လုပ်ပေးလိုက်ခြင်းပဲ၊ မင်းရဲ့ဂုဏ်သိက္ခာကျဆင်းစေမယ့် လုပ်ရပ်တွေကို ကိုယ်မလုပ်ရက်ဘူး။ ကိုယ်ဟာ မင်းအတွက် တကယ်ဆုတောင်းပေးပါတယ်၊ မင်းရွေးချယ်ပြီး လျှောက်လှမ်းတဲ့လမ်းမှာ ထာဝရ မင်းပျော်ရွှင်စွာ ဆက်လှမ်းနိုင်ပါစေလို့လေ''

''မင်းညို့ရယ်''

သူ စကားဆုံးသည်နှင့် သူမမျက်နှာကို တစ်ချက်စိုက်ကြည့်ကာ ထွက်သွားချေပြီ။

တကယ်ဆို သူ ရှင်အိပ်မက်ကို ပျစ်ပျစ်နှစ်နှစ် ဝေဆိုးနှက်ဖို့လာခဲ့တာပါ။ သူ့စိတ်တွေက ဤမိန်းမလေးရှေ့သို့ ရောက်တာနှင့် ဘာဖြစ်လို့ ပျော့ပျောင်းသွားမှန်း စဉ်းစားမရချေ။

ကိုယ့်စိတ်တွေ လုံးဝ ပုံမှန်ရှိမနေတာတော့ ကိုယ်သိသည်။

သူမ၏ဘဝတစ်သက်တာတွင် ယောကျ်ားတစ်ယောက်အတွက် ဤတစ်ကြိမ်မျှလောက် မခံစားခဲ့ရဖူးပါ။ သူ့ကို စိတ်မကောင်းဖြစ်မိတာလား၊ သနားနေမိတာလား၊ စာနာထောက်ထားသွားမိတာလား၊ ဘာရယ်လို့ အတပ်ပြောမရပေမယ့် သူမရင်ထဲ စူးစူးနင့်နင့်ကြီး ခံစားနေရသည်။





သူမ ရှုံးသွားပြီလား။

သူ့ကို သူမ ဘယ်လောက်ချစ်မိသလဲဆိုတာ သူမကိုယ်သူမသာလျှင် အသိဆုံးပါ။ သူနှင့်သူမတွင် ကြီးကြီးမားမား ရန်ပြီးရန်စဟူ၍ မရှိခဲ့ပါ။ သူမဘက်ကသာ တစ်ဘက်သတ် အငြိုးထားမိခြင်းသာဖြစ်ပြီး သူကတော့ သူမအပေါ် သူမတူအောင် ကောင်းနိုင်သော ယောကျ်ားတစ်ယောက်သာဖြစ်သည်။

သူမဒယ်ဒီရှေ့တွင် သူ့ကိုမုန်းပါသည်ဟု ဘာကြောင့်များ ဝန်ခံမိသွားပါလိမ့်။

ဘုရားရေ…သူ အရှုံးကိုခံစားသွားရရှာပဲ။ သူမ အရှုံးလွန်သွားပြီလား။ သူမ သူ့ကို စိတ်ဆိုးမိတာက သူဟာ သူမရဲ့ စိတ်ခံစားမှုအပိုင်းကို ခပ်တင်းတင်းမေးတတ်ပြီး သူ့ကို သူမ ချစ်နေပါပြီဟု တစ်ထစ်ချအထင်သေးစွာ စွပ်စွဲတတ်မှုအတွက် သူမ၏ သူ့အပေါ်ပြုဆင်းမှုကို အမြဲတမ်း ကျေနပ်ထားတတ်တဲ့ သူ့ရဲ့ စိတ်ဓာတ်ကိုမုန်းမိသည်။

ဘာမဟုတ်တာလေးနှင့် သိပ်မကြာခင် သူနှင့်သူမတို့ အဝေးဆုံးသော တစ်နေရာဆီသို့ ရောက်ကြရတော့မည်။ သူကလည်း သူမကို မကျေမနပ်ဖြစ်နေသလို သူမက သူ့ကိုအလျှော့ပေးကာ ဝန်မခံချင်ပါ။ ဒယ်ဒီ့ကိစ္စနှင့်ပတ်သက်ပြီး သူ့ကို သူမ မကျေနပ်ခဲ့တာတော့မှန်သည်။ အမြဲတမ်း သူမသာ အသာစီးရခဲ့တဲ့အတွက် သူနှင့်ပတ်သက်၍လည်း သူမ မရှုံးချင်ပါ။

အခုရော ရှင်အိပ်မက်ဆိုတဲ့ သူမတစ်ယောက် တကယ့်ကို အနိုင်ရသွားပြီလား။ ရှင်ထင်မှာစဲနော် ရှင်အိပ်မက်တစ်ယောက် အနိုင်ရသွားတဲ့အတွက် သူ့ရဲ့ပြုံးလဲမှုအတွက် ရှင်အိပ်မက် သိမ်မွေ့နေလိမ့်မယ်လို့။ တကယ်တမ်းကျတော့ သူ့ကို သူမ တကယ် ရှုံးသွားတာပါ။ ရှင်လေးဟာ ဘယ်လောက်များဟန်ဆောင်ကောင်းသလဲဆိုရင် သူ့ရှေ့မှာ ဟန်မပျက် ခပ်ပြတ်ပြတ်ပြောခဲ့ပေမယ့် ကွယ်ရာမှာတော့ သူမ ကြိတ်ပြီးငိုခဲ့မိတယ်။ တိတ်တိတ်လေး တစ်ယောက်တည်း ခံစားခဲ့ရတယ်။

အမှန်ဆို ရှင်အိပ်မက်ကို ရှင်မုန်းသင့်ပါတယ်။ 'ငါ့အချစ်တွေကို စော်ကားတဲ့မိန်းမ၊ ငါ့မေတ္တာတွေကို ရက်ရက်စက်စက် ဥပေက္ခာပြုရက်တဲ့မိန်းမဆိုပြီး ကျွန်မကို နာကြည်းသင့်ပါတယ်'

တကယ်တော့ ရှင်အိပ်မက်ဟာ အင်မတန်မိုက်မဲတဲ့ မိန်းမတစ်ယောက်ပါ။ သူမကိုသိပ်ချစ်တဲ့ ဒယ်ဒီကတောင် မိဘစကား နားမထောင်တဲ့ သမီးတစ်ယောက်အဖြစ် စိတ်ခါတ် အကျကြီးကျကာ လက်လျှော့ထားခဲ့လေပြီ။

သူမ တကယ်တမ်း ပြန်သုံးသပ်ကြည့်တော့မှ ငွေ၊ ဝုဏ်၊ အသိုင်းအဝိုင်း၊ ပကာသနဆိုတာ ဘာမှအသုံးဝင်တဲ့ အရာတွေမှ မဟုတ်ဘဲ။ သူမ တကယ်လိုအပ်တဲ့အရာတွေကရော အဲဒါတွေ ဟုတ်လို့လား။

သူမ တကယ်လိုအပ်တာ ဒယ်ဒီရဲ့မေတ္တာ ဒယ်ဒီရဲ့





အကြင်နာ၊ ဒယ်ဒီရဲ့ဂရုစိုက်မှုတွေကိုပါ။ မိဘဖြစ်ပြီး ကိုယ့်သမီး တစ်ယောက်ကို မသိမ်းသွင်းနိုင်တော့ဘူးဆိုပြီး လက်လျှော့၍ ဇီစဉ်ပေးနေရမှုအတွက် ဘယ်လောက်များ စိတ်ကသိကအောက် ဖြစ်လိမ့်မလဲ။

ပြီးတော့....သူ..

သူဟာ ဘယ်သူနဲ့မှမတူဘဲ သူမအပေါ် အလိုက်သိစွာ သူမခိုင်းစေသမျှ မငြီးမငြူ လုပ်ပေးတတ်ခဲ့ပြီး သူမပြောသမျှ ခေါင်းငုံ့သည်းခံနိုင်ခဲ့သူ။ မကြာခဏဆိုသလို 'မင်းကိုသိပ်ချစ်တယ် သိလား၊ တစ်နေ့ကျရင် မင်းကိုယ့်ကို ပြန်ချစ်လာရမယ်' ဆိုတဲ့ အတ္တဆန်ဆန်စကားလေးတွေ။ 'မင်းငါ့ကို ချစ်နေပြီမဟုတ်လား' ဟု စွပ်စွပ်စွဲစွဲ ပြောသံလေးတွေကိုက ကြားယောင်မိတိုင်း သူမဆုံးဖြတ်ချက် သိပ်ကိုမှားသွားပြီဆိုတာ သိနေခဲ့တယ်လေ ကွယ်။

ဒါပေမဲ့ သူမ လွန်သွားပြီလေ။

ဘာတတ်နိုင်တော့မှာလဲ။ အရာအားလုံး ပြင်ဆင်ခွင့်မရတော့လောက်အောင်ပဲ လွန်မြောက်သွားလေပြီတည်း။

## အခန်း (၂၀)

"မမလေး...တယ်လီဖုန်းလာနေတယ်"

"မရှိဘူးလို့ပြောလိုက် မိနီ"

"မမစိမ်းဆီကဆက်တာ မမလေး"

"မမလေး နေမကောင်းဘူး၊ အိပ်ပျော်နေတယ်လို့ပဲ ပြောလိုက် မိနီရယ်၊ အခုချိန်မှာ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး တစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

"ဟုတ်ကဲ့...မမလေး၊ မိနီ ကြည့်ပြောလိုက်ပါ့မယ်"

"ကျေးဇူးပဲ မိနီ"

မိနီ ခေါင်းလေးငုံ့ကာ ပြန်ထွက်သွားတော့၏။ သူမ တစ်ကိုယ်လုံး နုံးခွေယိုင်နဲ့လို့နေသည်။ အားမရှိသလို ချည့်နဲ့နဲ့လေး ဖြစ်နေ၏။ သူမ၏စိတ်သည် အလွန်ဒဏ်ပြင်းသော ဝေဒနာတစ်ခု





ကို အပြင်းအထန်ခံစားနေရသည်။ လှုပ်ရှားချင်စိတ်လည်းမရှိ၊ သူမ၏ မျက်နှာလေးသည် အရင်လို ဝင်းပစိုပြည်နေခြင်းမရှိတော့။ မျက်တွင်းချောင်ချောင်လေးနှင့် မျက်နှာလေးက ညှိုးလျော့နေပြီး ပြင်ဆင်ခြယ်သထားခြင်းမရှိသဖြင့် ခပ်ညှိုးလျော့လျော့လေး ဖြစ်နေသည်။

အရင်ကဆို လန်းဆန်းတက်ကြွနေအောင် ပြင်ဆင်ပြီး သူ မကြည့်ကြည့်အောင်လုပ်တာတို့၊ မမြင်မြင်အောင် သူ့ရှေ့တွင် နေပြတာတို့၊ သူက လိုက်ဖက်ပါသည်ဟုဆိုကာ သူနှစ်သက်တတ်သော သူမဝတ်နေကျ ကော်လံထောင် ခါးတင်ဇာလက်ပြတ်လေးများကို ပါတိတ်အရောင်ဖျော့ဖျော့လေးများနှင့် တွဲဝတ်ပြတာမျိုးတို့။ အစိမ်းနှင့်သူ နှစ်ယောက်တည်း စကားပြောနေတာတွေ့လျှင် ကြားဝင်ပြီး သူ့ကို မရှိ ရှိတဲ့အလုပ် ရှာကြံခိုင်းပြီး မသိမသာလေး ခွဲတတ်တာတို့ကို ပြန်မြင်ယောင်မိသည်။

နေ့စဉ် သူ တယုတယဆေးပေးသော ကား၊ သူ တယုတယ ထုတ်ပေးထားတတ်သော ဖိနပ်လေးကိုသာ ကျေကျေနပ်နပ်နှင့် သူမ စီးတတ်ပြီး သူမအတွက် ဘာမဆို ရှေ့တန်းတင်တတ်သော သူ့ကို ဘာတစ်ခုမှ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့အတွက် စိတ်မကောင်းဖြစ်မိ၏။ သူမက အရမ်းကိုအတ္တကြီးတဲ့ တစ်ကိုယ်ကောင်းဆန်သမားပဲနော်။ သူမဟာ အလွန်ခေါင်းမာတဲ့မိန်းမ တစ်ယောက်ပဲ။ ဘာမှမတတ်နိုင်ပါ။ အရာအားလုံးလွန်သွားပြီး

သူ့အတွက် သူမ ဘာတွေပြန်ပေးလျှော်လို့မရလောက်အောင် အချို့တွေက နှောင်းခဲ့ချေပြီ။

မင်းညို့ငင်ရယ် ကျွန်မကို ဖြေသိမ့်လို့ရအောင် နာကျင်စရာ စကားလုံးနဲ့ ဝေဖန်ပြစ်တင်လိုက်စမ်းပါရှင်။ အခုလို ခွင့်လွှတ်နားလည်ပေးနေတာကြီးကိုမြင်နေရတာ ရင်နာလို့ပါ။ ကျွန်မ ကျေကျေနပ်နပ်ကြီး ခံယူပါ့မယ် မင်းညို့ငင်ရယ်။ ရှင့်ဆီက ပေးအပ်လာမယ့် အပြစ်ဒဏ်ကို ကျွန်မခံယူပါ့မယ်ရှင်။

အခုတော့ အားလုံးက သူမကို ဝိုင်းပြီးခွင့်လွှတ်နေကြသည်။ ဝိုင်းပြီးနားလည်မှုပေးနေကြ၏။ ဘာလုပ်မလဲ၊ ရှင်လေး ဘာလုပ်ရတော့မလဲဟင်။

ရှင်အိပ်မက်တစ်ယောက်တည်း အခန်းလေးထဲမှာ ငြိမ်သက်နေမိသည်။ ကြာလာသည်နှင့်အမျှ သူမ ဘယ်လိုမှမခံစားနိုင်တော့ပါ။ သူမရဲ့စိတ်ဖြေဆည်မှု၊ သူမအတွက် နောက်ဆုံးထွက်ပေါက်တစ်ခုဖြစ်သော စာရေးခြင်းနှင့်ပဲ စိတ်ဖြေသိမ့်ဖို့ စဉ်းစားလိုက်မိသည်။

ဟုတ်တယ်…

သူမရင်ထဲက ခံစားချက်တွေကို ဖွင့်ထုတ်တော့မှ ဖြစ်တော့မည်။ ရင်တစ်ခုလုံး မွန်းကျပ်လို့နေပြီလေ။ ပထမဆုံး သူမ၏ဒိုင်ယာရီစာအုပ်လေးကို ထုတ်လိုက်သည်။ ဒီစာအုပ်လေးဟာ သူမရဲ့နှလုံးသားတိုင်ပင်ရင်ဖွင့်စရာ သီးခြားကမ္ဘာလေးတစ်ခုပဲ





မဟုတ်လား။

သူမဘဝကို ဦးစွာပြောင်းလဲစေသူ၊ သူမအတွက် နှစ်သက်ရာအပြုအမူလေးများနှင့် နှလုံးသားကို ညို့ယူနိုင်စွမ်းရှိသူဟာ 'သူ' ဆိုသော ယောကျ်ားတစ်ဦးသာလျှင် ရှိခဲ့သည်ဟု သူမ ဝန်ခံပါသည်။

သူမ၏နောက်ဆုံးတိုင် အချိန်လေးအတွင်းမှာ သူတစ်ယောက်သာ မှတ်မှတ်ထင်ထင် စွဲကျန်ရစ်ခဲ့ပေတော့မည်။ သူ့ကို ချစ်သည်ဟု ဝန်ခံသလို သူ့ကို အမြင်ကတ်လောက်အောင်လည်း မုန်းမိပါ၏။ အဘယ်ကြောင့်ဆိုသော် ခပ်တည်တည်နှင့် စနောက်တတ်သော၊ သူလေး၏ဒေါသကို ဆွပေးတတ်သော၊ သူလိုချင်တာကို စွပ်စွဲပြောဆိုတတ်သောကြောင့်ပင်တည်း။

သူမ သူ့ကိုသိပ်ချစ်သည်။

သူ့ကို အရှုံးပေးရမှာလည်း မလိုလားမိပြန်။ ဒီလိုနှင့်ပဲ သူနှင့်သူမတို့ အဝေးဆုံးတစ်နေရာဆီသို့ ရောက်မှန်းမသိ ရောက်သွားရတော့မည်။

သူမဘဝတွင် သူ့ကိုသာချစ်မိခဲ့သည်ကိုတော့ အထပ်ထပ်ဝန်ခံပါသော်လည်း ဘယ်သောအခါမှ သူ့ကိုလက်မထပ်တော့ပါ။ သူမ လက်ထပ်ယူမည့် ယောကျ်ားတစ်ယောက်ဟာ ဘယ်သောအခါမှ သူ ဖြစ်လာလိမ့်တော့မည် မဟုတ်ပါချေ။

"ရှင်လေးရယ် နင်သိပ်မှားတယ်လို့ ငါဝေဖန်ပါရစေ နင့်လုပ်ရပ်က လုံးဝ တရားမျှတမှုမရှိဘူးကွာ၊ ငါတို့ သူ့ဘက်က ပါတာမဟုတ်ဘူးနော်၊ တကယ်ဆို နင်က ငါတို့ရဲ့အချစ်ဆုံး သူငယ်ချင်းပါ၊ အခုကိစ္စမှာ နင် မတရားလွန်းလို့ပြောရတာ ကြည့်စမ်း…အခု သူ ဘယ်လောက်ခံစားနေရမလဲ၊ သူ့ရဲ့ ကြိုးစား အားထုတ်မှုတွေရဲ့ နောက်ဆုံးရလဒ်က ဘာလဲ၊ သူ နင့်ကို ဘယ် လောက်ချစ်တယ်ဆိုတာ နင်လည်းအသိဆုံးပါဟဲ့"

အစိမ်း၏စကားများက သူမနားအတွင်းသို့ သံရည်ပူပူနွေး လောင်းချလိုက်သလိုပင်။ သူမ သိနေတဲ့အကြောင်းတွေပဲ ဘာဖြစ် လို့ ထပ်ခါထပ်ခါ ရှာပြောနေကြရတာလဲ။

"တော်ပါတော့ အစိမ်းရယ်၊ တော်ပါတော့၊ ငါ နင့်ကို တောင်းပန်ပါတယ်၊ ငါသိပ်မှားပါတယ်၊ အဲဒါ ငါဝန်ခံတယ် ဒါပေမဲ့ အဲဒီအမှားက ငါ့အတွက်တော့ အကောင်းဆုံးအမှားတစ်ခု ပါ၊ သူ့အတွက် ဘာမှလုပ်မပေးနိုင်ဘူး၊ ငါ အခုအချိန်မှာ ဘာမှ





တတ်နိုင်မှာမဟုတ်ဘူး၊ ငါ့ဘဝက ဒီလိုဖြစ်ဖို့ဖန်တီးလာပြီလေ၊ ငါဘာလုပ်လို့ရတော့မှာလဲကွာ"

"အဲဒါ နင်ဖွတ်ငြင်းဆန်တာပဲ ရှင်လေး၊ နင်လုပ်ပေးနိုင် ပါသေးတယ်၊ သူလိုချင်တာ သူဖြစ်ချင်တာ နင့်ကိုရယူပိုင်ဆိုင်ရ မှ လက်ထပ်ပေါင်းသင်းရမှ မဟုတ်ပါဘူး၊ သူသိချင်တာ သူ ကြားချင်တာ နင် သူ့ကိုချစ်ခဲ့မိတယ်ဆိုတဲ့ ဝန်ခံမှုကိုပဲ၊ သူ့ကို နင်မုန်းတယ်ဆိုတာ သူ လုံးဝလက်မခံနိုင်ဘူး၊ နင်သက်သက်မဲ့ ဒိမ်ညာတာလို့ သူခံယူထားတယ်၊ သူဟာ နင့်ဘဝမှာ တစ်ခါ ဘလေတော့ ရှိနေမှာပဲဆိုတာ သူ ယုံကြည်နေတယ်၊ နင်ဘာဖြစ် လို့ ဒီလောက်တွန့်တိုနေရတာလဲ၊ သူ့ရဲ့နောက်ဆုံးထွက်ပေါက်လေး ကိုတော့ နင်ဖွင့်ပေးသင့်တယ်"

အစိမ်း၏စကားကို အဝါနှင့်အပြာတို့ကပါ ထောက်ခံနေ ၏။ သူမ ဘာလုပ်ရမည်နည်း။ ဘယ်လိုဆုံးဖြတ်ရတော့မည်နည်း။ အစိမ်းပြောတာတွေကလည်း မှန်နေသည်လေ။

"ဟုတ်သားပဲ ရှင်လေးရယ်၊ အစိမ်းပြောတာလည်း မှန်သားပဲ၊ တို့က မင်းနဲ့ဝေးနေတဲ့သူတွေဆိုတော့ အစိမ်းပြောပြ တဲ့ အကြောင်းစုံသိရတာ၊ တကယ်ဆိုရင် မင်း အစကတည်းက သူ့ကိုအရောမဝင်သင့်ဘူး၊ သူ့ရင်ထဲမှာ မျှော်လင့်ချက်တွေ ရှိနေ အောင် မင်းမလုပ်သင့်ဘူး၊ ခုတော့ သူအရမ်းခံစားနေရပြီ သိလား၊ ခုအချိန်မှတော့ ဘာမှပြင်ဆင်လို့မရတော့ဘူးဆိုတာ အားလုံး

သိပါတယ်၊ ဦးပြည့်စွမ်းထွန်းကို မင်းရွေးချယ်တာ မမှားပါဘူး ဦးပြည့်စွမ်းဟာ မိန်းမတစ်ယောက် ရွေးချယ်စိတ်ကူးယဉ်နိုင် အကောင်းဆုံးလူတစ်ယောက်ပါ။ ငြင်းစရာတစ်စက်မှမရှိအောင် ပြည့်စုံတဲ့လူတစ်ယောက်၊ မင်းစဉ်းစားရမှာက သူ့ကို အရာရာပြည့်စုံ လို့ရွေးချယ်တာထက် သူ့ကိုချစ်မြတ်နိုးလို့ ယူတာဆိုရင် ပိုပြီး မကောင်းဘူးလား၊ သူကိုယ်တိုင်လည်း ဒီလိုပဲဖြစ်စေချင်လိမ့်မယ်လို့ ငါတို့တော့ထင်တာပဲ"

အပြောပြောတာလည်း မှန်သင့်သလောက်တော့ မှန် သည်။ သူမ စဉ်းစားမိသလောက်က ကိုပြည့်ဟာ ဦးနှောက် ရှိတဲ့ တွေးခေါ်ယူဆချက် ထက်မြက်တဲ့ ယောကျ်ားတစ်ယောက် ပါ။ နောက်ပြီး သူ့စိတ်ထဲတွင်လည်း သူမကို အတော်အတန်လေး သုံးသပ်ထားပြီးသား ဖြစ်လိမ့်မည်။

သို့သော်…

သူမကို မိုက်မိုက်ရူးရူး လက်ထပ်ချင်ပါတယ်လို့ စတင်ကမ်းလှမ်းခဲ့ခြင်းအတွက် သူမက စိတ်သန့်ရသည်။ တကယ် ဆို ကိုယ်ယူမယ့်မိန်းမတစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင် မလေ့လာမသုံးသပ်ဘဲ မျက်စိစုံမှိတ် ယူရလောက်အောင် ကိုပြည့် ဟာ ခပ်တုံးတုံး ယောကျ်ားတစ်ယောက်မှမဟုတ်တာ။ ပြီးတော့ သူမကို သိပ်ချစ်ပြီး သူမဆန္ဒကိုသာ ရှေ့တန်းတင်တတ်အောင် သူမ သဘောအတွက် သူမ ကျေနပ်မိသည်ဆိုလျှင်ကော သူ





ကိုပြည့်ကို လက်ထပ်နိုင်ရေးအတွက် မလုံလောက်နေဘူးလား။

ငြင်းစရာ တစ်စက်ကလေးမှမရှိတဲ့ သူနှင့်လက်ထပ်လိုက် တဲ့အတွက်ရော သူမ ဘာမှနောင်တရစရာမရှိနိုင်။ တစ်ဖက်က ကြည့်ပြန်လျှင်တော့ သူမဟာ သိပ်အတ္တကြီးတဲ့ မိန်းမတစ်ယောက် ပါနော်။ 'မင်းညို့ငင်'ကိုတော့ သူမ ချစ်ပါ၏။ အဲသလို ချစ်မိတဲ့ အတွက် သူမအမြဲလိုလို သူ့ကိုအရှုံးပေးရမှာကိုတော့ သူမ လက်မခံ နိုင်လောက်အောင်ဖြစ်ရသည်။

"မင်းသာ သူ့ကိုမချစ်ဘဲ လက်ထပ်ရင် နောင်တစ်ချိန် က ဖြစ်ပေါ်လာမယ့် ပြဿနာတွေအတွက် မင်း ဘယ်လိုရင်ဆိုင် မလဲ၊ သူကရော ဘယ်လောက်အထိခွင့်လွှတ်ပြီး နားလည်မှုပေး နိုင်မလဲ၊ သူ့ကိုချစ်လို့ လက်ထပ်တာမဟုတ်ဘဲ လက်ထပ်သင့်တဲ့ ယောကျ်ားတစ်ယောက်မို့လို့ ရွေးချယ်တာပါဆိုရင် ကိုပြည့်စွမ်း ဘယ်လောက်ခံပြင်းလိုက်မလဲ၊ အဲဒါတွေရော မင်းထည့်စဉ်းစား ထားပြီးပြီလား"

သူမအတွေးတို့ ယောက်ယက်ခတ်သွားရပြီ။

သူမ၏ အတွေးစိတ်ကူးထဲတွင် မင်းညို့ငင် ပုံရိပ်လေးက ပေါ်လာ၏။ ခက်လိုက်တာနော်။ ရှင်လေး စိတ်ကူးတွေ ရှုပ်ယှက် ခတ်သွားအောင် ရှင်ဘာဖြစ်လို့လုပ်ချင်ရတာလဲ မင်းညို့ငင်ရယ်။

သူမဟာ ဘယ်လောက်တောင် သူ့အပေါ် ရူးသွပ်မိသလဲ ဆိုရင် သူမအခန်းလေးထဲသို့ တိတ်တဆိတ်လေးခိုးဝင်ပြီး အိပ်

ပျော်နေပြီထင်ပြီး သူမမျက်နှာလေးကို မကြာခဏ လာခိုးကြည့်တတ်တဲ့ သူ့လုပ်ရပ်လေးတွေကို စိတ်မဆိုးမိတဲ့အပြင် တိတ်တိတ်လေး ကျေနပ်နေခဲ့သည်။

လေးစားစရာ ဖြူစင်အပြစ်ကင်းသော သူ့လုပ်ရပ်ကို သူမက ရိပ်မိတာများသာ သူသိရင် သူရှက်ရွံ့သွားမှာစိုးရိမ်ပြီး အိပ်ချင်ဟန်ဆောင်နေတတ်ပြီး သူ ဘာများလုပ်မလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေခဲ့ဖူးပါ၏။

ဒါတွေကို သူမကလွဲပြီး ဘယ်သူက ခံစားပေးတတ်မှာလဲ။ ဘယ်သူက နားလည်တတ်မှာလဲကွယ်။

"ရှင်လေး"

"ပြောလေ"

"အခုတလော သူ့ပုံစံကြည့်ရတာ တစ်မျိုးကြီးပဲနော်၊ သူ တော်တော်ခံစားနေရတယ်နဲ့တူတယ်ဟာ၊ အရင်ကလို ရွှင်ရွှင်မြူးမြူး တက်ကြွမနေတော့ဘူး"

"ဟုတ်တယ်ဟာ၊ ပြင်ပြင်ဆင်ဆင်မရှိတဲ့ သူ့ပုံစံက တကယ့် ကလေးကချေပုံ ပေါက်နေပြီ၊ သူ မင်းကို မပြောရဲတာလည်း ဖြစ်ချင်ဖြစ်မယ်၊ သူ ခံစားနေရတာ မင်းကိုမသိစေချင်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ သူကတော့ တကယ့်ကိုလေးနေပြီ"

"ရှင်လေးရယ် နင်ကလည်း အသည်းသိပ်မာတာပဲ ငါတို့တော့ ကြားကနေ ဘယ်သူ့ကို အပြစ်တင်ရမှန်းတောင် မသိ





တော့ဘူး"

"တစ်ခုတော့ ငါသိနေတယ်လို့ ခံစားလို့ရတယ်ဟ"

"ဘာကိုလဲ အစိမ်း"

အစိမ်း၏စကားကို အားလုံးစိတ်ဝင်စားသွားရသည်။ သူမတို့အထဲတွင် အစိမ်းက ယောကျ်ားလေး အတော်များများနှင့် ရင်းနှီးဖူးပြီး အကျွမ်းတဝင်ဆက်ဆံဖူးသူလေ။ သူမက ဝေဖန်သုံးသပ်လိုက်ပြီဆိုလျှင် မဖြစ်တာက ရှားပါးလွန်းသည်။

"ပြောလေ…အစိမ်း၊ နင် ဘာကိုကြိုတင်မြင်နေသလဲ"

"ငါ့ခန့်မှန်းချေမလွဲဘူးဆိုရင်တော့ နင်သတိထားရလိမ့်မယ် ရှင်လေး"

"ဘုရားရေ…ဘာကိုလဲ အစိမ်း၊ ဘာကိုရည်ရွယ်တာလဲ၊ ပြောစမ်းပါကွာ၊ ငါရင်တွေတုန်လွန်းလို့ပါ၊ ဘာတွေဖြစ်လာနိုင်သလဲဟင်"

"ရှင်လေးရယ် နင်ကလည်း အခုမှ သိပ်စိတ်ပူနေတယ်၊ ဖြစ်လာချင်မှလည်း ဖြစ်လာမှာပါဟာ၊ ငါက နင်ကြိုတင်ပြင်ဆင် သတိထားနိုင်အောင် တွေးပေးတာပါ"

"အေးပါ…ဟုတ်ပါတယ်၊ ပြောမှာသာပြောစမ်းပါဟာ"

"ဒီလိုလေဟာ လူတွေဆိုတာ အတ္တသိပ်ကြီးကြတဲ့သူတွေချည်းပဲ၊ အချစ်ကြီးရင် အမျက်ကြီးတတ်ကြတာ လူ့သဘာဝပဲ၊ အခုကိစ္စမှာ ကိုပြည့်စွမ်းရော ညို့ငင်ရော နှစ်ယောက်စလုံးက

ရှင်လေးကို သိပ်ချစ်ကြတယ်၊ ဒါဟာ ရှင်လေး အသိဆုံးပဲဖြစ်မှာပါ၊ သူတို့ပေးဆပ်ခဲ့တာ ကြိုးစားခဲ့တာမှန်သမျှ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရှင်လေးကို ရယူပိုင်ဆိုင်ကြဖို့ပဲ။ အဲဒီတော့ သူတို့ရဲ့စိတ်ကူးတွေ အိပ်မက်တွေ နှလုံးသားတွေကို တစ်ပြိုင်တည်း ဖြိုလှဲဖျက်ဆီးခြင်းခံရတယ်ဆိုရင် သူတို့ ဘယ်လောက်ခံစားရလိမ့်မလဲ။ နောက်ပြီး အရမ်းကို ဒေါကန်ကြမှာလေ"

"အေး…ဟုတ်တယ်ဟ၊ အစိမ်းတွေးတာ မှန်တယ်"

"ဥပမာ မင်းညို့ငင်ကိုပဲကြည့်ဦး၊ အရူးကြီးတစ်ပိုင်းဖြစ်မှန်းမသိဖြစ်နေပြီ၊ ရှင်လေးကိုလည်း ပြတ်ပြတ်သားသား ဖွင့်ရင်မဆိုင်ပြန်ဘူး၊ တစ်ယောက်တည်းပဲ ကြိတ်ပြီးခံစားနေတယ်၊ ရှင်လေးကို သူသာလျှင် ပထမဆုံး ရယူပိုင်ဆိုင်ခွင့် ရထားပါလျက်နဲ့ နောက်ကျန်နေရစ်ခဲ့တဲ့အတွက် နောင်တရပြီး သူကိုယ်သူ အားမလိုအားမရ ဖြစ်နေလိမ့်မယ်။ ရှင်လေးကလည်း သူ့ကိုချစ်နေတာ သိသိကြီးနဲ့ လက်လွှတ်ဆုံးရှုံးရဖို့ တကယ်တမ်းကျတော့ သူ ရင်မဆိုင်နိုင်ပြန်ဘူး၊ သူ့မှာ ထွက်ပေါက်တွေလည်း မရှိဘူး။ သူ့ရဲ့မွန်းကြပ်မှုကို ဖွင့်ထုတ်ပြန်တော့လည်း ရှင်လေးက လက်ခံစကားပြောခွင့်မပေးဘဲ သူ့ကို မောင်းထုတ်ရှောင်ပုန်းခဲ့ပြန်တယ်"

"ဟုတ်တယ် အစိမ်းရယ်၊ ငါ ဘယ်လိုလုပ်ရမလဲဟင်၊ အစိမ်းပြောတာတွေက အမှန်တွေချည်းပဲဆိုတော့ သူ ဘာဖြစ်နိုင်သလဲဟင်"





ရှင်လေး အခုလို အစိမ်းက သေသေချာချာစဉ်းစားပြီး ပြောပြမှပဲ သူ့ကို နားလည်ပေးလို့ရသွားသည်။ ရင်ထဲတွင် သူ့ကိုကိုယ်ချင်းစာနာစိတ်တို့ အပြင်းအထန်တိုးဝင်လာရသလို သိပ်ခံစားနေရသည့် သူ့မျက်နှာလေးကိုလည်း ပြန်လည်မြင်ယောင်ကာ ရင်နင့်သွားရသည်။

"ရှင်လေး"

"ဟင်"

"ငါမှန်းတာမလွဲဘူးဆိုရင် သူ မင်းဆီက လျော်ကြေးတစ်ခုခုတော့ တောင်းလိမ့်မယ်"

"ဘာ…ဘာရယ် အစိမ်း"

"ဟုတ်တယ် ရှင်လေး၊ သူ့ရဲ့ဆုံးရှုံးမှုတွေအတွက် သူ့အချစ်ကိုစော်ကားမှုတွေအတွက် သူ မင်းဆီက လျော်ကြေးပြန်တောင်းနိုင်တယ်၊ အဲဒီအချိန်မှာ မင်းကလည်း ကျေကျေနပ်နပ်ပြန်ပေးရလိမ့်မယ်"

"ဘယ်…ဘယ်လိုလျော်ကြေးမျိုးလဲ"

"အဲဒါတော့ ငါလည်း မတွေးတတ်ဘူးဟ"

ဘုရားရေ…

လျော်ကြေးတဲ့။

သူ့ဆုံးရှုံးမှုတွေအတွက် ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ထံမှ တစ်ခုခုပြန်ပေးလျော်ရမည်တဲ့။ ဘာတွေလဲ…

သူမစိတ်ထဲမှာ တစ်ခါမျှ အဲဒီလောက် နက်နက်နဲနဲ မစဉ်းစားမိခဲ့ဘူးချေ။ သူက ဘာတွေတောင်းဆိုပြီး သူမဘက်ကရော ဘာတွေကို ပေးဆပ်ရမှာလဲ။

"ရှင်လေး"

"အစ်မ်းရယ်…ငါ တကယ်မရင့်ကျက်နိုင်သေးတာတော့ ဝန်ခံပါတယ်၊ ငါ ဘာလုပ်သင့်သလဲဟင်၊ အကြံဉာဏ်ပေးစမ်းပါဦးကွာ"

"ရှင်လေး မင်းသိရမှာက အခုအချိန်မှာ သူတို့ကို ပြတ်ပြတ်သားသား ရင်ဆိုင်ရဲဖို့ပဲ၊ သူတို့နှစ်ယောက်ရဲ့ နစ်နာမှုတွေအတွက် သူတို့တောင်းတဲ့လျော်ကြေးကို မင်း ထိုက်ထိုက်တန်တန် ပေးလိုက်ပါ၊ သူတို့ပေးလာမယ့် ပြစ်ဒဏ်ကို ကျေကျေနပ်နပ် မင်းခံယူလိုက်ပါ၊ ဒါမှ နောင်တစ်ချိန်မှာ သူရောမင်းပါ စိတ်ရှင်းရှင်းနဲ့ ဆက်လက်ရပ်တည်လို့ရသွားမှာ"

"နေပါဦး အစ်မ်းရယ်၊ သူတို့က ရှင်လေးကို နောက်ဆုံးဘယ်လိုအပြစ်ပေးနိုင်သလဲ"

"အဲဒါတော့ ပြောရခက်တယ်၊ ယောကျ်ားတွေက တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး၊ ရိုင်းစိုင်းတယ်လို့ ထင်တဲ့လူက တစ်ခါတလေ ယဉ်ကျေးပြီး ယဉ်ကျေးတယ်လို့ထင်ရတဲ့လူက မထင်မှတ်ဘဲ ရိုင်းစိုင်းတတ်တယ်။ မင်းညှို့ငင်က စိတ်ထက်တယ်ဆိုတော့ မင်းကို သူ အပြင်းအထန် ပက်ပက်စက်စက် ပြောချင်





ပြောလိမ့်မယ်။ ခွင့်လွှတ်ချင်လည်း ခွင့်လွှတ်လိမ့်မယ်"

"ဒါဆို ကိုပြည့်ကရော…"

"သူကတော့ လူကြီးလူကောင်းတစ်ယောက် ပီသစွာနဲ့ မင်းကို သူစွန့်လွှတ်သွားနိုင်တယ် ရှင်လေး"

အစ်မ်း၏စကားအဆုံးတွင် သူမတို့အားလုံး သက်ပြင်းရှည်ကြီးကို အလိုလို တစ်ပြိုင်နက်တည်း ချမိကြချေတော့သည်။

## အခန်း (၂၁)

"ယောကျ်ားတွေရဲ့ အချစ်တွေကိုပဲ အမြဲရရှိပိုင်ဆိုင်ခဲ့ရတဲ့ မိန်းမတစ်ယောက်ဟာ သိပ်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက် ယောက်ရဲ့ မုန်းတီးစက်ဆုပ်စွာ တောင်းလာမယ့် ပေးလျော်မှု တစ်ခုခု ကို ရင်ဆိုင်ရမှာ အင်မတန်ဝန်လေးမိတယ်။

ဒါပေမဲ့ ခံယူသင့်တယ်လို့ပဲ ကျွန်မ ခံယူထားပါတယ်။ ရှင်လေးက သိပ်ပျော့ညံ့တဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ပါ ဘူး။ ကိုယ်လုပ်ခဲ့မိတဲ့ အပြစ်အတွက်လည်း ဝန်ခံဖို့ ဘယ်တော့ မှ မနှေးခဲ့ဘူး ကိုပြည့်"

"ရှင်လေး ဘာပြောလိုက်တာလဲ၊ ဝန်ခံဖို့ ဘယ်တော့မှ မနှေးခဲ့ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ၊ ပြောစမ်း‥မင်း ဘာတွေ





ဖြစ်နေတာလဲကွာ၊ နောက် မင်းသိထားရမှာက မနက်ဖြန်ဆို ကိုယ်တို့ရဲ့စေ့စပ်ပွဲမင်္ဂလာအခမ်းအနားလုပ်ဖို့ အားလုံးအစီအစဉ် ဆွဲပြီးသားနော်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေကို မင်း တစ်စစီရိုက်ချိုးဖို့ မစဉ်းစားနဲ့နော်၊ ကိုယ်သည်းခံနိုင်မှာမဟုတ်ဘူး"

"ရှင် ဘာလို့ အဲဒီလောက်တောင် ဖြစ်သွားရတာလဲ၊ အံ့သြပါရဲ့၊ ကျွန်မမှာ ဝန်ခံစရာရှိတယ်ဆိုတာလေးနဲ့တင် ရှင် ဒီလောက်ထိ ဖြစ်မသွားသင့်ဘူး ကိုပြည့်၊ အဲဒီပွဲကို ဖျက်သိမ်း မယ်လို့ ပြောတာမှမဟုတ်တာ"

သူမစကားကြောင့် သူ့ အနည်းငယ် စိတ်လှုပ်ရှားမှုလေး ငြိမ်သက်သွား၏။

"စိတ်မပူပါနဲ့ဆိုပေမယ့် ကိုယ် စိတ်တွေ အရမ်းပူနေ တယ်၊ ကိုယ်သိနေတယ်၊ မင်းစိတ်တွေ အခုတလော သိပ်ဂနာ မငြိမ်ဘူး ရှင်လေး၊ အဲဒါကို မညာပါနဲ့"

"ဟုတ်တယ် ကိုပြည့်၊ ကျွန်မ ဝန်ခံပါတယ်၊ နောင် တစ်ချိန်မှာ ကျွန်မတို့နှစ်ယောက် ဆက်လျှောက်ရမယ့် ဘဝခရီး လမ်းတစ်ခုမှာ ထစ်ငေါ့မနေစေဖို့ ဟန်ဆောင်ခြင်းကင်းကင်းနဲ့ နေနိုင်ဖို့ ကျွန်မ အဲဒါတွေကို ရည်ညွှန်းပြီး ဒီစကားတွေကို အချိန်မလွန် သေးခင် ပြောကြတာပေါ့"

"ကောင်းပြီ၊ မင်းဝန်ခံမယ်ဆိုတာ ဘာတွေလဲ၊ ပြောပါ"

သူဟာ မင်းညို့ငင်လို စိတ်ရှည်သည်းခံနိုင်သော

ယောက်ျားတစ်ယောက်မဟုတ်သလို သူမထက် သူ့ရဲ့ဂုဏ်သိက္ခာကို ရှေ့တန်းတင်ဖို့ အမြဲကြိုးစားမည့် လူတစ်ယောက်သာဖြစ်ကြောင်း မထင်မှတ်စွာ သူမ သတိထားမိလိုက်သည်။

ထို့ပြင် ကိုပြည့်ဟာ အိမ်ထောင်တစ်ခုကို နူးညံ့ညင်သာစွာ ဖြတ်ကျော်ဖို့ထက် ငွေကြေးနှင့် သူ့လုပ်ငန်းများကိုသာ အမြဲဦးနှောက်ထဲ ထည့်သွင်းတတ်သူလည်း ဖြစ်သည်။ သူမ လိုချင်ခဲ့တဲ့ ယောက်ျားတစ်ယောက်ဆီက သာယာချမ်းမြေ့မှုယ် အိမ်ထောင်တစ်ခုကို ဘယ်တော့မှ ရရှိနိုင်တော့မည်မဟုတ်မှန်း စတင်သိလိုက်ပေမယ့် ပေကပ်ကပ်နိုင်စွာ သူ့ကိုလက်တွဲဖို့ သူမကိုယ်တိုင်ပဲ ဆုံးဖြတ်ခဲ့တာပဲမဟုတ်လား။

"ကျွန်မ အရင်မေးမယ်နော်၊ မလိမ်မညာစတမ်း ဖြေပါ၊ ကိုပြည့် ဘာကြောင့် ကျွန်မကို လက်ထပ်ဖို့ ရွေးချယ်ခဲ့တာလဲ"

သူမ၏မေးခွန်းလေးကို သဘောကျကျေနပ်စွာ တစ်ချက်မျှ ပြုံးလိုက်ပြီး လိမ္မာပါးနပ်စွာဖြင့် သူမကို မေးခွန်းထုတ်လေ၏။

"မင်းလေးကရော ကိုယ်လက်ထပ်ခွင့်တောင်းတာကို ဘာလို့မငြင်းဘဲ လက်ခံရတာလဲ"

"ကျွန်မမေးတာပဲ အရင်ဖြေပါ"

"ကောင်းပြီလေ၊ မင်းကမေးမှတော့ ကိုယ်ဖြေရမှာပေါ့၊ ကိုယ်စိတ်ထဲရှိတဲ့အတိုင်း ဖြေမယ်နော်၊ မင်း စိတ်ဆိုးမလား"

"မဆိုးပါဘူး ရပါတယ်၊ ကျွန်မက ပွင့်ပွင့်လင်းလင်း





ဆွေးနွေးရတာ ပိုသဘောကျပါတယ်"

"ဟုတ်ပြီ..သေချာနားထောင်နော်၊ ကိုယ် မင်းလေးနဲ့ စတွေ့တွေ့ချင်းပဲ ကိုယ့်ကို သိပ်အထင်တကြီးရှိတဲ့ ထူးခြားတဲ့ မင်းလေးရဲ့မျက်ဝန်းလေးတွေ၊ မင်းနဲ့ခင်မင်ရင်းနှီးတော့လည်း မင်းရဲ့ ကလေးဆန်ဆန် အနေအထိုင်အပြောအဆိုလေးတွေ၊ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ကြားလိုက်ရတဲ့ မင်းရဲ့အထင်ကြီးစရာအကြောင်းလေးတွေရယ် မင်းနဲ့ကိုယ် တစ်နေ့မတွေ့ရရင် မနေနိုင်မှုတွေရယ် အတွက် မင်းကို စတင်လက်ထပ်မှဖြစ်တော့မယ်ဆိုတာ ကိုယ်ဆုံးဖြတ်လိုက်မိတယ်...အဲဒါပဲ"

"ကျွန်မရဲ့အကြောင်း ဟုတ်လား၊ ဘာအကြောင်းတွေများလဲ ပြောပြနိုင်မလား၊ အပြင်ပန်းက ကျွန်မကို ဘယ်လိုသုံးသပ်ကြတယ်ဆိုတာ သိချင်လို့"

"မင်းက ပညာရော၊ ရုပ်ရည်ရော၊ ပစ္စည်းဥစ္စာပါ ပြောစရာမရှိအောင် ပြည့်စုံတဲ့အတွက် ဘယ်သူမှကပ်လို့မရအောင် မာန်မာနကြီးတယ်၊ အရည်အချင်းမရှိ ပျင်းရိတဲ့လူတွေကို မင်းအထင်သေးတတ်တယ်၊ ပြီးတော့ ယောက်ျားလေးတွေနဲ့ ပတ်သက်မှု ကင်းရှင်းတယ်၊ မိန်းမတစ်ယောက်ပေမယ့် လုပ်ငန်းတွေကို ဦးစီးတည်ထောင်နိုင်စွမ်းရှိတဲ့ ထက်မြက်တဲ့မိန်းကလေးတစ်ယောက်၊ အဲဒါတွေအပြင် ကိုယ့်ရဲ့အမိကအားနည်းချက်ဖြစ်တဲ့ မင်းကို သူမတူအောင်မြတ်နိုးမှု၊ မင်းနဲ့ဝေးရမှာကို ကိုယ်ရင်မဆိုင်ချင်ဘူး၊

ကိုယ် မင်းလေးကို ပိုင်ဆိုင်ချင်တဲ့စိတ်က တားဆီးမရအောင် အနိုင်ယူသွားလို့ပဲ ကောင်မလေး၊ ကိုယ့်ရဲ့အသက်အရွယ်နဲ့ ကိုယ့် ဂုဏ်သိက္ခာတွေကို မထောက်ထားနိုင်လောက်အောင် မင်းအပေါ် ရူးသွပ်မိလို့ နောက်ဆုံးမှာ ကိုယ် မရှက်မကြောက်နိုင်တော့ဘဲ မင်းလေးကို ဖွင့်ရင်ဆိုင်လိုက်တာပဲ"

"ကိုပြည့်ရယ်"

ကြည့်စမ်း…ဘယ်လောက်တောင် နင့်သည်းတဲ့စကား တွေလဲလို့။

ရှင်လေးရဲ့ရွေးချယ်မှုဟာ အင်မတန်မှ မှန်ကန်ခဲ့ပါတယ် ကွယ်။ ဒါပေမဲ့ ရှင်လေးဟာ မင်းညို့ငင် ဆိုတဲ့ ယောကျ်ား တစ်ယောက်ကိုသာ သူမရဲ့ရင်ထဲမှာ တိတ်တိတ်လေး သိမ်းမထား မိဘူးဆိုရင် ကိုပြည့်ဟာ သူမရဲ့ရင်ခွင်မှာ ထာဝရရှိနေသင့်တဲ့ ယောကျ်ားတစ်ယောက်ပါ။

ရှင်လေး…ရှင်တို့ရဲ့ချစ်ခြင်းမေတ္တာတွေအတွက် ဖွင့်ရင်ဆိုင် ပစ်တာ လုံးဝမမှားယွင်းတော့ဘူးဆိုတာ အသေအချာပါပဲ။ ရှင်တို့ ရဲ့အချစ်တွေကို အထင်သေးစော်ကားတဲ့ မိန်းမတစ်ယောက်ဟာ ရှင်တို့ဆီက ထိုက်သင့်တဲ့အပြစ်ပေးမှုကို ခံယူသင့်ပါတယ်ကွယ်။

ရှင်တို့နှစ်ယောက်ဆီက ဆုံးဖြတ်မှုကို ကျွန်မ ကျေကျေ နပ်နပ် ခံယူမှာပါ။

"ပြောလေ…ရှင်အိပ်မက်၊ ကိုယ့်ကိုဝန်ခံစရာ ရှိတယ်





ဆိုတာ ဘာများလဲ"

"ကျွန်မ အခုလို ပြောပြရတာကလည်း နောင်မှာ စိတ် ရှင်းရှင်းနဲ့ ကိုပြည့်နေနိုင်အောင် ကိုပြည့်ရဲ့ဆုံးဖြတ်ချက်တွေကို ပြင်ဆင်ချင်တယ်ဆိုရင် နောက်မကျအောင်ပါပဲ။ ကိုပြည့်ထင်သလို ကျွန်မက သိပ်အပြစ်ကင်းစင်တဲ့ မိန်းမတစ်ယောက်မဟုတ်ခဲ့ဘူး။ အမှန်အတိုင်းပြောရရင် ကျွန်မ ယောကျ်ားတစ်ယောက်ကို လှည့် စားခဲ့ဖူးတယ်၊ အဲဒီယောကျ်ားရဲ့ ရှင်သန်မှု၊ မျှော်လင့်ခြင်းတွေကို ရက်ရက်စက်စက် ရိုက်ချိုးခဲ့ဖူးတယ်။ အဲဒီယောကျ်ားရဲ့အချစ်တွေ ကို ကျွန်မ စော်ကားခဲ့ဖူးတယ် ကိုပြည့်"

"ဘာ…ဘာရယ်"

ကိုပြည့်၏ မျက်ဝန်းလေးက သူမကို မယုံကြည်နိုင်မှု အံ့သြမင်သက်မှုများဖြင့် စိုက်ကြည့်လို့နေသည်။

"ဟုတ်ပါတယ် ကိုပြည့်၊ သူ့ကို အစတုန်းက ကျွန်မ ချဉ်မုန်းတယ်၊ ဒါပေမဲ့ သိပ်ချစ်တတ်တဲ့ သူ့ရဲ့နွေးထွေးတဲ့ အယု အဆတွေ ကြင်နာမှုတွေကြောင့် ကျွန်မစိတ်တွေ အမှန်တကယ်ပဲ ပြောင်းယိုင်ခဲ့ပါတယ်။ သူ့ကိုချစ်ဟန်ဆောင်ပြီး ကျွန်မ လက်စား ချေဖို့ စိတ်ကူးတွေနဲ့ ကျွန်မ သူ့ကို သိမ်းသွင်းခဲ့တယ်။ ဒါပေမဲ့ မရည်မှတ်ဘဲ ကျွန်မ တိတ်တိတ်လေး သူ့ကိုမြတ်နိုးနေခဲ့မိတယ်။ ကျွန်မ သူ့ကိုသိပ်ချစ်ပေမယ့် ဝန်ခံရမှာ သေမလောက်ကြောက် ခဲ့တယ်။ အခု ကိုပြည့်ကို ကျွန်မ ရွေးချယ်လိုက်ပြီဆိုတော့ အားလုံး

ပြီးဆုံးသွားပြီပေါ့"

သူမလေးရဲ့ 'အားလုံးပြီးဆုံးသွားပြီပေါ့' ဟု ဆိုလိုက်သော စကားသံလေးအဆုံးတွင် အဖျားခတ်တုန်ယင်အက်ကွဲ၍နေသည်။ သူသိလိုက်တာဟာ သူမရဲ့ဟန်ဆောင်မှုကနေ အဆင့်တက်ကာ သူ့အပေါ်မြတ်နိုးသွားမှုအပေါ် အခုလက်ရှိအချိန်အထိ ကျန်ရှိနေဆဲပဲလို့လေ။ သူမရဲ့အမူအရာက သိသိသာသာကို မျှော်နေတာမဟုတ်လား။ စိတ်ထဲမှာတော့ မနာလိုဝန်တိုစိတ်လေးတွေ မသိမသာတိုးဝင်လာရ၏။

"ရှင်လေး သူ့ကိုသိပ်ချစ်တယ်လို့ ဝန်မခံရဲဘူးဆိုထားပါတော့၊ သူ့ကို တကယ်ရော မေ့ပစ်နိုင်လို့လား၊ အားလုံးပြီးဆုံးသွားပြီဆိုပေမယ့် မင်းလေးရဲ့ရင်ထဲမှာတော့ ကျန်ရစ်နေဦးမယ်ထင်တယ်"

"ဘာကိုပြောချင်တာလဲ ကိုပြည့်၊ ရှင့်ရဲ့အထင်သေးစော်ကားတဲ့ စွပ်စွဲချက်ကိုပြင်လိုက်စမ်းပါ၊ ကျွန်မကို အယုံအကြည်မဲ့တာလား ကိုပြည့်"

"မယုံတာထက် ကိုယ်စိတ်မချတာ၊ သဝန်တိုတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ ကဲ…ဒါဆိုကိုယ့်ကိုကျတော့ ဘယ်လို ဆုံးဖြတ်ချက်နဲ့ လက်ခံခဲ့တာလဲ၊ ဘာလို့ လက်ထပ်ဖို့ဆုံးဖြတ်ခဲ့ရတာလဲ"

"ကိုပြည့် ရှင်ဟာ မိန်းမတစ်ယောက် မငြင်းပယ်အပ်တဲ့ ယောကျ်ားတစ်ယောက်ဆိုတာ အားလုံးသိပြီးသားပါ၊ ကျွန်မ





မညာဘူး၊ ရှင့်ကို လက်ထပ်သင့်တဲ့ ယောကျ်ားတစ်ယောက်မို့ ကျွန်မ ရွေးချယ်ခဲ့တာ၊ အခုအချိန်ထိ ကျွန်မမှာ ဘာပြစ်ချက်မှ မရှိသေးဘူးလေ"

"ဟင်"

သူမ၏အဖြေကြောင့် သူ့အရမ်းကို အံ့ဩသွားမိသည်။

သူမရဲ့အဖြေက အလွန်ရှင်းလင်းပြတ်သားလွန်း၏။ ဤသို့ သူမ ပြောလိုက်ရသည့်အတွက် တစ်ဖက်သား ဘယ်လိုခံစားသွားရမယ်ဆိုတာ လုံးဝထည့်တွက်ထားပုံမရ၊ စဉ်းစားပုံမရချေ။

သူ့ကိုချစ်လို့ လက်ထပ်တာမဟုတ်ဘဲ လက်ထပ်ယူသင့်တဲ့ ယောကျ်ားတစ်ယောက်မို့ လက်ခံတာဟု ပြောင်ဝန်ခံရဲသော မိန်းမတစ်ယောက်ကို သူ တကယ် မအံ့ဩဘဲ မနေနိုင်ပါ။

"ကျွန်မ အရင်က သိပ်ဟန်ဆောင်နေခဲ့တာ၊ အဲဒီ အပြစ်ဒဏ်ဟာ ရင်တစ်ခုလုံးကို အရမ်းမွန်းကြပ်ပိတ်ဆို့နေစေခဲ့မှန်း မကြာခင်မှာ ကျွန်မသိခဲ့ရတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ကျွန်မဘဝကို ဟန်ဆောင်မှုတွေနဲ့ ဆက်မလျှောက်ချင်ဘူး၊ ဟန်ဆောင်ခြင်းကင်းတဲ့ လွတ်လပ်ပျော်ရွှင်မှုဘဝတစ်ခုကိုပဲ ကျွန်မ စိတ်ရှင်းရှင်းနဲ့ ဖန်တီးချင်တယ်။ ကျွန်မဆိုလိုတာက ကိုပြည့် စိတ်ထဲမှာရှင်းလင်းအောင်နေပါ၊ အခုအချိန်မှာ ကိုပြည့်လို အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘာမဟုတ်တဲ့ ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ထက် သာလွန်ပြည့်စုံတဲ့ မိန်းမတစ်ယောက်

ကို ရယူနိုင်တယ်ဆိုတာ ကျွန်မသိပါတယ်၊ ပြန်လည်ရွေးချယ်ဖို့ အချိန်မနှောင်းသေးပါဘူး။ ပြင်ဆင်ချင်ရင် ပြင်ဆင်နိုင်အောင် အပွင့်လင်းဆုံး လမ်းဖွင့်ပေးလိုက်တာပါ”

သူမလေးပြောသော အဓိပ္ပာယ်ကို သူ သဘောပေါက်သည်။ သူမတွင် ဘာဟန်ဆောင်မှုမှမရှိတော့၊ ပကတိ တည်ငြိမ်အေးဆေးလို့နေသည်။ သူမ၏မျက်နှာလေးက အပြစ်ကင်းစင်ပြီး လူကြီးလေးတစ်ယောက်ကဲ့သို့ စကားကို တစ်ခွန်းချင်းပြောနေသော သူမကို သူ ဘယ်လိုကစပြီး စိတ်ဆိုးရမှန်းမသိတော့ချေ။

သေချာတာကတော့ သူမကို မခွဲနိုင်ပါ။ သူမကို ရယူပိုင်ဆိုင်ဖို့အတွက် သူ ရင်းနှီးမှုတွေက အများကြီးပါ။ သူ့အသက်အရွယ်၊ သူ့ဂုဏ်သိက္ခာတွေကိုချပြီး သူမကို အောက်ကျနောက်ကျနိုင်စွာ သူတောင်းခံခဲ့တာပါ။ သူမကိုစေ့စပ်ဖို့ အကောင်းဆုံးဟိုတယ်ကြီးတွင် ကြိုတင်စီစဉ်ပြီးသား။လက်ထပ်ဖို့လည်း အားလုံးပြင်ဆင်ပြီးသားဖြစ်နေပြီ။ အခုအချိန်မှ နောက်ဆုတ်လျှင် လူတွေအားလုံးက ဘာပြောကြမလဲ။

သူ ဘာဆက်လုပ်သင့်သလဲ။ သူမလေးက သူ မဟုတ်တဲ့ယောကျ်ားတစ်ယောက်ကိုမှ ချစ်မြတ်နိုးပါသည်ဟု ဝန်ခံရှာပြီးသား။ သူ့ကို သူမက လုံးဝချစ်မြတ်နိုးမှုမရှိစွာ လက်ထပ်ရမည့်အတွက် ဘယ်လိုနှလုံးသားမျိုးနဲ့ လက်ခံရမလဲ။ ပြီးဆုံးသွားပြီဆိုပေမယ့် သူမရင်ထဲက အသည်းနှလုံးတွေထဲမှာတော့





ဘယ်သောအခါမှ သူဟာ နေရာရမှာမဟုတ်တော့ဘူးပေါ့။ သူကရော သူမပေါ် ဘယ်လိုစိတ်ချယုံကြည်စွာ တစ်သက်လုံးနေနိုင်မလဲ။

“သိပ်စဉ်းစားနေပြီလား ကိုပြည့်၊ ကျွန်မကို ယုံကြည် ... အရမ်းကို တွေးတောနေပြီလား။ ဒါဆိုလည်း လွယ်ပါတယ်၊ နောက်ဖြန် စေ့စပ်ပွဲကို ဖျက်သိမ်းလိုက်ကြတာပေါ့၊ ကျွန်မကို အောင့်အည်းပြီး ဟန်ဆောင်လက်ထပ်မိလို့ နောင်တစ်ချိန်မှာ ခံစားနေရတာမျိုး နောင်တရနေတာမျိုး မဖြစ်စေချင်ဘူး။ အခုကိစ္စဟာ ကိုပြည့်အတွက်ရော ကျွန်မအတွက်ပါ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခုပဲ”

“ကိုယ် နားမလည်လို့မေးပါရစေ၊ မင်း ကိုယ့်ကို ဘယ်လိုယောကျ်ားအဖြစ် သတ်မှတ်ထားသလဲ၊ ကိုယ်ဟာ သဘောထားသေးသိမ်ညံ့ဖျင်းတဲ့ ယောကျ်ားတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီအကြောင်းတွေကို ဘာလို့ အခုအချိန်မှာ မင်းပြောရတာလဲ၊ ကိုယ်နဲ့မင်းက သိပ်မကြာခင်မှာ စေ့စပ်ကြတော့မယ့် လူနှစ်ယောက်ပါ။ ဘာလို့ ကိုယ့်ကို စိတ်ဒုက္ခရောက်အောင် အကြောင်းတွေ ဖွင့်ဟဝန်ခံရတာလဲ၊ နောက်ကျမှသိရတာ၊ သူများတွေက တစ်ဆင့်ပြောလို့ သိရတာထက် မင်းကိုယ်တိုင်ဝန်ခံလိုက်တဲ့အတွက်တော့ ကိုယ်အရမ်းစိတ်ဆိုးနိုက်ရတာတော့ အမှန်ပဲ။

မင်းကို စွန့်လွှတ်ဖို့ဆိုတာကိုတော့ စိတ်တောင်မကူးဘူး

ရှင်အိပ်မက်။ မင်းနဲ့ဝေးပြီးတော့လည်း ကိုယ် ဘယ်လိုမှနေနိုင်မှာမဟုတ်ဘူးဆိုတာထက် မနက်ဖြန် ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက် အရေးကြီးတဲ့ပွဲ ကျင်းပမှာဖို့ ကိုယ်အရှက်ရအောင် လူတွေရှေ့မှာ ဆက်လက်ရပ်တည်လို့ရအောင် မဖြစ်မနေ မင်းလုပ်ပေးရလိမ့်မယ်။ အဲဒါတော့ ငါ မင်းကိုအတိအကျ သတိပေးထားလိုက်မယ်။ မင်းကို ရအောင်လက်ထပ်မှာ ရှင်အိပ်မက်"

"ဟင်"

"ယောက်ျားတစ်ယောက်ကို လက်ထပ်မယ်လို့ အမိုင်အမာရွေးချယ်ပြီးမှ အဲဒီယောက်ျားကို မချစ်ဘူးလို့ပြောတာ အဲဒီယောက်ျားရဲ့ဂုဏ်သိက္ခာကို အကြီးအကျယ်စော်ကားတာပဲကွ။ နားလည်လား၊ အဲဒီအတွက် မင်းမချစ်တဲ့ ငါ့ကို မင်းတစ်ဘဝလုံး ပေါင်းသင်းစေရမယ်"

သူ့အဖြေက ရှင်းနေပြီ။

ကိုပြည့်ကလည်း သူ့ရဲ့ဂုဏ်သိက္ခာအတွက် သူမကို မဖြစ်မနေ လက်ထပ်တော့မည်။ သူမကလည်း သူမရဲ့ဂုဏ်သိက္ခာတွေအတွက် သူ့ကို မိုက်မဲစွာရွေးချယ်လိုက်ပြီပေါ့။ သူမတို့အိမ်ထောင်ရေးတွင် အချစ်မရှိ။ ပကာသနတွေ အရေခြုံထားရုံသက်သက်အတွက်သာ ဖြစ်တော့သည်။

အိမ်ထောင်တစ်ခုရဲ့ ပျော်ရွှင်ခြင်း၊ သာယာခြင်း၊ ချမ်းမြေ့ခြင်း စသည့် နှစ်သက်စဖွယ် ရသလေးများကို သူမကာ ဖန်တီး





ပေးမည်မဟုတ်သလို သူ့ဘက်ကလည်း ပြန်လည်စတင်တော့မှာ မဟုတ်မှန်းတော့ စိတ်ထဲတွင် အလိုလိုသိနေသည်။

သူဟာ သူမ ထင်မှတ်မထားလောက်အောင် ဟန်ဆောင်ပြီးလေးနှင့်ပင် ရပ်တည်မပြခဲ့ပါ။ တကယ်ပဲ ခွင့်လွှတ်သည်းခံနိုင်ခြင်းမရှိအောင်ပင် ရိုဝေသော သူ့မျက်ဝန်းတွေက ဒေါသတကြီးစိမ်းသက်နေခဲ့သည်။

ဒါဟာ သူမကိုယ်တိုင်ရွေးချယ်ထားသော သူမ၏စိတ်ကြိုက် အရည်အချင်းပြည့်မီသော ယောက်ျားတစ်ယောက်ပဲမဟုတ်လား။ သူ့ဆီက အချစ်တွေကိုရရှိဖို့ သူမ ဘယ်တုန်းကမှ ထည့်ပြီးစားခဲ့ခြင်းမှမရှိခဲ့တာ။ သူမ လက်တွေ့ကျကျ တွေ့လိုက်ရတာကတော့ ကိုပြည့်ဟာ ဘယ်သောအခါမျှ နောက်ဆုတ်ပေးမယ့် ယောက်ျားတစ်ယောက် မဟုတ်ဘူးဆိုတာကိုပဲလေ။ လက်လျှော့မယ့်အစားထဲမှာ သူတစ်ယောက်ဟာ ခေါင်းမာစွာနဲ့ပဲ ရှေ့တိုးတော့မည့် လူတစ်ယောက်ပဲဖြစ်သည်။

❀ ❀

## အခန်း (၂၂)

သူမ လုံးဝမထင်မိတဲ့ ကိုပြည့်ရဲ့ လူကြီးလူကောင်း
ဆန် တိုက်နိုက်မှုတစ်ရပ်ပါပဲ။

ထိုနေ့က သူ့ရဲ့ တိတ်တဆိတ်ပေါက်ကွဲမှုအတွက်
အတော့်ကို စိတ်ပျက်သွားမိသည်။ ဒီလိုရမ်းကားလိမ့်မည်
တစ်ကြိမ်မှ တွေးမထားမိပါ။ သူမရှေ့တွင် လူကြီးလူကောင်း
စွာ ငြိမ်ပြကာ မင်းညွှန့်ငင်ကို တိုက်ရိုက် တိုက်ခိုက်တာ
လုံးဝမတောင်းပါ။

ဤအချိန်တွင် သူ့မျက်နှာမှာ မနာလိုဝန်တိုမှုများ
အထင်းသားပေါ်နေပြီး သူ တဖွဖွရေရွတ်နေခဲ့သော လူကြီး
လူကောင်းတစ်ယောက်ပုံပျောက်ကာ လမ်းဘေးက ကလေက
တစ်ယောက်သာသာပင် ရှိနေတော့သည်။





"ဟော…မင်းညွှန့်ငင် ပါလား"

"သြော်…ကိုပြည့်စွမ်း ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး၊ နေကောင်းတယ်နော်၊ ခင်ဗျားပုံစံ
ကြည့်ရတာ တစ်ခုခုကို လက်လွှတ်ဆုံးရှုံးလိုက်ရလို့ ခံစားနေရ
တဲ့ပုံ ပေါက်နေတယ်၊ ဘယ်လိုဖြစ်တာလဲ"

ခေါင်းငိုက်စိုက်ချကာ ဝင်လာသော မင်းညွှန့်ငင်ကို
မြင်လိုက်သည်နှင့် သူက လိမ္မာပါးနပ်စွာ စပြီး နှုတ်ဆက်ကာ
ထိုးနှက်လိုက်လေ၏။ သူ့မျက်ဝန်းများတွင် အရောင်တဖျပ်ဖျပ်
လက်နေပြီး မနာလိုဝန်တိုစိတ်များက ပြည့်နှက်လို့နေသည်။ သူမ
မြင်တွေ့ဖူးသော သူ့မျက်ဝန်းများတွင် ဤတစ်ကြိမ်ဟာ အလွန်
မှုန်းတီးစရာကောင်းနေသည်ဟု မဆီမဆိုင် သူမ တွေးမိသွားသည်။

သူ့ကို သူမ တားဆီးဟန့်တားဖို့ ပြင်လိုက်သေး၏။
သို့သော် လုံးဝနောက်ကျသွားလေပြီ။

"မင်းညွှန့်ငင် ပြောပါဦး၊ တစ်ခါက ခင်ဗျားပြောဖူးတဲ့
မိန်းကလေးအကြောင်းလေ၊ ခင်ဗျား ချစ်သူကိုပြမယ်ဆို၊ ကိုယ်
တစ်ခါ မြင်ဖူးတယ်ရှိအောင်တော့ လိုက်ကြည့်ဦးမှပဲ"

ဘာကို ရည်ညွှန်းလိုက်တာလဲ။

ကိုပြည့်စွမ်းထွန်း၏ မျက်နှာတွင် မနာလိုဝန်တိုမှုတို့က
အထင်းသား။ တစ်ခုခုကိုသိနေသလား။ စဉ်းစားစရာပဲ။ သူ့ကို
ဘလိုင်းကြီးလာခွပ်နေပြီ။ သူမကို လှမ်းကြည့်လိုက်တော့ မျက်နှာ

ငယ်လေးနှင့်၊ သူမမျက်ဝန်းတွေက ပြဿနာတစ်ခုခုဖြစ်မှာ စိုးရိမ်နေပုံရသည်။ သူရှောင်ထွက်သွားဖို့ ဆုံးဖြတ်လိုက်၏။ သူ့စိတ်ဆင်းရဲမှာ လုံးဝမလိုလားနိုင်အောင် ဖြစ်မိသည်။

"မကြည့်ချင်ပါနဲ့တော့ဗျာ၊ ကျွန်တော်မေ့ထားလိုက်ပြီး အားလုံးပြီးဆုံးသွားပါပြီဗျာ"

"ဟောဗျာ...လာပြန်ပြီတစ်ယောက်"

"ဘာဖြစ်လို့လဲ ကိုပြည့်စွမ်းရဲ့"

"အခုလေးတင် ရှင်လေးကလည်း ကျွန်တော့်ကို ဝန်ခံစရာရှိတာ ဝန်ခံပြီး အားလုံးပြီးဆုံးသွားပြီလို့ပြောတယ်ဗျာ၊ သိပ်ကိုတိုက်ဆိုင်လွန်းလို့ အံ့တောင်အံ့ဩမိရဲ့ဗျာ"

"ရှင်အိပ်မက် ဝန်ခံတယ်ဟုတ်သလား၊ နေစမ်းပါဦး ရှင်အိပ်မက်က ဘာတွေများ ဝန်ခံစရာရှိနေလို့လဲ"

"ကိုပြည့်...အလုပ်သွားစရာရှိသေးတယ်ဆို၊ သွားရအောင်လေ"

သူ့ရဲ့သိလိုမှုမေးခွန်းလေးကို သူမက မသိမသာလေး တားဆီးလိုက်ပြီး နှစ်ယောက်သားခွဲဖို့ ရည်ရွယ်လိုက်သည်။

"အင်း...ဟုတ်သားပဲ၊ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်၊ ညော် ဒါနဲ့ မင်းညို့ငင် မနက်ဖြန် နေ့စဝ်ပွဲကိုတော့ မဖြစ်မနေတက်ရဖို့ ကြိုးစားပါဗျာ၊ ကိုယ့်လူပုံစံကြည့်ရတာ သိပ်အားမရလိုက်တာဗျာ၊ ခံစားရတာလည်း ခံစား





ရတာပဲပေါ့၊ အခုပုံစံက တော်တော်ကို သရုပ်ပျက်နေပြီ၊ အရမ်းကိုစိတ်ပျက်လက်ပျက်ရှိနေတဲ့အတိုင်းပဲပေါ့၊ ကဲ...ကိုယ်သွားတော့မယ်"

"ကောင်းပြီဗျာ၊ ခင်ဗျားကိုတော့ အားကျပါရဲ့ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း တိတ်တဆိတ်တော့ ဂုဏ်ယူတယ်ဗျ၊ ပြောလို့ပြောတာမဟုတ်ဘူး ကျွန်တော့်ကောင်မလေးက ကျွန်တော်ကလွဲပြီး ဘယ်ယောကျ်ားကိုမှ မချစ်လို့လေ"

"ဘာ"

"အို"

ပြည့်စွမ်းထွန်း အနားပေါ်တုတ်ကျွစွာ မခံမရပ်နိုင်အောင် ဖြစ်သွားရသလို မင်းညို့ငင်ရဲ့စကားကြောင့် ရှင်အိပ်မက်လည်း မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

သူ့စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်လိုက်ဟန်ရှိသော ဦးပြည့်စွမ်းထွန်း မျက်ဝန်းတွေထဲ မခံချင်စိတ်ကြောင့် ရဲရဲတောက်နီရဲစိုလို့။

"ဒါပေမဲ့ မိန်းကလေးတစ်ယောက်ရဲ့ အထင်ကြီးရွေးချယ်ခံရတဲ့ ယောကျ်ားတစ်ယောက်အဖြစ်နဲ့တော့ ကိုယ်က ကျေနပ်မိတယ်လေ၊ လောကမှာ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ အထင်ကြီးမှု၊ လေးစားမှုခံရတဲ့ ယောကျ်ားတစ်ယောက်လောက် ဂုဏ်ယူစရာ ဘယ်မှာရှိမှာလဲ"

"ကျွန်တော်ကတော့ အဲဒီလိုမတွေးမိဘူးဗျ၊ လောကမှာ မိန်းမတစ်ယောက်က ကိုယ့်ကို လုံးဝမချစ်နိုင်ပါဘူးလို့ အထပ်ထပ် ဝန်ခံနေတဲ့ မိန်းမတစ်ယောက်ကို ငွေကြေးဂုဏ်ဓနတွေနဲ့ အပိုင် သိမ်းယူပြီး လက်ထပ်ရမှာလောက် ရှက်စရာကောင်းတဲ့အလုပ် မရှိတော့ဘူးလို့ထင်တာပဲ။ ကျွန်တော်ဆို လူကြီးလူကောင်း တစ်ယောက် ပီသစွာ နောက်ဆုတ်ပစ်လိုက်မှာ၊ ချစ်သူနှစ်ယောက် ပေါင်းပါစေပေါ့လေ။ ကိုယ့်ကိုမှမချစ်ဘဲ၊ တစ်သက်လုံးပေါင်းသင်း ရမယ့် မိန်းမတစ်ယောက်ရဲ့စိတ်ထဲမှာ ကိုယ်က ရှိမှမနေတာ"

"ကိုယ် အဲဒီလောက် အလျှအတန်းမရက်ရောနိုင်ဘူး မင်းညို့ငင်"

"ဟာဗျာ…ကျွန်တော် စကားပြောမှားသွားတယ်၊ ကိုပြည့်စွမ်းကို ထိသွားတယ်ဆိုရင်တော့ ဆောရီးပဲဗျာ၊ ကျွန်တော် က ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ပြောမိတာ ပါ…ဆောရီးဗျာ"

"ရပါတယ်၊ ကျွန်တော်က မိန်းမတစ်ယောက်ရဲ့ အားနည်း ချက်ကို နင်းတတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး နောက်ပြီး နောင်တကြီးစွာနဲ့ လက်လျှော့တတ်တဲ့ ယောကျ်ားလည်း မဟုတ်ဘူးလေ… အဲ့ဒီအတွက် မင်းရဲ့ စကားလုံးတွေကို ကိုယ် ဘယ်လိုမှ မခံစားရဘူး"

"ကဲ…ကဲ တော်ကြပါတော့ ကျွန်မတို့ အလုပ်ကိစ္စရှိသေး





တယ်လေ ကိုပြည့်၊ ရှင်ခွင့်ပြုဦး… မင်းညို့ငင် ကျွန်မတို့ သွားစရာ ရှိနေသေးလို့"

"ကိုပြည့် … ကျွန်မတို့ အပြင်ထွက်ကြရအောင်"

ဦးပြည့်စွမ်းထွန်းတစ်ယောက် သူ့စကားနှင့်သူ ဝင့်ကြွား စွာ ဂုဏ်ယူလျက် ထွက်သွားချေတော့သည်။ ကိုပြည့်နောက်မှ သူသိပ်ချစ်ရပါသော မကြာခင်ပိုင်ဆိုင်ခွင့်ရတော့မယ့် အသ[illegible]စက် က် ဇနီးချောကလေးက လိုက်ပါလို့သွားလေရဲ့…ရင်ထဲတွင် ဘာကိုလိုလားနေမှန်း ဘာတွေဖြစ်နေချင်မှန်း မသိတော့လောက် အောင် ရှုတ်ရှက်ခတ်နေ၏။

သူဟာ သူမရဲ့ အချစ်ကို ရနေပါလျက် လက်လွှတ်ဆုံး ရှုံးပေးလိုက်တာဟာ သိပ်ကိုမှားနေပြီလား။ ပြိုင်ဘက်တစ်ယောက် ကို ရှုံးနိမ့်ရတဲ့အတွက်ရော ယူကျုံးမရဖြစ်နေတာလား၊ ဒါမှမဟုတ် ကိုယ့်ကို အရှုံးလုပ်ခဲ့တဲ့ ရှင်အိပ်မက်ကိုပဲ [illegible]ကျေနပ်တာလားဆိုတာ တွေးစားမရ၊ သူ့ပုံစံက အရင်ကလို တက်ကြွနေတဲ့ လူငယ် တစ်ယောက် ပုံစံမဟုတ်တော့တာတော့ သိသည်။

သူဟာ…

သူမအတွက် ဘယ်လောက်စိတ်ရှည်နိုင်သလဲဆိုရင် မိန်းမ တစ်ယောက်၏ လှည့်စားမှုအောက်တွင် ငြိမ်သက်စွာ လည်စင်းပေး နိုင်သော ယောကျ်ားနှစ်ယောက် သူတို့နှစ်ဦးကို တစ်ပြိုင်တည်း တိုက်ပေးသော မိန်းမ၊ သူ့ကိုချစ်ဟန်ဆောင်ကာ လိမ်လည်လှည့်

ဖြားပြီး နောက်တစ်ယောက်ထံ ရဲဝံ့ပြတ်သားစွာ လျှောက်လှမ်းနဲ့သော သူမကသာ တကယ့်တရားခံအစစ်။

အခုလည်း…

သူမက ဦးပြည့်စွမ်းထွန်းကို ဝန်ခံပြန်သတဲ့လေ။

သူမေးတာကို မဖြေနိုင်အောင် တမင်လိမ္မာပါးနပ်စွာ ခေါ်ထုတ်သွားနိုင်မှုဟာ အံ့ဩမှင်သက်ဖို့ ကောင်းပေ၏ ရှင်အိပ်မက်ရယ်…မင်းလေးကိုမှ ကိုယ် ဘာ့ကြောင့် ချစ်ခဲ့ရသလဲ မင်းလေးရဲ့ လှည့်စားမှုတွေမှာ ကိုယ်ဘာ့ကြောင့် စတေးခံနေရသလဲဆိုတာ ကိုယ့်ကိုယ်ကိုတောင် စဉ်းစားမရ ဖြစ်မိတယ်။

မင်းလည်း ကြားဖူးမှာပါ…

အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဆိုတာလေ… ကိုယ်အခု အချစ်ကြီးလို့ မင်းကို အမျက်ကြီးနေပြီသိလား… မင်းကိုယ့်ကို သိပ်အတဲ့ ယောကျာ်းတစ်ယောက်လို့တော့ ထင်မထားပါနဲ့ကွာ…မင်းစောင့်ကြည့်နေစမ်း၊ ကိုယ်ဆိုတဲ့ "မင်းညို့ငင်" ဟာ ဘယ်လိုလူမျိုးလဲဆိုတာ မင်းသိစေရမယ်။

မင်းညို့ငင်တစ်ယောက်တည်း တွေးနေမိသည်။

ကိုယ့်ရဲ့စိတ်တွေ ကိုယ့်ရဲ့ နှလုံးသားတွေ၊ ကိုယ့်ရဲ့ကြိုးစားမှုတွေအတွက် တစ်ခုခုတော့ ပြန်ပေးဆပ်သင့်တာပေါ့ ဒါမှ တရားမျှတမှုရှိမှာလေ။

ကြည့်စမ်း။

ဘယ်လောက်တောင်များလဲဆိုရင်…





ကိုပြည့်စွမ်းထွန်းကို အိမ်ရှေ့ ကားနားအထိ လိုက်ပို့ပေးတာ အခုထိ ပြန်ဝင်မလာသေးပေ…ဘယ်လောက်တောင် စကားတွေ ရှုန်းရှုန်းဝေနေလိုက်မလဲလို့။

သူတစ်ခါမှ မမြင်ဖူးပါ…

လောကမှာ ဤမျှလောက် ဂုဏ်မက်သော၊ ငွေမက်သော ပကာသနတွေ မက်သောမိန်းမရှိနေပါသေးလား၊ ယောကျာ်းများကို သူမထင်သလို သူမသဘောကျ လှည့်စားလို့ရသည်များ ထင်နေသလားမသိ။

ရှင်အိပ်မက်ရယ်…

မင်းအရမ်းရက်စက်တာပဲနော်…ကိုယ့်ရင်ကိုခွဲပြီး ကိုယ့်အသည်းကို ခွဲရမှ ပျော်ရွှင်ရမယ်ဆိုရင် မင်းပျော်ပါရှင်လေး…

မင်းပျော်ရွှင်နေနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်… အိပ်မက်ကလေးရယ်…

သူ့စိတ်တွေ ထိန်းချုပ်မရ…

အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေမိသည်၊ တစ်ခုခုကို သောကရောက်နေတာလား…မကျေမနပ်ဖြစ်နေတာလား…ဒါမှမဟုတ် သူမစိတ်ချမ်းသာဖို့ ခွင့်လွှတ်နားလည်မှုပေးနေတာလားဆိုတာ ကိုယ့်ကိုကိုယ်တောင် ပြန်မသုံးသပ်တတ်အောင်ဖြစ်ရသည်။

မနက်ဖြန်ဆို…

ရှင်အိပ်မက်ရဲ့ စေ့စပ်ပွဲ…

သူမကို သူဘယ်လိုမှ ဆက်လက်ကြိုးစားလို့ မရတော့တဲ့ နောက်ဆုံးနေ့တစ်နေ့၊ သူဘာဆက်လုပ်ရမလဲ…ဘာတွေဆက်လုပ်သင့်သလဲ…တစ်ကယ်ဆို…သူမကို သူကသာ ရယူပိုင်ဆိုင်ရမှာလေ…အန်ကယ် ဦးမင်းယံ၏ ခွင့်ပြုချက်နှင့်အညီ သူမကို သူပိုင်ဆိုင်ခွင့်ရပြီးသားပါ။ အသုံးမကျတဲ့ အတွေးစိတ်ကူးတွေကြောင့် သူမကို မပေးသင့်ပဲ ပေးရတာ…

သူမကို …

တစ်ခုတော့ စိတ်ဆိုးချင်မိတယ်…

သူမဟာ အမြဲတမ်းသူ့အပေါ် အနိုင်ယူ လှည့်စားပြီး…

အခုလည်း မျက်နှာပြောင်တိုက်ပြီး တခြားတစ်ယောက်ကို ရွေးချယ်လိုက်ချေပြီ…သူ့ကြိုးစားမှုကို ဥပေက္ခာပြုကာ တစ်စစီဖွဲ့ခြွေဖို့ ဆုံးဖြတ်ခဲ့ပြီးပြီလေ… သူ့ရဲ့ရှင်သန်မှုတွေကို ရိုက်ချိုးဖျက်ဆီးခြင်းခံလိုက်ရပြီ…အဲ့ဒီအတွက်တော့ ကိုယ့်ကို မင်းတစ်ခုခုတော့ ပေးဆပ်သင့်တယ်…မင်းအရှုံးလုပ်သမျှ ငြိမ်ခံတတ်တဲ့ ယောကျ်ားတစ်ယောက်ကို မင်းတစ်ခုတော့ ပေးလျော်သင့်တယ်။

ဒါမှ…

မျှတမှာပေါ့…

မဟုတ်ဘူးလား…ရှင်အိပ်မက်ရယ်…။



# အခန်း (၂၃)

ဘုရားရေ …

စဉ်းစားကြည့်စမ်း။

ဘယ်လောက်တောင်များ အံ့သြစရာကောင်းလိုက်သလဲ ဆိုရင် ယောကျ်ားတစ်ယောက်၏ နာကျင်မှုန်းတီးစွာ လက်တုံ့ပြန်မှုကို ဘယ်အချိန်မှန်းမသိအောင် စောင့်မျှော်နေရသော မိန်းမတစ်ယောက်၏အဖြစ်က ဘယ်လောက်တောင် စိတ်ပျက်ဖို့ကောင်းသလဲကွယ်။

ယောကျ်ားအများစု၏ နှစ်သက်မြတ်နိုးမှု၊ တန်ဖိုးထားခံရမှု၊ စိတ်ဝင်စားခုံးခံရမှုများသာ သူမအစဉ်သဖြင့် ခံယူရရှိခဲ့သဖြင့် သူမ

ကိုယ့်ကိုယ်ကို ဂုဏ်ယူကျေနပ်မိခဲ့သည်။

အခုတော့ …

သူမရင်ထဲက မြတ်မြတ်နိုးနိုးချစ်ခဲ့မိသော ယောကျ်ား တစ်ယောက်ထံမှ မုန်းတီးစက်ဆုပ်စွာ ဘယ်အချိန် သူမထံလာပြီး လက်တုံ့ပြန်လာမှုကို ခံရမှန်းမသိ စောင့်မျှော်နေရသည့်အတွက် ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲ စဉ်းစားကြည့်စမ်းကွယ်။

ဒါပေမဲ့ အဲဒီမုန်းတီးစွာတောင်းဆိုမဲ့သူ့ရဲ့ တောင်းဆိုမှု အပြစ်ပေးမှုကိုတော့ သူမဟာ အမြတ်တနိုးပဲ ခံယူဖို့စောင့်နေခဲ့တာပါ ဟုဆိုလျှင်ကော သူမကို ဘယ်လိုသုံးသပ်မလဲ။ သူမကိုချစ်ပါသည် ဟု အထပ်ထပ်အခါခါဝန်ခံရင်းပြီး သူမအတွက် ဘာမဆိုလုပ်ပေးထား အချိန်မရွေး လည်စင်းပေးနိုင်သော ယောကျ်ားတစ်ယောက်ထံမှ လှပေသေသပ်စွာ တုံ့ပြန်လာမှုဟာ ဘယ်လောက်များ ကြောက်စရာကောင်းလောက်အောင် ကြီးမားနေမလဲ။

သေချာတာကတော့ သူ့မှာသူမထင်ထားသလို ရက်စက် နိုင်လိမ့်မည်တော့မဟုတ်၊ တစ်ချိန်လုံး အချစ်ကိုရှေ့တန်းတင်ထား သူတစ်ဖက်သားအပေါ် နားလည်မှုမရှိစွာ အတ္တပြင်းပြင်းလူနှင့် တဇွတ်ထိုး စွပ်စွဲမှုကို မုန်းတီးကာ အရှက်အကြောက်ကြီးစွာဝန်ခံချ အင်မတန် ဝန်လေးတတ်သော သူမတို့အတွက်တော့ ဤမျှပြင်းထန် သော ကွဲကွာမှုကြီး မဖြစ်သင့်တာတော့အမှန်ပဲ။

ငယ်စဉ်ထဲက သူမကဒါဆိုဒါပဲ အမြဲဖြစ်စေခဲ့ပြီး သူမတို့





အတင်းအကြပ် ဝန်ခံခိုင်းတာတို့ကို သူမလုံးဝမကြိုက်တတ်။

နောက်ပြီး သူမရဲ့ အဆိုးဝါးဆုံးဥာဉ်ကလေးတစ်ခုက သူမတူအောင် ဟန်ဆောင်ကောင်းခြင်းပဲ။

မနက်ဖြန်ဆို သူမရဲ့လူသိရှင်ကြား စေ့စပ်ပွဲကြီးကို ကျင်းပ တော့မည်။ တစ်ကယ်ဆိုရင် အခုအချိန်ဟာ သူမအတွက် ရင်ခုန် လှိုက်မောစရာအကောင်းဆုံး ပျော်ရွှင်ဝမ်းမြောက်စရာအကောင်းဆုံး အချိန်လေ။ သူမအခုတော့ ပျော်ရွှင်မနေပါ။ အခန်းထဲတွင် တစ်ယောက်တည်းငေးငိုင်ကာ သူ့ရဲ့အားငယ်ဖျော့တော့နေသော ရုပ်သွင်ကလေးကိုပဲ မြင်ယောင်ကာ စိတ်မကောင်းဖြစ်နေရသည်။

တစ်ကယ်ဆို ဒီကိစ္စဟာ သူမကိုယ်တိုင်ပဲ ဖန်တီးခဲ့တာပါ။ ကိုပြည့်ဟာ အရာရာပြည့်စုံပြီး လူတကာ အံ့သြငေးမောစရာ ယောကျ်ားတစ်ယောက်ပါ။ သူမအပေါ်လည်း နားလည်မှုအပြည့် ပေးနိုင်ပြီး သူမတူအောင်ချစ်နိုင်သော ယောကျ်ားတစ်ယောက်ပါ။ ခက်နေတာက သူမပဲ။ သူမလုံးဝပြတ်သားခြင်းမရှိပေ။ သူ့ကို သူမ သိပ်ချစ်နေမိသည်။

ကိုပြည့်ကို ဘယ်လိုမှ အစားထိုးမရအောင် ဖြစ်နေရ၏။ ဒီနေ့ဟာ သူမ သူ့ကိုနောက်ဆုံးစောင့်မျှော်ရမည့် နေ့တစ်နေ့ပါ။ သူဟာ မဖြစ်မနေ သူမဆီကိုလာမှာပဲ သူမကိုတွေ့ဆုံနိုင်ဖို့နောက်ဆုံး အခွင့် အလမ်းတစ်ခုကို သူဘယ်နည်းနှင့်မှ လက်လွှတ်ခံမှာမဟုတ်။ ဒီတစ်နေ့တာကလေးကို ကုန်ဆုံးလို့ နောက်တစ်နေ့ မနက်ဆိုတာနှင့်

သူနဲ့သူမဟာ ဘယ်လိုနည်းနဲ့မှ မနီးစပ်နိုင်တော့ပါ။

နောက်ဆုံး အဝေးဆုံးကို လှမ်းရတော့မည့် ခြေလှမ်းများအတွက် သူဟာ နောက်မဆုတ်စွာ သူမကိုလာတွေ့ပေလိမ့်မည်။

သူမကလည်းရင်ထဲမှာ ရှိနေသည့်အတိုင်း သူ့ကိုဝန်ခံဖို့ စိတ်ဆုံးဖြတ်ထားသည်အလျောက် သူနှင့်ရင်ဆိုင်ဖြစ်ဖို့ အဆင်သင့် စောင့်နေခဲ့သည်လေ။

ညသည် တစ်စစနှင့် မှောင်မဲလာခဲ့လေပြီ။ နာရီလက်တံတို့ တရွေ့ရွေ့နှင့် ကုန်လွန်မြောက်သည်နှင့်အညီ အရာအားလုံး တိတ်ဆိတ်လို့နေလေရဲ့။ ညတစ်နာရီခွဲသည့်တိုင်အောင် သူမ အိပ်မပျော်နိုင်သေးပေ။ သူမဟာ တစ်စုံတစ်ဦးကိုသာ ဆန္ဒပြင်းပြစွာ တွေ့ချင်နေမိသည်။

အဲ့ဒီလူက သိပ်ချစ်ပါသည်ဟု ဖွင့်ဟဝန်ခံရန်မရခဲ့သော မင်းညို့ငင်ဆိုတဲ့ ယောကျ်ားကလေးပဲပေါ့ကွယ်။

ထိုစဥ် ညမှောင်ကို တိတ်တဆိတ် လန့်နိုးစေခဲ့သော ခပ်ဖွဖွကလေး နင်းလျှောက်လာသော ခြေသံကလေးတစ်ခု၊ ဘုရားရေ သူ···သူလာပြီ။

သူမသိတာပေါ့၊ ဒီခြေသံဟာ သူမှလွဲ၍ တခြားသူမဖြစ်နိုင်ပါ။ လာပါစေ ရင်တမမနဲ့ စောင့်မျှော်နေခဲ့ရတာပဲ မဟုတ်လား သူမဆန္ဒပြည့်သွားပြီလေ။ သူဟာ သူမကို နောက်ဆုံးတွေ့ဖို့မဖြစ်မနေ ရောက်လာခဲ့ပြီ။





ထုံးစံအတိုင်း သူမ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

သိပ်မကြာလိုက်ခင်မှာပဲ ခပ်တိုးတိုး တံခါးဖွင့်သံလေးနှင့်အတူ သူမအခန်းထဲသို့ ဝင်လာပြီး ခုတင်အောက်တွင် ဒူးထောက်ထိုင်ချလျက် သူမ၏မျက်နှာကလေးကို စူးစိုက်ကာ ကြည့်မိသည်ဆိုလျှင်ပဲ သူ့နှလုံးသားများ တစ်ဆတ်ဆတ်နာကြည်းလို့ သွားရသည်။

သူ့ကိုယ်သူလည်း အားမရမိပါ။ ဒီမိန်းကလေးကို ဘာကြောင့်များ ဒီလောက်ချစ်မိရသလဲ ဖြူစင်သန့်ရှင်းအပြစ်ကင်းစွာ အိပ်ပျော်နေရရှာသော သူမကလေးကို သူဘယ်လိုအပြစ်ဒဏ်မျိုးတွေ ပေးရမည်နည်း။

ဟင်း····သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

သူလာရင်းရည်ရွယ်ချက်က ဘာတွေလဲ။ ဒီမိန်းမဆီက လျှော်ကြေးတောင်းဖို့ပဲမဟုတ်လား။ သူမကိုသူ ပြင်းပြင်းထန်ထန် လက်တုံ့ပြန်ဖို့လာခဲ့တာလေ။ အခုတော့ သူဘာတစ်ခုမှ မလုပ်မိဘဲ သူမမျက်နှာကလေးကိုသာ ငေးကြည့်နေမိတော့၏။

သူ့စိတ်တွေ အရည်ပျော်နေပြီ။ သူ့နှုတ်ခမ်းနှစ်လွှာ ဆွံ့အလို့နေပြီ ရှင်အိပ်မက်ကလေးရယ်။

ကိုယ်ဘာကြောင့်များ မင်းလေးကို ဒီလောက်တောင်မှ ချစ်မြတ်နိုးမိရသလဲဆိုတာ ကိုယ့်ကိုကိုယ်တောင် စဉ်းစားလို့မရတော့ဘူး။

ချစ်တယ် ရှင်လေးရယ်၊ ကိုယ်ဘယ်လောက်ပဲ ရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားနေကြိုးစားနေ မရတော့ဘူးဆိုတဲ့အသိက ကိုယ့်ကိုတုန်လှုပ်စေခဲ့ပါတယ်။ မနက်ဖြန်ဆို မင်းနဲ့ကိုယ် အရမ်းကိုဝေးတဲ့နေရာနှစ်ခုကို ရောက်မှန်းမသိရောက်ရတော့မှာ။

အခုလို မင်းရဲ့မျက်နှာကလေးကို ခိုးကြည့်ခွင့်ကိုယ်ရတော့မှာ မဟုတ်ဘူး။ ဒီနေ့ဟာ ကိုယ့်အတွက် နောက်ဆုံးအခွင့်အရေးရတဲ့ နေ့လေးတစ်နေ့ပေါ့နော်၊ အဲ့ဒီနေ့ကလေးအတွက် ကိုယ်အေးချမ်းစွာပဲ မင်းအနားက ထွက်သွားခွင့်ရချင်တယ်။ မင်းနဲ့ကိုယ် ရန်မဖြစ်ချင်ပါဘူးကွာ။

သူမ၏ နဖူးပြင်ကလေးအပေါ် နူးညံ့ညင်သာသော လက်ချောင်းကလေးများ အသာအယာ ကျရောက်လာပြီး သူမရဲ့ ဆံနွယ်နုနုကလေးများအပေါ် ထိတွေ့သပ်တင်လာမှုကလေးဟာ ဘယ်လောက်များ အသက်ရှူမှားလောက်သလဲလို့ နှလုံးသားကို တစ်ခုခုနှင့် အရိုက်ခံရသလို တစ်ဆတ်ဆတ် နာကျင်လို့သွားရသည်။

မင်းညို့ရယ် ရှင်ဟာ ကျွန်မထင်ထားတာထက် ပိုနေပါလား။ "ကျွန်မနှလုံးသားတွေအားလုံး အရည်ပျော်ကုန်ပြီလား။ တကယ်ဆို သူမအပေါ် ဒီလောက်ခွင့်မလွှတ်သင့်ဘူး ရှင့်အပေါ် ကျွန်မ မတရားတစ်ဖက်သတ်ကြီး အနိုင်ယူခဲ့တာပါ။ ရှင်ကျွန်မကို ဆက်ပြီး မကြင်နာသင့်တော့ဘူးသိလား ဆက်ပြီးနွေးထွေးမနေပါ





တော့ရှင်ရယ်" ဟုစိတ်ထဲမှာ တိုးညင်းစွာ ရေရွတ်မိတော့သည်။

လက်ကလေးတစ်ဖက် ခေါင်းအုံးအောက်ဖိကာ နှစ်မြိုက်စွာ အိပ်ပျော်နေသော ရှင်အိပ်မက်ပုံစံကလေးကို ကြည့်ပြီး သူချစ်မြတ်နိုးမိစိတ်တွေကို မနည်းထိန်းချုပ်ထားရသည်။

"ဖိအိပ်ထားတာ ကြာနေပြီနဲ့တူတယ် ညောင်းနေတော့မှာကွာ" ဆိုပြီး သူမကလေး၏ လက်ကလေးကို အသာကလေးဆွဲထုတ်ပေးလိုက်ပြီး အသာအယာကလေး ချပေးလိုက်၏။

"အိပ်မက်ရယ် မင်းလေးကတော့ သိပ်အပြစ်ကင်းစင်လိုက်တဲ့ မျက်နှာကလေးနဲ့ မလိုက်ဖက်အောင် ကိုယ့်ကိုလှည့်စားက်တယ်နော်၊ မင်းသိမလား ကိုယ်မင်းကို သိပ်ချစ်တယ်ဆိုတာလေ"

"ရှင်ရယ် တော်ပါတော့ကွယ်၊ ကျွန်မ မကြားပါရစေ့တော့ ကျွန်မငိုမိတော့မယ်သိလား"

သူကတော့ သူမကိုယ် တကယ် အိပ်ပျော်နေတယ်ထင်ပြီး သူ့ရင်ထဲကစကားတွေကို တိုးတိုးကလေး ရင်ဖွင့်လို့နေလေရဲ့ကွယ်ဘယ်လောက်သနားစရာ ကောင်းလိုက်တဲ့အဖြစ်လဲလို့။

ကျွန်မ သိပ်မှားတယ်ကို။ အဲဒါကို အထပ်ထပ်သိနေအောင် ရှင်မလုပ်ပါနဲ့တော့ကွယ်။ ကျွန်မတောင်းပန်ပါတယ်ရှင်ရယ်။

"ရှင်လေးရယ် မင်းကသိပ်ရက်စက်နိုင်ပေမယ့် ကိုယ်မင်းကိုမရက်စက်နိုင်ပါဘူး။ ငယ်ငယ်ကလေးထဲက မင်းကအမြဲအနိုင်

ရခဲ့တဲ့လူမဟုတ်လား။ ကိုယ်ကတော့ အမြဲအရှုံးနဲ့ဘဝကို ဖြတ်သန်းလာခဲ့ရတော့ မင်းနဲ့ရင်ဆိုင်တွေ့ရတဲ့အရှုံးအတွက် ကိုယ်မင်းကို အပြစ်တင်မနေတော့ပါဘူးကွာ။ ကိုယ်ဟာ ဘယ်သောအခါမှ ကံကောင်းတဲ့ ယောကျ်ားတစ်ယောက် ဖြစ်မှာမဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကို သိနေပါတယ်ကွာ"

မင်းလေးကတော့ ထင်မှာပဲ။ ကိုယ်ရက်ရက်စက်စက် တုံ့ပြန်လိမ့်မယ်လို့ ကိုယ့်မှာ မင်းကို အသက်လောက်ချစ်ခဲ့တာ မင်းအတွက်ဆို အမြဲလည်စင်းပေးနိုင်ခဲ့တာ မင်းကိုကိုယ် အရမ်းစိတ်ချမ်းသာစေချင်တယ်၊ ဒါဟာ ကိုယ့်ရင်ထဲက တကယ့်ကို ထွက်လာတဲ့စကားတွေပါ မင်းလေးယုံကြည်ထားပါကွာ။

"ဒါပေမဲ့ ကိုယ် မင်းဆီက လျော်ကြေးတော့ယူသွားမယ်။ ဒါဟာ ကိုယ့်ရဲ့အချစ် ကိုယ့်ရဲ့ မင်းအပေါ်ထားတဲ့ မေတ္တာတရားကြီးမားမှုတွေ အတွက်ပါကွာ၊ မင်းလေးခွင့်လွှတ်နိုင်မှာပါ၊ တစ်သက်တာအတွက် အမှတ်တရပေါ့ ရှင်အိမ်မက်ကလေးရယ်"

အို…

ဘုရားသခင် သူ့ရဲ့နူးညံ့တဲ့ ပြစ်ဒဏ်ခတ်မှုပဲ သူမနှုတ်ခမ်းပြင်ကလေးကို ခပ်ဖွဖွကလေးနမ်းရှိုက်ပြီး နေရာမှထသွားတော့သည်။ အညင်သာဆုံးနဲ့ အထိရောက်ဆုံးအပြစ်ဒဏ်ပဲ။ သူမတစ်သက်လုံး တနုံ့နုံ့ခံစားသွားရမယ့် သူ့ရဲ့လျော်ကြေးတောင်းမှု။

မင်းညို့ရယ် …အချစ်ရယ်။ ကျွန်မ ဘယ်လိုမှ ခံစားလို့





မရတော့ဘူး သိလားကွယ်။

ပါးပြင်ပေါ်သို့ မျက်ရည်ကလေးများ ပိုးပိုးပေါက်ပေါက်ကျလာရတော့သည်။ ဤမျှကြေကွဲခြင်းမျိုး ကျွန်မဘဝမှာ နောက်တစ်ကြိမ်ဆိုတာ ရှိတော့မယ်မထင်ဘူးကွယ်။

ဘုတ် …

ဟင် …မထင်မှတ်စွာ သူမရှေ့သို့ကျလာသော အရာဝတ္ထုကလေးကြောင့် အရမ်းအံ့ဩသွားရသည်။

"မင်းသိပ်အံ့ဩသွားလား ရှင်အိမ်မက်"

"ကိုပြည့်"

"ဟုတ်ရဲ့လား သေချာကြည့်ပါဦး၊ မင်းရဲ့ပစ္စည်းမှ ဟုတ်ရဲ့လားလို့ တောက် …တော်သေးတာပေါ့ကွာ အချိန်မီသေးလို့ နို့မို့ဆို ငါဟာအဖတ်ဆယ်လို့မရအောင် ကျွန်းထိုးမှောက်ခံ ဖြစ်တော့မလို့"

"ဘာ … ဘာရယ်"

"ဒါဘာစကားလဲ ကိုပြည့်စွမ်းထွန်း"

"ဟ …မင်းရေးထားတဲ့ မင်းရဲ့ခံစားချက်တွေကို မင်းပြန်ဖတ်ကြည့်ပါဦး။ တောက် …မင်းဒီလောက် ဖြစ်နေမှန်းမသိလို့ ငါနွားကျခံပြီး မင်းကိုလက်ထပ်ဖို့ တောင်းဆိုခဲ့တာပါ အခုတော့





ကွာ"

"တော်စမ်း…တော်တော့၊ ရှင့်စကားက သိပ်ကိုရိုင်းစိုင်းလွန်းတယ် ရှင် လူကြီးလူကောင်းပီပီ စကားကိုကြည့်ပြောပါ။ ဘာဖြစ်သလဲ ကျွန်မချစ်သူ ရှိခဲ့တယ်။ ကျွန်မသူ့ကို သိပ်ချစ်ခဲ့တယ်လို့ ရှင့်ကိုဝန်ခံခဲ့တာပဲ ဒါဘာဖြစ်သလဲ"

"ဟုတ်တယ် မင်းဝန်ခံတယ်၊ အဲ့ဒါကိုငါခွင့်လွှတ်တယ် ဒါပေမဲ့ သူ သူဟာ မင်းအခန်းကို တိတ်တဆိတ် ခိုးဝင်ဖူးတယ်။ ဟာ …ဟာကွာ ငါဘာကို ယုံကြည်ရမှာလဲ၊ မင်းရဲ့လျှို့ဝှက်မှုလေ သူကမင်းကို သိပ်ချစ်ခဲ့တဲ့ ယောကျ်ား တစ်ယောက် မင်းကလည်း သူ့ကို ချစ်နေတဲ့ မိန်းမတစ်ယောက် ပြောစမ်း၊ ဒါဟာဘာတွေ ဖြစ်နိုင်သလဲ"

"တော်…တော်ပါတော့၊ ရှင်ရဲ့စွပ်စွဲမှုတွေ သိပ်ကိုလွန်ပြီ၊ ကျွန်မတို့ဒီလောက် မိုက်မဲတဲ့လူတွေ မဟုတ်ဘူး၊ ရှင် ကျွန်မရဲ့ ဂုဏ်သိက္ခာတွေကို စော်ကားလိုက်တာပဲ"

"ဟာ …မစော်ကားစေချင်ရင် မင်းရင်ထဲက တွေးထားဖို့ကောင်းတယ် ဒီလိုဖြစ်မနေအောင် မင်းလုပ်ရမယ် အခုတော့"

"အခုဘာဖြစ်နေလည်း ကိုပြည့် ပြောစမ်းပါ၊ ကျွန်မရဲ့ ကိုယ်စောင့်နတ်နဲ့ ဘုရားသခင်သာ အသိဆုံးပဲ။ သူနဲ့ ကျွန်မ ရှင်းရှင်းတယ်၊ ဒါဟာ အမှန်တရားပဲ လိမ်ညာထိန်ချန်ထားမှု တစ်ခုမှမရှိဘူး"

"မယုံဘူးကွ"

"အဲဒါတော့ ကျွန်မလည်းမတတ်နိုင်တော့ဘူး ရှင်သဘောပဲ ကြိုက်သလိုဆုံးဖြတ်နိုင်တယ်၊ ကျွန်မ လုံးဝမတားဆီးဘူး ကိုပြည့်စွမ်းထွန်း"

"ဟာ ...ဟာ ...ဟာ အခုမှပဲ မင်းရဲ့စိတ်စဉ်ကို အသေအချာ သိရတော့တယ်ကွာ၊ မင်းက အခုလိုဖြစ်ချင်လို့ ကိုယ့်ကားထဲမှာ ဒီစာအုပ်ကို တမင်မေ့ချန်ထားခဲ့တာ မဟုတ်လား အခုလိုကိုယ်ဖြစ်သွားရင် မင်းနဲ့ ဟိုအကောင် အဆင်ပြေမယ်လေ"

အမလေး သူ့စကားများသည် သူမ၏မာနများ ဂုဏ်သိက္ခာများကိုအကြီးအကျယ် ဆော်ကားနေပြီ။ ငယ်ထိပ်တည့်တည့် မိုးကြိုးပစ်ခံလိုက်ရသလို သူမယိုင်ခွေ လဲကျမသွားရအောင် မနည်းထိန်းလိုက်ရသည်။

ရက်စက်လိုက်တဲ့ယောကျ်ား။ ပြောရက်လိုက်တာ သူမဟာ လုံးဝရစရာမရှိတော့လောက်အောင် ဖြစ်နေရပြီလား တကယ်တော့ သူမရဲ့ပေါ့ဆမှုပါ။ အမြဲတမ်း ဤစာအုပ် အိမ်မှာ မထားခဲ့ဘဲ တစ်ပါတည်း ယူဆောင်သွားတတ်တဲ့ အကျင့်ရှိနေသည်။

မနေ့က သူတို့နှစ်ယောက် ပြဿနာတက်နေ၍ သူ့ကိုချော့သည့်အနေနှင့် ကားထဲတွင်ဝင်ထိုင်ပြီး လွယ်အိတ်အနောက်ဆုံးတွင် ထားလိုက်မိသည်။ သူကလည်း ရှူးရှူးရှားရှားနှင့်ဆိုတော့ သူမလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေရ၏။





နောက်ဆုံး သူပြန်တော့မည်ဆိုတော့ သူမလည်း ကမန်းကတန်း ကားပေါ်မှဆင်းကာ ရယ်ရယ်မောမောနှင့် လွယ်အိတ်ကို လုံးဝသတိမထားမိဘဲ ဆင်းလိုက်သည်။

သူ့ကားပေါ် ပါသွား၏၊ သွားပြီ။ အခုတော့ ဖြေရှင်းမရတော့လောက်အောင် ဖြစ်သွားရချေပြီတည်း။

"ဒီမှာရှင်လေး မင်းသိထားဖို့က ငါ မင်းကိုသိပ်ချစ်တယ်၊ ဒါပေမဲ့ ငါမင်းကို ဘယ်တော့မှ လက်မထပ်တော့ဘူး။ မကြာခင် ငါ ဂျပန်ကို အပြီးပြန်တော့မယ်။ စေ့စပ်ပွဲကိုလည်း ငါသဘောနဲ့ ဖျက်သိမ်းတယ် အဲဒါပဲ"

"ကောင်းပါတယ် ကျွန်မသိပ်အထင်ကြီးမိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်သေးသိမ်မှုကို တွေ့လိုက်ရတာပေါ့၊ ကျေးဇူးတင်ပါတယ်"

"တောက်"

ခပ်ပြင်းပြင်း တစ်ချက်ခေါက်ပြီး ကားကိုအရှိန်နှင့် မောင်းကာ ထွက်သွားချေတော့သည်။

သူမ ရင်ထဲကခံစားမှုကို မထိန်းသိမ်းနိုင်စွာ ငိုကြွေးမိတော့သည်။ သူမအခန်းသို့ ဘယ်လိုဘယ်လိုပင် ရောက်သွားမှန်းပင်မသိတော့ချေ။ သွားပြီ သူမရဲ့အရက်သိက္ခာတွေ အဖတ်ဆယ်လို့တောင် မရတော့လောက်အောင် ဖြစ်သွားရချေပြီတည်း။

## အခန်း (၂၄)

ရှင့်ဘဝ၊ ရှင့်စိတ်ကူး၊ ရှင့်အတွေးထဲမှာ ပထမဦးဆုံး မယုံကြည်နိုင်လောက်အောင် ဝင်လာနိုင်သူဟာ သူတစ်ယောက်တည်းရှိသည်။

သူက ရှင့်ကို သိပ်ချစ်တယ်တဲ့လေ။

ရှင့်အတွက်ဆို အမြဲတမ်း လည်စင်းပေးနိုင်သတဲ့။ ကဲ စဉ်းစားကြည့်စမ်း ဘယ်လောက်များ ပျော်စရာကောင်းလိုက်သလဲကွယ် တွေးကြည့်စမ်းနော်။

ထူးဆန်းလိုက်တာ သူဟာ ရှင့်ရဲ့စိတ်ကို အတော်ကလေး စိုးမိုးနိုင်တဲ့ ယောကျာ်းတစ်ယောက်ပဲကွယ်။

ကြည့်စမ်း သူ့အကြောင်းကို ရှင် လက်ခံစဉ်းစားမိနေပြန်ပြီ





သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ။

လောကမှာ ရှင်အမုန်းဆုံးလို့ တွေးထင်တဲ့လူဟာ ရှင့်ရဲ့ မသိစိတ်ကလေးထဲမှာ အချစ်ဆုံးလူကလေးလည်း ဖြစ်နေပြန်သတဲ့လေ။

အဲ့ဒီလူကလေးက ရှင်အမြဲတမ်း ခေါ်နေမိတဲ့ "တောသား" ဆိုတဲ့ "မင်းညို့ငင်" ပဲပေါ့ကွယ်။

ရှင်ကလေ "တောသား" လို့သာ အထပ်ထပ်အခါခါ ခေါ်မိပေမယ့် သူ့ကိုလူတကာက အထင်သေးပြီး တောသားတစ်ယောက်ဆိုပြီး နှိမ့်နှိမ့်ချချ ဆက်ဆံမှာကိုတော့ မလိုလားခဲ့မိပြန်ပါဘူး။

သူ့ရဲ့ထူးဆန်းတဲ့ လက်ဆောင်လေးတစ်ခု။ သူဟာ ဘယ်လောက်များ စိတ်ကူးစိတ်သန်းကောင်းသလဲဆိုရင် ရှင်သိပ် မြတ်နိုးတဲ့ နှင်းဆီပင်တွေကို "အရှင်" ဆိုတဲ့ စာတန်းကလေး ဖော်ပြီး စိုက်သတဲ့။

နောက်ပြီး ရှင့်အခန်းအတွက်လည်း နှင်းဆီပန်းအိုးလှလှကလေးတွေ အစဉ်မပြတ် ထိုးပေးတတ်ပြန်တယ်။

မနက်တိုင်း ရှင် နေ့တိုင်းစီးဖို့ ဖိနပ်ကလေးတစ်ရံ ချွေးပြီး သုတ်ပေးထားတတ်မှုကလည်း မမေ့နိုင်စရာကလေးပဲ။

အမြဲတမ်း အမြင်ကတ်မုန်းမိတယ်ဆိုတဲ့ "ရှင်" ဟာ သူကိုယ်တိုင် တယုတယနဲ့ ကားရေဆေးပြီး ပြောင်လက်နေအောင်

တိုက်ပေးခြင်းကိုလည်း ကျေနပ်နှစ်သက်နေမိပြန်တယ်။

သူမသူ့ကို တစ်ခါတစ်ရံတော့မုန်းတယ် ဘာကြောင့်လဲဆိုတော့ သူဟာ သူမကို အမိန့်ဆန်ဆန် ပြောဆိုတတ်ခြင်းနဲ့ အတင်းအဓမ္မ ဝန်ခံခိုင်းလို့ပဲ သူဖြစ်ချင်တာ အတင်းမရရက ဖြစ်အောင်လုပ်တတ်လို့ပဲ။

သူ့ကို ပထမဆုံးအကြိမ် စတင်သဝန်တိုတတ်ခဲ့တယ်။

အဲ့ဒီနေ့က အစိမ်းနဲ့သူ အအေးဆိုင်လေးထဲမှာ နှစ်ယောက်သား ထိုင်နေတာတွေ့လိုက်ရလို့ပဲ။

ရှင် မနာလိုဖြစ်မိတယ်၊ အစိမ်းအပေါ် သူတယုတယနဲ့ ကြင်နာမှုအပေါ် ရှင် တစ်ခုခုခံစားနေရတယ်။

ရှင် ဝန်မခံချင်ပါဘူး။ သူ့ကို သိပ်ချစ်နေတာ သူသိစေချင်ပေမယ့် ဖွင့်ဟဝန်ခံဖို့ ရှင် မရဲခဲ့ဘူးလေ။

မကြာခင်မှာ မယုံကြည်နိုင်စရာ ယောကျ်ားတစ်ယောက်ကို ရှင် တွေ့ခဲ့ရတယ်။

သူဟာ သူမရဲ့ပုံစံဝင် အံဝင်ခွင်ကျ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့တယ်။ သူ့နာမည်က "ပြည့်စွမ်းထွန်း"တဲ့။

ရှင် ဘဝအတွက် အသင့်တော်ဆုံးနဲ့ နားလည်မှုအပေးနိုင်ဆုံး ယောကျ်ားတစ်ယောက်လို့ ရှင်ယူဆမိတယ်။

ပညာတတ်၊ ရုပ်ချော ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်အပြင် ငွေကြေးပြည့်စုံတဲ့ ကုမ္ပဏီသူဌေးကြီး





တစ်ယောက်။

ရှင် စိတ်ကူးထဲက အရည်အချင်းပြည့် ယောကျ်ားတစ်ယောက်ပဲ သူ့ကိုလက်ထပ်ဖြစ်အောင် ကြိုးစားရမယ်။

ရှင်ရဲ့ရည်းစားချက်တွေ ပြည့်တဲ့နေ့ပေါ့။ ရှင်ကို ကိုပြည့်က လက်ထပ်ချင်တယ်တဲ့။

ဒါဟာ ရှင်အတွက် သိပ်ကိုပျော်မနေသင့်ဘူးလား။ ဒါပေမဲ့ ရှင် တကယ် ပျော်မနေဘူးကွယ် ရင်ထဲမှာ တစ်ခုခုကို နင့်နင့်သီးသီးကြီး ခံစားနေရတယ်။

ရှင် ဘာတွေဖြစ်နေမှန်းမသိဘူး၊ သူ့ကို သတိရတယ် သိပ်တိုက်ဆိုင်တာပဲ ဒီညသန်းခေါင်ချိန်မှာ သူရောက်လာတယ်။

ရှင်ရဲ့အခန်းတံခါးလေးကို အသာကလေးဖွင့်ပြီး ရှင်ရဲ့ ခုတင်ရှေ့ကလေးမှာ ထိုင်ပြီး သူစိုက်ကြည့်နေတယ်လေ။ ပြီးတော့ ဆံပင်ကလေးတွေကို သူတယုတယကလေး သပ်တင်ပေးတယ်။

အခန်းထဲကို ခိုးဝင်လာတဲ့သူ့ကို ရှင်ဘာကြောင့် အော်မဟုတ်တာလဲ။ ဘာကြောင့် သူ့ရဲ့ကြင်နာနေတဲ့ အထိအတွေ့ ကလေးကို ရှင် သာယာနေမိတာလည်းကွယ်။

သူပြန်ထွက်သွားမှ ရှင်မျက်လုံးကလေးဖွင့်ပြီး ပြုံးနေမိတယ်။

အဲဒါကို သူကတော့ သိမှာမဟုတ်ဘူးလေ။ သူရယ် ရှင့်ကို ကျွန်မသိပ်ချစ်တယ် သိရဲ့လားဆိုတဲ့။

သူမရဲ့ စာကြောင်းကလေးကို အဆုံးသတ်ထားလေ သည်။ ရှင်လေးရေးထားတဲ့ စာရဲ့အဓိပ္ပာယ်က ရှင်းနေပြီပဲလေ။ သူမရဲ့ ခံစားချက် အစစ်အမှန်တွေပဲပေါ့။

ဟာ…ရှင်လေးရယ် ကိုယ်ထင်ထားတာထက်တောင် မင်းလေးရဲ့ အချစ်တွေက ကိုယ်ထက်တောင် ကြီးမားနေပါလား ကွာ။ ကောင်မလေးရယ် အစောကြီးထဲက မင်းသာပြတ်ပြတ်သား သား ဝန်ခံခဲ့ရင် ဒီလောက်အထိ ပြဿနာတွေတက်လာမှာ မဟုတ် ဘူး။

အခုတော့ မင်းကလေး သိပ်ခံစားနေရပြီပေါ့။ ကိုယ် တကယ် စိတ်မကောင်းပါဘူးကွာ။ ရှင်အိမ်မက်နဲ့ ကိုပြည့်စွမ်းထွန်း တို့ရဲ့ စေ့စပ်ပွဲအခမ်းအနားက မထင်မှတ်စွာ ပျက်သွားလေသည်။ သူမကလေးလည်း ရှက်ပြီး အခန်းအပြင် မထွက်တော့ချေ။

ရှင် သိပ်လိုချင်တဲ့ ရင်ခွင်တစ်ခုကိုပစ်ပြီး ရှင်မလိုချင်တဲ့ ရင်ခွင်တစ်ခုထဲ တိုးဝင်မိတဲ့ အသက်မဲ့ နှလုံးသားတစ်ခုအတွက် နောင်တမရမိတာဟာ တစ်ချိန်ချိန်မှာ ခံစားလာရမယ့် အကျိုးဆက် ကို သိသိကြီးနဲ့ မိုက်မဲမိတဲ့အတွက် နောင်တတွေရမိခဲ့တယ်။

ဒါပေမဲ့ အဲ့ဒီအမှားကိုပဲ "ရှင်" ဟာ တစ်သက်လုံး သေဆုံးတဲ့အထိ ခေါင်းမာစွာပဲ ပိုက်ထွေးထားတော့မယ် သိလားတဲ့။

ရှင်လေးရယ် အခု မင်းဒါတွေအတွက် ဆက်ပြီးဟန်ဆောင် နေစရာ မလိုတော့ပါဘူးကွာ။ မင်းအနားမှာကိုယ်ဟာ အားဆေး





ဖော်ကလေးအဖြစ် အမြဲတမ်းရှိနေတော့မယ်။ မင်းရဲ့အချစ်တွေ အတွက် ကိုယ်ဟာမင်းအတွက် အမြဲပေးဆပ်နိုင်တဲ့ လူတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်ဆိုတာ မင်းလေး ယုံကြည်ထားစမ်းပါကွယ်။

ရှင်လေးရယ်…

မင်းအခုတော့ ကိုယ့်ကိုချစ်တယ်ဆိုတာ ဝန်ခံရပြီပေါ့နော်။ ဒီဒိုင်ယာရီလေးက မင်းအတွက် အကောင်းဆုံးသက်သေကလေး ပေါ့ကွာ။

သူမကလေးက သူ့ကိုလုံးဝအတွေ့မခံ။ ဒယ်ဒီ သွားပြီး ချော့မော့နေသည့်အတွက် အနည်းငယ်စိတ်ပြေကာ သူမရှိသော အချိန်များတွင် အခန်းအပြင်ဘက်သို့ ထွက်တတ်လေသည်။

သူကလည်း အလိုက်သိစွာ သူမအနေချောင်စေရန် အလုပ် ကို အစောကြီးကထဲက အလျင်ဦးအောင်သွားပြီး မိုးချုပ်အိပ်ရာဝင် ခါနီးမှပဲ ပြန်လာခဲ့သည်။ သူမမျက်နှာ ပူမှာစိုး၍ဖြစ်သည်။

မကြာခဏဆိုသလို…

ရှင်အိမ်မက်၏ သူငယ်ချင်းများဖြစ်သော အစိမ်းနှင့် အပြာ တို့လည်း ရောက်လာတတ်ကြပြီး သူမစိတ်ပြေစေရန် နည်းအမျိုးမျိုး နှင့် ချော့မော့ကာ ရွှင်ရွှင်လန်းလန်းနေဖို့ စီးပွားရေးလုပ်ငန်းများ ကိုလည်း ပြန်ပြီးဦးစီးနိုင်စေဖို့ တိုက်တွန်းနေကြသည်။

"သမီးလေး"

"ရှင်"

"လာပါဦးကွယ် ဒက်ဒီ သမီးကို ပြောစရာရှိလို့"

"ပြောပါ ဒက်ဒီ"

"အခုချိန်မှာ သမီးလေးက တစ်ချိန်လုံးစိတ်ညစ်နေတော့ တစ်ခုစဉ်းစားမိတယ်။ သမီးလေးက မင်းညို့ငင်ကို သိပ်မုန်းတယ် မဟုတ်လား။ အဲဒီတော့ သမီးလေးရဲ့ စိတ်ချမ်းသာရေးကိုပဲ ဒက်ဒီ အခုအချိန်မှာ ထည့်စဉ်းစားနိုင်မယ်၊ သူ့စိမ်းအတွက်တော့ တရား ချင်မှ တရားမှာပေါ့ကွယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ မောင် မင်းညို့ငင်ကို ကုမ္ပဏီက ကောင်မလေးတစ်ယောက်နဲ့ နေရာချပေး မလို့ အဲ့ဒါသမီးဘယ်လို သဘောရသလဲ"

"ရှင် …ဟို…ဟို"

"ပြောပါသမီး အားမနာပါနဲ့၊ အခုလည်း သူ့မျက်နှာတောင် မမြင်ချင်တော့ဘူးဆိုပြီး ရှောင်နေရတဲ့ဒုက္ခလည်း ငြိမ်းသွားအောင် ပေါ့ကွာ"

"ဟို …ရှင်လေးက သူ့ကိုမမြင်ချင်ဘူးလို့ မပြောမိပါဘူး ဒယ်ဒီ"

"မင်းညို့ငင်ရဲ့ အသက်အရွယ်အရ တည်ငြိမ်တဲ့ မိသားစု ဘဝကလေး တစ်ခုတော့ ရှိသင့်ပြီလေ။ ဒါကြောင့် သင့်တော်တဲ့ မိန်းကလေးတွေ့တုန်း မင်္ဂလာကိစ္စကို စီစဉ်မလို့"

"သူကရော ဘယ်လိုသဘောရလဲဟင် ဒက်ဒီ"

"သူကဘာသဘောရမှာလဲ၊ ဒက်ဒီစီစဉ်တာ နာခံရမှာ





ပေါ့၊ သမီးလေးရဲ့ သဘောပဲပြောပါ။ သမီးခေါင်းတစ်ချက် ညိတ် လိုက်တာနဲ့ အစီအစဉ်စလိုက်တော့မယ်"

ဒက်ဒီစကားကြောင့် ရှင်အိပ်မက်ရင်ထဲ ဝမ်းနည်းကြေကွဲ စွာ လှိုက်ခါသွားရသည်။

"အတင်းအကြပ်ကြီးတော့ မလုပ်ပါနဲ့ ဒယ်ဒီရယ် သူ့ သဘောကိုလည်း မေးကြည့်ပါဦး၊ သမီးကြောင့်နဲ့တော့ သူ့ကို ဒုက္ခထပ်မပေးပါရစေနဲ့တော့"

"သမီးလေးရယ် ဒါဆိုလည်း ဘာကြောင့် မင်းညို့ငင်ကို တွေ့တာနဲ့ အခန်းထဲက မထွက်ဘဲ ဘာကြောင့်နေရတာလဲ၊ သူက လည်း ဒယ်ဒီကိုပြောပါတယ်၊ ရှင်အိပ်မက်က သူရှိနေတာ မကြိုက် ဘူးဆိုရင် ဒက်ဒီစီစဉ်တဲ့အတိုင်းပဲ အဲဒီကောင်မလေးကို လက်ထပ် ပါတော့မယ်တဲ့လေ။ ဒက်ဒီမှာလည်း တာဝန်ရှိနေတော့ လုပ်ပေး ရမယ်သမီး၊ ဒက်ဒီအသက်သခင် ကျေးဇူးရှင်ရဲ့သားအတွက် ဒက်ဒီ ပေးဆပ်ရမယ်။ မောင်မင်းညို့ငင်ရဲ့ အဖေပေးတဲ့အသက်နဲ့ ဒက်ဒီ အခုလို ရပ်တည်နေခဲ့ရတာလေ။ ဒါကြောင့် ဒက်ဒီတာဝန် ကျေချင် တယ်သမီးရယ်"

"သူ…သူကရော ဒက်ဒီလက်ခံရဲ့လား"

"အင်း"

"အို…ဒါဆို ရှင်ကို ဘာလို့လာတိုင်ပင်နေရသေးလည်း ဒက်ဒီ၊ အားလုံးစီစဉ်ပြီးသားဆိုရင် ဆက်လုပ်တော့ပေါ့။ သူလက်ခံ

ပြီး ကျေနပ်ဖို့က အဓိကပဲ၊ သူ အဲ့ဒီမိန်းကလေးကိုရော တကယ် ချစ်လို့လား"

"ချစ်တယ်လို့ပြောတာပဲ သမီးရယ်၊ သူ့အသက်မကချစ်တာလို့ပြောတာပဲ၊ ဒါကြောင့်လည်း ဒက်ဒီက စီစဉ်ပေးခဲ့တာပေါ့"

"ဒါဆိုလည်းပြီးတာပဲ ဒက်ဒီရယ်၊ ဒါပဲမဟုတ်လား သမီး သွားတော့မယ်"

"အေး... အေး သမီးလေးလည်း အနားယူဦးနော် နောက်တစ်ပတ်ထဲမှာ မင်္ဂလာဆောင်ကိစ္စကို ဒက်ဒီအမြန်ဆုံးစီစဉ်ပြီး မောင်မင်းညွှင့်ကို မိန်းမပေးစားမယ်သိလား၊ သမီးလေး စိတ်ချမ်းချမ်းသာသာ နေပေတော့၊ ကြားလား သမီး၊ သူ့ကိုခေါ်မွေးစားမိလို့ သမီးကိုပြစ်ထားမိသလို ဖြစ်ခဲ့ရတာတွေ တွေးမိတိုင်း စိတ်မကောင်းဘူးသမီးရယ်"

သူမဘာမှမပြောတော့ဘဲ ဒယ်ဒီရှေ့မှ ထွက်ခဲ့တော့သည်။ သူ အိမ်ထောင်ပြုတော့မယ်တဲ့။

သူမကို အပြီးတိုင် စွန့်ခွာသွားတော့မယ်ပေါ့လေ။ ဒက်ဒီကလည်း၊ သူ့အသက်သခင် ကျေးဇူးရှင်ရဲ့ သားဆိုပြီး အတိုးချကာ ပြန်ပေးဆပ်ချင်နေသည်။ သူမဘာကိုသွားပြီး ကန့်ကွက်ရတော့မလည်း သူမတုန်းကလည်း သူမစိတ်ကြိုက် လုပ်ဆောင်ခဲ့တာပဲ မဟုတ်လား။





သူ့ဘက်က တရားမျှတပါတယ်လေ။ သူ့ဘက်က လုံးဝ မလွန်ပါဘူး။ သူမကသူ့ကို အစောကြီးကတည်းက စွန့်ပစ်ပြီးသားပဲ။ သူနဲ့သူမက ဘာမှမဆိုင်တော့ သူမဘာပြောလို့ရမှာလဲ။

ရှင်ရယ် သိပ်ရက်စက်တာပဲ။ ရှင်လေးလေ ရှင့်ကိုသိပ်ချစ်တယ်ဆိုတာ ရှင်အသိဆုံးပါ။ ကိုပြည့်စွမ်းထွန်းနှင့် သူမတို့စေ့စပ်ပွဲပျက်သွားရတာလည်း သူကြောင့်ပဲဆိုတာ သူသိနေမှာပါ။ ရှင်လေးကို တမင်သက်သက် လက်စားချေလိုက်တာပေါ့။

သူမသိပါသည်။ ထိုမိန်းကလေးကို သူ့အသက်လောက် ချစ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ သူမကို စိတ်ချမ်းသာစေချင်လို့ အဲ့ဒီမိန်းကလေးကို သူ မဖြစ်မနေလက်ထပ်မှာပါ။

သူမဘာလုပ်ရမလဲ။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာရတော့သည်။ ဒါဟာ သူမရဲ့အဖော်ပဲ မဟုတ်လား။ သူမသိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို မကြာခင် သူမ အပြီးတိုင် ဆုံးရှုံးရပေတော့မယ်။

ကံကြမ္မာရယ် ရှင်အိပ်မက်ဆိုတဲ့ မိန်းမတစ်ယောက်ကို နည်းမျိုးစုံနဲ့ ဒဏ်ခတ်နေတာများလားကွယ်။ အကောင်းဆုံး လက်စားပြန်ချေနေတာလားရှင်၊ ရှင်လေးလေ တကယ့်ကို ခံနိုင်ရည် မရှိတော့ဘူးသိလား။

## အခန်း (၂၅)

သူမဘဝတွင် တစ်ခါမှ မျှော်လင့်မထားခဲ့မိသော ဖြစ်ရပ်တစ်ခုကို လက်တွေ့ကျကျ ရင်ဆိုင်လာရသောအခါ အရမ်းတုန်လှုပ်ချောက်ချားသွားမိသည်။ ၃ူမကို သိပ်ချစ်ရပါသည်ဟု အထပ်ထပ်ဝန်ခံမိသော ယောကျ်ားတစ်ယောက်ရဲ့ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးတွင် သူ၏သတို့သမီးအရံကလေးအဖြစ် တက်ရောက်ပေးရတော့မည်ဖြစ်သည်။

သူမဘယ်လိုမျက်နှာမျိုးနှင့် ဘယ်လိုနှလုံးသားမျိုးနှင့် ဒီပွဲကိုတက်ရမှာလဲ။ အမှန်ဆို ဤပွဲကလေးဟာ သူမ၏အသည်းနှလုံးကို ဓားနှင့်အမွှန်းခံလိုက်ရသော မာယာရှင်ကလေး၏ အကြီးအကျယ် ရှုံးနိမ့်ပြီလဲခန်းကလေးပဲ။





သူကတော့ အသိမိတ်ဆွေ ဆွေမျိုးသားချင်းစာရင်းဝင် အဖြစ် သတ်မှတ်ထားလေရဲ့။ မျက်ရည်ဝဲဝဲနှင့် လက်ခုပ်တီးအားပေးရမည့်သူ အဖြစ်က ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သလဲကွယ်။

"သမီးရေ ... ဒေါက် ...ဒေါက် ... ဒေါက်"

တံခါးခေါက်သံနှင့်အတူ ဒက်ဒီအသံ ကြားလိုက်ရသဖြင့် မျက်ရည်များကို ကပျာကယာ သုတ်လိုက်ရသည်။ အခုလောက်ဆို အားလုံးပြင်ဆင်ပြီးနေ လောက်ရောပေါ့။ တစ်အိမ်သားလုံး တက်ကြွနေသလောက် သူမတစ်ယောက်သာ ငေါင်စင်းစင်းကြီး ဖြစ်နေရသည်။

"ဒက်ဒီ"

"ဟောဗျာ အခုထိလည်း မပြင်ဆင်ရသေးပါလား၊ မင်္ဂလာအချိန်နီးနေပြီကွ ပြင်ဆင်တော့လေ၊ ဒက်ဒီတို့သားအဖ သူ့ရဲ့ ဘဝလေးစိုပြည်အောင် အကောင်းဆုံး လုပ်ပေးလိုက်ကြစို့ ရှင်လေးရယ်"

"ဟုတ်ကဲ့ပါ ဒက်ဒီ၊ အားလုံးအဆင်သင့်ဖြစ်ရင်တော့ သမီးပြင်ဆင်ပါ့မယ်၊ မကြာပါဘူးဒယ်ဒီ၊ ဒက်ဒီ စိတ်သာချပါ။ ရှင်လေး ဒက်ဒီ့ဆန္ဒကို ဖြည့်ဆည်းပေးမှာပါဒက်ဒီ"

"အေး... အေး၊ ကျေးဇူးပါပဲ သမီးရယ်၊ ဒက်ဒီသမီးက

လိမ့်မှာပါတယ်၊ ဒါဆို သမီးလေးနောက်မှပဲ မောင်မင်းညို့ငင်ရဲ့ကားနဲ့ လိုက်ခဲ့တော့နော်၊ ဟိုမှာ ညှိခံစရာရှိသေးတော့ ဒက်ဒီ အရင်သွားနှင့်မှဖြစ်မယ်၊ ပြင်ဆင်ပြီး လာကြနော်သမီး"

"ဒက်ဒီ…ဟို…ဟိုလေ၊ ကဲပါ ပြင်တော့ အေးဆေးမှ လိုက်ခဲ့ကြားလားသမီး၊ နောက်ကျနေပြီ ဒက်ဒီသွားတော့မယ်။ မောင်လုံးရေ …မောင်လုံးရေ"

သူမကိုပြောပြီးတာနှင့် အခန်းထဲ ကကပျာကယာထွက်ကာ ဒရိုင်ဘာ မောင်လုံးကို အော်ခေါ်နေတော့သည်။

"ဗျာ … ဆရာ၊ ကျွန်တော် ရှိပါတယ်"

"အဆင်သင့်ဖြစ်ရင် သွားကြမယ်ဟေ့"

"ဖြစ်ပြီဆရာ သွားလို့ရပြီ"

"အေး … အေး၊ ဒက်ဒီ သွားပြီသမီး"

ရှင်လေး တားချိန်တောင် မရလိုက်။ ဒက်ဒီက သုတ်သီးသုတ်ပျာနှင့် အောက်ထပ်သို့ ဆင်းသွားချေပြီတည်း။ ရှင်အိပ်မက်တစ်ယောက် အူတူတူကျန်နေခဲ့ရ၏။ စိတ်ညစ်လိုက်တာ သေသာသေပြစ်လိုက်ချင်တော့တာပါပဲ။ သူမဘာလုပ်ရမလဲ သွားပြီ။ သူနဲ့ သူမဘယ်လိုမှ မဆုံနိုင်တော့မည့် လမ်းတစ်ခုကို ကျောခိုင်းဆက်လျှောက်ဖို့ ဆုံးဖြတ်လိုက်လေပြီတည်း။ အခုမှ သူမ အကြီးအကျယ် နောင်တတွေ ရနေမိသည်။

"ဒေါက် … ဒေါက်"





တောက်ခေါက်ပြန်ပြီ။ စိတ်တိုတိုနှင့် တံခါးကို ဖွင့်ပေးလိုက်တော့ အခန်းပေါက်ဝတွင် မင်းညို့ငင်က မားမားကြီးရပ်နေ၏။ သူမကိုကြည့်ပြီး အံ့သြဟန်ကလေးနှင့်အတူ မျက်စိမျက်နှာလေး ပျက်သွားသည်။

"ရှင်လေး အခုထိမပြင်ဆင်ရသေးဘူးလား၊ အချိန်နီးနေပြီကွ၊ မင်းဘာလုပ်နေတာလဲ ပြင်ဆင်တော့လေ ရှင်လေး"

"မပြင်ဘူး ကျွန်မမလိုက်ချင်တော့ဘူး မင်းညို့ငင်"

"ဟာ …မလိုက်လို့ ဘယ်ဖြစ်မှာလဲ၊ မင်းကို လူတွေက စောင့်ကြည့်နေကြတာ၊ ဒါဘာဖြစ်သွားမလဲ၊ မင်းအခုမှ ငါ့ မင်္ဂလာဆောင်ကို ဖျက်ဆီးပစ်တော့မှာလား မင်း တမင်လက်စားချေတာလား၊ မင်းရဲ့ မင်္ဂလာပွဲပျက်သွားလို့ တမင်မင်းပြန်လုပ်တာလား"

"မဟုတ်ဘူး … မဟုတ်ဘူး၊ မင်းညို့ငင် ရှင်အထင်မလွဲပါနဲ့၊ ကျွန်မမှာ ဒီလိုအောက်တန်းကျတဲ့စိတ် လုံးဝမရှိဘူးသိလား၊ ရှင်ရဲ့စကားတွေကို အခုချက်ချင်းပြန်ရုပ်သိမ်းပေးပါ မင်းညို့ငင်၊ ရှင်ထင်သလို မဟုတ်ဘူးရှင့်၊ အဟင့် … ဟင့်"

"ဟာ…ဆောရီး ဆောရီး၊ ရှင်လေး မငိုပါနဲ့ကွာ။ ဆောရီးနော်၊ ကိုယ့်စိတ်တွေ အရမ်းလောသွားတယ် ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်စကားမှားသွားတယ်၊ ရှင်လေးအလှပြင်ဖို့ အလှပြင်ဆရာမကို ခေါ်လိုက်တော့မယ်နော်။ မင်းလိုက်ခဲ့ပေးပါ

ရှင်လေးရယ်"

"ကောင်းပြီ ကျွန်မကို ရှင်ဒီလောက် လိုက်စေချင်မှာတော့ ရှင်ဆန္ဒကို လိုက်လျောရမှာပေါ့ မင်းညို့ငင်ရယ်"

"ကျေးဇူးပဲ ရှင်လေး၊ ကိုယ် အလှပြင်ပေးဖို့ လွှတ်လိုက်တော့မယ်နော်"

သူ လှည့်ထွက်သွားချေပြီတည်း။

မင်းညို့ငင်ရယ် အခုအချိန်မှာ ရှင်သာ ပျော်ရွှင်ကျေနပ်မယ်ဆိုရင် ကျွန်မ ဘာမဆိုလုပ်ပေးဖို့ အသင့်ပါပဲရှင်။ အဲဒါ ရှင့်ကိုသိပ်ချစ်လွန်းလို့ ရှင်ဆန္ဒအတိုင်း ကျွန်မ သတို့သမီးအရံလေး အဖြစ် ရှင်ရဲ့သတို့သမီးလေး နောက်ကနေ ရှိနေပေးပါ့မယ်ရှင်ရယ်။

"ဟယ်···လှလိုက်တာကွယ်"

"ညီမလေးက သိပ်တောင်မပြင်ဆင်ရသေးဘူး တအား ကိုလှနေတာပဲ၊ ဒါကြောင့် သတို့သားလောင်းက ပျာယာခတ်နေ တာကို"

"ရှင်"

အလှပြင်ပေးတဲ့ မာမီကြီးဆီက မဖုံးနိုင်မဖိနိုင်ထွက်ကျ လာသော စကားသံလေးကြောင့် ရှင်အိပ်မက် မျက်လုံးပြူးဝိုင်း သွားရ၏။

"ဘာဖြစ်လို့လဲ ညီမလေးရဲ့"

"အစ်မဘာတွေ ပြောနေတာလဲ၊ ကျွန်မက သတို့သမီး





အရံလုပ်မှာ သတို့သမီးက သက်သက်ရှိတယ်အစ်မ"

"ဟောတော့ ···အဲ့ဒါမှဒုက္ခ မာမီများနားကြားလွဲသလား ဟင်၊ အစ်မကို သတို့သမီးပြင်ပေးပါဆိုပြီး မင်းညို့ငင်က လာခေါ် လို့ လာပြင်ပေးတာလေ၊ ဘယ်လိုတွေဖြစ်ကုန်ကြရတာလဲ၊ မာမီ ကြီးတောင် မျက်စိလည်ချင်နေပြီ"

"အဲတော့"

ဒါ ···· ဒါဟာ ဘယ်လိုဖြစ်ရတာလဲ။

သူမစိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားသွားရသည်။ ရင်ခုန် သံတွေလည်း တထိတ်ထိတ် ခုန်မြန်လာရ၏။

သူမ အခြေအနေမှန်ကို ရိပ်မိလိုက်တာမို့ မျက်နှာလေးကို တည်ပြီး တင်ထားလိုက်သည်။ ပြီးနောက် အကြံအစည်တစ်ခုကို ခပ်မြန်မြန်ထုတ်လိုက်၏။

"အစ်မ ကိုမင်းညို့ငင်ကို သွားပြောလိုက်ပါ ခေါင်းမူးလို့ ကျွန်မ မလိုက်နိုင်တော့ဘူးလို့၊ နော် အစ်မ၊ သူ့ကို အခုပဲသွားပြော ပေးပါ"

"ဟော···ဟဲ့···အခုပဲအကောင်းကြီးရှိသေး"

"သွားပါဆို···အစ်မကလည်း"

"သြော် ···အေး···အေး၊ မာမီကြီး သဘောပေါက်ပြီ ဟီး···ဟီး"

"ဟွန်း"

မင်းညို့ငင်နဲ့ ဒက်ဒီတို့ရဲ့ အစီအစဉ်ပဲဖြစ်မည်။ ကြည့်စမ်း ဒီလောက် ဝမ်းသာစရာကောင်းလွန်းတဲ့ အကြောင်းကို သိဝှက်ပြီး သူမကို စိတ်ဒုက္ခရောက်အောင် တမင်သက်သက် လုပ်ကြတဲ့လူတွေ တွေ့မယ်လေ၊ ဟင်း ... ဟင်း။

ဒေါက် ... ဒေါက် တံခါးခေါက်သံကြောင့် အိပ်မက် ခေါင်းလေးဆတ်ခနဲ ထောင်မတ်သွားရသည်။ သူလာပြီလေ။

ဒီတစ်ခါတော့ အရမ်းကို ဒေါပွနေပုံရသည်။ တံခါး ခေါက်သံက ပြင်းထန်နေ၏။

"ရှင်လေး ... ရှင်လေး၊ မင်းတံခါးဖွင့်စမ်း အထဲမှာရှိ တယ်ဆိုတာ ကိုယ်သိနေတာပဲ၊ မင်းဟာလေ ကိုယ့်ကို အင်မတန် စိတ်သောက ရောက်အောင်လုပ်တဲ့ မိန်းကလေးပဲ၊ တံခါးဖွင့်စမ်း မင်းတမင်သက်သက် ဟန်ဆောင်နေတာ ကိုယ်သိတယ် ရှင်အိပ် မက်"

"ကျွို"

သူမအခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

"ဘာတွေအော်နေတာလဲ၊ ဘာတွေလာပြောနေတာ လဲရှင့်"

"ဟ ...ဘာတွေပြောနေရမှာလည်းကွ မင်္ဂလာချိန်နီးနေ ပြီ၊ ကြည့်စမ်း ပြင်ဆင်ပြီးကာမှ သူများစိတ်ညစ်အောင် တော်တော် ပြဿနာရှာတယ်၊ ခေါင်းကိုက်လို့ မင်္ဂလာပွဲ မလိုက်နိုင်ဘူးဆိုတာ





ဘာသဘောလဲကွဲ"

"ဘာဖြစ်လဲ၊ ပြင်ဆင်ပြီးလည်း ကျွန်မလိုက်ချင်မှ ဖြစ်တာပဲ ခေါင်းရှုပ်လာပြီ မလိုက်ချင်တော့ဘူး၊ ရှင့်ဘာသာပဲရှင် သွားတော့"

"ဟ ...မလိုက်လို့ဖြစ်မလားကွ၊ လူတွေက ဘယ်လို ထင်ကြမလဲ"

"ဘယ်လိုထင်ထင် ကျွန်မဂရုမစိုက်ဘူး မင်းညို့ငင် ကျွန်မ မလိုက်ဘူး"

" မင်း တမင်ကပ်နေတာ မဟုတ်လား၊ ရှင်လေး"

"ကပ်နေရအောင် ဘာရမှာမို့လို့လဲ၊ လုံးဝမလိုက်ဖို့ ဆုံးဖြတ်ထားပြီပြီ၊ မလိုက်နိုင်ဘူး မင်းညို့ငင်"

"မင်းမလိုက်လို့ မဖြစ်ဘူးလို့ ပြောနေတယ်မို့လား ရှင်အိပ်မက်"

အဲ ...သူ့မျက်နှာ အကြီးအကျယ် ပျက်နေတာကိုကြည့်ပြီး ရှင်အိပ်မက်စိတ်ထဲမှာ အရမ်းကိုရယ်ချင်သွားမိသည်။ သူမ သူ့ကို ကျောခိုင်းကာ တံခါးကို ပိတ်ဖို့ကြိုးစားလိုက်တော့ သူကတံခါးကို လက်နှင့်အတင်းတွန်းကာ သူမအခန်းထဲဝင်လာ၏။

"ရှင်လေး"

"ဟော"

"မင်းမပါရင် ကိုယ်က မင်္ဂလာဆောင်မှာ သတို့သမီးမပါ

ဘဲ တစ်ယောက်တည်း ဘယ်လိုသွားဆောင်ရမှာလည်းကွာ"

"ဘုရားရေ…ဒါဆိုရင် ကျွန်မက"

"မင်းလေးက ကိုယ့်ရဲ့သတို့သမီးကလေးပေါ့ကွာ၊ ဘယ်သောအခါမျှ ကိုယ့်ရင်ထဲက ပြောင်းလဲမသွားတော့မယ့် ကိုယ့်အချစ်ဆုံး သတို့သမီးလေးပါကွာ၊ အဲဒါကြောင့် မင်းလိုက်ခဲ့ပေးပါနော် ရှင်လေး"

မင်းညို့ငင်ရဲ့ တောင်းပန်တိုးလျှိုးသံလေးတွင် စိုးရိမ်မှုတွေ ဘယ်လောက်ထိ ပါဝင်နေမှန်း သူမရိပ်မိသည်။ ဒါကြောင့် သူမထစ်ပြီး သူ့ကိုစနောက်မနေချင်တော့ပါချေ။

"မင်းကိုကြိုတင် အသိမပေးထားမိတာက မင်းဟာ အင်မတန် ဟန်ဆောင်ကောင်းပြီး ခေါင်းမာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လို့ စိတ်ထဲက မပါပေမယ့် မင်းလေး တဖွတ်ထိုး ငြင်းဆန်မယ်ဆိုတာ ကိုယ်တွက်ထားမိလို့ အခုလိုမထင်မှတ်ဘဲ လုပ်လိုက်တာပါ။

အဲဒါဟာ မင်းလေးကို သိပ်ချစ်တယ်ဆိုတာ မင်းလေးယုံကြည်ထားလိုက်စမ်းပါကွယ်။ မင်းလေးနဲ့ ကိုယ် ဝေးသွားမှာ ဘယ်လိုမှလက်မခံနိုင်ဘူး ရှင်လေးရယ်၊ မင်းလေးရဲ့ ဒိုင်ယာရီစာအုပ်ထဲမှာ ရေးထားတဲ့ မင်းလေးရဲ့ ခံစားချက်တွေကိုဖတ်ပြီး ကိုယ်လေဖော်မပြနိုင်လောက်အောင် ဝမ်းသာမိတယ်။ မင်းကို တစ်မျိုးထင်ပြီး စွပ်စွဲပြောဆိုမိတဲ့ ကိုယ့်ရဲ့အပြစ်တွေကို ကိုယ်ပြန်ပြီး စိတ်မ





ကောင်းဖြစ်ရတယ်။ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါ ရှင်လေးရယ်"

မင်းညို့ငင်ရယ် ကျွန်မဘဝမှာ ဘယ်လိုမှငြင်းပယ်လို့ မရတော့လောက်အောင် ချစ်မိသွားရတဲ့ ယောကျာ်းတစ်ယောက်ဟာ မင်းညို့ငင်ဆိုတဲ့ ယောကျာ်းတစ်ယောက်ပါပဲကွယ်။ ကျွန်မ ညာပါဘူး။ ကျွန်မရှင့်ကို ဝန်မခံခဲ့ပေမယ့် ကျွန်မကိုယ် ကျွန်မတော့ လိမ်ညာလို့ မရခဲ့ပါဘူးကွယ်။

ကျွန်မကိုယ်တိုင်လည်း ရှင့်ကိုချစ်နေမိပါပြီ။

"ကျွန်မအရင်က ရှင်အိပ်မက် မဟုတ်တော့ပါဘူး မင်းညို့ငင်ရယ်"

"ဟာ …ဝမ်းသာလိုက်တာ ရှင်လေးရယ်၊ ဒါဆို ကိုယ့်ကို အရင်ကလို မုန်းတီးနာကြည်း မနေတော့ဘူးပေါ့နော် ဟုတ်လား ရှင်လေး"

မင်းညို့ငင်တစ်ယောက် အားမလိုအားမရနိုင်စွာ သူမကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ပွေ့ဖက်ထားလိုက်မိသည်။ သူမကလေးထံတွင် မာန်မာနများ ရှိမနေတော့ပါ။ ဂုဏ်ပကာသနများ ရှိမနေတော့ပါ။ ဟန်ဆောင်ခြင်းကင်းသော ပကတိရိုးစင်းစွာ သူ့ရင်ခွင်ကလေး အတွင်းသို့တိုးဝင်ကာ သူ့ခါးလေးကို ပြန်လည်ဖက်တွယ်ထားလေတော့သည်။

ရှင်လေးရယ် အရမ်းပဲကျေးဇူးတင်တယ်ကွာ။

"တူး … တူး"

ထိုစဉ် သူမအခန်းတွင်းမှ တယ်လီဖုန်းသံမြည်လာသဖြင့် ကောက်ကိုင်လိုက်တော့ ဖုန်းဆက်သူမှာ သူမကလေး၏ ချစ်လှစွာသော ဖခင် ဦးမင်းယံပင် ဖြစ်နေတာမို့ နှစ်ဦးသား ပြိုင်တူပြုံးမိကြ၏။

မင်္ဂလာအခမ်းအနား အချိန်နီးနေပြီဖြစ်၍ သူမတို့ကို လာခဲ့ကြဖို့ လှမ်းသတိပေးကာ ခေါ်နေခြင်းဖြစ်သည်။ ဒီတစ်ခါတွင်တော့ တယ်လီဖုန်းထဲမှာ ကြားရသော ဒက်ဒီရဲ့ အသံကလေးသည် ရွှင်လန်းတက်ကြွလို့ နေချေသည်။ သူအဖြစ်စေချင်ဆုံး ဇာတ်လမ်းကလေးတစ်ပုဒ်ကို ပေါ့ပါးလှပစွာ ကပြသွားနိုင်ခဲ့ချေပြီ။

အဲ့ဒီအတွက် ဒက်ဒီ ကျေနပ်မည်ပဲပေါ့လေ။

"ကဲ…ရှင်လေး"

"ပြောလေ တောသားရဲ့"

"ဟာကွာ…ဘယ်လိုကြီးခေါ်လိုက်တာလဲ"

"သြော် …ရှင်က တောသားမဟုတ်လို့ဘာလဲ၊ တောသားခေါ်ပြန်ပြီ"

"ကဲကွာ…အဲ့ဒီလောက်တောင်ခေါ်ချင်ဦး"

"အို …တောသားနော် တောသား"

သူမ အသံကလေးဆက်ပြီး မထွက်လာနိုင်တော့ပါ။ အခန်းကလေးထဲတွင် အားလုံးသည် တိတ်ဆိတ်ငြိမ်သက်လို့ နေ





ချေတော့သည်။ ဖူးသစ်စ ပန်းကလေးတစ်ပွင့်လို သူမ၏ အလှတရားများ အစွမ်းကုန်ဖွင့်ကာ လှပနေချေသည်။

သူမကတော့ ရင်ကလေးတထိတ်ထိတ်နဲ့ပဲ သူ့ရဲ့ညင်သာသော အနမ်းကလေးတွေအောက်မှာ မိန့်မောလို့နေမိလေရဲ့။ ချစ်သူရယ် ရှင်ဟာကျွန်မအတွက်တော့ အမြဲရင်ခုန်စေခဲ့တဲ့ ယောကျာ်းကလေးပါကွယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်ကျွန်မကို စွန့်ခွာသွားဖို့ စိတ်မကူးလိုက်ပါနဲ့နော်။ ကျွန်မလေ ရှင်နဲ့ ဝေးသွားရမှာလောက် သေလောက်ကြောက်တာ မရှိတော့ပါဘူးကွယ်၊ ချစ်သူရဲ့ လက်အတွင်းကိုပဲ အချစ်ပန်းလေးတွေ ထာဝရ ကြွေဆင်းခွင့်ပြုပါတော့နော်။

သူမ သူ့ရဲ့လက်မောင်းကလေးကို ခပ်ပိုင်ပိုင်နိုင်နိုင်ကလေးချိတ်ပြီး လှေကားထစ်တွေပေါ်မှ တစ်ထစ်ချင်းနင်းကာ အောက်သို့ ဆင်းလာခဲ့မိသည်။ သိပ်ကိုလှပပြီး ကျက်သရေရှိလွန်းတဲ့ သတို့သား သတို့သမီးစုံတွဲလေးကို မင်္ဂလာကားလှလှကလေးက သယ်ဆောင်ဖို့ အသင့်ပင်စောင့်ကြိုနေလေရဲ့။

မင်းညို့ငင်တစ်ယောက် ပီတိဝေဖြာတဲ့ အပြုံးကလေးနဲ့ သူမကလေးကို စိုက်ကြည့်ပြီး လက်မောင်းမှာ ချိတ်ထားသော သူမကလေး၏ လက်ချောင်းလှလှကလေးများကို အုပ်မိုးကာ ဖျစ်ညှစ်မိသည်။ သူ့ဦးခေါင်းကလေးနှင့် သူမ၏ခေါင်းကလေးကို

ခပ်ဖြည်းဖြည်းကလေး လာတိုက်မိ၏။

သိပ်ချစ်စရာကောင်းတဲ့ မျက်စောင်းလှလှလေးတစ်ခု သူ့ဆီ ဒိုင်းခနဲရောက်လာ၏။ ကြည်နူးစွာပင် မင်းညို့ငင် ပြုံးလိုက်မိသည်။

အခုအချိန်မှာတော့ သူမရဲ့ရင်ထဲက မာန်မာနမိုးသက်မုန်တိုင်းတို့ ကင်းစင်ပြီး ရင်တစ်ခုလုံးသည် ရှင်းလင်းကြည်လင်လို့နေချေသည်။

ရှင်ရယ် ရှင့်အတွက်ဆို ကျွန်မလည်းအချိန်မရွေး လည်စင်းပေးနိုင်တဲ့ မိန်းမကလေးတစ်ယောက်အဖြစ် မကြာခင်မှာ ခံယူဖို့ ဆုံးဖြတ်လိုက်ပြီ။ အဲ့ဒါကို ရှင်ကလေးသာသိရင် ဘယ် လောက်များ ဝမ်းသာကြည်နူးလိုက်မိလဲမသိဘူးနော်။

တော်ပါသေးရဲ့ကွယ် ကျွန်မ သူကလေးကို နောက်ဆုံး အချိန်ကလေးမှ ရင်ဆိုင်ခွင့်ရလိုက်လို့။

ရှင်အိပ်မက် သိပ်ချစ်တဲ့ ချစ်သူရဲ့လက်တွင်း ကြွေဆင်း ခွင့်လေး ရရှိခဲ့လို့လေ။

ရင်ခုန်သံမရပ်သရွေ့ ဒီမြဲချစ်တတ်နေမယ်…

ရှင်မြတ်နိုး